www.burmeseclassic.com

# ဝဏ္ဏအောင်

## ရှစ်ကွက်အင်း




BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၈၂၉ / ၂၀၀၂ (၈)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၉၆၈ / ၂၀၀၂ (၁၁)

ပထမအကြိမ်၊ ၂၀၀၃-ခုနှစ်၊ ဇန်နဝါရီလ
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၀၀ ကျပ်

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင် (ချိုတေးသံစာပေ)
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့(၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ
ဦးသန်းဝင်း (ကျော့ပုံနှိပ်တိုက်)
အမှတ် ၂၃၉၊ ဓမ္မာသီလမ်း
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှိပ်
ဦးထွန်းလင်း (ဗိုးဝအော့ဖ်ဆက်)
အမှတ် ၁၄၇၊ ၄၅-လမ်း
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

## သွေးကြွေး

နေဝင်ဆည်းဆာချိန်ဖြစ်သည်။

ကောင်းကင်တစ်ခွင်လုံး ပုစွန်ဆီရောင်ယှက်သမ်းနေလေ၏။

တိမ်စိုင်တိမ်ခဲအချို့ လေနှင့်အတူ လွင့်မျောနေသလို အိပ်တန်းပျံငှက်ကလေးများကလည်း အသံစာစာပေးကာ အုပ်စုဖွဲ့ပျံသန်းလျက်ရှိနေကြသည်။

လွမ်းမောဖွယ်ကောင်းသော ကောင်းကင်ပြင်ကြီးအောက်၌ စိမ်းလန်းသော တောအုပ်များ ညိုမှိုင်းသော တောင်ကုန်း တောင်တန်းများ ပျပ်ပျပ်ဝပ်ဝပ် ရှိနေကြသည်။

နေဝင်ဆည်းဆာချိန်၏ သဘာဝအလှသည် အေးမြနေသကဲ့သို့ လွမ်းမောဆွတ်ပျံ့ဖွယ်လည်း ကောင်းနေပေသည်။

တစ်ခုသော တောင်ကုန်းပေါ်မှမြင်ကွင်းက ဝမ်းနည်းကြေကွဲဖွယ်ဖြစ်ရပ်ကို ထပ်မံဖြည့်စွက်ထားသကဲ့သို့ ရှိနေပြန်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



တောင်ကုန်းလေးပေါ်ရှိ အရိပ်ကောင်းသော သစ်ပင်ကြီးအောက်မှ မြေပုံမို့မို့လေးတစ်ခုရှေ့တွင် လူငယ်တစ်ယောက် ဒူးထောက်ငိုကြွေးနေသော မြင်ကွင်းပေတည်း။

✹

သစ်ပင်မြင့်ကြီးအောက်မှ မြေပုံသည် လတ်လတ်ဆတ်ဆတ်ရှိနေသဖြင့် မကြာသေးမီ ရက်ပိုင်းအတွင်းကမှ လူတစ်ယောက်အား မြှုပ်နှံထားခြင်းဖြစ်ကြောင်း ပေါ်လွင်နေ၏။

မြေပုံရှေ့၌ဒူးထောက်ကာ တရှုံ့ရှုံ့ ငိုကြွေးနေသူသည် အသက်နှစ်ဆယ်ခန့်ရှိသော လူရွယ်ဖြစ်သည်။

မလှမ်းမကမ်း၌ အဘိုးအိုတစ်ယောက်က ကြေကွဲသော မျက်နှာထားဖြင့် မတွေ့ပ်မယှက်ရပ်နေသည်။

လူငယ်၏ ဖြေမဆည်နိုင်သော ငိုရှိုက်သံက ဝန်းကျင်တစ်ခုလုံးအား ဖုံးလွှမ်းထားလေတော့သည်။

✹



အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားပြီဖြစ်သည်။

လူငယ်၏ ငိုရှိုက်သံမှာလည်း တဖြည်းဖြည်းတိမ်ဝင်သွားပြီဖြစ်သည်။

သူ၏မျက်ဝန်းအစုံမှ မျက်ရည်များလည်း ခမ်းခြောက်သွားပြီဖြစ်ပါသည်။

ငိုကြွေးခြင်း ရပ်တန့်သွားပြီးသည်နှင့် လူငယ်၏ မျက်နှာမှာ ခက်ထန်တင်းမာသည့်အသွင်သို့ တစ်မုဟုတ်ချင်း ပြောင်းလဲသွားတော့သည်။

မေးကြောကြီးများ ထောင်ထလာအောင် အံကြိတ်ကာ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားသည်။

သူ၏နှုတ်ခမ်းများလည်း တလှုပ်လှုပ်ဖြစ်လာသည်။

"ဖေဖေ သည်သွေးကြွေးကို ကျွန်တော် ပြန်ဆပ်ပါ့မယ်လို့ ကတိပေးပါတယ်ဖေဖေ"

နှုတ်မှ ထပ်ကာတလဲလဲ ရေရွတ်နေလေတော့သည်။

မလှမ်းမကမ်း၌ရပ်နေသော အဘိုးအိုသည် လူငယ်၏ အံကြိတ်ရေရွတ်သံကို ကြားသည့်အခါ လှုပ်လှုပ်ရှားရှား ဖြစ်လာလေသည်။

www.burmeseclassic.com



"သခင်လေးကျင်းလုံ သတိထားပါဦး"

လူငယ်သည် အဘိုးအိုဘက်သို့ လှည့်ကြည့်လိုက်သည်။

"အဘကောင်း… ဖေဖေ့အတွက်သွေးကြွေးကို မဖြစ်မနေ ကျွန်တော် ပြန်ဆပ်ရမှာပဲ"

"အို… သခင်လေးရယ်၊ မဖြစ်နိုင်တာကို မပြောပါနဲ့၊ အန္တရာယ်များလှပါတယ်… သခင်ကြီးတောင်မှ…"

"ဘာလဲ… ဖေဖေတောင်မှ ရန်သူကိုမယှဉ်နိုင်ဘဲ လုပ်ကြံခံခဲ့ရတယ်လို့ ပြောမလို့လား"

ကျင်းလုံဆိုသော လူငယ်၏အပြောကြောင့် အဘိုးအိုမှာ ပါးစပ်ပိတ်ထားလိုက်လေသည်။

ကျင်းလုံက မကျေမနပ်ဖြင့် ဆက်ပြောလေသည်။

"ဖေဖေ့ကို သက်ခြွေဂိုဏ်းကလုပ်ကြံခဲ့တာ ကျွန်တော် ခေါင်းငုံ့ခံနေရမှာလား၊ သက်ခြွေဂိုဏ်းကို ကျွန်တော် ဘယ်တော့မှမကျေဘူး၊ အမြစ်ပါမကျန်အောင်ချေမှုန်းပစ်ဖို့ကျွန်တော် ဆုံးဖြတ်ထားတယ်"

ပြောရင်း ဓါးသမာန် ပါလာကာ လက်သီးကိုကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်လေသည်။

အဘကောင်းကား အထိတ်ထိတ် အလန့်လန့် ဖြစ်နေတော့သည်။

ပတ်ဝန်းကျင်ကို ကျီးကန်းတောင်းမှောက်ကြည့်လိုက်ပြီးမှ စိုးရိမ်ပူပန်စွာဖြင့် ပြောလေသည်။



"သခင်လေးရယ်၊ ဒါတွေ ပြောမနေပါနဲ့တော့၊ အိမ်ပြန်ကြပါစို့၊ ကျုပ်တို့…"

"တော်… တော် အဘကောင်း၊ ကျင်းအိမ်တော်ကို ပြန်ဖို့ ကျွန်တော့်ကို မပြောနဲ့တော့၊ ကျွန်တော် မပြန်တော့ဘူး…"

ကျင်းလုံ၏ ပြတ်သားစွာ ပြောလိုက်သော စကားကြောင့် အဘကောင်း မျက်နှာပျက်သွားလေတော့သည်။

"သခင်လေး …"

"ကျွန်တော် ဆုံးဖြတ်ပြီးပါပြီ၊ ဘဘကောင်း ကျင်းအိမ်တော်ကို ပြန်သွားပြီး ထိန်းသိမ်းစောင့်ရှောက်ထားပါ၊ တစ်နေ့ ကျွန်တော်ဆက်ဆက်ပြန်လာခဲ့ပါ့မယ်၊ ကျွန်တော့် အတွက် ဘာမှမစိုးရိမ်ပါနဲ့"

အဘကောင်း ငိုင်သွားလေသည်။

"သခင်လေး တကယ်ပဲ ဆုံးဖြတ်ပြီးပြီပေါ့"

"ဟုတ်ပါတယ် အဘကောင်း"

'ကောင်းပြီ၊ သက်ခြွေဂိုဏ်းကိုချေမှုန်းဖို့ သိုင်းလောကထဲကို သခင်လေးဆင်းသွားမယ်ဆိုရင် ကျုပ်လည်း လိုက်မယ်'

ကျင်းလုံ လက်မခံပါချေ။

'ဘဘကောင်းလိုက်လို့ မဖြစ်ဘူး'

'ဟင်…ဘာ့ကြောင့်လဲသခင်လေး၊ သခင်လေး တစ်ယောက်ထဲ သွားရမှာကိုတော့ ကျုပ်ဘယ်နည်းနဲ့မှ စိတ်မချနိုင်ဘူး'

ကျင်းလုံ ရင်ကိုကော့လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော်ဟာ သိုင်းလောကမှာ ထင်ရှားတဲ့ မိုးနဂါးထင်းလုံရဲ့သား ကျင်းအိမ်တော်သခင်လေးပါ၊ ကျွန်တော် ကျင်းအိမ်တော်ကို စော်ကားလာတဲ့ ရန်သူကို ရင်မဆိုင်နိုင်ဘူးဆိုရင် ဘယ်လိုလုပ် ယောကျ်ားပီသတော့မှာလဲ၊ မိုးနဂါးထင်းလုံရဲ့ မျိုးဆက်သစ်ဟာ အသက်သေချင်သေပါစေ ရန်သူကို ရင်ဆိုင်ချေမှုန်းပစ်ရမှာပါ၊ ဒါမှသာ ကျင်းအိမ်တော်ဟာ ဂုဏ်သိက္ခာရှိလိမ့်မယ်၊ ကျွန်တော်ပြောတာ ဘဘကောင်းနားလည်မှာပါ"

ဘဘကောင်း ငိုင်သွားသည်။

ယောကျ်ားကောင်းမှန်လျှင် အသက်ထက် မျိုးရိုး ဂုဏ်သိက္ခာကို စောင့်ထိန်းနိုင်စွမ်း ရှိရမည်မဟုတ်ပါလား။

တန်ဖိုးထားရမည် မဟုတ်ပါလား။

ကျင်းလုံက စကားကိုဆက်ပြောသည်။

'ကျင်းအိမ်တော်မှာ မှီတင်းနေထိုင်သူတွေဟာ ဖေဖေမရှိတော့တဲ့ နောက်ပိုင်းမှာ အားငယ်နေကြပါလိမ့်မယ်၊ ကျွန်တော်ပါ ထွက်သွားမယ်ဆိုရင် ဆောက်တည်ရာမရ ဖြစ်ကြပါလိမ့်မယ်၊ အားလုံး တစ္ဆေကလျားဖြစ်သွားရင် ကျင်းအိမ်တော် ပြိုကွဲပျက်စီးသွားပါလိမ့်မယ်၊ နှစ်ပေါင်းများစွာကတည်းက သိုင်းလောကမှာ ခေါင်းမော့ ရင်ကော့ပြီး နေလာနိုင်ခဲ့တဲ့ ကျင်းအိမ်တော်ဟာ ကျွန်တော့်လက်ထက်ရောက်မှ ပျက်စီးပြိုကွဲသွားမှာကို မလိုလားပါဘူး၊ ဒါကြောင့် ဘဘကောင်းအနေနဲ့ တာဝန်ယူ ထိန်းသိမ်းစောင့်ရှောက်ပေးဖို့ မေတ္တာရပ်ခံပါတယ်'



ဘဘကောင်း ဘာမျှမပြောသာဘဲ ကျင်းလုံအား ငေးမော ကြည့်နေပေတော့သည်။

"ကျင်းအိမ်တော်ဟာ ဘယ်တော့မှ ပြိုလဲမသွားဘဲ ဂုဏ်သိက္ခာရှိရှိနဲ့သာ ရပ်တည်သွားနိုင်ရပါလိမ့်မယ်၊ တစ်နေ့ ကျွန်တော်ဆက်ဆက် ပြန်လာခဲ့ပါ့မယ်'

ကျင်းလုံသည် ရဲရင့်တည်ကြည် ပြတ်သားစွာ ပြောဆိုပြီး ဘဘကောင်းအား ဦးညွှတ်လိုက်လေသည်။

ဘဘကောင်း သက်ပြင်းချလိုက်သည်။

"သခင်လေးရဲ့တာဝန်ဟာ ကြီးလေးလွန်းလှပါတယ်၊ စဉ်းစားပါဦး သခင်လေး"

"ကျွန်တော် ဆုံးဖြတ်ပြီးပါပြီ ဘဘကောင်း"

"အင်း... သခင်လေးဟာ သခင်ကြီးနဲ့ စိတ်နေသဘောထားခြင်းကအစ တူနေပါလား၊ ဆုံးဖြတ်ချက်ချပြီးရင် ဘယ်တော့မှ ပြန်မပြင်တော့ဘူး၊ ကောင်းပြီလေ၊ ကျင်းအိမ်တော် အစော်ကားခံရတာကို ခေါင်းငုံ့ခံနေမယ့်အစား သက်ခြေဂိုဏ်းကို သတ္တိရှိရှိ ရင်ဆိုင်သွားတာ အကောင်းဆုံးပါပဲ၊ ကျင်းအိမ်တော် မပြိုကွဲရအောင် ကျုပ် တာဝန်ယူပါ့မယ်၊ သခင်လေးလည်း သိုင်းလောကထဲကို သွားတဲ့အခါ သတိဝီရိယ ရှိစေချင်ပါတယ်"

ကျင်းလုံ ခေါင်းညိတ်လိုက်သည်။

"ကျွန်တော့်အတွက် စိတ်ချပါ ဘဘကောင်း"

ဘဘကောင်း သက်ပြင်းချလိုက်ပြန်သည်။

www.burmeseclassic.com



"သခင်လေး ဆုံးဖြတ်ပြီးသားဖြစ်နေလို့သာ ကျုပ်က သဘောတူရတာပါ၊ အမှန်ပြောရရင် သခင်လေးကို ဘယ်နည်းနဲ့မှ စိတ်မချနိုင်ပါဘူး၊ ရန်သူအင်အား ကြီးလွန်းလှတယ် မဟုတ်လား၊ ရန်သူနဲ့ရင်ဆိုင်မယ့် သခင်လေးကို တားမြစ် သတိပေးခြင်းမပြုရင် တမလွန်မှာ ရောက်နေတဲ့ သခင်ကြီးက ကျုပ်အပေါ် စိတ်ဆိုးမှာ သေချာတယ်"

သူ၏စကားမဆုံးမီ ကျင်းလုံက ကြားဖြတ်ပြောလိုက်လေသည်။

'ရန်သူကိုကြောက်ပြီး ရင်မဆိုင်ရဲတဲ့သားတစ်ယောက်ရဲ့အဖေဖြစ်ရမှာကို ဖေဖေက ပိုပြီး ထိုလားမှာမဟုတ်ပါဘူး'

ဘဘကောင်း မချိပြုး ပြုံးလိုက်လေသည်။

'ကောင်းပါပြီ၊ ကျုပ်မတားပါဘူး၊ သခင်လေး ဆန္ဒရှိတဲ့အတိုင်း ဆောင်ရွက်ပါတော့'

ကျင်းလုံ ကျေနပ်သွားသည်။

ဖခင်၏မြေပုံကို လှမ်းကြည့်လိုက်သည်။

သူ၏မျက်နှာ ပို၍ ခက်ထန်တင်းမာလာသည်။

ကျင်းလုံ အံကြိတ်လိုက်သည်။

မိုးကောင်းကင်ပေါ်သို့ ခေါင်းမော့ကာ ကျယ်လောင်စွာ ကြုံးဝါးလိုက်လေသည်။

"သက်ခြေဂိုဏ်း သတိသာ ထားတော့ပေ့..."

❋



သက်ခြေဂိုဏ်း...

သက်ခြေဂိုဏ်းသည် မကြာသေးမီကမှ သိုင်းလောကၗ ပေါ်ပေါက်လာခဲ့သော လျှို့ဝှက်ဂိုဏ်း တစ်ဂိုဏ်းဖြစ်သည်။

သိုင်းလောကၗ ထွက်ပေါ်လာသည်နှင့် နာမည်ရှိသော သိုင်းသမားများအား လိုက်လံ စည်းရုံးသိမ်းသွင်းခဲ့ပြီး သက်ခြေဂိုဏ်း၏ သြဇာတိက္ကမ ကြီးမားလာစေရန် ဆောင်ရွက်ခဲ့သည်။

စည်းရုံးသိမ်းသွင်း၍ မရသူများအား နည်းလမ်းမျိုးစုံသုံးကာ သုတ်သင်ဖယ်ရှားပစ်လေ့ရှိသည်။

သိုင်းလောကသားဟူသည် မည်သူ့သြဇာတိက္ကမကိုမျှမခံဘဲ လွတ်လပ်စွာနေလိုကြသူများဖြစ်သည်။ ထို့ကြောင့် သက်ခြေဂိုဏ်း၏ စည်းရုံးသိမ်းသွင်းမှုကို ငြင်းဆန်သူများချည်းဖြစ်ခဲ့ပြီး ထိုလူများအား သက်ခြေဂိုဏ်းက ရက်စက်စွာ လုပ်ကြံသတ်ဖြတ်ပစ်သည့်အခါ သိုင်းလောကတစ်ခုလုံးအုံးအုံးကျွက်ကျွက် ဖြစ်ကုန်တော့သည်။

သက်ခြေဂိုဏ်းအား ချေမှုန်းနိုင်မှ သိုင်းလောကတစ်ခုလုံး အေးချမ်းသာယာနိုင်မည်ဖြစ်ရာ အဖြူရောင် သိုင်းသမား

www.burmeseclassic.com

www.burmeseclassic.com



ကြီးများက ချေမှုန်းရန်ကြိုးစားခဲ့ကြသည်။

ထိုသိုင်းသမားကြီးများလည်း သက်ခြွေဂိုဏ်း၏ လုပ်ကြံသတ်ဖြတ်ခြင်းကို ခံကြရပြန်၏။ သို့ဖြင့် သက်ခြွေဂိုဏ်းသည် အထွန်းလျှို့ဝှက်ပြီး အထွန်းကြောက်စရာ ကောင်းသော ပြယုဂ်တစ်ခုဖြစ်လာတော့သည်။

သက်ခြွေဂိုဏ်းဟူသော အမည်ကို ကြားရရုံဖြင့်ပင် ကျောထဲ စိမ့်သွားအောင်ဖြစ်လာစေသည်အထိ...

သက်ခြွေဂိုဏ်း၏ အန္တရာယ်အရိပ်မည်းကြီးက သိုင်းလောကအပေါ် ထိုးကျအုပ်မိုးလျက်ရှိနေပေတော့သည်။

❋

မိုးနဂါးအိမ်ဂေဟာ (သို့မဟုတ်) ကျင်းအိမ်တော်

ကျင်းအိမ်တော်ပိုင်ရှင် မိုးနဂါးထင်းထုံသည် ထင်ရှားသော အဖြူရောင်သိုင်းသမားကြီးတစ်ယောက်ဖြစ်သည်။

သက်ခြွေဂိုဏ်းကြောင့် သိုင်းလောကတစ်ခုလုံး တုန်လှုပ်ချောက်ချားလာသောအခါ ထင်းထုံသည် မိတ်ဆွေများနှင့် တိုင်ပင်၍ သက်ခြွေဂိုဏ်းအကြောင်း စုံစမ်းဖော်ထုတ် ချေမှုန်းပစ်ရန် ကြိုးစားခဲ့လေသည်။

သက်ခြွေဂိုဏ်းအား ချေမှုန်းရန် ကြိုးစားသူများတွင် သူသည် ရှေ့ဆုံးမှ ပါဝင်ခဲ့သူဟု ဆိုနိုင်ပေသည်။



ထို့ကြောင့်လည်း ကျင်းအိမ်တော်မှ ထွက်ကာ မိတ်ဆွေတစ်ယောက်ထံအသွား လမ်းခရီး၌ သက်ခြွေဂိုဏ်း၏ လုပ်ကြံသတ်ဖြတ်ခြင်းကို ခံလိုက်ရလေတော့သည်။

ယင်းသို့ ဖခင်ဖြစ်သူ ရန်သူ့လက်ချက်မိသွားသဖြင့် သက်ခြွေဂိုဏ်းအား ဖော်ထုတ်ချေမှုန်းရန် သွေးကြွေးတာဝန်သည် သခင်လေးကျင်းထုံထံ ကျရောက်လာခဲ့ရခြင်း ဖြစ်ပေသည်။

သိုင်းလောကအား တုန်လှုပ်ချောက်ချားစေခဲ့သော သက်ခြွေဂိုဏ်းအား လူငယ်လူရွယ်လေးတစ်ယောက်သာ ဖြစ်သည့် ကျင်းထုံအနေဖြင့် ရင်ဆိုင်နိုင်ပါမည်လော။

❋

www.burmeseclassic.com

www.burmeseclassic.com

## ဂန္ဓမာ

လီဆူးမြို့...

လီဆူးမြို့သည် စည်ကားသိုက်မြိုက်သော မြို့ကြီး တစ်မြို့ ဖြစ်လေသည်။

လီဆူးမြို့၏အရှေ့ဘက်တွင် ဘုံကျောင်းတစ်ကျောင်း ရှိသည်။

ထိုဘုံကျောင်းသည် လီဆူးမြို့ကို ဗဟိုပြု၍ ဆယ်မိုင်ပတ်လည် အရပ်ရှစ်မျက်နှာတွင် ထင်ရှားကျော်ကြားလေသည်။

ယင်းဘုံကျောင်း၏ အမည်မှာ ကုန်းယင်စန်းဖြစ်ပြီး ကျောင်းထိုင်ဆရာတော်သည် အကျင့်သီလ သိက္ခာသမာဓိနှင့် ပြည့်စုံသူဖြစ်လေသည်။

ပါရမီရှင်ဖြစ်သော ကျောင်းထိုင်ဆရာတော်အား ဝတ်ပြု ဆုတောင်းလျှင် တောင်းသည့်ဆုနှင့် ပြည့်စေသည်ဟူ၍ ကျော်စောသတင်း ထင်ရှားခြင်းလည်း ရှိလေသည်။

ကျင်းလုံသည်လီဆူးမြို့သို့ရောက်သောအခါ သတင်းကြီးလှသည့် ကုန်းယင်စန်းဘုံကျောင်း ကျောင်းထိုင်ဆရာတော်



ထံ သွားရောက်ဖူးမြော်ဝတ်ပြုရန်ဆုံးဖြတ်ခဲ့သည်။

ကျောင်းထိုင်ဆရာတော်ထံ၌ မည်သည့်ဆု တောင်းရမည်ကို ရွေးချယ်ထားပြီးလည်းဖြစ်သည်။

"အများသူငါအပေါ် အနိုင်ကျင့် နှိပ်စက်ညှင်းပန်း နေသည့် သက်ခြေဂိုဏ်းအား ဆုံးမ နှိမ်နင်းနိုင်ရပါစေသား'

ဟူသော ဆုတောင်းပင်ဖြစ်လေသည်။

ဘုံကျောင်းသို့ ကျင်းလုံ ရောက်လာသောအခါ နေ စွန်းတည့်တော့မည်ဖြစ်သည်။

သတင်းကြီးလှသော ကုန်းယင်စန်းဘုံကျောင်းမှာ နန်းတော်ကြီးတစ်ခုအလား ခန့်နားသပ္ပါယ်စွာ ဆောက်လုပ်ထား၏။

ကျင်းလုံရောက်လာချိန်၌ ဘုံကျောင်းတံခါးမှာ တစ်ခြမ်းပိတ်ထားပြီး တစ်ခြမ်းသာ ဖွင့်ထားသည်ကိုတွေ့ရသည်။

တံခါးဝ၌ အဖြူရောင်ဝတ်ဆင်ထားသော ကပ္ပိယ အဘိုးအိုတစ်ယောက် ရှိနေသည်။

ကျင်းလုံက ကပ္ပိယကြီးထံသို့ ဦးတည်လျှောက်သွားသည်။

ထိုအချိန်တွင် မိန်းကလေးတစ်ယောက်ကလည်း ခပ်သွက်သွက် လှမ်းလာနေသည်။

ကျင်းလုံသည် ထိုမိန်းကလေးအား တွေ့မြင်လိုက်ရသည်နှင့် ခြေလှမ်းကို တုံ့ခနဲရပ်တန့်လိုက်သည်။

ထို့နောက် မိန်းကလေးအား မသိမသာ အကဲခတ်

www.burmeseclassic.com



ကြည့်မိလေသည်။

မိန်းကလေးမှာ အသက် ဆယ့်ရှစ်နှစ်ခန့် ရှိမည်ဟု ခန့်မှန်းရသည်။

အဖြူရောင်အဝတ်အစားများ ဝတ်ဆင်ထားပြီး နက်မှောင်ရှည်လျားသော ဆံကေသာများကို ကျောပေါ်၌ ဖားလျားချထား၏။

မျက်လုံးဝိုင်းဝိုင်း နှာတံပေါ်ပေါ်နှင့် အလွန်ချစ်စရာကောင်းသော မိန်းမချောလေးတစ်ယောက်ပင် ဖြစ်ပေသည်။

မိုးနဂါးစံအိမ်၏ သခင်လေးဖြစ်သော ကျင်းလုံမှာ မိန်းမချောလေးပေါင်းများစွာနှင့် တွေ့ဖူးကြုံဖူးခဲ့ပါသော်လည်း တစ်ယောက်တစ်လေကိုမျှပင် စိတ်ဝင်စားခြင်းမရှိခဲ့ဘူးချေ။

ယခုတွေ့လိုက်ရသော မိန်းကလေးကျမှ သူ၏ရင်ထဲ လှုပ်ရှားသွားသဖြင့် ကိုယ့်ကိုယ်ကို အံ့ဩမိသည်။

ထိုမိန်းကလေးနှင့် ခင်မင် ရင်းနှီးလိုစိတ်များ ထူးထူးခြားခြား ဖြစ်ပေါ်လာလေသည်။

မျက်စိအောက်မှ မိန်းကလေးပျောက်သွားမည်ကိုပင် စိုးရိမ်သလို ရှိလာသည်။

ကျင်းလုံမှာ လှုပ်ရှားနေသော စိတ်အစဉ်ကို အချိန်မီ အုပ်ထိန်းလိုက်ရလေသည်။

"ငါ… ဘာ့ကြောင့် သည်လောက်တောင် ကလန့်ဖြေပျက်သွားရတာလဲ၊ ရှက်စရာကောင်းလိုက်တာ"

ကိုယ့်ကိုယ်ကို အပြစ်တင်မိတော့သည်။



မိန်းကလေးသည်လည်း ယောက်ျားပျိုတစ်ယောက်ဖြစ်သော ကျင်းလုံ၏ စိုက်ကြည့်ခြင်းခံလိုက်ရသဖြင့် ရှက်သွေးဖြာသွားလေ၏။ မျက်နှာလေးပင် နီမြန်းသွားတော့သည်။

သို့သော် …

ချက်ချင်းပင် မျက်နှာလွှဲကာ ကပ္ပိယကြီးဘက်သို့ လှည့်လိုက်သည်။

ကပ္ပိယကြီးသည် သူ၏ ရှေ့သို့ရောက်လာသောအခါ ကျင်းလုံနှင့် မိန်းမချောတို့အား တစ်ချက်ဝေ့ကြည့်လိုက်သည်။

ပြီးနောက် …

"မင်းတို့က ဆရာတော်ကို ပူဇော်ကန်တော့ဖို့ လာကြတာလား"

"ဟုတ်ပါတယ်ခင်ဗျာ"

"ဟုတ်ပါတယ်ရှင်"

မိန်းကလေးကော ကျင်းလုံပါ ပြိုင်တူဖြေလိုက်မိသဖြင့် တစ်ယောက်ကို တစ်ယောက် ဖျပ်ခနဲ ကြည့်လိုက်မိသည်။

မိန်းမချောလေးအသံမှာ ချိုလွင်သာယာနေပြီး ရင်ထဲအေးမြသွားသည်ဟု ကျင်းလုံ ခံစားလိုက်ရသည်။

တိုက်တိုက်ဆိုင်ဆိုင် ဘုံကျောင်းလေးသို့ နှစ်ယောက်သား ပြိုင်တူလိုလို ရောက်လာကြပြီး ကျောင်းထိုင်ဆရာတော်အား ပူဇော်ကန်တော့ကြမည့် ရည်ရွယ်ချက်ခြင်းလည်း အတူတူပင် ဖြစ်နေတော့သည်။

ကပ္ပိယကြီးက သူတို့အား ထပ်မံအကဲခတ်လိုက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



တည်ကြည်သော မျက်နှာထားဖြင့် ပြောလိုက်သည်။

"မင်းတို့နှစ်ယောက် ပြိုင်တူ ရောက်လာတာ အတော်ခက်တာပဲ၊ တစ်ယောက်ယောက်က စောပြီးရောက်လာရင် ပိုကောင်းမှာကွ..."

"ဘာဖြစ်လို့လဲ ခင်ဗျ"

"ကျောင်းထိုင်ဆရာတော်ကြီးဟာ လူ့ဘောင်လောကထဲမှာနေရတာကို ငြီးငွေ့နေပြီ၊ တောထွက်ဓုတင်ကျင့်ကြံအားထုတ်ဖို့ ဆုံးဖြတ်လိုက်ပြီကွဲ့၊ တပည့် သားမြေးဒါယကာတွေကို ငဲ့ညှာသနားမေတ္တာထားတဲ့အနေနဲ့ သည်တစ်နေ့မွန်းတည့်ချိန် နောက်ဆုံးထားပြီး ပူဇော်ကန်တော့ခံဖို့ ဆုံးဖြတ်ထားတယ်"

ကပ္ပိယကြီးက ကောင်းကင်ပေါ် မော့ကြည့်လိုက်ပြီး ဆက်ပြော၏။

"အခုမွန်းတည့်တော့မယ်၊ ဆရာတော် သတ်မှတ်ထားတဲ့ အချိန်ပြည့်တော့မယ်၊ ဒါကြောင့် မင်းတို့နှစ်ယောက်ထဲက တစ်ယောက်ပဲ ဆရာတော်ကို ဖူးမျှော်ခွင့်ရနိုင်တော့မယ်"

ကျင်းလုံနှင့်မိန်းမချောလေးတို့ နောက်တကြိမ် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိကြပြန်သည်။

"တစ်ယောက်ထဲ ဖူးမြော်ခွင့်ရတော့မယ် ဟုတ်လား"

မိန်းမချောလေးက မေးလိုက်သောအခါ ကပ္ပိယကြီးက ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်ပါတယ်ကွယ်"



"ကျွန်တော်တို့ ကန်တော့တာ ဘာများ ကြာမှာမို့လဲဗျာ၊ တစ်ယောက်ပြီး တစ်ယောက် ခပ်သွက်သွက်ကလေး ဝင်ကန်တော့လို့ မရဘူးလားဗျာ"

ကျင်းလုံက စောဒတက်လိုက်သည့်အခါ ကပ္ပိယကြီး ခေါင်းခါယမ်းလိုက်သည်။

"ဆရာတော် မိန့်ကြားတဲ့စကားကို အလေးအနက်ထားရလိမ့်မယ်၊ ကဲ... နေမွန်းတည့်ပါပြီ၊ တစ်ယောက် မြန်မြန်ဝင်ပြီး ကန်တော့ပါ၊ ကျန်တဲ့ တစ်ယောက်ကတော့ ဆရာတော်ကိုကြည်ညိုလေးစားရင် နောက်ကြောင်းလှည့်ပြန်ပါတော့ကွယ်"

ကုန်းယင်စန်းဘုံကျောင်းမှ ကျောင်းထိုင်ဆရာတော်အား တစ်ယောက်သာ ဝင်ရောက်ဖူးမျှော်ခွင့်ရမည်ဖြစ်သည်။

တစ်ယောက်က ကံကောင်းပြီး ကျန်တစ်ယောက်က ကံမကောင်း အကြောင်းမလှဖြစ်ရပြီဟု ဆိုနိုင်သည်။

ကျင်းလုံနှင့် မိန်းကလေးတို့ တစ်ယောက်ကို တစ်ယောက်ကြည့်လိုက်မိပြန်ရာ မိန်းမချောလေး မျက်နှာသည် တည်နေပြီး သူမ၏ မျက်ဝန်းအစုံ၌ တင်းမာသောအရိပ်အငွေ့များ ရှိနေသည်ဟု အကဲခတ်မိလိုက်သဖြင့် ရင်ထဲထိတ်ခနဲဖြစ်သွားရတော့၏။

ဆရာတော်အား ဖူးမြော်ကန်တော့ဖို့ မမျှော်လင့်ဘဲ အပြိုင်အဆိုင်ဖြစ်လာရချေပြီ။

"ရှင် ဘယ်လိုသဘောရသလဲ"

www.burmeseclassic.com

www.burmeseclassic.com



မိန်းမချောလေးက မေးလာလေသည်။

ကျင်းလုံ မင့်သက်ရှိုက်လိုက်သည်၊ ဘာ တတ်နိုင်တော့မည်နည်း။

"ညီမပဲ သွားပြီး ကန်တော့လိုက်ပါ၊ ကျုပ်ကတော့ နောက်များမှပဲ..."

သူ၏ စကားမဆုံးမီ...

"အချိန်မရှိဘူး၊ မြန်မြန်ဝင်သွား"

ကပ္ပိယကြီးက ထောဆော်လာလေသည်။

မိန်းမချောလေး၏မျက်နှာတွင် အုံ့ဆိုင်းသွားသည့် အရိပ်ယောင်များ ဖြစ်ပေါ်လာ၏။

သို့သော် ...

သူမသည် ဘာမျှမပြောတော့ဘဲ ဘုံကျောင်းအတွင်းသို့ ဝင်သွားလေတော့၏။

❁

မွန်းလွဲသွားပြီဖြစ်ပါသည်။

ကုန်းယင်စန်းဘုံကျောင်းမှ ကျောင်းထိုင်ဆရာတော်အား ဖူးမြော်ကန်တော့ရန် မဖြစ်နိုင်တော့သဖြင့် ကျင်းလုံလည်း နောက်လှည့်ထွက်လာခဲ့တော့သည်။



မြို့ထဲပိုင်းသို့ရောက်သည့်အခါ လမ်းပေါ်၌လူသွားလူလာရှင်းနေပြီး အချို့သောဈေးဆိုင်များ ပိတ်ထားသည်ကို တွေ့ရသည်။

စည်ကားသိုက်မြိုက်လှသော ထီဆူးမြို့သည် ရုတ်တရက် တိတ်ဆိတ် ခြောက်သွေ့သွားသည်ဟု ထင်ရလေသည်။

"နေ့လည်နေ့ခင်း အပူဒဏ်ကို ရှောင်ရှားကြတဲ့ သဘော ထင်ပါရဲ့"

ကျင်းလုံက တွေးတောရင်း လူရှင်းနေသော လမ်းမကြီးအတိုင်းလျှောက်လာခဲ့ရာ စားသောက်ဆိုင်တစ်ဆိုင်ရှေ့သို့ ရောက်မှ မိုးလင်းကတည်းက ဘာမှ မစားသောက်ရသေးသည်ကို သတိရလိုက်လေသည်။

သတိရလိုက်သည်နှင့် တပြိုင်နက်တည်း ဗိုက်ထဲက ကြုတ်ကြုတ်မြည်အောင် ဆာလောင်လာလေတော့သည်။

"အင်း...ခရီးဝေးသွားရမယ်ဆိုတော့ အချိန်ရတုန်း စားသောက်ထားလိုက်တာ ကောင်းမယ်"

ဖခင်ဖြစ်သူ လုပ်ကြံခံရသဖြင့် ရန်သူအား ရင်ဆိုင်ရာတွင် သူတစ်ယောက်တည်းစွမ်းအားဖြင့် မည်သည့်နည်းနှင့်မျှ မဖြစ်နိုင်ကြောင်း နားလည်ထားသည်။

သိုင်းလောကမှ ဖခင်၏မိတ်ဆွေရင်းခြာများနှင့် သွားရောက်တွေ့ဆုံကာ အကူအညီ အကြံဉာဏ်များ တောင်းယူရမည်ဟု စိတ်ကူးထားသည်။

ဖခင်၏ အရင်းနှီးဆုံး မိတ်ဆွေတစ်ယောက်ဖြစ်သော

www.burmeseclassic.com

www.burmeseclassic.com



ချန်အန်းမြို့မှ သိုင်းဆရာဝမ်းစိမ်းထံသို့သွားရောက်တွေ့ဆုံရန် ဆုံးဖြတ်လိုက်သည်။

ကျင်းလုံသည် အချိန်ရခိုက် စားသောက်လိုက်ဦးမည်ဟု တွေးပြီး စားသောက်ဆိုင်ထဲသို့လှမ်းဝင်လိုက်သည်။

ဆိုင်ထဲ၌ လူရှင်းနေ၏။

ဆိုင်အလယ်ဗဟိုရှိစားပွဲ၌ ဝိုင်းဖွဲ့စားသောက်နေသူ ငါးယောက်သာ ရှိနေသည်။

ဆိုင်လုလင်နှစ်ယောက် သုံးယောက်မျှ ရှိနေသော်လည်း ကျင်းလုံဝင်လာသောအခါ မည်သူမျှ လာရောက်ကြိုဆိုခြင်း မရှိကြချေ။

နေ့လည်နေ့ခင်းအချိန် နံနက်စာစားပြီးချိန်ဖြစ်ရာ လူရှင်းနေသည်ဟု ကျင်းလုံယူဆထားသည်။ သို့သော် ဆိုင်ထဲသို့ ရောက်ရှိသွားသောအခါ ခံစားချက်တစ်မျိုး ဖြစ်လာလေသည်။

စိတ်ထဲ မသိုးမသန့် ဖြစ်လာသကဲ့သို့ အန္တရာယ်၏အငွေ့အသက်ကိုလည်း ခံစားလိုက်ရလေ၏။

စားသောက်ဆိုင်ထဲဝင်လာပုံမျိုးမဟုတ်ဘဲ သချိုင်းထဲဝင်ရောက်လိုက်ပုံမျိုး ဖြစ်နေသည်ဟုထင်မိ၏။

ကျင်းလုံမှာ ချက်ချင်း ပြန်ထွက်သွားလိုစိတ်များပင်ဖြစ်ပေါ်လာသည်။

သို့သော် အားတုံ့အားနာစိတ်ကြောင့် စားပွဲတစ်လုံး၌ မထိုင်ချင် ထိုင်ချင်နှင့် ဝင်ထိုင်ဖြစ်လိုက်သည်။



ကျင်းလုံ ရောက်လာသဖြင့် ဆိုင်လုလင် တစ်ယောက်သည် စိတ်မပါ့တပါဖြင့် လှမ်းလာသည်။

"ဘာ…ဘာများ.. သုံး သုံးဆောင်မလဲ.. အမိန့်ရှိပါခင်ဗျာ"

အနီးသို့ ရောက်လာပြီး ရိုရိုသေသေမေးသော်လည်း ထစ်ထစ်ငေါ့ငေါ့ဖြစ်နေသေး၏။

ကျင်းလုံက လွယ်လင့်တကူရနိုင်သော စားစရာအချို့ကို မှာကြားလိုက်သည်။

ဆိုင်လုလင်သည် လေးလံသောခြေလှမ်းများဖြင့် ပြန်ထွက်သွားသည်။

ကျင်းလုံက စားစရာရောက်လာမည့်အချိန်ကို စောင့်ဆိုင်းနေစဉ်မှာပင် လူနှစ်ယောက် ဆိုင်ထဲသို့ ဝင်လာသည်ကို တွေ့လိုက်ရလေသည်။

"တို့မြို့မှာ မကြာခင် ပြဿနာပေါ်ပေါက်လာတော့မယ်ကွ၊ ငွေလုံသိုင်းသမားမယုံကျင်းကို ခုတလော သိုင်းလောကမှာ သောင်းကျန်းနေတဲ့သက်ခြေဂိုဏ်းက ဒုက္ခပေးထိမ့်မယ်ဆို သတင်းထွက်နေတယ်"

"အေး…သက်ခြေဂိုဏ်းသားတွေ ရောက်လာမယ်ဆိုတဲ့သတင်းထွက်ပေါ်လာတာနဲ့ သိုင်းလောကဟာ တစပြင်နဲ့တောင် တူနေပြီ"

ကျယ်ကျယ်လောင်လောင် ပြောဆိုဝင်လာသူနှစ်ယောက်သည် ဝိုင်းဖွဲ့ထိုင်နေသူ ငါးယောက်ကို တွေ့မြင်လိုက်

www.burmeseclassic.com

www.burmeseclassic.com



ရသည်နှင့်...

"ဟင်..."

"ဟာ..."

မျက်စိမျက်နှာပျက်ကာ ဆိုင်ထဲမှ ကပျာကယာ ပြန်ထွက်သွားကြတော့သည်။

ထူးခြားသော ဖြစ်ရပ်ကို မျက်ဝါးထင်ထင် တွေ့မြင်လိုက်ရသောကြောင့် ကျင်းယုံမှာ ကြောင်အမ်းအမ်း ဖြစ်သွားမိလေသည်။

ဝင်လာသူ နှစ်ယောက်သည် ဆိုင်ထဲ၌ရှိနေသူ ငါးယောက်ကို မြင်ရုံဖြင့် ကြောက်ရွံ့ထိတ်လန့်သွားကာ အလျင်အမြန် ပြန်ထွက်သွားကြခြင်းဖြစ်ကြောင်း ထင်ရှားနေ၏။

ထိုလူငါးယောက်မှာ မည်သူများဖြစ်ကြပါသနည်း။

ကျင်းယုံ စိတ်ဝင်စားသွားပြီး အကဲခတ်ကြည့်လိုက်မိလေသည်။

ထိုလူငါးယောက်သည် ဆက်လက် စားသောက်ခြင်းမပြုတော့ဘဲ ရပ်တန့်ကာ သူ့အား မျက်မှောင်ကုတ်၍ ကြည့်နေကြသည်ကို တွေ့လိုက်ရတော့သည်။

ကျင်းယုံရင်ထဲ ထိတ်ခနဲဖြစ်သွားလေသည်။

"အတော်ထူးခြားတဲ့ လူငါးယောက်ပဲ"

ထိုလူငါးယောက်မှာ အရိုးဝေါ် အရေတင် ပိန်ချုံးနေကြသူများဖြစ်ကြသည်။

အသားအရည်များသည်လည်း သွေးရောင်ကင်းမဲ့ကာ



ဖြူဖပ်ဖြူရော်ဖြစ်နေကြသည်။

ရွံ့ရောင်သမ်းနေသော ဝါကျင့်ကျင့် အဝတ်အစားများ ဝတ်ဆင်ထားကြပြီး ခေါင်းမွေး စုတ်ဖွားဖြစ်နေကြ၍ ယခုပင် သချိုင်းမြေမှ ထလာကြသည့် မကောင်းဆိုးဝါးများနှင့် တူနေပေတော့သည်။

ထိုလူများအား တွေ့မြင်လိုက်ရသူတိုင်းသည် နေ့ခင်းကြောင်တောင် သရဲခြောက်ခံရသည်ဟု ထင်မိကြမည်ဖြစ်လေသည်။

ဆိုင်ထဲ၌လူရှင်းကာ ခြောက်ကပ်နေသည်ကို လည်းကောင်း၊ ဆိုင်လုလင်များ မျက်နှာပျက်နေသည်ကို လည်းကောင်း၊ အဘယ်ကြောင့် ဖြစ်ရသည်ဆိုခြင်းကို ကျင်းယုံ နားလည်လိုက်ပြီဖြစ်လေသည်။

ထိုလူငါးယောက်သည် သူတို့ရှိနေချိန်၌ ဆိုင်ထဲသို့ အခြားသူများ ဝင်ရောက် စားသောက်ကြမည်ကို မနှစ်မြို့သည့်အသွင်ရှိကြောင်းလည်း ထင်ရှားနေသည်။

ကျင်းယုံ စိတ်ပျက်သွားသည်။

"တခြားဆိုင် သွားမိရင် အကောင်းသား"

တီးတိုးညည်းတွားရင်း ဆိုင်ထဲမှ ကပျာကယာ ထွက်သွားသူနှစ်ယောက် ပြောဆိုသွားကြသည့် စကားများကို ပြန်လည်ကြားယောင်လာလေသည်။

"ဒီမြို့က ငွေလုံသိုင်းသမားမယ်ယုံကျင်းကို သက်ခြေ ဝိုဏ်းက ဒုက္ခပေးမယ်ဆိုပါလား'

www.burmeseclassic.com

www.burmeseclassic.com



သက်ခြေဂိုဏ်း၏ သတင်းကို မမျှော်လင့်ဘဲ ရလိုက်သဖြင့် ဝမ်းသာသွားလေသည်။

'ငွေလုံသိုင်းသမားဆီကိုသွားရင် သက်ခြေဂိုဏ်းသားတွေနဲ့တွေ့ရမှာပဲ၊ နေဦး... ဟိုလူငါးယောက်ကကော သက်ခြေဂိုဏ်းသားတွေ မဖြစ်နိုင်ဘူးလား"

ကျင်းလုံ စိတ်လှုပ်ရှားလာလေသည်။

ထိုလူငါးယောက်၏ အခြေအနေကို စောင့်ကြည့်ပြီးမှ ငွေလုံသိုင်းသမားထံသို့သွားရန် ဆုံးဖြတ်လိုက်၍ဆိုင်လုလင်က စားသောက်ဖွယ်ရာများ လာချပေးလေသည်။

ကျင်းလုံမှာ ဆာလောင်မွတ်သိပ်မှုများပင် ဘယ်ဆီဘယ်ဝယ် ပျောက်ကွယ်သွားမှန်းမသိနိုင်အောင် ဖြစ်သွားတော့၏။

သို့သော်...

ဆိုင်ထဲ၌ ဆက်၍နေနိုင်ရန် ခပ်အေးအေးပင် စားသောက်နေလိုက်တော့သည်။

ထိုအချိန်မှာပင် ဝိုင်းဖွဲ့နေသူ ငါးယောက်ထဲမှ တစ်ယောက်၏စကားသံက ထွက်ပေါ်လာလေသည်။

'ကျုပ်က အေးအေးဆေးဆေး အရသာခံပြီး စားသောက်ချင်တာ"

ထိုစကားသည် မိမိကြောင့် အနှောင့်အယှက်ဖြစ်ရသည်ဟူသော သဘောဆောင်နေကြောင်း ကျင်းလုံ သတိပြုမိ၏။ သို့သော် မကြားချင်ဟန်ဆောင်နေလိုက်လေသည်။



အခြားတစ်ယောက်၏စကားသံ ထွက်ပေါ်လာ၏။

"အခြေအနေတွေ ပြောင်းလဲနေပြီဆိုတာ မမေ့နဲ့ဦး၊ ငါတို့ဟာ အရင်က သရဲငါးဖော် မဟုတ်ကြတော့ဘူး"

ပထမလူက ခေါင်းညိတ်လိုက်လေသည်။

"ဟုတ်တယ်ကွာ၊ ဟိုတုန်းက အကျင့်တွေကို ဖျောက်ဖျက်ပစ်ဖို့ဆိုတာ အတော်ခက်တယ်၊ တစ်ခါ တစ်ခါ သတိလက်လွတ်ဖြစ်သွားတယ်"

ထို့နောက် ငါးယောက်သား ကျင်းလုံကို အမှုမထားတော့ဘဲ ကိုယ့်ဖာသာ ဆက်လက် စားသောက်နေလိုက်ကြတော့သည်။

ကျင်းလုံသည် ကြားလိုက်ရသော စကားများကြောင့် ကျောချမ်းသွားမိလေ၏။

"သရဲငါးဖော်..."

စိတ်ထဲမှ သရဲငါးဖော် ဟူသောအမည်ကို ရေရွတ်လိုက်မိ၏။

သရဲငါးဖော်သည် ကြောက်မက်ဖွယ်ရာကောင်းသော အနက်ရောင်သိုင်းသမား ငါးယောက်ဖြစ်သည်။

သူတို့၏ အကျည်းတန်သောရုပ်သွင်နှင့် ညအချိန်မှ ကျင်လည်ကျက်စားတတ်ကြ၍လည်းကောင်း၊ မကောင်းမှု ရိုက်များ ပြုလုပ်တတ်ကြခြင်းကြောင့်လည်းကောင်း၊ မကောင်းဆိုးဝါးများ သို့မဟုတ် တစ္ဆေသရဲများဟု တင်စားပြောဆိုကြရာမှ သရဲငါးဖော်ဟု အမည်တွင်လာခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ချင်း ထိပ်တန်း သိုင်းပညာများ တတ်မြောက်ထားကြပြီး ငါးယောက်ပေါင်းလိုက်သောအခါ အလွန်ကြောက်မက်ဖွယ်ရာ ကောင်းလာသောကြောင့် သရဲငါးဖော်နှင့် ရင်ဆိုင်ရမည်ကို သိုင်းလောကသားများ စိုးရိမ်မကင်း ဖြစ်လာခဲ့ကြရသည်။

သိုင်းလောက၌ ထင်တိုင်းကြဲခဲ့ကြသော သရဲငါးဖော်သည် တစ်နေ့တွင် အဖြူရောင်သိုင်းသမားတစ်ယောက်နှင့် ရင်ဆိုင်ခဲ့ရာ မရှုမလှ အရေးနိမ့်သွားခဲ့၏။

ထို့ကြောင့် သိုင်းလောကမှ ဇာတ်မြုပ်ပျောက်ကွယ်သွားကြသည်ဟု သတင်းများ ထွက်ပေါ်ခဲ့သေးသည်။

အမျိုးမျိုးသော သတင်းများဖြင့် နာမည်ကြီးခဲ့သော သရဲငါးဖော်နှင့် ဆုံတွေ့ရခြင်းဖြစ်သည်ကို ကျင်းလုံ နားလည်သိရှိလိုက်သည့်အခါ ကျောချမ်းသွားမိတော့သည်။

ကျင်းလုံတွေးတောနေစဉ် သရဲငါးဖော်သည်ဘာကိုမျှ အမှုမထားဘဲ အေးအေးဆေးဆေး စားသောက်နေကြတော့၏။

"သူတို့ဟာ သရဲငါးဖော်ဆိုတော့ သက်ရှိလူသားတွေ မဖြစ်နိုင်တော့ဘူး"

ကျင်းလုံသည် အမြန်ဆုံးစားသောက်ပြီး ငွေလုံသိုင်းသမားထံသို့သွားရန် ဆုံးဖြတ်လိုက်၏။

ထိုအချိန်မှာပင် ဆိုင်ထဲသို့ မိန်းကလေးတစ်ယောက် ဝင်ရောက်လာသည်ကို တွေ့လိုက်ရလေသည်။

❋



လှပချောမောသော မိန်းကလေးတစ်ယောက် ဆိုင်ထဲသို့ ဝင်ရောက်လာလေသည်။

ထိုမိန်းကလေးကို မြင်လိုက်ရသည်နှင့် ကျင်းလုံမှာ စိတ်လှုပ်ရှားသွားရပြန်လေသည်။

ထိုမိန်းကလေးမှာ ကုန်းယင်စန်းဘုံကျောင်း၌ တွေ့ခဲ့ရသော မိန်းမချောလေးဖြစ်နေသည် မဟုတ်ပါလား။

မိန်းကလေးကလည်း ကျင်းလုံအား တွေ့မြင်သွားပုံရလေသည်။

"အစ်ကိုက ဒီရောက်နေတာကိုး"

သူမသည် ကျင်းလုံထံသို့ တန်းတန်းမတ်မတ် လှမ်းလာပြီး ထိုင်ခွင့်တောင်းလေသည်။

"ကျွန်မ ထိုင်မယ်နော်"

"ဟာ ရပါတယ်၊ ထိုင်ပါ…ထိုင်ပါ"

ကျင်းလုံမှာ ကြောင်အမ်းအမ်းဖြစ်နေရာမှ သတိဝင်လာသည်။

ဆိုင်လုလင်တစ်ယောက်ကို ခေါ်ကာ မိန်းကလေး အတွက်လည်း စားသောက်ဖွယ်ရာများကို မှာကြားပေးလိုက်လေသည်။

မိန်းမချောလေးက ကျင်းလုံအား ဦးညွှတ်လိုက်သည်။

"ကုန်းယင်စန်းဘုံကျောင်းမှာ ကြုံခဲ့ရတဲ့ကိစ္စအတွက် အစ်ကို့ကို ကျေးဇူးတင်ပါတယ်ရှင်"

"ဟာ ကိစ္စမရှိပါဘူး၊ ကျုပ်က အရေးကြီးပါဘူးဗျာ"

www.burmeseclassic.com

www.burmeseclassic.com



မိန်းမချောလေးက ပြုံးလိုက်သည်။

"ကျွန်မ အဖို့တော့ အရေးကြီးတယ်လေ၊ ဒါ့ကြောင့် ကျောင်းထိုင်ဆရာတော်နဲ့ ဝင်တွေ့ရတာပါ၊ နေမွန်းတည့်ချိန် ကျော်သွားရင် ဆရာတော်ကိုတွေ့ရဖို့ မဖြစ်နိုင်တော့ပါဘူး၊ ဒီအတွက် အစ်ကို့ကို ကျေးဇူးတင်မိတာပါရှင်"

အလျော့ပေးလိုက်သဖြင့် မိတ်ဆွေတစ်ယောက်တိုး လာခြင်းဖြစ်၏။ ထိုစဉ်ကသာ ဘုံကျောင်းအတွင်း သူ့ထက်ငါ ဝင်ရောက်ရန် ကြိုးစားခဲ့မည်ဆိုပါက ရန်သူတစ်ယောက်တိုး လာမှာ သေချာသည်။

သဘောထားကြီးခြင်း၊ အနစ်နာခံခြင်းသည် အောင်မြင်မှု၏ လမ်းစဖြစ်ကြောင်း ဆင်ခြင်မိကာ ကျင်းလုံ ကျေနပ်သွားသည်။

"ကျုပ်နာမည် ကျင်းလုံလို့ ခေါ်ပါတယ်၊ မြောက်ပိုင်းဒေသ ကျင်းအိမ်တော်ကပါ၊ ညီမရဲ့ နာမည် ဘယ်လိုခေါ်သလဲဆိုတာ သိခွင့်ရနိုင်မလား"

ကျင်းလုံက မိတ်ဆက်စကားဆိုလိုက်သည်။

မိန်းမချောလေးက ပြုံးလိုက်ပြီး ရင်းနှီးစွာပြန်လည် ပြောလေသည်။

"ကျွန်မနာမည် မေကျို့ဝါးလို့ ခေါ်ပါတယ်ရှင်"

မေကျို့ဝါးဆိုသည်ကား ဂန္ဓမာပန်းဟူ၍ အဓိပ္ပါယ်ရပေသည်။

ကျင်းလုံသည် မိန်းမချောလေး၏အမည်ကိုသေချာစွာ မှတ်သားထားလိုက်သည်။

"ကျုပ်တို့နှစ်ယောက် မိတ်ဆွေဖြစ်တဲ့ အထိမ်းအမှတ်နဲ့ ကျုပ်ကပဲ ကျွေးမွေးပါရစေဗျာ"

"အို... အစ်ကို့ ကျေးဇူးတွေများနေပါပြီ"

"ကိစ္စမရှိပါဘူး ညီမရယ်၊ ဘာမှ အားနာစရာ မလိုပါဘူး"

အချိန်ပိုင်းလေးအတွင်းမှာပင် နှစ်ယောက်သား ရင်းရင်းနှီးနှီး ဖြစ်လာကြပြီး အတူတကွ စားသောက်လိုက်ကြလေတော့သည်။

ထိုအချိန်၌ သူရဲငါးဖော်မှာ စားသောက်ပြီးစီးသွားကြပြီဖြစ်လေသည်။

သူတို့သည် ကျသင့်ငွေ ပေးချေပြီး ထိုင်ရာမှထလိုက်ကြ၏။

ဆိုင်ထဲမှထွက်သွားရန် ကျင်းလုံတို့စားပွဲအနီးမှ ဖြတ်သွားကြသောအခါ မေကျို့ဝါး သတိပြုမိသွားပြီး ကြောက်ထန့်သွားလေသည်။

"သူတို့ လူတွေမှ ဟုတ်ရဲ့လား၊ လူသေအလောင်းတွေနဲ့ တူလိုက်တာ"

လွှတ်ခနဲ ပြောလိုက်သော သူမ၏ စကားက အနည်းငယ်ကျယ်လောင်နေသဖြင့် သရဲငါးဖော်ကြားသွားသည်။

ချက်ချင်း ခြေလှမ်းရပ်တန့်လိုက်ပြီး လှည့်ကြည့်လာကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျင်းလုံ ရင်ထိတ်သွားသည်။

ချက်ချင်း ထိုင်ရာမှ ထလိုက်၏။

မတော်တဆ မေကျို့ဝါးအား အန္တရာယ်ပြုလာလျှင် ရင်ဆိုင်ရန် အသင့်ပြင်ထားလိုက်ခြင်း ဖြစ်လေသည်။

သရဲငါးဖော်ကား အန္တရာယ် မပြုကြပါချေ။

"သွားစို့"

တစ်ယောက်က ပြောလိုက်ရာ ကျန်လေးယောက်လည်း လိုက်သွားကြ၏။ မကြာမီ ဆိုင်အပြင်ဘက် ရောက်သွားကြပြီး မြင်ကွင်းမှ ပျောက်ကွယ်သွားကြလေတော့သည်။

❋

သရဲငါးဖော်ထွက်သွားတော့မှ ကျင်းလုံ သက်ပြင်းချနိုင်တော့သည်။

"အဲဒီလူငါးယောက်ဟာ တစ်ချိန်က ဆိုးသွမ်းသောင်းကျန်းခဲ့ကြတဲ့ သရဲငါးဖော်ဆိုတဲ့ လူဆိုးကြီးတွေပဲ၊ သူတို့ရဲ့ နာမည်ကြားတာနဲ့ ဖိန့်ဖိန့်တုန်အောင် ကြောက်ခဲ့ကြရတာပေါ့"

မေကျို့ဝါးအား ရှင်းပြလိုက်လေသည်။

မေကျို့ဝါးက စိုးရွံ့ဟန် မျက်လုံးလေး အပိုင်းသားဖြင့် နားထောင်နေသည်။

"အရင်ကဆိုရင် ထစ်ခနဲဆိုတာနဲ့ တိုက်ခိုက်သတ်ဖြတ်ဖို့လောက် စိတ်ကူးနေကြတဲ့ လူတွေပေါ့၊ ခုတော့ ဘယ်လို



ဖြစ်သွားကြတယ် မဆိုနိုင်ဘူး"

မေကျို့ဝါး ပြုံးလိုက်သည်။

"ကျွန်မကလည်း သူတို့ဟာ လူသေအလောင်းနဲ့တူနေတို့ ပြောလိုက်မိတာပါရှင်"

"ကိစ္စမရှိပါဘူး ညီမရယ်... သူတို့ထွက်သွားကြပြီပဲ၊ ကဲ...စားလိုက်ပါဦး"

မေကျို့ဝါးမှာ စားသောက်ခြင်း မပြုတော့ချေ။

"ကျွန်မ ဗိုက်ဝသွားပါပြီရှင်၊ အစ်ကိုရဲ့ကျေးဇူးတွေကို ကျွန်မ မမေ့ပါဘူး၊ ကျွန်မတို့ ပြန်ပြီးဆုံတွေ့ကြသေးတာပေါ့ ရှင်၊ ကျွန်မကို ခွင့်ပြုပါဦး"

သူမက ထိုင်ရာမှထကာ နှုတ်ဆက်လိုက်သောအခါ ကျင်းလုံ ရင်ထဲဟာသွားလေတော့သည်။

မသွားနှင့်ဦးဟု ဟန့်တားခွင့်လည်း မရှိသောကြောင့် ခေါင်းညိတ်ပြလိုက်ရတော့သည်။

"ကောင်းပါပြီ ညီမရယ်"

မေကျို့ဝါးသည် ကျင်းလုံကို နှုတ်ဆက်ကာ ဆိုင်ထဲမှ ထွက်ခွာသွားလေတော့သည်။

❋

www.burmeseclassic.com

www.burmeseclassic.com

## သက်ခြေတဲ့လူ

စားသောက်ဆိုင်ထဲမှ ကျင်းလုံ ထွက်လာသောအခါ မြို့ကလေးမှာ ပို၍ တိတ်ဆိတ် ခြောက်သွေ့သွားသည်ဟု ထင်မှတ်ရလေသည်။

လမ်းပေါ်၌ သွားလာလှုပ်ရှားနေသူ မဆိုထားနှင့် ခွေးတစ်ကောင် ကြောင်တစ်မြီးမျှပင် မတွေ့ရချေ။

ဈေးဆိုင်များသာမက အိမ်တိုင်း အိမ်တိုင်းလိုလို တံခါးများပိတ်ထားကြတော့သည်။

အန္တရာယ် အငွေ့အသက်သည် ထိုဆူးမြို့ကလေးအား လွှမ်းခြုံထားလိုက်ပြီ ဖြစ်ပါသည်။

"သက်ခြေဂိုဏ်းဟာ သည်လောက်တောင်ပဲ ကြောက်စရာကောင်းနေသလား"

ကျင်းလုံ မကျေမနပ်ဖြစ်လာသည်။

ဆိုင်ထဲမှထွက်မလာမီ ဆိုင်လုလင်များထံ၌ စုံစမ်းခဲ့ခြင်းဖြင့် ငွေလုံသိုင်းသမားမုယုံကျင်း နေထိုင်သည့်နေရာကိုသိခဲ့ရပြီးဖြစ်သည်။

ထို့ကြောင့် ငွေလုံသိုင်းသမားထံသွားကာ သက်ခြေ



ဂိုဏ်းနှင့် ရင်ဆိုင်ရန် ထွက်လာခြင်းဖြစ်သည်။

ဆိုင်လုလင် လမ်းညွှန်ပေးလိုက်သည့်အတိုင်း မင်းလမ်းကြီးကိုဖြတ်ကာ လမ်းကြားလေးတစ်ခုအတွင်းသို့ ဝင်ရန် ဟန်ပြင်လိုက်စဉ်...

"အား..."

"အမလေး"

"သေပါပြီဗျ"

စူးရှသောအော်ဟစ်သံများ တခဲနက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

"ဟင်..."

ကျင်းလုံ ရင်ထိတ်သွားသည်။

ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်နေပြီဖြစ်ကြောင်း ရိပ်မိလိုက်ပြီး အော်ဟစ်သံများ ထွက်ပေါ်လာရာဆီသို့ ဦးတည်လျက် ကပျာကယာ ပြေးသွားလိုက်လေသည်။

လမ်းကြားကလေးအတွင်းသို့ ရောက်သည်နှင့် အတုန်းအရုန်းလဲကျနေသူ ငါးယောက်အား တွေ့လိုက်ရလေတော့သည်။

ကျင်းလုံ ခြေလှမ်းတုံ့ခနဲ ရပ်သွားသည်။

အကျည်းတန်လှသော မြင်ကွင်းကြောင့် မါးစပ်အဟောင်းသားဖြစ်သွားရ၏။

"သရဲငါးဖော်ပါလား၊ ဘယ်လိုဖြစ်တာပါလိမ့်"

သွေးအိုင်ထဲ လဲကျနေသူများကား စားသောက်ဆိုင်

www.burmeseclassic.com

www.burmeseclassic.com



လေး၌ဆုံတွေ့ခဲ့ရသော သရဲငါးဖော်ပင်ဖြစ်ပေတော့သည်။

ကြောက်မက်ဖွယ်သတင်းဆိုးဖြင့် ကျော်ကြားခဲ့သည့် သရဲငါးဖော်မှာ ယခုအခါ မရှမလှလုပ်ကြံခံလိုက်ရပြီဖြစ်သည်။

သူတို့အား မည်သူက တိုက်ခိုက်ခဲ့ပါသနည်း။

သရဲငါးဖော်အား တိုက်ခိုက်သွားသူမှာ အလွန်ကြောက်မက်ဖွယ်ကောင်းသူဖြစ်ကြောင်း ထင်ရှားနေပေသည်။

ကျင်းလုံက ပတ်ဝန်းကျင်၌ ရှာဖွေကြည့်လိုက်၏။

လူသူတစ်စုံတစ်ယောက်ကိုမျှ မတွေ့ရပါ။

ထိုလူသည် သရဲငါးဖော်အား တိုက်ခိုက်ပြီးသည်နှင့် ချက်ချင်း ရှောင်တိမ်းသွားပုံရသည်။

ကျင်းလုံ တွေဝေနေစဉ်...

"အင်း... အင်း"

မသဲမကွဲ ညည်းတွားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

သရဲငါးဖော်အနက် တစ်ယောက်က လူးလွန့်လှုပ်ရှားလာသည်ကိုတွေ့ရသဖြင့် ကျင်းလုံ ကပျာကယာချဉ်းကပ်သွားပြီး မေးမလိုက်လေသည်။

"ဦး...ဘာမှ မပူပါနဲ့၊ သမားတော်ဆီ ပို့ပေးပါ့မယ်"

သူက အားပေးနှစ်သိမ့်လိုက်သော်လည်း ထိုလူသည် သူ၏အခြေအနေကို သိရှိထားပုံရလေသည်။

"ကျုပ် ကျုပ်မနေရတော့ဘူး... ငွေလုံသိုင်းသမားကြီးကို ပြောပေးပါ၊ ကျုပ်တို့ တာဝန်မကျေတဲ့အတွက် ခွင့်လွှတ်ဖို့



တောင်းပန်လိုက်ပါတယ်၊ ဟောဒီ ပစ္စည်းလေးလဲ ပေးလိုက်ပါ၊ သူ့ရဲ့လက်ထဲရောက်အောင် ဆက်ဆက်..."

ကြိုးစားအားယူ၍ မှာကြားနေသော်လည်း စကားဆုံးအောင် မပြောနိုင်ဘဲ ခေါင်းငိုက်စိုက်ကျကာ သေဆုံးသွားတော့သည်။

ကျင်းလုံ စိတ်မကောင်းဖြစ်သွား၏။

လက်ထဲရောက်လာသော ပစ္စည်းလေးကို ကြည့်လိုက်သည့်အခါ ကြိုက်ပုံသဏ္ဌာန်ကြေးပြားလေးတစ်ပြား ဖြစ်နေသည်ကိုတွေ့လိုက်ရလေသည်။

"သရဲငါးဖော်ဟာ ငွေလုံသိုင်းသမားနဲ့ ဘယ်လိုများ ပတ်သက်နေကြပါလိမ့်"

"သူတို့ကို ဘယ်သူက လုပ်ကြံလိုက်တာလဲ"

နောက်ဆုံးတွင် ကျင်းလုံသည် ငွေလုံသိုင်းသမားထံသို့ အမြန်ဆုံးသွားရန် ဆုံးဖြတ်လိုက်လေတော့သည်။

❋

ငွေလုံဂေဟာ...

ငွေလုံသိုင်းသမား မုယုံကျင်း၏ ငွေလုံဂေဟာသည် ခန်းနားထည်ဝါသော ဂေဟာတစ်ခုဖြစ်သည်။

လီဆူးမြို့၏ မြို့စွန်တစ်နေရာ၌သီးခြားတည်ရှိသည်။

ဂေဟာပတ်ဝန်းကျင်၌ စိမ်းလန်းသောသစ်ပင်ပန်းပင်

www.burmeseclassic.com

www.burmeseclassic.com



များဖုံးထွမ်းလျက်ရှိနေလေသည်။

ကျင်းလုံက ငွေလုံဂေဟာသို့ ဦးတည်သွားနေစဉ်...

"ရပ်လိုက်..."

အော်ငေါက်ဟန့်တားသံနှင့်အတူ သစ်ပင်များကြားမှ လူလေးယောက်ခုန်ထွက်လာကာ ထမ်းပိတ်ဟန့်တားခြင်းခံလိုက်ရလေသည်။

ကျင်းလုံခြေလှမ်းရပ်လိုက်ပြီး ဟန့်တားလာသူများကို အကဲခတ်ကြည့်လိုက်မိသည်။

ထိုလူလေးယောက်မှာ ခန္ဓာကိုယ် သန်မာထွားကျိုင်းသော လူသန်ကြီးများဖြစ်ကြပြီး အနီရောင်ပန်းပွားတပ်ဆင်ထားသော လုံရှည်များ ကိုင်ဆောင်ထားကြသည်။

"ခွမ်း...ခွမ်း"

လေးယောက်သား လုံချင်းထိတွေ့သွယ်ယှက်လိုက်သောအခါ ကျင်းလုံအား လုံတံများဖြင့်ပိတ်ဆို့တားဆီးပြီးသား ဖြစ်သွားလေတော့သည်။

ကျင်းလုံက မလှုပ်မယှက် ရပ်နေ၏။

"မင်းဘယ်သူလဲ၊ ဘာကြောင့် သည်နေရာကို လာခဲ့တာလဲ၊ ပြောစမ်း..."

လုံသမားလူသန်ကြီးတစ်ယောက်က မေးလေသည်။

"ကျွန်တော့်နာမည် ကျင်းလုံပါ... မြောက်ပိုင်း ကျင်းအိမ်တော်ကပါ၊ အရေးကြီးတဲ့ ကိစ္စတစ်ခုကြောင့် ဆရာကြီးမုယုံကျင်းနဲ့တွေ့ဆုံဖို့ လာခဲ့တာပါ"



ကျင်းလုံက အကျိုးအကြောင်းရှင်းပြလိုက်သည်။

ထိုသမားလေးယောက်က တစ်ယောက်ကို တစ်ယောက်ကြည့်လိုက်ကြပြီး တစ်ယောက်က မေးလိုက်သည်။

"မင်းဟာ သက်ခြေဂိုဏ်းက မဟုတ်ဘူးလား"

"မဟုတ်ပါဘူးခင်ဗျာ"

"ဒါဖြင့် ဘာကိစ္စကြောင့်လာသလဲ၊ ပြောပါ"

"ကျွန်တော်... "

ကျင်းလုံမှာ ပြောသင့် မပြောသင့် ဝေခွဲမရဘဲဖြစ်သွားလေ၏။

သူသည် သက်ခြေဂိုဏ်းနှင့်ရင်ဆိုင်ရန် လာခဲ့ခြင်းသာဖြစ်သည်။

ငွေလုံသိုင်းသမားသည် သက်ခြေဂိုဏ်းနှင့် ရင်ဆိုင်ရာတွင် သူ့အား လက်တွဲခေါ်ယူပါမည်လော။

သိုင်းသမားကြီးများသည် မာန်မာနကြီးတတ်ကြသည်။ မိမိ၏ဂုဏ်သိက္ခာကို အသက်ထက် ပို၍ မြတ်နိုးတတ်ကြသည်။ အန္တရာယ်နှင့် ရင်ဆိုင်ရချိန်တွင် သူတစ်ပါး၏ အကူအညီကိုရယူဖို့ ဝန်လေးတတ်ကြပေသည်။

ထို့ကြောင့် သူ့အား လက်မခံဘဲ ငြင်းပယ်လိုက်မည်ကို စိုးရိမ်မိလေသည်။

"ဟော့... မင်းဘာကိစ္စနဲ့လာခဲ့သလဲ၊ ပြောလေ"

လုံသမားလူသန်ကြီးတစ်ယောက်က စိတ်မရှည်သလို အော်ငေါက်မေးမြန်းလိုက်၏။

www.burmeseclassic.com



ကျင်းလုံ သက်ပြင်းချလိုက်၏။

"အရေးကြီးတဲ့ကိစ္စတစ်ခုကြောင့် ငွေလုံသိုင်းသမားနဲ့ တွေ့ရမှ ဖြစ်ပါလိမ့်မယ်ခင်ဗျာ"

လုံသမားလေးယောက်သည် တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြလေသည်။

တစ်ယောက်က ကျင်းလုံကို စေ့စေ့ကြည့်ကာပြော၏။

"ကျုပ်တို့ဟာ ဒီနေရာကနေပြီး ငွေလုံဂေဟာထဲကို ဘယ်သူမှ ဖြတ်မသွားနိုင်အောင် တာဝန်ယူထားကြတယ်၊ ဒါကြောင့် ကျုပ်တို့ကို ကျော်ဖြတ်သွားနိုင်မှ ငွေလုံဂေဟာကို သွားလို့ရမယ်"

ကျင်းလုံ စိတ်ပျက်သွားလေသည်။

"ကျွန်တော်ဟာ ငွေလုံဂေဟာကို ရန်ပြုမယ့် လူတစ်ယောက် မဟုတ်ပါဘူးဗျာ၊ သက်ခြေဂိုဏ်းက လူတစ်ယောက်လည်း မဟုတ်ပါဘူး"

"ဝမ်းနည်းပါတယ်ကွာ၊ ခုချိန်မှာ ဘယ်သူ့ကိုမှယုံကြည်လို့မရဘူးလို့ သခင်ကြီးကပြောထားတယ်၊ ငွေလုံဂေဟာကို သွားချင်ရင် နည်းလမ်းတစ်ခုပဲရှိတယ်၊ အဲဒါကတော့ ကျုပ်တို့ကို ကျော်ဖြတ်သွားဖို့ပဲ"

လုံသမား၏စကားက ရှင်းလင်းပြတ်သားလှသည်။

ကျင်းလုံ ပင့်သက်ရှိုက်လိုက်မိ၏။

"ကျွန်တော့်အနေနဲ့ နောင်ကြီးတို့နဲ့မတိုက်ခိုက်ချင်ပါဘူး၊ တခြားနည်းလမ်း မရှိတော့ဘူးလားဗျာ"



ထိုလုံသမားက ခေါင်းခါယမ်းလိုက်သည်။

"မရှိဘူး၊ ကျုပ်တို့ကို ကျော်ဖြတ်သွားနိုင်မှသာ ငွေလုံဂေဟာကို သွားလို့ရမယ်"

ကျင်းလုံမှာ မတတ်သာတော့သဖြင့် လုံသမားလေးယောက်နှင့်ရင်ဆိုင်ရန် ဆုံးဖြတ်လိုက်လေတော့သည်။

❁

ကျင်းလုံသည် ရင်ဆိုင်ရန် ဆုံးဖြတ်လိုက်သည်နှင့် လုံသမားလေးယောက်ကလည်း အသီးသီးလူချင်းခွဲကာ အရပ်လေးမျက်နှာတွင် နေရာယူလိုက်ကြ၏။

"ဝှီး…ဝှီး…ဝှီး"

လုံရှည်များကို ဝှေ့ယမ်းလိုက်ကြရာ တဝှီးဝှီးမြည်သံများ ထွက်ပေါ်လာလေသည်။

ကျင်းလုံ မလှုပ်မယှက်ရပ်နေပြီး လက်ဝါးနှစ်ဖက်၌ အတွင်းအားများ စုစည်းထားလိုက်သည်။

အရေးကြုံလာပြီဖြစ်ရာ ဖခင်ကြီးထံမှ အမွေရထားသည့် မိုးနဂါးသိုင်းကိုအသုံးပြုရန် ပြင်ဆင်လိုက်ရခြင်းဖြစ်ပေတော့သည်။

လုံသမားလေးယောက်သည် လုံရှည်များကို ဝီနဲ့ ဝီခနဲမြည်အောင် ဝှေ့ယမ်းလိုက်ကြပြီး…

"ယား…"

www.burmeseclassic.com

www.burmeseclassic.com



ဖြာသံပေးကာ စတင်တိုက်ခိုက်လာကြသည်။

လုံရှည်များသည် ရိပ်ခနဲ ရိပ်ခနဲ ကျင်းလုံထံသို့ တိုးဝင်လာလေသည်။

ကျင်းလုံက လက်နှစ်ဖက်ကိုဝှေ့ယမ်းကာ တိုးဝင်လာသော လုံရှည်များကို ရိုက်ထုတ်ပစ်လိုက်သည်။

ဖက်ခနဲ ဖတ်ခနဲမြည်သံများနှင့်အတူ လုံရှည်လေးထက်ကို ဖယ်ရှားပြီးသားဖြစ်သွားလေသည်။

လုံသမားလေးယောက်က ချက်ချင်းပင် နောက်ဆုတ်လိုက်ကြလေသည်။

ပြီးနောက်...

"ယား..."

"သေပေတော့"

ဖြာသံများ ပြိုင်တူပေးကာ ထပ်မံတိုက်ခိုက်လိုက်ကြပြန်၏။

ယခုတစ်ကြိမ်တွင် သိုင်းကွက်ပြောင်းလဲကာ တိုက်ခိုက်လိုက်ခြင်းဖြစ်လေသည်။

လုံရှည်လေးလက်သည် ရိပ်ခနဲ ရိပ်ခနဲ တိုးဝင်လာကြပြန်၏။

လုံရှည်နှစ်လက်က ကျင်းလုံ၏ခြေထောက်ကို တိုက်ခိုက်လိုက်ကြသလို ကျန်လုံရှည်နှစ်လက်က ခန္ဓာကိုယ်အပေါ်ပိုင်းကို တိုက်ခိုက်လိုက်ခြင်း ဖြစ်လေသည်။

ကျင်းလုံသည် နောက်ဆုတ်ရှောင်တိမ်းခြင်းမပြုဘဲ



ရင်ဝသို့တိုးဝင်လာသည့် လုံရှည်နှစ်လက်ကို လက်နှစ်ဖက်ဖြင့် ဖမ်းဆုပ်ထားလိုက်သည်။

တစ်ဆက်တည်းမှာပင် ခြေထောက်အောက်ပိုင်းသို့ တိုးဝင်လာသောလုံရှည်နှစ်လက်ပေါ်သို့ ရိပ်ခနဲ ခုန်တက်လိုက်သည်။

လက်ထဲဆုပ်ကိုင်ထားသော လုံနှစ်လက်ကို အားပြုကာ လေထဲကျွမ်းပစ်ပြီး လုံသမားလေးယောက်၏နောက် ကျောဘက်သို့ ခုန်ထွက်သွားလေသည်။

"ဟူး ..."

အဝတ်အစားလေတိုးသံ ထွက်ပေါ်လာသည်။

ကျင်းလုံသည် လေထဲ၌ ကျွမ်းပစ်ပြီး လုံသမားလေးယောက်၏ နောက်ကျောဘက်သို့ရောက်ရှိသွားတော့သည်။

"ဟင်"

"ဟာ"

လုံသမား လေးယောက် လှုပ်လှုပ်ရှားရှားဖြစ်သွားကြကုန်သည်။

ချာခနဲလှည့်ကြည့်လိုက်သောအခါ ကျင်းလုံက မလှမ်းမကမ်း၌ ရောက်ရှိနေသည်ကို တွေ့ရလေသည်။

လုံသမားလေးယောက်သည် ချက်ချင်း ပြေးသွား၍ တိုက်ခိုက်ရန် ဟန်ပြင်လိုက်ကြပြန်လေသည်။

ဤတွင် ကျင်းလုံက...

"ခင်ဗျားတို့ကို ကျုပ်ကျော်ဖြတ်နိုင်ခဲ့ပြီပဲဗျာ၊ ဘာဖြစ်

www.burmeseclassic.com

www.burmeseclassic.com



လို့ ကျွန်တော့်ကို သွားခွင့်မပြုနိုင်တာလဲဗျာ”

ကျင်းလုံပြောလိုက်သောစကားကြောင့် လုံသမားလေး ယောက် ကြောင်အမ်းအမ်းဖြစ်သွားကြလေသည်။

“မင်း…မင်း”

“ကျုပ်ကို သွားခွင့်ပြုပါဗျာ”

လုံသမားလေးယောက် တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြလေသည်။

သူတို့၏စကားအတိုင်း ကျင်းလုံက ကျော်ဖြတ်သွား နိုင်ခဲ့ပြီဖြစ်ရာ သူတို့အနေဖြင့် ငွေလုံဂေဟာသို့ သွားခွင့်ပြုရ တော့မည်ဖြစ်သည်။

“သိုင်းလောကသားတွေဟာ ကတိစကားကို တန်ဖိုး ထားကြပါတယ်ဗျာ”

လုံသမားလေးယောက် ဘာမျှမပြောနိုင်ကြတော့ဘဲ ကျင်းလုံအား သွားခွင့်ပြုလိုက်ရလေတော့သည်။

❋

ငွေလုံဂေဟာသည် ခန်းနားထည်ဝါလှသော ဂေဟာ ကြီးတစ်ခုဖြစ်ပါသည်။

ကျင်းလုံသည် လုံသမားလေးယောက်အား ကျော် ဖြတ်ပြီးသည်နှင့် ငွေလုံဂေဟာသို့ အမြန်ဆုံး အရောက်သွား လိုက်၏။



လုံသမားလေးယောက် စိတ်ပြောင်းသွားကာ ထပ်မံ ဟန့်တားမည်ကို စိုးရိမ်သောကြောင့်ဖြစ်လေသည်။

ငွေလုံဂေဟာကြီးရှေ့သို့ ရောက်ရှိသည့်အခါမှ စိတ် အေးသွားတော့၏။

ငွေလုံသိုင်းသမား မုယုံကျင်းနှင့် တွေ့နိုင်တော့မည်ဟု စိတ်ချလက်ချဖြစ်သွားလေသည်။

သို့သော်…

တကယ်တမ်း စိတ်ချ၍မရနိုင်သေးပေ။

ဂေဟာရှေ့သို့ ရောက်လာသည့်တိုင် လူရိပ်လူရောင် စိုးစဉ်းမျှ မတွေ့ရသောကြောင့်ဖြစ်သည်။

လေတိုက်သံ သစ်ရွက်လှုပ်သံ ကျေးငှက်သာရကာ လေးများ၏သဘာဝတေးသီသံများ ကြားနေရသော်လည်း ငွေ လုံဂေဟာမှ လူသံသူသံ မကြားရဘဲရှိသည်။

ကျင်းလုံ အံ့ဩသွားလေသည်။

“ငွေလုံဂေဟာမှာ လူမရှိရဲ့လား”

ကျင်းလုံတွေးတောနေစဉ်မှာပင်…

“မင်းရောက်လာပြီပဲ၊ ရောက်လာမှတော့ ဘာကြောင့် ဝင်မလာသေးတာလဲ”

ဂေဟာထဲမှ စကားသံတစ်ချက် ပျံ့လွင့်လာသည်ကို ကြားလိုက်ရလေသည်။

ကျင်းလုံအံ့ဩသွား၏။

‘ငွေလုံသိုင်းသမားကြီးက ငါရောက်လာတာကို သိနေ

www.burmeseclassic.com

www.burmeseclassic.com



ပါလား၊ လုံသမားလေးယောက်က လျှို့ဝှက်သတင်း ပို့လိုက်တာပဲဖြစ်မယ်”

တွေးရင်း ကျောက်လေ့ကားထစ်များကို ကျော်ဖြတ်ကာ ဂေဟာအတွင်းသို လှမ်းဝင်လိုက်လေသည်။

ကျောက်လှေကားထစ်များအဆုံး တံခါးပေါက်ကို ဖြတ်ကာ ဂေဟာအတွင်းသို့ လှမ်းဝင်လိုက်သည်နှင့်…

“ဝိုး…”

ရူးရှသော လေတိုးသံနှင့်အတူ လှံတစ်လက် ပစ်ထွင့်လာသည်။

ကျင်းလုံ ထိတ်လန့်သွား၏။

အပေါ်ခုန်တက်ရန် နောက်ဆုတ်ရန် ဝဲယာတစ်ဘက်တစ်ချက်သို့ ရှောင်တိမ်းရန် မဖြစ်နိုင်တော့သဖြင့် ကြမ်းပြင်ပေါ် လှဲချကာ သုံးလေးပတ်လှိမ့်၍ ရှောင်တိမ်းလိုက်ရလေသည်။

“ဝိုး…”

“ဒုတ်…”

ပစ်ထွင့်လာသောလှံသည် ကျင်းလုံ၏မျက်နှာအနီးမှ ပွတ်ကာသီကာ ဖြတ်ကျော်ကာ တံခါးဘောင်၌ စိုက်ဝင်သွားလေသည်။

လှံရိုးမှာ တုန်ခါနေခြင်းကြောင့် ပစ်လွှင့်လိုက်သည့် အရှိန် မည်မျှပြင်းထန်သည်ကို သိနိုင်လေသည်။

ကျင်းလုံ ကပျာကယာ လူးလှိမ့်ထကာ မျက်လုံးပြူး၍ ကြည့်လိုက်လေသည်။



ထိုအခါ မလှမ်းမကမ်း၌ ရပ်နေသော အသက်ငါး ဆယ်ကျော်ခန့်ရှိသူတစ်ယောက်ကို တွေ့ရလေသည်။

ထိုလူကား ငွေလှံဓားသမားကြီးမုယုံကျင်းပင်ဖြစ်ပေတော့သည်။

မုယုံကျင်း၏မျက်နှာ ခက်ထန်တင်းမာနေသည်။

“မင်း ဘယ်ဆိုးလို့လဲ၊ ငါ့ရဲ့လှံတံကို နောက်တစ်ခါ ရှောင်ကြည့်ပါဦး”

လှံပျံတစ်လက်ကိုယူကာ ပစ်ခတ်ရန် ဟန်ပြင်လိုက်၏။ ကျင်းလုံက ကပျာကယာ ဟန့်တားလိုက်ရသည်။

“နေ… နေပါဦးဗျာ၊ ကျွန်တော် ရှင်းပြပါရစေဦး၊ ကျွန်တော်ဟာ သက်ခြေဂိုဏ်းကမဟုတ်ပါဘူး၊ ဦးကိုရန်ပြုမယ့်လူ မဟုတ်ပါဘူး”

မုယုံကျင်း မျက်မှောင်ကုတ်သွားသည်။

“မင်းဟာ သက်ခြေဂိုဏ်းကလူ မဟုတ်ဘူးလား”

“မဟုတ်ပါဘူးခင်ဗျာ”

“ဒါဖြင့်-မင်းဘယ်သူလဲ”

“ကျွန်တော်ဟာ မြောက်ပိုင်း ကျင်းအိမ်တော်က ကျင်းလုံပါ”

ကျင်းလုံသည် အန္တရာယ်ပြုမည့်သူ မဟုတ်ကြောင်း မုယုံကျင်း သတိပြုမိသွားပုံရ၏။

“နေပါဦး၊ မင်းက မိုးနဂါးထင်းလုံနဲ့ ဘယ်လိုပတ်သတ်နေသလဲ”

www.burmeseclassic.com

www.burmeseclassic.com



ဖခင်ဖြစ်သူအား မုယုံကျင်းကသိနေသဖြင့် ကျင်းလုံ ဝမ်းသာသွားလေသည်။

"ကျွန်တော်ရဲ့ ဖခင်ဖြစ်ပါတယ်ခင်ဗျာ"

"ဪ... လက်စသတ်တော့ မင်းက မိုးနဂါးထင်းလုံ ရဲ့သားကိုး"

"ဟုတ်ပါတယ်ခင်ဗျာ"

မုယုံကျင်း သက်ပြင်းချလိုက်လေသည်။

"ကျုပ်က သက်ခြွေဂိုဏ်းကလို့ ထင်မှတ်ပြီး မင်းကို တိုက်ခိုက်လိုက်မိတာ စိတ်မဆိုးစေချင်ဘူး၊ ကျုပ်ကို အန္တရာယ် ပြုမယ့်လူတွေ ရှိနေကြတယ်"

သက်ခြွေဂိုဏ်းက ငွေလုံဂေဟာအား ဒုက္ခပေးမည်ဖြစ် ကြောင်း ကျင်းလုံ သိထားပြီးဖြစ်လေသည်။

"လာ... သည်မှာ ထိုင်ပါဦး"

မုယုံကျင်းက ကျင်းလုံအား ဖိတ်ခေါ်ကာ နေရာထိုင် ခင်း ပေးလေသည်။

ညှိခန်းအတွင်း၌ စားပွဲတစ်လုံးရှိနေပြီး စားပွဲပေါ်၌ ရေနွေးကြမ်းအိုးတစ်လုံး ရှိနေသည်။

ထိုမှတစ်ပါး အခြားဘာမျှမရှိချေ။

ကျင်းလုံသည် မုယုံကျင်းနှင့် မျက်နှာချင်းဆိုင်ထိုင်ချ လိုက်လေသည်။

မုယုံကျင်းက ရေနွေးကြမ်း တစ်ခွက်ငှဲ့ပေးသည်။

"သောက်လိုက်ပါဦးကွယ်၊ မင်း ရောက်လာတဲ့အချိန်



မှာ ကျုပ်က ညှိဝတ်မကျေနိုင်တာကို ခွင့်လွှတ်ပါကွာ"

"အို ကိစ္စမရှိပါဘူး၊ ခင်ဗျားအခြေအနေကို ကျွန်တော် နားလည်သဘောပေါက်ပါတယ်ခင်ဗျာ"

"ကျေးဇူးပါပဲကွယ်"

မုယုံကျင်းသည် ကျင်းလုံအား အကဲခတ်ကြည့်ပြီး စူးစမ်းလိုက်လေသည်။

"ဒါထက် ကျင်းအိမ်တော်သခင် မိုးနဂါးထင်းလုံဟာ သက်ခြွေဂိုဏ်းကိုချေမှုန်းဖို့ ကြိုးစားရင်း မကြာသေးခင်က လုပ် ကြံခံလိုက်ရတယ်လို့ သတင်းကြားမိတယ်၊ ဒါအမှန်ပဲလား"

ကျင်းလုံ ခေါင်းညိတ်လိုက်လေသည်။

"ဟုတ်ပါတယ်ခင်ဗျာ၊ ဖေဖေဟာ သက်ခြွေဂိုဏ်းကို ချေမှုန်းဖို့ သွေးသောက်မိတ်ဆွေဖြစ်တဲ့ ချန်အန်းမြို့က သိုင်း ဆရာ ဝမ်စိမ်းဆီကိုအသွား လမ်းခရီးမှာ လုပ်ကြံခံခဲ့ရပါတယ်၊ သက်ခြွေဂိုဏ်းရဲ့လက်ချက်ပါပဲ"

ဖခင်လုပ်ကြံခံရပုံကို ပြန်လည်ပြောပြပြီး သတိရလာ သောအခါ ဒေါသများသည် အလိုလိုဖြစ်ပေါ်လာလေသည်။

"သက်ခြွေဂိုဏ်းကို ချေမှုန်းပစ်မယ်လို့ ကျွန်တော် သန္နိဋ္ဌာန်ချထားခဲ့ပါတယ်၊ ဦးဆီကိုလည်း သူတို့လာပြီး ဒုက္ခ ပေးမယ်သတင်းကြားရလို့ သူတို့နဲ့ ရင်ဆိုင်ချင်ဖို့ ကျွန်တော် လာခဲ့တာပါခင်ဗျာ"

"ဪ...ဪ"

မုယုံကျင်း ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျင်းလုံရောက်လာသည့်အကြောင်းရင်းကို သိလိုက်ရပြီဖြစ်သည်။

"သက်ခြွေဂိုဏ်းဟာ ကျုပ်ကိုလည်း သူတို့ဩဇာခံဖို့ စည်းရုံးသိမ်းသွင်းခဲ့တယ်၊ ကျုပ်က လက်မခံတော့ ဒုက္ခပေးဖို့ ကြိုးစားကြတယ်လေ၊ သည်ကနေ့ ကျုပ်တို့ပြတ်ပြတ်သားသား ရင်ဆိုင်ဖြေရှင်းရထိမ့်မယ်"

ထိုစဉ် ခြေသံများ ထွက်ပေါ်လာကာ လမ်းခရီး၌ ကျင်းလုံအားဟန့်တားခဲ့သည့် လုံသမားလေးယောက် ရောက်ရှိလာကြသည်ကို တွေ့လိုက်ရလေသည်။

လုံသမားလေးယောက်သည် စိုးရွံ့သော အသွင်ရှိနေကြပြီး မုယုံကျင်းအား ဦးညွှတ်လိုက်ကြလေသည်။

မုယုံကျင်းက သူတို့အားစေ့ကြည့်လိုက်သည်။

"မင်းတို့ ရောက်လာတာနဲ့အတော်ပဲ၊ မင်းတို့ကို ပြောစရာရှိတယ်"

"အမိန့်ရှိပါသခင်ကြီး"

လုံသမားလေးယောက်သည် ဦးညွှတ်လိုက်ကြလေသည်။

မုယုံကျင်းက တည်ကြည်သော မျက်နှာထားဖြင့်ပြောလိုက်သည်။

"မင်းတို့လေးယောက် လိုချင်တဲ့ပစ္စည်းယူပြီး သည်နေရာက အမြန်ဆုံး ထွက်သွားကြပေတော့"

"ဗျာ..."



"ဟာ"

လုံသမားလေးယောက် လှုပ်လှုပ်ရှားရှားဖြစ်သွားကြကုန်သည်။

"သခင်ကြီး... ကျုပ်တို့..."

တစ်ယောက်က စောဒကတက်ရန် ဟန်ပြင်လိုက်ရာ မုယုံကျင်းက လက်ကာပြလိုက်လေသည်။

"မင်းတို့ဟာ သူ့ကိုတောင် မဟန့်တားနိုင်ကြဘဲနဲ့ သတင်းကြီးလှတဲ့ သက်ခြွေဂိုဏ်းကို ဘယ်လိုလုပ် ယှဉ်နိုင်ကြမှာလဲ..."

ကျင်းလုံအားညွှန်ပြကာ ပြောလိုက်ခြင်းဖြစ်သည်။

လုံသမားလေးယောက်မှာ ခေါင်းငုံ့ထားလိုက်ကြလေတော့သည်။

မုယုံကျင်းက သက်ပြင်းချလိုက်၏။

"ငါက မင်းတို့ကို အပြစ်တင်နေတာ မဟုတ်ပါဘူး၊ သက်ခြွေဂိုဏ်းဟာ အင်မတန်ကြောက်စရာကောင်းတယ်၊ ငါကိုယ်တိုင်ထဲ ရင်ဆိုင်နိုင်မယ် ရင်မဆိုင်နိုင်ဘူးဆိုတာ တပ်အပ်မပြောနိုင်ဘူး၊ ငါ့အတွက်နဲ့ မင်းတို့ရဲ့အသက်တွေကို အကျိုးမဲ့အဆုံးရှုံးမခံစေချင်ဘူး၊ ဒါကြောင့် မင်းတို့ကို သည်နေရာက ထွက်သွားခိုင်းတာ"

ဤတွင် လုံသမားတစ်ယောက်က ရင်ကော့ပြီးပြောလေသည်။

"ကျုပ်တို့သေရမှာမကြောက်ပါဘူး၊ သက်ခြွေဂိုဏ်းနဲ့

www.burmeseclassic.com



ရင်ဆိုင်ခွင့်ပြုပါသခင်ကြီး"

မုယုံကျင်း၏မျက်နှာ တည်ကြည်သွားသည်။

"ငါ့စကားကို ဘယ်သူမှ အမှုမထားကြတော့ပါလား"

သူ၏ ညည်းတွားသံကြောင့် လုံသမား လေးယောက် မျက်နှာပျက်သွားကြလေသည်။

"ဖြန်း"

မုယုံကျင်းက စားပွဲကို လက်ဝါးဖြင့် ရိုက်ချကာ အော် ပြောလိုက်လေသည်။

"မင်းတို့ ခုချက်ချင်း ထွက်မသွားကြသေးဘူးလား"

လုံသမားလေးယောက် ချက်ချင်း ဒူးထောက်လိုက်ကြ ကုန်၏။

မုယုံကျင်းအား အရိုအသေပြုလိုက်ကြပြီး ဒူးထောက် ရာမှထကာ အခန်းတွင်းမှ ထွက်သွားကြလေတော့သည်။

❋

## ရှစ်ကွက်အင်း

လုံသမားလေးယောက် ထွက်ခွါသွားကြသောအခါ ငွေလုံဂေဟာ၌ တိတ်ဆိတ်ငြိမ်သက်ခြင်း ကြီးစိုးသွားတော့ လေသည်။

ဂေဟာအတွင်း၌ မုယုံကျင်းတစ်ယောက်မှလွဲပြီး မှီ တင်းနေထိုင်ကြသူအားလုံးသည် သက်ခြွေဂိုဏ်း၏အန္တရာယ် ကျရောက်မလာမီ ရှောင်တိမ်းသွားကြကြောင်း ထင်ရှားနေ၏။

သက်ခြွေဂိုဏ်းအား သူသေကိုယ်သေ တစ်ယောက် တည်းရင်ဆိုင်မည့် မုယုံကျင်း၏သတ္တိကို ကျင်းလုံစိတ်ထဲမှ ချီးကျူးမိလိုက်လေသည်။

မုယုံကျင်းက ကျင်းလုံအတွက် နောက်ထပ် ရေနွေး ကြမ်း တစ်ခွက်ငှဲ့ပေးသည်။

"မင်းရဲ့အဖေဟာ ကြည်ညို လေးစားစရာကောင်းတဲ့ သိုင်းသမားတစ်ယောက်ပေါ့၊ သူ့ကို ဆုံးရှုံးလိုက်ရတာ သိုင်း လောကအတွက် နစ်နာမှုတစ်ရပ်ပါပဲ၊ ကျုပ် စိတ်မကောင်းပါ ဘူးကွာ..."

"ကျွန်တော်က သက်ခြွေဂိုဏ်းကို ချေမှုန်းပစ်မှာပါ"

ကျင်းလုံက အံကိုကြိတ်ကာ ပြောလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



မယုံကျင်း ဆက်ကာပြောလိုက်လေသည်။

"ဆက်ခြေဂိုဏ်းကို မင်းရဲ့အဖေတောင်မှ မယှဉ်နိုင်ခဲ့တာဘဲ၊ မင်း ဘယ်လိုလုပ်ယှဉ်နိုင်မှာလဲ"

"ကျွန်တော်…"

ကျင်းလုံ ရုတ်တရက် မည်သို့ပြောရမှန်းမသိ ဖြစ်သွားလေသည်။

"မင်း အသက်ငယ်ပါသေးတယ်၊ စိတ်လိုက်မာန်ပါ မလုပ်ဘဲ ခေါင်းအေးအေးထားပြီး စဉ်းစားသင့်တယ်၊ ခုချိန်မှာ သူတို့နဲ့ ရင်မဆိုင်သင့်ဘူး၊ အဖိုးတန်လှတဲ့ အသက်တစ်ချောင်းကို အကျိုးမဲ့ အဆုံးရှုံးမခံသင့်ဘူး"

ကျင်းလုံ မကျေနပ်ဖြစ်သွားလေသည်။

"ကျွန်တော်ကတော့ ဆက်ခြေဂိုဏ်းကို ရင်ဆိုင်ချေမှုန်းရမှ ကျေနပ်နိုင်မယ်၊ ကျွန်တော့်အသက် သေချင်သေပါစေ၊ မမှုပါဘူး"

မယုံကျင်းသည် တဇွတ်ထိုးဖြစ်နေသော ကျင်းလုံကို ကြည့်ကာ စိတ်ပျက်သွားပုံရလေသည်။

"မင်း ဒီလို တဇွတ်ထိုးလုပ်မယ်ဆိုတာကို တမလွန်ဘဝရောက်နေတဲ့ မင်းအဖေသာ သိနိုင်မယ်ဆိုရင် အတော့်ကို ယူကြုံးမရဖြစ်နေမှာပဲ"

"ဗျာ"

ကျင်းလုံ လှုပ်လှုပ်ရှားရှားဖြစ်သွားလေသည်။

"မင်းဟာ ဆက်ခြေဂိုဏ်းကို တကယ်တမ်းချေမှုန်းချင်တယ်ဆိုရင် သေသေချာချာ စဉ်းစားတွေးတောပြီး လုပ်ကိုင်ဆောင်ရွက်သင့်တယ်၊ ဆက်ခြေဂိုဏ်းကို ရင်ဆိုင်နိုင်မယ့် နည်းလမ်းရှာကြံသင့်တယ်"



မယုံကျင်း၏ စကားသဘာဝကျသော်လည်း ကျင်းလုံက လက်မခံလိုပါချေ။

ဆက်ခြေဂိုဏ်းနှင့် ထိပ်တိုက်ရင်ဆိုင်လိုစိတ်သာရှိနေပေတော့သည်။

သူ့အား ဖျောင်းဖျနေသော မယုံကျင်းအပေါ်သဘောမကျသလိုဖြစ်လာပြီး သရဲငါးဖေါ်ကို သတိရလာလေသည်။

သိုင်းလောက၏ လူဆိုးများဖြစ်သော သရဲငါးဖေါ်နှင့် မယုံကျင်းတို့ မည်သို့ပတ်သက်နေပါသနည်း။

ကျင်းလုံက ချက်ချင်း စကားလမ်းကြောင်း ပြောင်းလိုက်လေသည်။

"ဦးကို ကျွန်တော်တစ်ခုမေးပါရစေ… သရဲငါးဖေါ်ဟာ ဦးနဲ့ ဘယ်လိုပတ်သက်နေပါသလဲခင်ဗျာ"

"ဟင်…"

သရဲငါးဖေါ်ဟူသောအမည်ကြောင့် မယုံကျင်းမှာလှုပ်လှုပ်ရှားရှားဖြစ်သွားလေသည်။

"သူတို့ကို မင်းသိလို့လား"

"ငွေထုံဂေဟာကိုအလာ လမ်းမှာ သူတို့နဲ့တွေ့ခဲ့ပါတယ်"

ကျင်းလုံက ကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်များကို

www.burmeseclassic.com

www.burmeseclassic.com



ပြောပြလိုက်လေသည်။

မုယုံကျင်း မျက်နှာပျက်သွားသည်။

“သူတို့ဟာ သက်ခြေဂိုဏ်းရဲ့ လက်ချက်မိသွားပြီကိုး၊ မင်းပြောတဲ့အတိုင်းဆိုရင် သက်ခြေဂိုဏ်းချုပ်ဟာ ထီဆူးမြို့မှာ ရောက်နေပြီပေါ့”

ကျင်းလုံက ဘာမှမပြောဘဲ အခြေအနေကို စောင့်ကြည့်နေ၏။

မုယုံကျင်းက ပင့်သက်ရှိုက်လိုက်သည်။

“သရဲငါးဖော်ဟာ နာမည်ကြီးလူဆိုးတွေပါ၊ သူတို့ သောင်းကျန်းလွန်းတော့ ကျုပ်က လိုက်ရှာပြီး နှိမ်နင်းခဲ့တယ်၊ ကျုပ်တို့ ရင်ဆိုင်တိုက်ပွဲဖြစ်ခဲ့ရတယ်၊ သရဲငါးဖော်ကို ကျုပ် အနိုင်ရခဲ့ပေမယ့် မကောင်းမှုတွေကိုပါ စွန့်လွှတ်လိုက်ပါမယ် ဆိုတဲ့ကတိကိုတောင်းပြီး အသက်ချမ်းသာပေးလိုက်တယ်”

သရဲငါးဖော် သိုင်းလောကမှ ဓာတ်မြုပ်ပျောက်ကွယ်သွားခဲ့ကြသည်မှာ ငွေလုံမုယုံကျင်းအား အရေးနိမ့်ခဲ့၍ ဖြစ်ကြောင်း ကျင်းလုံသိလိုက်ရလေသည်။

မုယုံကျင်းက ဆက်ပြောလိုက်လေသည်။

“ကျုပ်ကို သက်ခြေဂိုဏ်းက ဒုက္ခပေးလိမ့်မယ်ဆိုတဲ့ သတင်းကြောင့် ကူညီဖို့ သူတို့လာခဲ့ကြတာပဲဖြစ်မယ်၊ ကျုပ်က သူတို့ကို အသက်ချမ်းသာခွင့် ပေးလိုက်တဲ့အတွက် တစ်နေ့ ကျေးဇူးပြန်ဆပ်မယ်လို့ ကတိပေးခဲ့ကြတာရှိတယ်လေ”

သရဲငါးဖော်သည် လူဆိုးများ ဖြစ်ခဲ့ကြသော်လည်း



ကျေးဇူးတရားကိုနားလည်ပြီး ကတိတည်သူများ ဖြစ်ကြောင်း ထင်ရှားနေပေသည်။

ကျင်းလုံက ကြိုးပုံသဏ္ဌာန် ကြေးပြားလေးကို ထုတ်ယူကာ ပေးလိုက်လေသည်။

“သရဲငါးဖော်ထဲမှာပါဝင်တဲ့ လူတစ်ယောက်က ဟော ဒီ ကြေးပြားလေး ဦးကိုပေးဖို့ အပ်နှံသွားခဲ့ပါတယ်”

မုယုံကျင်း မျက်မှောင်ကုတ်သွား၏။

ကြေးပြားလေးကို ယူကာ စစ်ဆေးကြည့်ရှုလိုက်လေသည်။

ကြေးပြားလေးမှာ သုံးလက်မခန့်ရှည်သော အနားနှစ်ဘက်နှင့် တစ်လက်မခွဲခန့် ရှည်သော အနားတစ်ဘက်ကို ပေါင်းစပ်ထားသော ကြိုးပုံကြေးပြားလေးဖြစ်သည်။

ကြေးပြားပေါ်၌ အမျိုးအမည် မသဲကွဲသော အက္ခရာများ ရေးသားထားလေသည်။

ထိုအက္ခရာများသည် အဆက်အစပ်မရှိဘဲ ဖြစ်နေသဖြင့် ကြေးပြားလေးမှာ မည်သို့သော အဓိပ္ပါယ်ဆောင်သည်ကိုလည်းကောင်း၊ မည်သို့ အသုံးပြုရသည်ကိုလည်းကောင်း၊ ကျင်းလုံ မသိချေ။

မုယုံကျင်းကမူ တွေးဆဆရှိနေသည်။

ကျင်းလုံ အခြေအနေစောင့်ကြည့်နေလိုက်လေသည်။

အတော်ကလေးကြာမှ မုယုံကျင်း သက်ပြင်း ချလိုက်ပြီး...

www.burmeseclassic.com

www.burmeseclassic.com



"သရဲငါးဖော်က ဒီပစ္စည်းလေးကို ပေးသွားတာဟာ အကြောင်းတော့ရှိရမယ်"

တီးတိုးရေရွတ်လိုက်သည်။

ကျင်းလုံ မနေနိုင်တော့ဘဲ လွှတ်ခနဲမေးလိုက်သည်။

"ဒါ ဘယ်လို ပစ္စည်းဆိုတာ ဦးသိတယ် မဟုတ်လား"

မုယုံကျင်း ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်လည်း မသိဘူး"

ကျင်းလုံ ပိုပြီးအံ့သြသွား၏။

မုယုံကျင်းက ဆက်ပြောလိုက်လေသည်။

"သည်ပစ္စည်းလေးဟာ မိစ္ဆာနိုင်သိုင်းသမားကြီးနဲ့များ ပတ်သက်နေမလား မပြောနိုင်ဘူး၊ သရဲငါးဖော်ဟာ တစ်ချိန်က သိုင်းလောကမှာမွှေနှောက်ခဲ့တဲ့ မိစ္ဆာဝင်တွေဖြစ်ခဲ့ကြဖူးတာပဲ"

ကျင်းလုံမှာ ထင်ရှားလှသော သိုင်းသမားကြီး တစ်ယောက်၏သားဖြစ်၍ သိုင်းလောကအကြောင်း သိတန်သလောက် သိသော်လည်း နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီဖြစ်သော သိုင်းလောကဖြစ်ရပ်များကိုမူ မသိသည်က ပိုများလေသည်။

သရဲငါးဖော်၏အမည်ကို ကြားဖူးသော်လည်း မိစ္ဆာဂိုဏ်းနှင့် မိစ္ဆာနိုင်သိုင်းသမားဟူသောအမည်များကို မကြားခဲ့ဘူးပါချေ။

"မိစ္ဆာဂိုဏ်းဟာ ခုတလော သိုင်းလောကမှာ ပေါ်ပေါက်လာတဲ့သက်ခြေဂိုဏ်းလိုပဲ တစ်ချိန်က သိုင်းလောကကို လွှမ်းမိုးချုပ်ကိုင်ဖို့ ကြိုးစားခဲ့ကြတာပေါ့၊ သူတို့ကြောင့် သိုင်းလောက ပျက်စီးမတတ်ဖြစ်ခဲ့ရသေးတယ်၊ ဒါပေမယ့် မိစ္ဆာနိုင်သိုင်းသမား ဥမ္မန်တုံးဆိုတဲ့သူ ပေါ်ပေါက်လာခဲ့တယ်၊ ဥမ္မန်တုံးရဲ့လက်ချက်ကြောင့် မိစ္ဆာဂိုဏ်း ပြိုကွဲပျက်စီးသွားပြီး သိုင်းလောက အေးချမ်းသာယာသွားခဲ့ရတာပေါ့၊ မိစ္ဆာနိုင်သိုင်းသမားကြီးဥမ္မန်တုံးမှာ တြိဂံပုံကြေးပြားရှစ်ခုနဲ့ ပေါင်းစပ်ထားတဲ့ ရှစ်ကွက်အင်းတစ်ချပ် ရှိတယ်လို့ ပြောကြတယ်၊ နာနာဘာဝတွေဟာ အထူးစီရင်ထားတဲ့ရှစ်ကွက်အင်းကို ကြောက်ရွံ့ကြသလို သိုင်းလောကရဲ့မကောင်းဆိုးဝါး အနက်ရောင်မိစ္ဆာ သိုင်းသမားတွေဟာလည်း မိစ္ဆာနိုင်သိုင်းသမားဥမ္မန်တုံးရဲ့ ရှစ်ကွက်အင်းကိုကြောက်ကြတယ်လို့ သတင်းကြီးခဲ့ဖူးတယ်၊ မင်း သေသေချာချာသိချင်ရင် လုတိန်းမြို့က ကြက်တူရွေးခေါင်းကြီး မုယမ်းကွီးဆီမှာ သွားမေးကြည့်ပါ၊ သူရှင်းပြပါလိမ့်မယ်"



ကျင်းလုံမှာ တြိဂံပုံကြေးပြားလေးအား ပိုပြီး စိတ်ဝင်စားလာလေသည်။

ထိုကြေးပြားလေးသည် ဥမ္မန်တုံး၏ ရှစ်ကွက်အင်းနှင့် ပတ်သက်နေလျှင် သရဲငါးဖော်လက်ထဲ မည်သို့မည်ပုံ ရောက်ရှိနေသည်ကို ဆက်စပ်၍မရချေ။

မုယုံကျင်းက တြိဂံကြေးပြားလေးအား ကျင်းလုံသို့တွန်းပို့လိုက်သည်။

"သရဲငါးဖော်က အကြောင်းရှိလို့ ပေးသွားတာ ဖြစ်ပါလိမ့်မယ်၊ အရေးပါတဲ့ပစ္စည်းလည်း ဖြစ်နိုင်တယ်၊ တစ်ချိန်ချိန်

www.burmeseclassic.com

www.burmeseclassic.com



မှာ အသုံးမဝင်ဘူးလို့မပြောနိုင်ဘူး၊ မင်း သိမ်းထားလိုက်ပါ”

ကျင်းလုံ အံ့ဩသွားပြန်သည်။

“ဒီပစ္စည်းလေးဟာ ကျွန်တော်နဲ့ လုံးဝ မသက်ဆိုင်ပါဘူးခင်ဗျာ၊ သရဲငါးဖော်က ဦးကိုပေးလိုက်တာပါ”

“ဟုတ်တယ်၊ ကျုပ်ကတဆင့် မင်းကို ပြန်ပေးတာပါ၊ မင်း လက်ခံစေချင်တယ်”

မုယုံကျင်း၏ မျက်နှာတည်ကြည်သွားသည်။

“ကျုပ်ဆီမှာ ထားမယ်ဆိုရင် အမှိုက်ပစ္စည်းတစ်ခုလို ဖြစ်သွားလိမ့်မယ်၊ ဒါကြောင့် မင်းကိုပေးတာပါ”

ကျင်းလုံ စိတ်မကောင်းဖြစ်သွားလေသည်။

မုယုံကျင်းသည် သက်ခြွေဂိုဏ်းနှင့်ရင်ဆိုင်ရာ၌ ကိုယ့်ကိုယ်ကို သေလူတစ်ယောက်ပမာ သဘောထားနေသည်မှာ သိသာထင်ရှားနေတော့၏။

ကြောက်စရာကောင်းလှသည့် သရဲငါးဖော်ပင် လုပ်ကြံခံလိုက်ရသဖြင့် သက်ခြွေဂိုဏ်းသည် အလွန်ကြောက်မက်ဖွယ်ကောင်းကြောင်း အထင်းသားပေါ်လွင်နေပေသည်။

ကျင်းလုံ အံကြိတ်လိုက်သည်။

“သက်ခြွေဂိုဏ်းကို ကျွန်တော် ချေမှုန်းပစ်မှာပါ”

သူ၏စကားသံနှင့်မရှေးမနှောင်းမှာပင် အေးစက်စက် ရယ်သံတစ်ချက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

❁



နေဝန်းနီသည် အနောက်ဘက်တွင် ငုတ်လျှိုးပျောက်ကွယ်သွားတော့မည်ဖြစ်သည်။

အလင်းရောင် အားနည်းသွားပြီး အမှောင်ရိပ်များ ကြီးစိုးလာလေသည်။

သစ်ပင်ပန်းပင်များဖြင့် အုံ့အုံ့ဆိုင်းဆိုင်း ရှိနေသော ငွေလုံဂေဟာမှာ အလင်းရောင်လုံလောက်စွာ မရတော့ချေ။

မုယုံကျင်းက မီးထွန်းညှိခြင်းမရှိပါ။

ပွတ်တိုက် သုတ်သင်ထားသော သူ၏ငွေလုံသည် အရောင် တဖိတ်ဖိတ်တောက်ပနေလေသည်။

ထို့အတူ သူ၏မျက်လုံးများကလည်း အရောင်တဖိတ်ဖိတ်တောက်ပနေပေသည်။

“ဟော... သူရောက်လာပြီ”

မုယုံကျင်းက တီးတိုးရေရွတ်လိုက်သည်။

ပြီးနောက်...

“မင်း အမြန်ဆုံးထွက်သွားပေတော့”

ကျင်းလုံအား ပြောလိုက်လေသည်။

ကျင်းလုံက ထွက်မသွားပါ။

ထွက်သွားဖို့လည်း အချိန်မရတော့ပါ။

လူတစ်ယောက်သည် ဧည့်ခန်းအတွင်းသို့ ဝင်ရောက်လာပြီ မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



မုယံကျင်းသည် ကျင်းလုံကို အမှုမထားနိုင်တော့ချေ။

ငွေလုံကိုကိုင်ကာ ထိုင်ရာမှ ထလိုက်လေသည်။

ကျင်းလုံလည်း ထိုင်ရာမှ ထလိုက်လေ၏။

ညှော့ခန်းထဲ ဝင်ရောက်လာသူကား အဖြူရောင် အနားကွပ်ထားသော အနက်ရောင်ဝတ်ထားသူ ဖြစ်လေသည်။

မျက်နှာပေါ်၌ ကြောက်မက်ဖွယ်ရာ ကောင်းသော မကောင်းဆိုးဝါးတစ်ကောင်၏အသွင်သဏ္ဍာန်ကြေးမျက်နှာဖုံး စွပ်ထားလေသည်။

ခန္ဓာကိုယ် သေးသေးသွယ်သွယ်ရှိသော်လည်း ထိုလူ ရောက်လာသည်နှင့် ကြောက်မက်ဖွယ်ကောင်းသော အငွေ့သက်များက ညှော့ခန်းတစ်ခုလုံး ဖုံးလွှမ်းသွားသည်ဟု ထင်မှတ်ရလေသည်။

ထိုသူကား သိုင်းလောကတစ်ခုလုံး ဖိန့်ဖိန့်တုန်အောင် ကြောက်ရွံ့နေရသည့် သက်ခြေဂိုဏ်းချုပ်ဖြစ်နေပေတော့သည်။

"ဟား...ဟား...ဟား..."

သက်ခြေဂိုဏ်းချုပ်သည် ရင်ဆိုင်တိုက်ခိုက်ရန် အသင့်ပြင်ထားသော မုယံချင်းကိုကြည့်ကာ ဟားတိုက်ရယ်မောလိုက်လေသည်။

"ငွေလုံသိုင်းသမား မင်း တော်တော်ခေါင်းမာတာကိုး၊ သေချင်လို့ပဲ ဖြစ်ရမယ်"

သူ၏အသံမှာ ပုရစ်တစ်ကောင်၏ အော်မြည်သံပမာ စူးစူးရှရှ ဖြစ်နေသည်။



အထွန့်အခံရခက်သော အသံတစ်မျိုးဖြစ်သည်။

မုယံကျင်း အံကြိတ်လိုက်သည်။

"ကျုပ်က မင်းကို ကြောက်နေရမှာလား"

သက်ခြေဂိုဏ်းချုပ် ရယ်မောလိုက်ပြန်သည်။

"သက်ခြေဂိုဏ်းကိုအာခံတဲ့လူတွေ ဘယ်လိုအဖြစ်ဆိုးကြုံရတယ်ဆိုတာကို မင်း မကြားမိသေးဘူးထင်တယ်၊ ငွေလုံသိုင်းသမား... နောက်ဆုံးအခွင့်အရေး ပေးလိုက်မယ်၊ သက်ခြေဂိုဏ်းကို သစ္စာခံမလား၊ အသက်အသေခံမလား၊ ကြိုက်တဲ့လမ်းကိုရွေးပါ"

"ဟား...ဟား...ဟား..."

မုယံကျင်းကလည်း ဟားတိုက်ရယ်မောလိုက်သည်။

"ကျုပ်အနေနဲ့ ရွေးချယ်စရာ လမ်းတစ်ခုပဲ ရှိပါတယ်၊ အဲဒါကတော့ သက်ခြေဂိုဏ်းကို ချေမှုန်းဖျက်စီးပစ်ဖို့ပါပဲ"

"ဩော်"

သက်ခြေဂိုဏ်းချုပ်က ဦးခေါင်းကိုဆတ်ဆတ်ညိတ်လိုက်သည်။

"မင်းကြိုက်တဲ့လမ်း ရွေးလိုက်တာပဲ၊ ကျုပ်ဘာမှ မပြောလိုတော့ဘူး"

သက်ခြေဂိုဏ်းချုပ်သည် မုယံကျင်းအား သုတ်သင်ရှင်းလင်းပစ်ရန် ဆုံးဖြတ်လိုက်ပြီဖြစ်ကြောင်း ထင်ရှားသည်။

ကျင်းလုံ မနေနိုင်တော့ပါ။

"သက်ခြေဂိုဏ်းချုပ်... ကျုပ်ရဲ့အဖေကို သတ်ပစ်ခဲ့တဲ့

www.burmeseclassic.com

www.burmeseclassic.com



အတွက် ခင်ဗျားကို ဘယ်တော့မှမကျော့ဘူး၊ သေဖို့သာ ပြင်ထားပေတော့"

အော်ငေါက်ရင်း တစ်ဟုန်တိုး ပြေးဝင်တိုက်ခိုက်လိုက်လေ၏။

ဖခင်ထံမှ အမွေဆက်ခံထားသည့် မိုးနဂါးသိုင်းပညာကို အသုံးချကာ တိုက်ခိုက်လိုက်ခြင်းဖြစ်သည်။

ကျောင်းဂေဟာသခင် မိုးနဂါးထင်းလုံသည် မိုးနဂါးလက်ဝါးသိုင်းကွက်ဖြင့် သိုင်းလောက၌ ထင်ရှားခဲ့သူ ဖြစ်ပေသည်။

ထင်းလုံ၏မိုးနဂါးပညာအား ကျောင်းလုံက အမွေရထားပြီး ဖခင်၏ ခြေရာနင်းနိုင်အောင်ပင် ကျွမ်းကျင်နေပြီဖြစ်သည်။

ကျောင်းလုံတိုက်ခိုက်လိုက်သောအခါ ဟူးခနဲ လေတိုးသံထွက်ပေါ်လာသည်။

ပြင်းထန်သော လက်ဝါးရိုက်ချက်သည် သက်ခြေဂိုဏ်းချုပ်ထံသို့ တိုးဝင်သွားလေသည်။

"ဟား...ဟား...ဟား"

သက်ခြေဂိုဏ်းချုပ်က ဟားတိုက်ရယ်မောလိုက်၏။

"မင်းရဲ့အဖေ မိုးနဂါးထင်းလုံတောင်မှ ဘာမှမတတ်နိုင်တာ မင်းကဘာများတတ်နိုင်မို့လဲ"

အထင်သေးစွာပြောရင်း ခန္ဓာကိုယ်တစ်ချက် လှုပ်ရှားလိုက်ရာ ကျောင်းလုံ၏ တိုက်ခိုက်မှုကို အသာအယာ ရှောင်တိမ်းပြီးသား ဖြစ်သွားလေသည်။



သက်ခြေဂိုဏ်းချုပ်သည် ကျောင်းလုံ၏ရှေ့နားမှ ရိပ်ခနဲ ပျောက်ကွယ်သွားပြီး ကျောင်းလုံ၏နောက်ကျောဘက်သို့ ရောက်ရှိသွားလေသည်။

ကျောင်းလုံရင်ထိတ်သွားပြီး ချာခနဲ လှည့်လိုက်သောအခါ သက်ခြေဂိုဏ်းချုပ်သည် သူနှင့်နီးကပ်စွာ ရောက်ရှိနေပြီး လက်ပြန်ရိုက်ချလိုက်ခြင်း ခံလိုက်ရလေတော့သည်။

"ဖုန်း"

"အွန့်"

ကျောင်းလုံ၏တစ်ကိုယ်လုံးထူပူသွားပြီး ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားရလေသည်။

သက်ခြေဂိုဏ်းချုပ်က ခပ်ထန်ထန်ပြောလိုက်သည်။

"ဒီနေ့ ကျုပ် ငွေလှိုသိုင်းသမားကို ဆုံးမဖို့ ရည်ရွယ်ထားတယ်၊ မင်းကိုသတ်ပစ်ချင်စိတ်မရှိတာ မင်း ကံကောင်းသွားတယ်၊ ဒီနေရာက မြန်မြန် ထွက်သွားပေတော့"

စကားဆုံးသည်နှင့် ရှေ့သို့ လျှပ်တစ်ပြက်တိုးလာကာ လက်တစ်ဖက်ဆန့်ထုတ်ပြီး ကျောင်းလုံ၏ လက်မောင်းကို ဆုပ်ကိုင်လိုက်၏။

ကျောင်းလုံ ထိတ်လန့်ကာ ကပျာကယာ ရှောင်တိမ်းလိုက်သော်လည်း နောက်ကျသွားလေသည်။

သက်ခြေဂိုဏ်းချုပ်သည် ကျောင်းလုံ၏လက်မောင်းကို ဖမ်းဆွဲဆုပ်ကိုင်လိုက်ပြီး ထွဲ၍ကိုင်ပေါက်ပစ်လိုက်သည်။

ပစ္စည်းတစ်ခုကိုယူပြီး အဝေးသို့ ထွင်ပစ်လိုက်သည့်

www.burmeseclassic.com

www.burmeseclassic.com



သဘောမျိုးဖြစ်လေသည်။

ကျင်းလုံမှာ သက်ခြေဂိုဏ်းချုပ်အား တိုက်ခိုက်ရန် မဆိုထားနှင့် မိမိကိုယ်ကို ကာကွယ်စောင့်ရှောက်နိုင်စွမ်းပင် မရှိတော့ချေ။

"ဝုန်း"

"အား"

ကျင်းလုံသည် လေထဲမြောက်တက်သွားပြီး ခြေကား လျား လက်ကားလျားဖြင့် ပြတင်းပေါက်မှတဆင့် ဂေဟာ အပြင်ဘက်သို့ ထိုးကျသွားလေတော့သည်။

❋

"ဖုန်း"

ကျင်းလုံမှာ သက်ခြေဂိုဏ်းချုပ် ဆွဲပစ်လိုက်သည့် အရှိန်ကြောင့် ပုတ်ချာလည်သွားပြီး ပြတင်းပေါက်မှ တဆင့် ဂေဟာအပြင်ဘက်သို့ ထိုးကျသွား၏။

မြေပြင်ပေါ်သို့ အကျတွင် ကျောက်တုံးတစ်တုံးဖြင့် ခွပ်ခနဲမြည်အောင် ဝင်ဆောင့်မိလိုက်ပြီး မျက်စိထဲ ကြယ်များ လများ ထွက်ပေါ်လာသည်။

ထို့နောက် အမှောင်ထုကြီးက သူ၏တစ်ကိုယ်လုံးကို ဖုံးလွှမ်းသွားကာ သတိလစ် မေ့မျောသွားလေတော့သည်။

❋

## ခရီးဆော်

အချိန်မည်မျှကြာသွားမှန်းမသိ

ကျင်းလုံ သတိရလာသောအခါ ကောင်းကင်ပေါ်၌ လဝန်းနှင့်ကြယ်များ ထွက်ပေါ်လာပြီဖြစ်ပါသည်။

အေးမြလတ်ဆတ်သော လေပြည်လေညှင်းက ဝန်း ကျင်တစ်ခုလုံး လွှမ်းခြုံထားလေသည်။

ည၏ပိုးကောင်မွှားကောင်လေးများ၏ အော်မြည်သံများ လည်း ထွက်ပေါ်နေသည်။

လူသံ သူသံ မကြားရပါ။

ငွေလုံဂေဟာသည် မှောင်မည်းကာ တိတ်ဆိတ်နေပေ သည်။

ကျင်းလုံ ကပျာကယာ လူးလိမ့်ထလိုက်၏။

www.burmeseclassic.com



သက်ခြေဂိုဏ်းချုပ်၏လက်ချက်ကြောင့် သတိလစ်ခဲ့ရသည်မို့ မကျေမနပ် ဖြစ်နေမိသည်။

ငွေလုံသိုင်းသမားကြီး မုယုံကျင်းအတွက် စိုးရိမ်ပူပန်စိတ်များလည်း ဖြစ်ပေါ်လာပြန်သည်။

ချက်ချင်းပင် ငွေလုံဂေဟာအတွင်းသို့ ပြေးဝင်သွားလေသည်။

ဂေဟာအတွင်း၌ ဖွင့်ထားသော တံခါးပေါက်များမှတဆင့် တိုးဝင်လာသောလရောင်ကြောင့် မသဲမကွဲ အလင်းရောင်ရှိနေသည်။

"ဦး...ဦးလေးမုယုံကျင်း"

ကျင်းလုံက အသံပြုရင်း သတိကြီးစွာထားကာ ဝင်သွားသည်။

ညေ့ခန်းမအတွင်းသို့ရောက်သွားပြီး မကြာမီ ကြမ်းပြင်ပေါ်မှ အရာဝတ္ထုတစ်ခုနှင့် ဝင်ဆိုက်မိလိုက်ခြင်းကြောင့် ကျင်းလုံ ရှေ့သို့ ဟပ်ထိုးလဲမလို ဖြစ်သွားရလေသည်။

ကပျာကယာ အရှိန်ထိန်းပြီး ငုံ့ကြည့်လိုက်သောအခါ ကြမ်းပြင်ပေါ်၌လဲကျသေဆုံးနေသည့် လူသေအလောင်းတစ်လောင်းကို တွေ့လိုက်ရသည်။

"ဟာ ..."

ကျင်းယုံ လွှတ်ခနဲအော်လိုက်မိလေသည်။

သေသေချာချာ ကြည့်လိုက်သောအခါ ငွေလုံသိုင်းသမားမုယုံကျင်းဖြစ်နေသည်ကို တွေ့လိုက်ရ၏။



မုယုံကျင်းကား သက်ခြေဂိုဏ်းချုပ်၏ လက်ချက်ကြောင့် သေဆုံးသွားခဲ့ရှာပြီတည်း။

မုယုံကျင်း၏ ရင်ဝ၌ ငွေလုံကစိုက်ဝင်နေသည်။

သူကိုင်ဆောင်သောလက်နက်ဖြင့်ပင် ပြန်လည် အဆုံးစီရင်ခံလိုက်ရခြင်းဖြစ်ပါသည်။

သက်ခြေဂိုဏ်းချုပ်မှာ အလွန်ကြောက်မက်ဖွယ်ရာကောင်းသူဖြစ်ကြောင်း ထင်ရှားနေပေတော့သည်။

ကျင်းယုံ ကပျာကယာ နောက်ဆုတ်လိုက်သည်။

ပတ်ဝန်းကျင်ကိုလည်း ကျီးကန်းတောင်းမှောက် ကြည့်လိုက်မိသည်။

ဂေဟာအတွင်း၌ မည်သူတစ်ဦးတစ်ယောက်မျှ ရှိမနေပါချေ။

သက်ခြေဂိုဏ်းချုပ်သည် မုယုံကျင်းအား လုပ်ကြံပြီးသည်နှင့် ထွက်သွားခြင်းဖြစ်ကြောင်း ထင်ရှားလေသည်။

ကျင်းလုံ ခံပြင်းလာသည်။

"သက်ခြေဂိုဏ်းချုပ်...ခင်ဗျားကို ကျုပ် ဘယ်တော့မှ မကျေဘူးဆိုတာ မှတ်ထားပါ"

ဒေါသတကြီးကြုံးဝါးလိုက်သည်။

ထိုစဉ်...

ညင်သာပေါ့ပါးသောခြေသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

လူရိပ်ကစ်ခုသည် ဂေဟာအတွင်းသို့ချဉ်းနင်းဝင်ရောက်

www.burmeseclassic.com

www.burmeseclassic.com



လာသည်။

"သေပေတော့"

ကျင်းလုံက အော်ငေါက်ပြီး ဆီးကြိုတိုက်ခိုက်လိုက်လေသည်။

"သေပေတော့"

ကျင်းလုံက အော်ငေါက်ပြီး ဆီးကြိုတိုက်ခိုက်လိုက်လေသည်။

"အမလေး"

အထိတ်တလန့် အော်သံထွက်ပေါ်လာလေသည်။

ကြားလိုက်ရသောအသံကြောင့် ကျင်းလုံ ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

သက်ခြေဂိုဏ်းချုပ်၏ စူးရှသော အော်သံမဟုတ်ဘဲ မိန်းကလေးတစ်ယောက်၏ အသံဖြစ်သည်။

ထိုအသံကို ကျင်းလုံကြားဖူးထားပြီး မှတ်မိနေ၏။

ကြားလိုက်ရသောအသံမှာ ကုန်းယင်စန်းဘုံကျောင်း၌ မမျှော်လင့်ဘဲတွေ့ဆုံခဲ့ရသည့် မိန်းမချောလေး မေကျို့ဝါး၏ အသံဖြစ်နေသည် မဟုတ်ပါလား။

ကျင်းလုံသည် လက်ဝါးကို ကပျာကယာ ရုပ်သိမ်းကာ နောက်သို့ ခုန်ဆုတ်လိုက်သည်။

သူကသာ လက်ဝါးရိုက်ချက်ကို အချိန်မီ ရုတ်သိမ်းနိုင်စွမ်းမရှိခဲ့လျှင် မေကျို့ဝါး ဒုက္ခရောက်သွားမည်မှာ သေချာနေပေတော့သည်။



မေကျို့ဝါးသည် တိုက်ခိုက်ခံရသဖြင့် ကြောက်လန့်တကြားဖြစ်ကာ ဂေဟာထဲမှ ထွက်ပြေးသွားတော့သည်။

ကျင်းလုံ သတိဝင်လာသည်။

"ညီမ... ကျုပ်ပါ၊ မကြောက်ပါနဲ့ နေပါဦး"

အော်ဟစ်ပြောဆိုရင်း မေကျို့ဝါးနောက်သို့ ပြေးလိုက်သွားလေသည်။

ကြောက်ရွံ့နေသော မေကျို့ဝါးအား ဂေဟာအပြင်ဘက်နှင့် မလှမ်းမကမ်းရှိပန်းပင်များအနီးသို့ ရောက်သွားတော့မှ ကျင်းလုံ မီသွားလေသည်။

"ညီမ နေပါဦး..."

ကျင်းလုံက ထမ်းပိတ် ဟန့်တားလိုက်လေသည်။

မေကျို့ဝါးသည် ကျင်းလုံကို တွေ့လိုက်ရတော့မှ တအံ့တသြဖြစ်သွားလေသည်။

"ဟင်...အစ်ကိုပါလား"

ဖြာကျနေသောလရောင်အောက်တွင် ဖူးပွင့်နေသော ပန်းကလေးများနှင့်အပြိုင် မေကျို့ဝါးမှာ လှချင်တိုင်းလှနေပေတော့သည်။

ကျင်းလုံက အကျိုးအကြောင်းပြောရန် ဟန်ပြင်ရင်း သူမ၏အလှကို သတိပြုမိသွားဟန်ဖြင့် ငေးကြည့်နေမိပေတော့သည်။

မေကျို့ဝါးသည် ကျင်းလုံအား မမျှော်လင့်ဘဲ တွေ့လိုက်ရသဖြင့် ဝမ်းသာသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်က ငွေလုံဂေဟာရှင်ကြီးဆီကို လာခဲ့တာပါ၊ ညီမကော ဘယ်လိုလုပ်ပြီး ရောက်လာတာလဲ"

မေကျို့ဝါး ရောက်လာသည်မှာ အံ့ဩစရာ ကောင်းနေသည်မဟုတ်ပါလား။

သူမသည် ငွေလုံဂေဟာနှင့် မည်သို့ပတ်သက်နေပါသနည်း။ ကျင်းလုံ သိလိုလာသည်။

မေကျို့ဝါးက ရှင်းပြလေသည်။

"ငွေလုံဂေဟာမှာ ကျွန်မရဲ့ ဦးလေးတစ်ဝမ်းကွဲ တစ်ယောက် မြင်းလှည်းမောင်းသမားအဖြစ် လုပ်ကိုင်နေပါတယ်၊ သူ့ဆီကို ကျွန်မ လာခဲ့တာပါရှင်"

သူမ၏ လာရင်းကိစ္စကို သိလိုက်ရသဖြင့် ကျင်းလုံ စိတ်မကောင်းဖြစ်သွားလေသည်။

"ငွေလုံဂေဟာပျက်စီးသွားပြီး ဂေဟာရှင်ကြီးမုယုံကျင်းလည်း လူဆိုးတွေလက်ချက်နဲ့ သေသွားပြီ၊ သည်မှာ မှီတင်းနေထိုင်ကြသူတွေလည်း စွန့်ခွါရှောင်တိမ်းသွားကြပြီဆိုတော့ ညီမရဲ့ဦးလေးကိုတွေ့ရဖို့ မလွယ်တော့ဘူးထင်တယ်"

မေကျို့ဝါး ခေါင်းညိတ်လိုက်သည်။

"ကျွန်မ သည်မြို့ကိုရောက်လာတော့ ငွေလုံဂေဟာကို လူဆိုးတွေကဒုက္ခပေးလိမ့်မယ်လို့ သတင်းကြားမိပါတယ်၊ သည်လောက်တောင် ဆိုးဝါးလိမ့်မယ် မထင်မိတာနဲ့ လာခဲ့မိတာပါ၊ ကံကောင်းလို့ပေါ့ရှင်၊ ကျွန်မရဲ့ဦးလေးကို မတွေ့ရနိုင်တော့ဘူးဆိုကော့လည်း လုတိန်မြို့ကိုပဲ သွားပါတော့မယ်"



"ဟင်"

မေကျို့ဝါး၏စကားကြောင့် ကျင်းလုံအံ့ဩဝမ်းသာသွားလေသည်။

"ညီမက လုတိန်မြို့ကို သွားမယ်ဟုတ်လား"

"ဟုတ်ပါတယ်ရှင်၊ လုတိန်မြို့မှာ ကျွန်မရဲ့ဆွေမျိုးသားချင်းတွေရှိပါတယ်"

"ကျုပ်ကလည်း လုတိန်မြို့ကို သွားမလားလို့ စိတ်ကူးနေမိတာ"

"ဟင်..."

မေကျို့ဝါးလည်း အံ့ဩသွားလေသည်။

"အစ်ကို တကယ်ပဲ လုတိန်မြို့ကို သွားမလို့လား"

ကျင်းလုံက ခေါင်းညိတ်လိုက်လေသည်။

"ဟုတ်တယ်၊ လုတိန်မြို့မှာ ကျုပ်တွေ့ချင်တဲ့ လူတစ်ယောက်ရှိတယ်၊ သူ့ဆီကိုသွားပြီး မေးမြန်းစုံစမ်းစရာကိစ္စလေးတစ်ခုရှိနေလို့ပါ"

မေကျို့ဝါး ဝမ်းသာအားရဖြင့်ပြောလေသည်။

"ဒါဖြင့် ကျွန်မတို့အတူတူသွားကြတာပေါ့၊ မကောင်းဘူးလား"

ကျင်းလုံက သဘောတူလိုက်လေသည်။

❀

www.burmeseclassic.com

www.burmeseclassic.com



သုံးရက်...

သုံးရက်ဟူသောအချိန် ကုန်ဆုံးသွားပြီဖြစ်ပါသည်။

ကျင်းလုံနှင့် မေကျို့ဝါးတို့သည် လုတိန်မြို့သို့ သွားသောလမ်းမကြီးအတိုင်း ခရီးနှင်နေကြလေသည်။

နှစ်ယောက်သား ပို၍ ရင်းရင်းနှီးနှီးဖြစ်လာလေသည်။

သိုင်းလောကထဲ ရောက်လာသော ကျင်းလုံအတွက် ခရီးဖော်တစ်ယောက် ရရှိလာခြင်းဖြစ်လေသည်။

ကျင်းလုံနှင့်မေကျို့ဝါးတို့သည် ခရီးနှင်လာကြရင်း နေမွန်းတည့်ချိန်တွင် လုတိန်မြို့နှင့်ငါးမိုင်ခန့်အကွာရှိ ရွာလေးတစ်ရွာသို့ ရောက်ရှိလာကြလေသည်။

ခရီးဝေးမှလာခဲ့ရသဖြင့် နှစ်ယောက်သား ချွေးတလုံးလုံးဖြင့် ပင်ပန်းနွမ်းနယ်နေကြပေသည်။

"အစ်ကို သည်ရွာကလေးမှာ ကျွန်မတို့ ခဏလောက် အနားယူကြရင် မကောင်းဘူးလား"

မေကျို့ဝါးက ပြောလာသောအခါ ကျင်းလုံ ချက်ချင်း သဘောတူလိုက်လေသည်။

"ကောင်းပြီလေ၊ နားကြတာပေါ့"

ဝမ်းဗိုက်များလည်း ဆာလောင်နေပြီဖြစ်ရာ နှစ်ယောက်သား ရွာထဲဝင်ပြီး စားသောက်ဆိုင် ရှာဖွေလိုက်လေသည်။



ရွာလယ်ပိုင်းရှိ မြေကွက်ထပ်ကြီး၏ ဝဲဘက်နံဘေး၌ ထမင်းဆိုင်လေးတစ်ဆိုင်၌ပင် အနားယူစားသောက်ရန် ဆုံးဖြတ်လိုက်ကြသည်။

ရွာထဲ၌ စည်စည်ကားကားရှိနေသော်လည်း ထမင်းဆိုင်လေး၌ လူရှင်းနေပေသည်။ ထမင်းဆိုင်ရှင်မှာ အဘိုးအိုတစ်ယောက်ဖြစ်လေသည်။

ကျင်းလုံတို့ ရောက်သွားကြသောအခါ အဘိုးအိုက ပျူပျူငှာငှာပင် ကြိုဆိုလေသည်။

"မောင်ရင်လေးတို့...ခရီးဝေးက လာကြတာထင်ပါရဲ့ ထိုင်ကြပါ၊ ဘာများ သုံးဆောင်ကြမလဲ ပြောပါ"

ကျင်းလုံက ကရိကထ မများစေရန် ထမင်းနှင့် ဟင်းနှစ်မျိုးမှာလိုက်လေသည်။

အဘိုးအိုက ချက်ချင်းစီစဉ်ပေးရာ နှစ်ယောက်သား အားရပါးရ စားသောက်လိုက်ကြသည်။

ဆိုင်ရှင်အဘိုးအိုက ဆိုင်ထောင့်တစ်နေရာ၌ ထိုင်ကာ ကျင်းလုံတို့အား ပြုံး၍ကြည့်နေလေသည်။

ကျင်းလုံက မေကျို့ဝါးအား ပြောလိုက်သည်။

"သည်ရွာကလေးက လူတွေဟာ ဖော်ဖော်ရွေရွေရှိမယ့်ပုံပဲ"

မေကျို့ဝါး ပင့်သက်ရှိုက်လိုက်လေသည်။

"ထမ်းပေါ်မှာ ပျော်ပျော်ရွှင်ရွှင် သွားလာလှုပ်ရှားနေကြတဲ့ ရွာသူရွာသားတွေနဲ့ ဖော်ရွေလှတဲ့ ထမင်းဆိုင်ရှင်ကို

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီး အစ်ကိုပြောတာ မဟုတ်လား"

"ဟုတ်တယ်ညီမရဲ့"

"အစ်ကို သေသေချာချာကြည့်စမ်းပါဦး... ထမ်းပေါ်မှာ ကလေးသူငယ်တွေ ဆော့ကစားနေကြတာကို တွေ့သလား၊ ဒါမှမဟုတ် သူတို့ရဲ့ရယ်သံ ငိုသံတွေ ကြားမိသလား"

ကျင်းထုံ ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

မေကျို့ဝါးပြောတော့မှ ကလေးသူငယ်များကို မတွေ့ရသလို ရယ်သံ၊ ငိုသံ ပြေးလွှားဆော့ကစားသံများလည်း မကြားရကြောင်း သတိပြုမိလိုက်သည်။

"သက်ကြီးရွယ်အို အဘိုးအဘွားတွေ သွားလာလှုပ်ရှားနေကြတာကိုကော တွေ့သလား"

"ဟင့်အင်း"

ကျင်းထုံခေါင်းခါယမ်းလိုက်လေသည်။

မေကျို့ဝါးက ရှင်းပြသည်။

"သက်ကြီးရွယ်အိုတွေ ကလေးသူငယ်တွေ တစ်ယောက်မှမရှိတဲ့ ရွာတစ်ရွာကို အစ်ကိုတွေ့ဖူးသလား"

ကျင်းထုံ မည်သို့အဖြေပေးရမှန်း မသိအောင်ဖြစ်သွားတော့သည်။

"ဘယ်လိုကျေးရွာမျိုးမှာမဆို ကလေးတွေ သက်ကြီးရွယ်အိုတွေ တွေ့နိုင်ပါလျက် သည်ရွာမှာ မတွေ့ရတာ မထူးဆန်းဘူးလား၊ အင်း... ကျွန်မထင်တယ်၊ သည်ရွာကလေး



အပေါ်ကို အန္တရာယ် တစ်စုံတစ်ရာ ကျရောက်လာတော့မှာမို့ အန္တရာယ်မဖြစ်ရအောင် ပုန်းရှောင်ခိုင်းထားတာပဲဖြစ်လိမ့်မယ်'

ကျင်းထုံသည်စိတ်ထဲမှနေပြီး မေကျို့ဝါးအားချီးကျူးမိလိုက်လေသည်။

"အင်း... သူဟာ အတော့်ကို စေ့စပ်သေချာတဲ့ မိန်းကလေးတစ်ယောက်ပါလား"

ထိုစဉ်...

ဆိုင်ရှင်အဘိုးအို၏ စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

"မိန်းကလေး မဆိုးဘူး၊ ကျုပ်တို့ကျေးရွာကို ဖျက်ဆီးပစ်မယ်လို့ သက်ခြေဂိုဏ်းက ခြိမ်းခြောက်ထားတယ်လေ၊ ဒါကြောင့် ကလေးသူငယ်တွေနဲ့ သက်ကြီး ရွယ်အိုတွေကို အန္တရာယ်ကင်းမယ့်နေရာကို ပို့ထားကြတာပေါ့"

"ဟင်..."

သက်ခြေဂိုဏ်းဟူသောအမည်ကို ကြားလိုက်ရသဖြင့် ကျင်းထုံ လှုပ်လှုပ်ရှားရှားဖြစ်သွားလေသည်။

"သက်ခြေဂိုဏ်းက ဘာ့ကြောင့်များ သည်ရွာကလေးကို ဒုက္ခပေးချင်ရတာလဲ"

လွှတ်ခနဲ ရေရွတ်လိုက်မိသည်။ ဆိုင်ရှင်က...

"ကျုပ်တို့ကျေးရွာပိုင်ရှင်ဟာ သိုင်းလောကမှာထင်ရှားတဲ့ သိုင်းသမားတစ်ယောက်ဖြစ်ပါတယ်၊ သူ့ကိုကျေးရွာပိုင်ရှင်ရှလီဆိုရင် လူတိုင်းသိကြပါတယ်၊ သက်ခြေဂိုဏ်းဟာ

www.burmeseclassic.com

www.burmeseclassic.com



သူတို့ရဲ့ ဩဇာခံဖို့ အမိန့်ပေးလာတာကို ကျုပ်တို့ကျေးရွာပိုင်ရှင်က လက်မခံတာကြောင့် သစ္စာကျေးရွာကို မီးလောင်တိုက်သွင်းပစ်မယ်လို့ သက်ခြွေဂိုဏ်းကကြုံးဝါးထားတယ်”

“ဪ...”

သက်ခြွေဂိုဏ်းသည် သိုင်းလောကတစ်ခွင်၌ ထင်တိုင်းကြဲနေသည်ကို ခံပြင်းမိလေသည်။

အဘိုးအိုက စကားကို ဆက်ပြောလေသည်။

“သစ္စာကျေးရွာမှာနေထိုင်သူတွေဟာ ရွာပိုင်ရှင်အပေါ်မှာ အသက်ပေးသစ္စာရှိကြပါတယ်၊ သက်ခြွေဂိုဏ်းက အထင်သေးမယ်ဆိုရင် မှားသွားလိမ့်မယ်”

ရွာသူ ရွာသားများသည် ပြုံးရွှင်ရယ်မောကာ သွားလာလှုပ်ရှားနေကြသော်လည်း အန္တရာယ် ကျရောက်လာပါက ရင်ဆိုင်ရန်အသင့်ပြင်ထားကြသည့် အသွင်သဏ္ဌာန်ရှိ၏။

ထိုစဉ်မှာပင်...

“ခွပ်ခွပ်... ခွပ်ခွပ်”

မြင်းခွါသံများ ကျယ်လောင်စွာထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ကျင်းလုံ လှမ်းကြည့်လိုက်သောအခါ မြင်းစီးသမားတစ်စုသည် သစ္စာကျေးရွာအတွင်းသို့ ဒုန်းစိုင်းမောင်းနှင်ဝင်ရောက်လာသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

❁



မြင်းခွါသံများ ကျွက်ကျွက်ညံသွားသည်။

အဖြူရောင်အနားကွပ် အနက်ရောင်အဝတ်အစားများဝတ်ဆင်ထားကြသည့် သက်ခြွေဂိုဏ်းသားများသည် မြင်းများကိုဒုန်းစိုင်းကာ သစ္စာကျေးရွာအတွင်းသို့ ဝင်ရောက်လာကြလေသည်။

သက်ခြွေဂိုဏ်းသားများသည် ဓားလှံလက်နက်များကိုယ်စီကိုင်ဆောင်ထားကြပြီး ရွာလယ် မြေကွက်လပ်တစ်ဘက်ရှိနှစ်ထပ်အိမ်မြင့်ကြီးဆီသို့ ဦးတည်သွားကြသည်။

မြေကွက်လပ်တစ်ဘက်မှ ထမင်းဆိုင်အတွင်း၌ ရှိနေကြသော ကျင်းလုံနှင့်မေကျို့ဝါးတို့သည် သက်ခြွေဂိုဏ်းသားများ ရောက်ရှိလာကြသည့်မြင်ကွင်းကို အတိုင်းသား တွေ့မြင်နေရပေတော့သည်။

“ညီမ... ငွေလုံ့ဂေဟာကိုဖျက်ဆီးပစ်ခဲ့တာ သူတို့ပဲ၊ ကျုပ်ရဲ့အဖေကိုသတ်ပစ်ခဲ့တာလည်း သူတို့ပဲ၊ သူတို့ကို ကျုပ်ဘယ်တော့မှမကျေဘူး”

ကျင်းလုံက အံကြိတ်ပြောလိုက်သောအခါ မေကျို့ဝါးစိတ်မကောင်းဖြစ်သွားလေသည်။

သို့သော် သူမက ပခုံးတွန့်ကာ ပြောလိုက်လေသည်။

“ကျွန်မ လူဆိုးတွေကို ကြောက်တယ်ရှင့်”

ကျင်းလုံက လက်ကာပြလိုက်လေသည်။

“ဘာမှမပူနဲ့၊ ညီမ... ဒီမှာဖဲစောင့်နေပါ၊ ကျုပ်ပြန်လာ

www.burmeseclassic.com

www.burmeseclassic.com



ခဲ့မယ်"

စကားဆုံးသည်နှင့် ထိုင်ရာမှထလိုက်လေသည်။

ဆိုင်ရှင်အဘိုးအိုကလည်း ခါးနစ်လက်ကို ဆွဲကိုင်လိုက်သည်။

"ကျုပ်တို့သစ္စာကျေးရွာအကြောင်းကို သက်ခြေဂိုဏ်းသားတွေ မသိကြသေးဘူး၊ ကျုပ်တို့ဟာ ဘယ်လိုလူစားတွေဆိုတာသိရအောင် အကြောင်းပြရဦးမယ်"

ကျင်းလုံသည် မတရားမှုကို ခေါင်းငုံ့ မခံတတ်သောအဘိုးအို၏စိတ်ထားကို သဘောကျသွားလေသည်။

စည်းလုံးညီညွတ်မှုသည် အင်အားတစ်ရပ်ပင် မဟုတ်ပါလော။

ထိုအချိန်မှာပင်...

သက်ခြေဂိုဏ်းသားတစ်ယောက်၏ အော်ဟစ်ပြောဆိုလိုက်သော စကားသံထွက်ပေါ်လာသည်ကို ကြားလိုက်ရလေတော့သည်။

"သစ္စာကျေးရွာပိုင်ရှင်ရှုလီ ထွက်ခဲ့စမ်း"

စကားသံနှင့် မရှေးမနှောင်းမှာပင်...

"ဝှစ်..."

မြားတံတစ်ချောင်းသည် လေထဲ၌ပျံဝဲလာပြီး ထိုလူ၏ရင်ဝ၌စိုက်ဝင်သွားလေသည်။

"အား...."

ကျေးရွာပိုင်ရှင်ရှုလီအားကြိမ်းမောင်းခဲ့သော သက်ခြေ



ဂိုဏ်းသားမှာ မြင်းပေါ်မှပြုတ်ကျသွားလေတော့သည်။

"သက်ခြေဂိုဏ်းကို ဆုံးမဖို့ ကျုပ်ထလာပြီ"

ကျယ်လောင်သော အသံဝါကြီးနှင့်အတူ နှစ်ထပ်အိမ်ကြီးပေါ်မှ လူတစ်ယောက် လှစ်ခနဲ ခုန်ဆင်းလာကာ သက်ခြေဂိုဏ်းသားများအား တိုက်ခိုက်လေသည်။

ထိုလူမှာ သစ္စာကျေးရွာပိုင်ရှင်ရှုလီ ဖြစ်ပါသည်။

"တိုက်ကြဟေ့"

"မကောင်းဆိုးဝါးတွေကို ချေမှုန်းကြ"

"သစ္စာကျေးရွာအကြောင်း သိအောင် ပြကြ"

ကြွေးကြော်သံများ ထစ်ခနဲပေါ်ထွက်လာလေသည်။

သစ္စာကျေးရွာသူ ကျေးရွာသားများသည် ရရာထက်နက်ဆွဲကိုင်ကာ အရပ်လေးမျက်နှာမှ ထွက်ပေါ်လာပြီး သက်ခြေဂိုဏ်းသားများထံ ပြေးဝင်တိုက်ခိုက်ကြလေသည်။

ပြင်းထန်သော တိုက်ပွဲဖြစ်ပေါ်လာလေတော့သည်။

"ဟေး"

ထမင်းဆိုင်ရှင်အဘိုးအိုသည် ဝမ်းခေါင်းသံကြီးဖြင့် အော်ဟစ်ကာ ဆိုင်ထဲမှပြေးထွက်သွားလေသည်။

ကျင်းလုံလည်း မနေနိုင်တော့ဘဲ ပြေးထွက်သွားလိုက်ပါသွားလေသည်။

ထို့နောက် သက်ခြေဂိုဏ်းသားများအား ချေမှုန်းသည့်တိုက်ပွဲတွင် အားနှင့်မာန်နှင့် ပါဝင်ဆင်နွှဲလိုက်လေတော့သည်။

❁

www.burmeseclassic.com

www.burmeseclassic.com

တရားခံ

သစ္စာကျေးရွာသူ ရွာသားများသည် စည်းလုံး ညီညွတ်စွာဖြင့် သက်ခြေဂိုဏ်းသားများအား တိုက်ခိုက်လိုက်ကြလေသည်။

သက်ခြေဂိုဏ်းသားများကလည်း ပြန်လည်တိုက်ခိုက်ကြရာ ပြင်းထန်သော တိုက်ပွဲဖြစ်ပေါ်လာလေသည်။

ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများမှ လွဲ၍ တစ်ရွာလုံးက ဝိုင်းဝန်းတိုက်ခိုက်ကြခြင်းဖြစ်ရာ သက်ခြေဂိုဏ်းသားများ အထိတ်တလန့်ဖြစ်သွားကြကုန်၏။

"ဟိုး...ဟိုး...ဟိုး"

"ဝုန်း..."

"အား..."

"အမလေး"

ဝရုန်းသုန်းကားဖြင့် ထွက်ပြေးရှောင်တိမ်းရန် ကြိုးစားအားထုတ်ကြကုန်သည်။

သစ္စာကျေးရွာသားများ ပစ်ပေါက်လိုက်သော ခဲကျိုးများ၊ ဓားလှံများ၊ ပေါက်တူးများက သက်ခြေဂိုဏ်းသားများအား တစ်ယောက်ပြီးတစ်ယောက် မြင်းပေါ်မှပြုတ်ကျသွားစေ



လေတော့သည်။

သက်ခြေဂိုဏ်းသားများ မရှုမလှခံလိုက်ရသည်ဖြစ်ရာ သစ္စာကျေးရွာသားများအားတက်သွားပြီး ဖိ၍ တိုက်ခိုက်လိုက်ကြလေသည်။

သက်ခြေဂိုဏ်းသားများသည် ထွက်ပြေး၍ မရသည့်အဆုံး အပြင်းအထန် ပြန်လည်ခုခံတိုက်ခိုက်ကြလေသည်။

အခြေအနေမှာ တစ်မုဟုတ်ချင်းပြောင်းလဲသွား၏။

သက်ခြေဂိုဏ်းသားများသည် သိုင်းပညာတတ်မြောက်ထားကြသူတို့ တိုက်ပွဲအတွေ့အကြုံ ရင့်ကျက်သူများလည်းဖြစ်ကြသည်။

ထို့ကြောင့် အပြင်းအထန် ပြန်လည်တိုက်ခိုက်လိုက်သောအခါ သိုင်းပညာမတတ်သော ရွာသူရွာသားများ အထိနာသွားကြလေသည်။

"အား..."

"အွန့်"

"အမလေး..."

"သေပါပြီဗျ"

ရွာသူရွာသားများ ချက်ချင်းကစဉ့်ကလျားဖြစ်သွားကြလေသည်။

သက်ခြေဂိုဏ်းသားများ အားတက်သွားကြကုန်၏။

"သက်ခြေဂိုဏ်းကို အာခံချင်လို့ရမလား"

"တစ်ရွာလုံး မီးလောင်တိုက်သွင်းပစ်"

www.burmeseclassic.com

www.burmeseclassic.com



ငြာသံပေးကာ ဖိ၍တိုက်ခိုက်လိုက်ကြသလို အချို့က မီးတုတ်များကိုမီးရှို့ကာ အိမ်ခေါင်မိုးများပေါ်သို့ ပစ်တင်ကြလေသည်။

သစ္စာကျေးရွာလေးမှ အိမ်များသည် များသောအားဖြင့် သက်ကယ်မိုးထားသော အိမ်များဖြစ်ရကား မီးလောင်လွယ်လှပေသည်။

သက်ခြေဂိုဏ်းသားများ၏ လက်ချက်ကြောင့် မီးခိုးလုံးများ မီးတောက်မီးလျှံများ ထွက်ပေါ်လာတော့သည်။

သစ္စာကျေးရွာ ဖျက်ဆီးခံရတော့မည်ဖြစ်လေသည်။

ထမင်းဆိုင်ရှင်အဘိုးအိုနှင့် ကျင်းလုံတို့သည် ဆိုင်အပြင်သို့ရောက်သည်နှင့် သက်ခြေဂိုဏ်းသားများထံပြေးဝင်တိုက်ခိုက်လိုက်ကြလေသည်။

အဘိုးအိုမှာ မခံချင်စိတ်ဖြင့် အတင်းဝင်ရောက်တိုက်ခိုက်လိုက်ခြင်းကြောင့်...

"ဂုန်း..."

"အား..."

အဘိုးအိုမှာ စူးရှစွာအော်ဟစ်ကာ ခွေခနဲ လဲကျသွားလေတော့သည်။

"ဟာ..."

ကျင်းလုံထိတ်လန့်သွားပြီး ကပျာကယာပြေး၍ ဖေးမလိုက်လေသည်။

လက်နက်ပုန်းလေးများက ချက်ကောင်းထိမှန်သွား



သည်ဖြစ်ရာ အဘိုးအိုကို စကားမေး မရတော့ချေ။

"ဘာဘ... ဘာဘ"

ကျင်းလုံက တကျော်ကျော်အော်ခေါ်လိုက်သော်လည်း အဘိုးအိုသည် သူ၏လက်ပေါ်မှာပင် ဇက်ကျိုးကျကာ သေဆုံးသွားလေတော့သည်။

"တောက်..."

ကျင်းလုံ ခံပြင်းစွာ တက်ခေါက်လိုက်လေသည်။

"သက်ခြေဂိုဏ်း ရက်စက်လှချည်လား"

ချက်ချင်းပင် မြေပေါ်၌ကျနေသော ဓားတစ်လက်ကိုကောက်ယူကာ ခုန်ထလိုက်ပြီး သက်ခြေဂိုဏ်းသားများထံ တစ်ဟုန်ထိုး ပြေးဝင်တိုက်ခိုက်လိုက်လေတော့သည်။

သူနှင့်ပထမဆုံးရင်ဆိုင်မိသူမှာ လက်နက်ပုန်းများဖြင့် ပစ်ခတ်ခဲ့သူဖြစ်ပါသည်။

ကျင်းလုံခုန်ဝင်လာသည်နှင့် ထိုလူက လက်နက်ပုန်းလေးများဖြင့် ပစ်ခတ်လိုက်လေသည်။

"သွားစမ်း..."

ကျင်းလုံက အော်ငေါက်ရင်း ဓားကိုဝှေ့ယမ်းကာ လက်နက်ပုန်းလေးများအား ရိုက်ထုတ်ပစ်လိုက်လေသည်။

"ခြွင်... ခြွင်...ခြွင်"

လက်နက်ပုန်းကလေးများ မြေပေါ်ပြုတ်ကျသွားချိန်၌ ကျင်းလုံမှာ ထိုလူ၏အနီးသို့ ရောက်ရှိသွားပြီဖြစ်ပါသည်။

"သေပေတော့"

www.burmeseclassic.com

www.burmeseclassic.com



ဓားကို ဝေ့ယမ်းကာ ခုတ်ချလိုက်ရာ ထိုလူမှာ စူးရှစွာ အော်ဟစ်ပြီး မြေခနဲလဲကျသွားတော့သည်။

ကျင်းလုံသည် အခြား သက်ခြွေဂိုဏ်းသားများအား ဆက်၍ တိုက်ခိုက်ပစ်လိုက်လေသည်။

သက်ခြွေဂိုဏ်းသားများသည် သစ္စာကျေးရွာသားများအား အနိုင်ယူနိုင်ခဲ့သော်လည်း ကျင်းလုံနှင့်သစ္စာကျေးရွာပိုင်ရှင် ရှုလီကိုမူ မယှဉ်နိုင်ဘဲဖြစ်နေသည်။

ကျင်းလုံ ပြေးဝင်တိုက်ခိုက်လိုက်သည်နှင့် သက်ခြွေဂိုဏ်းသားများ တစ်ယောက်ပြီးတစ်ယောက်လဲကျသွားသကဲ့သို့ ရှုလီ၏ လက်ချက်မိသွားသူများလည်း အလဲလဲ အပြိုပြိုဖြစ်ကုန်ကြလေသည်။

သက်ခြွေဂိုဏ်းသားများအား သစ္စာကျေးရွာပိုင်ရှင် ရှုလီနှင့် ကျင်းလုံတို့ နှစ်ယောက်ထဲသာ ထိပ်တိုက် ရင်ဆိုင်ခုခံချေမှုန်းနေသည့် တိုက်ပွဲအသွင်သို့ ပြောင်းလဲသွားလေသည်။

သက်ခြွေဂိုဏ်းသားများသည် ရွာသူရွာသားများအနီးသို့ ချဉ်းကပ်မလာနိုင်စေရန် လက်နက်ပုန်းများဖြင့် ပစ်ခတ်ခြောက်လှန့်မောင်းထုတ်ပစ်လိုက်ကြပြီး ရှုလီနှင့် ကျင်းလုံတို့အား သဲကြီးမဲကြီး ဝိုင်းရံတိုက်ခိုက်ကြလေတော့သည်။

သစ္စာကျေးရွာပိုင်ရှင်ရှုလီအား သုတ်သင်ရှင်းလင်းပစ်ဖို့အရေး အဓိကထားကာ အစွမ်းကုန်ကြိုးစား တိုက်ခိုက်နေကြလေတော့သည်။

ကျင်းလုံနှင့်ရှုလီတို့လည်း ကျောချင်းကပ်ကာ အပြင်းအထန် ပြန်လည်ခုခံတိုက်ခိုက်ကြလေသည်။

ရှုလီတစ်ယောက်တည်းသာဆိုလျှင် ကြာကြာခုခံနိုင်မည်မဟုတ်ပါ။

ကျင်းလုံ ထက်တွဲပါဝင်လာသောကြောင့် နှစ်ယောက်သား တက်ညီလက်ညီ တိုက်ခိုက်လိုက်ခြင်းဖြင့် သက်ခြွေဂိုဏ်းသားများမှာ မျှော်လင့်သလိုဖြစ်မလာဘဲ အရေးနိမ့်သွားခဲ့ကြလေတော့သည်။

"ဝုန်း..."

"အား..."

"အမလေး..."

"သေပါပြီဗျ"

စူးရှသော အော်သံများ တစ်ခဲနက် ထွက်ပေါ်လာသည်။

ရွာသူရွာသားများကလည်း ပြန်လည်စုစည်းကာ ဓာတ်ဟုန်ထိုးတိုက်ခိုက်လာကြလေ၏။ ထိုအခါ သက်ခြွေဂိုဏ်းသားများလည်း အလန့်တကြားဖြစ်ကာ ထွက်ပြေးကြတော့သည်။

ဤသို့ဖြင့် သစ္စာကျေးရွာသည် သက်ခြွေဂိုဏ်းအပေါ် အောင်ပွဲဆင်နိုင်ခဲ့လေတော့သည်။

သက်ခြွေဂိုဏ်းသားများ ဖရိုဖရဲ ထွက်ပြေးသွားကြပြီဖြစ်ပါသည်။

သို့သော်...

ထိခိုက်ဒဏ်ရာရသူများ သေကြေပျက်စီးကြသူများရှိနေကြသလို မီးလောင်နေသောအိမ်များကိုလည်း မီးငြိမ်းသတ်



www.burmeseclassic.com

www.burmeseclassic.com



ရသေးသဖြင့် ထင်သလောက် ဝမ်းမသာနိုင်ကြပါချေ။

မီးကိုငြိမ်းသတ်ပြီး ဒဏ်ရာရသူများကို ဆေးကုသပေးကြသည်။

သေဆုံးသူများအား မြှုပ်နှံသင်္ဂြိုဟ်ပေးကြလေသည်။

အကယ်၍ သက်ခြေဂိုဏ်းကသာ အနိုင်ရရှိပါက ရွာလုံးကျွတ်ဒုက္ခရောက်မည်ဖြစ်ရာ ဆုံးရှုံးမှုများရှိနေသော်လည်း ဝမ်းသာသေးသည်ဆိုနိုင်ပေ၏။

ရွာပိုင်ရှင်ရှုလီက ကျင်းလုံအားဦးညွှတ်ကာ ကျေးဇူးတင်စကားပြောလေသည်။

“မိတ်ဆွေလေးကို ကျေးဇူးတင်ပါတယ်၊ မိတ်ဆွေလေးသာ မကူညီဘူးဆိုရင် သစ္စာကျေးရွာအတွက် အတော့်ကို ရင်လေးစရာပါပဲ၊ မိတ်ဆွေလေးရဲ့ကျေးဇူးကို ဘယ်လို ပြန်ဆပ်ရမှန်းတောင် မသိတော့ပါဘူး”

ကျင်းလုံ လက်ကာပြလိုက်သည်။

“ကိစ္စမရှိပါဘူး ခင်ဗျာ၊ သက်ခြေဂိုဏ်းကို ကျွန်တော်လည်း ရင်ဆိုင်ချင်နေတာနဲ့ အတော်ဖြစ်သွားတာပါ၊ သူတို့ကြောင့် ကျွန်တော့်အဖေ သေဆုံးခဲ့ရပါသေးတယ်”

“ဩော်”

ရှုလီ ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

“လက်စသတ်တော့ သက်ခြေဂိုဏ်းဟာ မိတ်ဆွေလေးကိုလည်း ဒုက္ခပေးခဲ့သေးတာကိုး၊ ဒါထက် မိတ်ဆွေလေးရဲ့အဖေဟာ ဘယ်သူဘယ်ဝါဆိုတာ သိခွင့်ရှိမလား”



ကျင်းလုံက စိတ်မကောင်းစွာဖြင့် ပြောလိုက်သည်။

“ကျင်းအိမ်တော်ပိုင်ရှင် မိုးနဂါးသိုင်းသမား ထင်းလုံဟာ ကျွန်တော့်အဖေပါ၊ ကျွန်တော်ကတော့ ကျင်းလုံပါ”

ရှုလီအံ့သြသွားသည်။

“လက်စသတ်တော့ မောင်ရင်လေးဟာ မိုးနဂါးသိုင်းသမားကြီးထင်းလုံရဲ့ သားကိုး၊ သူ့ကို သက်ခြေဂိုဏ်းကသစ္စာခံခိုင်းတာကို လက်မခံတာနဲ့ လုပ်ကြံခံလိုက်ရတယ်လို့ သတင်းကြားမိပါတယ်”

“ဟုတ်ပါတယ် ခင်ဗျာ၊ ကျွန်တော်ဟာ သက်ခြေဂိုဏ်းကို ချေမှုန်းပစ်ဖို့ သိုင်းလောကထဲကို ဆင်းလာခဲ့တာပါခင်ဗျာ”

“မောင်ရင်လေးနဲ့တွေ့ရတာ ဝမ်းသာမိပါတယ်၊ မောင်ရင်လေးရဲ့အဖေဟာ ကျုပ် ကြည်ညိုလေးစားမိတဲ့ သိုင်းသမားတစ်ယောက်ပါ၊ မောင်ရင်လေးက ကျုပ်ကို ကူညီခဲ့တာ ကြောင့် ဧည့်ခံပြုစုပါရစေ၊ ကျုပ်တို့ရွာမှာ တစ်ညနားဖို့ မေတ္တာရပ်ခံပါတယ်ဗျာ”

“ဟာ ကျွန်တော်က...”

ကျင်းလုံ ငြင်းရန်ဟန်ပြင်လိုက်စဉ် ရှုလီက ကြားဖြတ်ပြောလိုက်သည်။

“မငြင်းပါနဲ့ မောင်ရင်လေးရယ်၊ ကျုပ်တို့တစ်ရွာလုံးက မောင်ရင်လေးကိုကျေးဇူးတင်နေကြတာပါ”

ဤတွင် ရွာသူရွာသားများကပါ ဝိုင်းဝန်းထောက်ခံလိုက်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်... ဟုတ်ပါတယ်"

"သူ့ရဲ့ကောင်းလေးကို ဂုဏ်ပြုပါရစေ"

"ကျုပ်တို့ ရွာမှာ အနည်းဆုံးတစ်ည နားသင့်ပါတယ်"

ကျင်းလုံ ပင့်သက်ရှိုက်လိုက်သည်။

ရှုလီနှင့် သစ္စာကျေးရွာသားများ၏ တောင်းဆိုမှုကို မငြင်းဆန်နိုင်တော့ဘဲ တစ်ညတာ အနားယူရန် ဆုံးဖြတ်လိုက်ရလေသည်။

မေကျို့ဝါးသည် တိုက်ပွဲများပြီးဆုံးသွားသည့်အခါမှ ထမင်းဆိုင်ထဲမှထွက်လာ၏။

သူမသည် ကြောက်လန့်နေသဖြင့် ဆိုင်ထဲ၌တစ်ချိန်လုံး ပုန်းနေခဲ့ခြင်းဖြစ်သည်။

ကျင်းလုံက တစ်ညတာ အနားယူရန် ဆုံးဖြတ်လိုက်သောအခါ ခရီးဖော်များဖြစ်နေကြ၍ သူမလည်း သဘောတူလိုက်ရတော့သည်။

❁

ည...

ကောင်းကင်ပေါ်၌ လဝန်းထိန်ထိန်ထင်နေသည်။

ရွာပိုင်ရှင်ရှုလီ၏ နှစ်ဆောင်ပြိုင်အိမ်ကြီးရှေ့ မြေကွက်လပ်၌ မီးပုံများဖိုကာ သက်ခြေဂိုဏ်းအပေါ် အောင်ပွဲခံနိုင်သည့် အထိမ်းအမှတ်အဖြစ် စားပွဲသောက်ပွဲကျင်းပလျက်ရှိနေလေသည်။



ခင်းကျင်းထားသော စားပွဲရှည်ကြီးပေါ်၌ စားသောက်ဖွယ်ရာ အသားဟင်းလျာများ သစ်သီးဝလံများ အရက်များ အလျှံပယ်ရှိနေ၏။

ရွာသူရွာသားများသည် ကျေးလက်ရိုးရာ တေးသီချင်းများကိုသံပြိုင်သီဆိုကာ မီးပုံကြီးများကို ဝိုင်းပတ် ကခုန်နေကြလေသည်။

သက်ခြေဂိုဏ်းက လာရောက်တိုက်ခိုက်သဖြင့် ကြုံတွေ့ရသော အနိဋ္ဌာရုံများကို အားလုံးမေ့ထားလိုက်ကြပြီး ပျော်ရွှင်စွာ ရှိနေကြပြီဖြစ်လေသည်။

ရွာပိုင်ရှင်ရှုလီကိုယ်တိုင်က ကျင်းလုံနှင့်မေကျို့ဝါးတို့အား လိုလေသေးမရှိ ပြုစုညှော်ခံခဲ့လေသည်။

ကျင်းလုံနှင့်မေကျို့ဝါးတို့ပင် အားတုံ့အားနာ ဖြစ်ခဲ့ရတော့သည်။

"မောင်ရင်လေး ဘာများလိုအပ်သေးသလဲ၊ ပြောပါ၊ ကျုပ်ကိုအားနာစရာ မလိုပါဘူး"

ကျင်းလုံ ခေါင်းခါယမ်းလိုက်သည်။

"အို ဘာမှမလိုပါဘူးခင်ဗျာ၊ ဗိုက်တောင် ပိုနေပါပြီ၊ ရွာပိုင်ရှင်ကို ကျေးဇူးတင်ပါတယ်"

ရှုလီ ပြုံးလိုက်သည်။

"ကျုပ်တို့အနေနဲ့ မိတ်ဆွေလေးရဲ့ကျေးဇူးကို ဘယ်တော့မှ မေ့မှာ မဟုတ်ပါဘူး။ ခုလို ပြုစုရတာ အားမရပါဘူး၊ ဒီထက်ပိုပြီး ညှော်ခံပြုစုချင်ပါသေးတယ်"

www.burmeseclassic.com

www.burmeseclassic.com



ကျင်းထုံနှင့်ရှုထီတို့ ပို၍ရင်းရင်းနှီးနှီး ဖြစ်လာကြလေသည်။

ကျင်းထုံက သက်ခြေဂိုဏ်းနှင့် အဘယ်ကြောင့် ပြဿနာဖြစ်ခဲ့ရသည်ကို မေးလိုက်လေသည်။

ရှုထီက သက်ပြင်းချကာရှင်းပြသည်။

"သက်ခြေဂိုဏ်းဟာ သိုင်းလောကကို လွှမ်းမိုးဖို့ ကြိုးစားနေတယ်၊ နာမည်ရှိတဲ့သိုင်းသမားတွေကို သူတို့ရဲ့ ညြဖာခံဖို့ စည်းရုံးသိမ်းသွင်းကြတယ်၊ သူတို့သိမ်းသွင်းလို့ မရတဲ့လူကို သုတ်သင်ပစ်ကြတယ်၊ သူတို့ ကျုပ်ကို ရန်ရှာတာကတော့ သူတို့ဂိုဏ်းထဲ မဝင်တာထက် ကျုပ်ဆီက ပစ္စည်းတစ်ခုကို လိုချင်နေလို့ပါပဲ"

သက်ခြေဂိုဏ်းသည် ရှုထီထံမှမည်သည့်ပစ္စည်းကို လိုချင်နေပါသနည်း။

ရှုထီက ပြောသည်။

"ကျုပ်ဟာ နာမည်ကျော် သိုင်းသမားတစ်ယောက်မှ မဟုတ်တာ၊ သက်ခြေဂိုဏ်းဝင်ဖြစ်လည်း အသုံးကျမှာမ မဟုတ်ဘဲ၊ ကျုပ်ကို သူတို့ရဲ့ အင်အားအဖြစ် စည်းရုံးသိမ်းသွင်းချင်တာ မဖြစ်နိုင်ပါဘူး"

"ဦးက ကိုယ့်ကိုယ်ကို နှိမ့်ချတာပါ၊ သစ္စာကျေးရွာဟာ သိုင်းလောကမှာနာမည်ရှိတဲ့နေရာတစ်ခုပါပဲခင်ဗျာ"

ကျင်းထုံက ချီးကျူးပြောဆိုလိုက်လေသည်။

ရှုထီ ခေါင်းခါယမ်းလိုက်၏။



"ကျုပ်ရဲ့ မြားပစ်ပညာတစ်ခုကလွဲပြီး ကျန်တဲ့သိုင်းပညာဟာ ပြောပလောက်အောင် မဟုတ်ပါဘူး၊ သက်ခြေဂိုဏ်းက ငယ်သားတွေကိုတောင် ကျုပ်ကပြတ်ပြတ်သားသား အနိုင်ယူနိုင်တာမှမဟုတ်ဘဲ၊ ကျုပ်သာ တကယ်တမ်းအစွမ်းအစရှိရင် သူတို့ကို ဆုံးမနိုင်ရမှာပေါ့"

တစ်ချိန်လုံး ငြိမ်သက်စွာ နားထောင်နေသည့် မေကျိုဝါးက ကြားဝင်မေးလိုက်လေသည်။

"ဦးဆီက ပစ္စည်းတစ်ခု လိုချင်နေကြတယ်ဆိုတာက ဘာလဲဟင်၊ သက်ခြေဂိုဏ်းနဲ့ ပတ်သက်နေလို့လား"

ရှုထီ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ကွယ်၊ သူတို့ လိုချင်နေတဲ့ပစ္စည်းတစ်ခုဟာ ကျုပ်ဆီမှာရှိနေတယ်လေ"

"ဘယ်လို ပစ္စည်းမျိုးဖြစ်နေလို့လဲရှင်"

ရှုထီက အကျီရင်ဘတ်ကြားမှ အနီရောင် ပိုးပဝါတစ်ခုကို ထုတ်ယူလိုက်သည်။

ထိုပိုးပဝါသည် အရာဝတ္ထုတစ်ခုအား သေချာစွာ ထုပ်ပိုး သိမ်းဆည်းထားခြင်းဖြစ်လေသည်။

ရှုထီက ပိုးပဝါကိုဖြေလိုက်သောအခါ အတွင်းမှ ငွေခံပုံသဏ္ဌာန် ကြေးပြားလေးတစ်ခု ထွက်ပေါ်လာသည်ကို တွေ့လိုက်ရ၏။

ထိုကြေးပြားလေးကိုမြင်သည့်အခါ ကျင်းထုံ၏ပါးစပ် ဟောင်းသွားဖြစ်သွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါ ရှစ်ကွက်အင်းရဲ့အစိတ်အပိုင်းတစ်ခုပါလား"

ငွေလုံသိုင်းသမားကြီးက သူ့အား တြိဂံပုံကြေးပြားလေး တစ်ခုပေးခဲ့ဖူးသည်။

အမှတ်မထင် သူ သိမ်းဆည်းထားမိသည်ကို ယခုမှ ပြန်လည် သတိရလာလေသည်။

ရှုလိက ကြေးပြားလေးကိုထုတ်ပြရင်း ပြောသည်။

"ဒါဟာ သက်ခြွေဂိုဏ်းလိုပဲ တစ်ချိန်က မိစ္ဆာဂိုဏ်းဟာ သိုင်းလောကကိုလွှမ်းမိုးဖို့ ကြံစည်ခဲ့ဖူးတယ်၊ ဒါကို ရှစ်ကွက်အင်းပိုင်ရှင် မိစ္ဆာနိုင်သိုင်းသမားကြီးက ချေမှုန်းဖြိုခွဲခဲ့တယ်၊ သူ့ရဲ့ရှစ်ကွက်အင်းသိုင်းပညာဟာ သိုင်းလောကမှာ ပြိုင်ဘက်ကင်းတယ်လို့ ထင်ရှားကျော်ကြားခဲ့တာပေါ့"

ကျင်းလုံ စိတ်ဝင်စားလာလေသည်။

"ရှစ်ကွက်အင်းဟာ အတော် စိတ်ဝင်စားစရာ ကောင်းပါတယ်၊ ဦးသိတယ်ဆိုရင် ရှင်းပြပေးဖို့ မေတ္တာရပ်ခံပါတယ်"

ရှုလိ ခေါင်းညိတ်လိုက်သည်။

"ရပါတယ် မိတ်ဆွေလေး၊ ကျုပ်သိသလောက်ပြောပြပါ့မယ်"

"ကျေးဇူးတင်ပါတယ် ခင်ဗျာ"

"ရှစ်ကွက်အင်းဆိုတာ သူတော်စင်တွေက မကောင်းဆိုးဝါးတွေကို နှိမ်နင်းတဲ့နေရာမှ အသုံးပြုလေ့ရှိတဲ့ အင်းတစ်မျိုးဖြစ်တယ်၊ မိစ္ဆာနိုင်သိုင်းသမားကြီးဟာ သိုင်းလောကရဲ့မိစ္ဆာကောင်ဒုစရိုက်သမားတွေကို နှိမ်နင်းတဲ့အခါ သူ တီထွင်ထားတဲ့သိုင်းပညာကို မိစ္ဆာနိုင်သိုင်းသမားလို့ ကင်ပွန်းတပ်ခဲ့ပြီး ကြေးပြားလေးရှစ်ခုနဲ့ ပေါင်းစပ်ထားတဲ့ ရှစ်ထောင့်ရှိတဲ့ ရှစ်ကွက်အင်းပေါ်မှာ ရေးသား မှတ်တမ်းတင်ထားခဲ့တယ်"



ကျင်းလုံက မေးလိုက်သည်။

"ကြေးပြားလေးရှစ်ခုပေါင်းစပ်ပြီး သိုင်းပညာကို ရေးသားမှတ်တမ်းတင်ထားခဲ့တယ်ဆိုတော့ ကြေးပြားလေးရှစ်ခုကို ရရင် မိစ္ဆာနိုင်သိုင်းပညာကို ရရှိလိမ့်မယ်ဆိုတဲ့ သဘောလား ခင်ဗျာ"

ရှုလိ ခေါင်းညိတ်လိုက်သည်။

"ဒါအမှန်ပါပဲ"

"ဦးဆီမှာ တြိဂံပုံသဏ္ဌာန်ကြေးပြားလေးတစ်ခု ရှိနေတယ်ဆိုတော့ မိစ္ဆာနိုင်သိုင်းပညာကို မှတ်တမ်းတင်ထားတဲ့ ကြေးပြားရှစ်ပြားဟာ တကွဲတပြားဖြစ်နေတဲ့သဘောလို့ ဆိုရမှာပေါ့နော်"

ရှုလိခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်ကွဲ့"

ရှုလိ၏ မျက်နှာတည်ကြည်လာသည်။

"မိစ္ဆာဂိုဏ်းကိုဖြိုခွဲပစ်ခဲ့တဲ့ မိစ္ဆာနိုင်သိုင်းသမားကြီးရဲ့ အဖြစ်က ဝမ်းနည်းစရာကောင်းပါတယ်၊ သူ့ရဲ့တပည့် တစ်ယောက်က မိစ္ဆာနိုင်သိုင်းပညာကိုလိုချင်တာနဲ့ သစ္စာဖောက်ပြီး အဆိပ်ခတ်လုပ်ကြံလိုက်တယ်လေ"

"ဟင်"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ"

ကျင်းလုံနှင့်မေကျို့ဝါးတို့ လှုပ်လှုပ်ရှားရှားဖြစ်သွားကြကုန်လေသည်။

သိုင်းလောက၏ ကယ်တင်ရှင်ဟု သတ်မှတ်နိုင်သော မိစ္ဆာနိုင်သိုင်းသမားကြီးမှာ တပည့်ဖြစ်သူ၏ သစ္စာဖောက်လုပ်ကြံခြင်းခံခဲ့ရသဖြင့် ဝမ်းနည်းစရာကောင်းလှပေတော့သည်။

ကျင်းလုံက မကျေမနပ်ဖြင့်မေးလိုက်၏။

"အဲဒီ တပည့်ဟာ ဆရာ့ကိုလုပ်ကြံပြီး ရှစ်ကွက်အင်းကို ရသွားသလား"

"ရသွားခဲ့တယ်၊ သူက အကြံသမားဆိုတော့ ရအောင်ယူနိုင်ခဲ့တာပေါ့"

"တော်တော် ကျေးဇူးကန်းတဲ့လူပဲ"

"ဟုတ်ပါရဲ့ရှင်"

ကျင်းလုံ၏စကားကို မေကျို့ဝါးက ထောက်ခံလိုက်ခြင်းဖြစ်သည်။

ရှုလီပြုံးလိုက်သည်။

"သိုင်းလောကတစ်ခုလုံးကလည်း သူ့ကို မကျေနပ်ခဲ့ကြပါဘူး၊ အင်း ဆရာ့ကို စော်ကားတဲ့လူဟာ ကြာကြာသက်ဆိုးမရှည်ခဲ့ပါဘူးလေ၊ ရှစ်ကွက်အင်းကို လိုချင်တဲ့လူတွေက သဲကြီးမဲကြီးလိုက်လုကြလို့ ထွက်ပြေးတိမ်းရှောင်ရင်း နောက်ဆုံးမှာ လုပ်ကြံခံလိုက်ရတာပဲ"

မကောင်းမှုပြုသူသည် မကောင်းသည့် ဘေးဒဏ်ခံ



ရမည် မဟုတ်ပါလား။

"ရှစ်ကွက်အင်းကို ရသွားတဲ့လူတွေကလည်း အချင်းချင်း အကောက်ကြံကြလို့ သေတဲ့လူ သေကြတယ်၊ ဒုက္ခိတဖြစ်ပြီး တစ်သက်လုံး သိုင်းပညာအသုံးမပြုနိုင်တော့တဲ့ လူတွေလည်း ရှိကြတယ်၊ ရှစ်ကွက်အင်းဟာလည်း တပေါင်းတစည်းတည်းမရှိတော့ဘဲ အကွဲကွဲအပြားပြား ဖြစ်သွားပြီး သိုင်းလောကထဲမှာ ပျံ့နှံ့သွားခဲ့တယ်"

မေကျို့ဝါးက မေးလေသည်။

"ဦးဆီကို ကြေးပြားလေးတစ်ခုရောက်လာတာက.."

"ကျုပ်က မမျှော်လင့်ဘဲရခဲ့တာပါ၊ ကျုပ်ရဲ့ ဦးလေးဝမ်းကွဲတော်သူတစ်ယောက်ဟာ သိုင်းလောကမှာ ခြေသလုံးအိမ်တိုင်ကျင်လည်ကျက်စားနေတဲ့လူပါ၊ တစ်နေ့တော့ သူဟာ နာမကျန်းဖြစ်ပြီး ကျုပ်ဆီကို ရောက်လာခဲ့တယ်၊ ကျုပ်က အစွမ်းကုန်ကြိုးစားပြီး ကုသပေးခဲ့ပေမယ့် ရောဂါကျွမ်းနေလို့ လက်လျှော့ခဲ့ရတယ်၊ ကျန်တဲ့ကြေးပြားခုနစ်ခု ဘယ်မှာ ရှိတယ် အစရှိတဲ့ ရှစ်ကွက်အင်းနဲ့ပတ်သက်တဲ့ အကြောင်းအရာ ဘာတစ်ခုမှ ပြောမသွားနိုင်ခဲ့ပါဘူး၊ ကျုပ်လည်း ကျန်တဲ့အစိတ်အပိုင်းကို ဘယ်မှာလိုက်ရှာရမှန်းမသိတာနဲ့ ဦးလေးဝမ်းကွဲ ပေးခဲ့တာကိုပဲ သိမ်းဆည်းထားခဲ့ရတာပါ"

ကျင်းလုံ အနည်းငယ် စဉ်းစားလိုက်သည်။

"ရှစ်ကွက်အင်းနဲ့ အစိတ်အပိုင်းတစ်ခုဖြစ်တဲ့ တြိဂံပုံ ကြေးပြားလေးကြောင့် သက်ခြေဂိုဏ်းက လိုက်ရှာတယ်လို့ ဦး

www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့် ထင်ရတာလဲ"

ရွှေလီ၏ မျက်နှာ တည်ကြည်လေးနက်လာသည်။

"သက်ခြေဂိုဏ်းဟာ ရစ်ကွက်အင်းကို သဲကြီးမဲကြီး ရှာဖွေနေတယ်ဆိုတဲ့သတင်းကို ကျုပ်ကြားသိခဲ့ရလို့ပါ၊ ကျုပ်ကလည်း ရင်းနှီးတဲ့မိတ်ဆွေတချို့ကို ကျုပ်မှာ ကြိုက်ပုံကြေးပြားလေးတစ်ခုရှိနေတာကို ပြောပြမိခဲ့တယ်လေ"

ကျင်းလုံသည် သူ့ထံ၌ ကြိုက်ပုံကြေးပြားလေးတစ်ခု ရှိနေကြောင်း ထုတ်ဖော်မပြောမိသဖြင့် စိတ်သက်သာရာရသွားမိလေသည်။

သူ့ထံ၌ ကြေးပြားတစ်ပြား ရှိနေသည်ကိုသာ ထုတ်ဖော်ပြောမိခဲ့လျှင် ရှုပ်ထွေးမှုများ ဖြစ်ပေါ်လာနိုင်သည်မှာ မြေကြီးလက်ခတ်မလွဲပင် ဖြစ်တော့သည်။

သုံးယောက်သား စကားကောင်းနေစဉ်မှာပင်…

"ဟင် ဟိုမှာ လူတစ်ယောက်ပြေးသွားတယ်"

မေကျို့ဝါးက အလန့်တကြားပြောလာလေသည်။

ကျင်းလုံနှင့်ရွှေလီတို့ အံ့သြသွားကြသည်။

"ညီမ ဘာဖြစ်လို့လဲ"

"ဟို ဟိုဘက်ကို သက်ခြေဂိုဏ်းသား တစ်ယောက် ပြေးသွားတယ်၊ ကျွန်မ သေသေချာချာ တွေ့မြင်လိုက်ရတယ်"

အရှေ့ဘက်ဆီသို့ညွှန်ပြကာ ပြောလိုက်၏။

ကျင်းလုံတို့ လှမ်းကြည့်လိုက်သောအခါ အရှေ့ဘက်၌အမှောင်ရိပ်များဖုံးလွှမ်းထားပြီး လူရိပ်လူရောင် မတွေ့ရချေ။



မေကျို့ဝါးက တွေ့လိုက်ရသည်ဆိုခြင်းကြောင့် တစ်စုံတစ်ယောက်သည် အမှောင်ရိပ်အတွင်းသို့ ပြေးဝင်ပုန်းရှောင်နေခြင်းဖြစ်မည်ဟု ယုံကြည်မိကြလေသည်။

"သက်ခြေဂိုဏ်းက သူတို့လူတွေ ခံလိုက်ရတာကို မကျေနပ်လို့ ဒုက္ခပေးဖို့လာပြီး ချောင်းမြောင်းလုပ်ကြတာဖြစ်နိုင်တယ်"

ကျင်းလုံ လွတ်ခနဲ ရေရွတ်လိုက်သည်။

ရွှေလီမျက်နှာပျက်သွားသည်။

"ဒီအတိုင်းဆိုရင် လက်ပိုက်ကြည့်နေလို့ မဖြစ်ဘူး၊ မောင်ရင်လေးတို့ ဒီမှာစောင့်နေခဲ့ကြပါဦး၊ ကျုပ်သွားကြည့်လိုက်ဦးမယ်"

ကျင်းလုံ ထိုင်ရာမှ ထလိုက်သည်။

"ကျွန်တော်လည်း လိုက်ခဲ့မယ်၊ အကျိုးအကြောင်းမသိရသေးဘဲ ရွာသူရွာသားတွေကို အထိတ်တလန့် မဖြစ်စေချင်ပါဘူး"

"ကောင်းပြီလေ ကျုပ်တို့ မသိမသာ သွားကြတာပေါ့"

ကျင်းလုံက မေကျို့ဝါးကိုကြည့်လိုက်သောအခါ မျက်နှာလေးငယ်နေသည်ကို တွေ့လိုက်ရသဖြင့် အားပေးနှစ်သိမ့်လိုက်သည်။

"ညီမ ဒီမှာပဲနေပါ၊ ဘာမှ မစိုးရိမ်ပါနဲ့၊ ကျုပ်တို့ ခဏချင်းပြန်လာခဲ့ပါမယ်"

"ကောင်းပါပြီရှင်"

www.burmeseclassic.com

www.burmeseclassic.com



မေကျို့ဂါးက သဘောတူလိုက်ရာ ကျင်းလုံလည်း မီးပုံပွဲ၌ ပျော်ပွဲရွှင်ပွဲဆင်နွှဲနေသော ရွာသူရွာသားများ မရိပ်မိရန်အောင် ရှူလီနှင့်အတူ တိတ်တဆိတ် လိုက်ပါသွားလေတော့သည်။

❋

ကျင်းလုံနှင့် ရှူလီတို့သည် မီးပုံပွဲကျင်းပရာ မြေကွက်လပ်မှ တိတ်တဆိတ်ထွက်ထာခဲ့ကြပြီး အရှေ့ဘက်အရပ်သို့ ပြေးလွှားသွားကြရာ မကြာမီ နှစ်ယောက်သား အမှောင်ရိပ်ထဲသို့ ရောက်ရှိသွားကြလေသည်။

"ဦး... သတိထားပါ"

ကျင်းလုံက အလေ့ာတကြီး ဖြစ်နေသော ရှူလီကို လှမ်း၍သတိပေးလိုက်လေသည်။

ထိုစဉ်...

"ဟူး ဟူး ဟူး"

အဝတ်အစားလေတိုးသံများ ထွက်ပေါ်လာကာ မလှမ်းမကမ်းမှနေ၍ လူရိပ်တစ်ရိပ်ဖြတ်ပြေးသွားသည်ကို တွေ့လိုက်ရ၏။

"မပြေးနဲ့"

ရှူလီက တုံ့ဆိုင်းမနေဘဲ ဓားဆွဲထုတ်ကာ ချက်ချင်း ပြေးလိုက်သွားလေသည်။



ကျင်းလုံလည်း ကပျာကယာ ပြေးလိုက်သွားသော်လည်း အမှောင်ဖုံးနေခြင်းကြောင့်လည်းကောင်း၊ သစ်ပင်ဝါးပင်များရှိနေခြင်းကြောင့်လည်းကောင်း၊ တစ်ဓာတွင်းမှာပင် လူချင်းကွဲသွားကြတော့သည်။

ကျင်းလုံ ရင်ထိတ်သွား၏။

"ရွာပိုင်ရှင်... ဘယ်ရောက်သွားပါလိမ့်"

တွေးတောရင်း သတိကြီးစွာထားကာ ရှာဖွေလိုက်စဉ်မှာပင်...

"အား..."

မလှမ်းမကမ်းတစ်နေရာမှ စူးရှသော အော်သံတစ်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

"ဟင်"

ကျင်းလုံ ရင်ထိတ်သွား၏။

ကြားလိုက်ရသည်ကား ရွာပိုင်ရှင်ရှူလီ၏ အသံဖြစ်နေသည် မဟုတ်ပါလား။

"ရွာပိုင်ရှင်တော့ ရန်သူနဲ့တွေ့နေပြီ ထင်တယ်"

ကျင်းလုံသည် အော်ဟစ်သံ ထွက်ပေါ်လာရာသို့ ဦးတည်ကာ ကမန်းကတန်းပြေးလွှားသွားလေသည်။

သစ်ပင်များကြားမှဖြတ်ကာ ပြေးထွက်လိုက်သည်နှင့် ကောက်ရိုးများစုပုံထားသော မြေကွက်လပ်တစ်ခုသို့ ရောက်ရှိသွား၏။

တိုက်တိုက်ဆိုင်ဆိုင်ပင် ကောင်းကင်ပေါ်၌ လခြမ်းပွဲ

www.burmeseclassic.com



ကလေး ထွက်ပေါ်လာရာ မသဲမကွဲကြယ်ရောင်၊ ထရောင်ဖြင့် ကောက်ရိုးပုံတစ်ခုနံဘေး၌ ခွေခွေကလေးလဲကျနေသော လူတစ်ယောက်ကို တွေ့လိုက်ရလေသည်။

"ရွာပိုင်ရှင်"

ကျင်းလုံ အထိတ်တလန့်ခေါ်လိုက်၏။

လဲကျနေသူကား ရှုလီဖြစ်ပါသည်။

တဒင်္ဂအချိန်လေးအတွင်းမှာ ရှုလီသည် ရန်သူ့ထက် ချက်မိသွားပြီ ဖြစ်လေသည်။

ကျင်းလုံသည် ရှုလီထံပြေးသွားရန် ဟန်ပြင်လိုက်စဉ် မလှမ်းမကမ်း၌ လူတစ်ယောက်ရှိနေသည်ကို သတိပြုမိလိုက်လေသည်။

ကျင်းလုံ၏ ခြေလှမ်းများ တုံ့ခနဲရပ်သွားသည်။

သေသေချာချာ ကြည့်လိုက်ရာ အဖြူရောင်အနားကွပ် အနက်ရောင်အဝတ်အစားများ ဝတ်ဆင်ထားသူ တစ်ယောက်ဖြစ်နေသည်ကို တွေ့လိုက်ရလေသည်။

ထိုလူကား သက်ခြေဂိုဏ်းမှဖြစ်နေပေသည်။

ထူးခြားသည်ကား ထိုလူ၏မျက်နှာပေါ်တွင် ကြေးမျက်နှာဖုံးတစ်ခုစွပ်ထားခြင်းပင်တည်း။

"ခင်ဗျားဟာ သက်ခြေဂိုဏ်းချုပ်မဟုတ်လား"

ကျင်းလုံ ထွတ်ခနဲမေးလိုက်၏။

ထိုလူ့ထံမှ သေးငယ်စူးရှသော ရယ်မောသံထွက်ပေါ်လာလေသည်။



"မင်း မဆိုးဘူး၊ သစ္စာကျေးရွာပိုင်ရှင်ဟာ ကျုပ်တို့အာခံခဲ့တာမို့ ဆုံးမလိုက်တာပဲ"

"ခင်... ခင်ဗျား"

ကျင်းလုံ ဒေါသထွက်လာ၏။

သူ၏ဖခင်အား ထုပ်ကြံခဲ့သည့် သက်ခြေဂိုဏ်းချုပ်အား မျက်ဝါးထင်ထင်တွေ့မြင်လိုက်ရပြီ မဟုတ်ပါလား။

ကျင်းလုံ အံတင်းတင်းကြိတ်လိုက်သည်။

"ခင်ဗျားကြောင့် ကျုပ်အဖေသေခဲ့တာကို ဘယ်တော့မှ မမေ့ဘူးဆိုတာမှတ်ထား၊ ခင်ဗျားလည်း သေဖို့သာပြင်ထားပေတော့..."

ကြုံးဝါးရင်း သက်ခြေဂိုဏ်းချုပ်ထံသို့ ပြေးဝင်တိုက်ခိုက်လိုက်လေသည်။

သက်ခြေဂိုဏ်းချုပ်က ရယ်မောလိုက်သည်။

"မင်းအဖေတောင် မတတ်နိုင်တာ၊ မင်းက ဘာများတတ်နိုင်မှာမို့လဲ"

ပြောရင်း လက်ကိုတစ်ချက်ဝှေ့ယမ်းလိုက်ရာ...

"ဝုန်း"

ကျင်းလုံမှာ နောက်ဘက်သို့ စွန်ကြိုးပြတ်သကဲ့သို့ လွင့်စဉ်သွားတော့သည်။

သက်ခြေဂိုဏ်းချုပ်၏ သိုင်းပညာမှာ ကြောက်စရာကောင်းအောင် ထက်မြက်နေတော့၏။

ကျင်းလုံ ကပျာကယာ လူးလိမ့်ထလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းထောင့်မှ စီးကျလာသော သွေးများကို လက်ခုံဖြင့်သုတ်ပစ်ရင်း ထပ်မံတိုက်ခိုက်ရန်ဟန်ပြင်လိုက်သည်။

သက်ခြွေကိုဏ်းချုပ်က နှာခေါင်းရှုံ့လိုက်လေသည်။

"မင်း ဘာတတ်နိုင်မှာမို့လဲ၊ ဒီကနေ့ မင်းကံကောင်းသွားတယ်၊ ငါက သစ္စာကျေးရွာပိုင်ရှင်ရှုလီကိုပဲ ဆုံးမမယ်လို့ ဆုံးဖြတ်ထားတယ်၊ မင်းသေချင်တယ်ဆိုရင် လုတိန်းမြို့က ကြက်တူရွေးခေါင်းကြီးဆီကိုသွားပါ၊ သူ့ကို ငါက ရှင်းပစ်ဖို့ စီစဉ်ထားတယ်၊ အဲဒီမှာ ငါနဲ့တွေ့ရင် မင်းကို ချမ်းသာမပေးဘူး၊ ငါ့ကို နောက်ထပ်တွေ့ချင်ရင် လုတိန်းမြို့ကို ဆက်ဆက်လာခဲ့ပေတော့"

စကားဆုံးသည်နှင့် ချာခနဲလှည့်ကာ ခန္ဓာကိုယ် တစ်ချက်လှုပ်ရှားလိုက်သည်နှင့် အဝေးသို့ ရောက်သွားတော့သည်။

"ရပ်လိုက်"

ကျင်းလုံက အော်ဟစ်ကာ ပြေးလိုက်သွားသော်လည်း မမီတော့ပါ။

သက်ခြွေကိုဏ်းချုပ်သည် မှောင်ရိပ်ထဲ ရောက်ရှိသွားကာ မြင်ကွင်းမှကွယ်ပျောက်သွားလေတော့သည်။

❁

## ပုန်းနေတဲ့လူ

လုတိန်းမြို့...

လုတိန်းမြို့သည် ကြက်ဖျံမကျ စည်ကားသိုက်မြိုက်လှသော မြို့ကြီးတစ်မြို့ဖြစ်သည်။

သစ္စာကျေးရွာမှ ထွက်လာခဲ့သော ကျင်းလုံနှင့် မေကျိုဝါးတို့သည် နောက်တစ်နေ့တွင် လုတိန်းမြို့သို့ ရောက်ရှိလာခဲ့ကြလေသည်။

သစ္စာကျေးရွာ၌ ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်ကြောင့် နှစ်ယောက်စလုံး စိတ်မကောင်းဖြစ်နေမိကြသည်။

သက်ခြွေကိုဏ်းချုပ်သည် ရှုလီအား လုပ်ကြံလိုက်သည့်အပြင် ရှုလီထံ၌ ရှိနေသော တြိဂံကြေးပြားလေးအား ရရှိသွားခြင်းကြောင့် ရွာသူရွာသားများအား ဆက်လက်ဒုက္ခပေးတော့မည်မဟုတ်ဟု ထင်ရ၏။

မည်သို့ဆိုစေ...

တစ်နေ့တွင် ငွေလုံသိုင်းသမားနှင့် ရွာပိုင်ရှင်ရှုလီတို့အတွက်ပါ သက်ခြွေကိုဏ်းချုပ်ထံမှ အသက်ကြွေးတောင်းရမည်

www.burmeseclassic.com



ဟု ကျင်းလုံစိတ်ထဲ တေးမှတ်ထားလိုက်လေသည်။

လုတိန်းမြို့သို့ရောက်သောအခါ ကျင်းလုံက မေကျိူ့ဝါးအား မေးလိုက်လေသည်။

"ညီမ ဒီမြို့မှာ ညီမရဲ့ဆွေမျိုးသားချင်းတွေ ရှိတယ်မဟုတ်လား"

မေကျိူ့ဝါး ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် အစ်ကို၊ ကျွန်မရဲ့အဒေါ်တစ်ယောက်ရှိတယ်၊ သူ့ဆီသွားမလို့ပါ"

သူမက ဆက်၍ ရှင်းပြလိုက်လေသည်။

"ကျွန်မဟာ မိဘတွေဆီမှာ ခွင့်တောင်းပြီး အနယ်နယ် အရပ်ရပ်မှာရှိတဲ့ ဆွေမျိုးသားချင်းတွေဆီကို သွားရောက်လည်ပတ်ဖို့ အိမ်ကထွက်လာခဲ့တာပါ၊ ကျွန်မရဲ့ အဒေါ်ဆီကို သွားတဲ့အခါ အစ်ကိုပါလိုက်ခဲ့ပါလား"

ကျင်းလုံ သက်ပြင်းချလိုက်လေသည်။

"ကျုပ် မလိုက်နိုင်တာ ခွင့်လွှတ်ပါညီမရယ်... အရေးကြီးတဲ့ကိစ္စရှိနေလို့ပါ"

"အစ်ကိုက..."

"ကျုပ်တို့ကံကြုံဦးမယ်ဆိုရင် ပြန်ဆုံကြဦးမှာပေါ့၊ ခုအချိန်မှာတော့ ကျုပ်နဲ့ပတ်သက်နေရင် ညီမပါ ဒုက္ခရောက်မှာစိုးရိမ်ရတယ်၊ ကျုပ်တို့လမ်းခွဲလိုက်တာ အကောင်းဆုံးပါပဲ"

မေကျိူ့ဝါး မျက်နှာညှိုးသွားလေသည်။

"အစ်ကို အားထပ်တယ်ဆိုတာနဲ့ မြို့တောင်ဘက်က



ရေကန်ကြီးအနီးကိုလာခဲ့ပါ၊ ကျွန်မအဒေါ်ရဲ့ အိမ်ဟာ ရေကန်အနီးမှာရှိပါတယ်၊ အနိပ်သယ်အမေကြီးခုံးဝါးဆိုရင် လူတိုင်းသိကြပါတယ်"

သူမထံသို့လာရောက်လည်ပတ်ရန် မှာကြားနေခြင်းဖြစ်လေသည်။

ကျင်းလုံကခေါင်းညိတ် ကတိပေးလိုက်ပြီး မေကျိူ့ဝါးနှင့်လမ်းခွဲလိုက်သည်။

မေကျိူ့ဝါးကလည်း ခင်မင်ရင်းနှီးမိပြီဖြစ်၍ ကျင်းလုံအပေါ် သံယောဇဉ်တွယ်တာမိရကား လမ်းခွဲလိုက်ရသည်ကိုအလူးပင် စိတ်မကောင်းဖြစ်နေသည်။

သို့သော်လည်း ဘာမျှ မတတ်သာသဖြင့် နှုတ်ဆက်လမ်းခွဲလိုက်ရလေတော့သည်။

✱

ကျင်းလုံသည် မေကျိူ့ဝါးနှင့်လမ်းခွဲလိုက်ပြီးနောက် ငွေလုံသိုင်းသမားပြောပြလိုက်သည့် ကြက်တူရွေးခေါင်းကြီးအားရှာဖွေရန် စိုင်းပြင်းလိုက်လေသည်။

ကြက်တူရွေးခေါင်းကြီး ပုယမ်းကျီးသည် ရှစ်ကွက်အင်းနှင့်ပတ်သက်သော ကိစ္စအဝဝကို သူတစ်ပါးထက်ပို၍ ယထားသူဟု သတင်းကြီးသည်။

ပုယမ်းကျီးထံ၌ ရှစ်ကွက်အင်းအကြောင်းစုံစမ်းရမည်

www.burmeseclassic.com

www.burmeseclassic.com



အပြင် သက်ခြွေဂိုဏ်းချုပ်ကအနုရာယ်ပြုလိုမှုမည်ဖြစ်ကြောင်း ကိုလည်း သတိပေးရမည်ဖြစ်လေသည်။

ပုယမ်းကြီးမှာ လုတိန်းမြို့ဇာတိဖြစ်သည့်အပြင် နာမည်ကြီးသူလည်းဖြစ်ရာ လူတိုင်းက သူ့အားသိရှိကြလေသည်။

ကျင်းလုံအနေဖြင့် ခက်ခက်ခဲခဲ မစုံစမ်းရဘဲ ပုယမ်းကြီးနေထိုင်ရာအရပ်ကို သိလိုက်ရလေသည်။

ကျင်းလုံက အမြန်ဆုံး အရောက်သွားလိုက်၏။

ပုယမ်းကြီး၏အိမ်မှာ အခြားအိမ်များနှင့် အလှမ်းကွာဝေးသော ခြံဝင်းကျယ်ကြီးတစ်ခုအတွင်း၌ရှိလေသည်။

ကျင်းလုံ ရောက်သွားသောအခါ ခြံဝင်းတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်လျက် လူရိပ်လူရောင်လည်း မတွေ့ရသဖြင့် ရင်ထိတ်သွားလေသည်။

"ငါများ နောက်ကျသွားပြီလား"

ကျင်းလုံသည် ကျောက်ပြားခင်းထားသော လမ်းကလေးအတိုင်း ခပ်သုတ်သုတ်လျှောက်လှမ်းသွားလိုက်ရာ ပုယမ်းကြီး၏ အိမ်ရှေ့သို့ရောက်သွားလေသည်။

အိမ်တံခါးပေါက်များနှင့် ပြတင်းပေါက်များဖွင့်ထားသည်ကိုတွေ့ရသဖြင့် အနည်းငယ်စိတ်အေးသွားသည်။

တံခါးများဖွင့်ထားသဖြင့် အိမ်ထဲ၌ လူရှိနေနိုင်သည် မဟုတ်ပါလား။

"အိမ်ရှင်တို့... အိမ်ရှင်တို့"

ကျင်းလုံက အော်ခေါ်လိုက်ရာ...



"လာပြီ...လာပြီ"

အိမ်ထဲမှ အဘိုးအိုတစ်ယောက် ထွက်လာသည်ကို တွေ့လိုက်ရလေသည်။

ထိုအဘိုးအိုသည် အိမ်ထိန်းကြီးများ ဝတ်ဆင်လေ့ရှိသော အဝတ်အစားများ ဝတ်ဆင်ထားခြင်းကြောင့် ပုယမ်းကြီးမဖြစ်နိုင်ဟု တွေးမိလိုက်သည်။

ကျင်းလုံက အဘိုးအိုအား ဦးညွတ်ကာ ပြောလိုက်လေသည်။

"ကျွန်တော့်နာမည် ကျင်းလုံလို့ခေါ်ပါတယ်၊ အိမ်ရှင် ပုယမ်းကြီးကိုတွေ့ချင်လို့ လာခဲ့တာပါ"

အဘိုးအို ခေါင်းခါယမ်းလိုက်သည်။

"အိမ်ရှင် မရှိဘူး၊ ခရီးထွက်သွားတာ တစ်လလောက်ရှိပြီကွဲ့"

"ဗြော်..."

ကျင်းလုံ ငိုင်သွားလေသည်။

ခရီးဝေးမှလာခဲ့ရသည်မှာ သဲထဲရေသွန်သလိုဖြစ်ရပြီဟု တွေးလိုက်မိလေသည်။

"သူ ဘယ်တော့လောက် ပြန်ရောက်လာနိုင်မလဲဆိုတာသိရင် ပြောပြပါလားဗျာ"

အဘိုးအို ခေါင်းခါယမ်းလိုက်ပြန်သည်။

"သူက မပြောမဆိုဘဲ ထွက်သွားတာ ဘယ်ကိုသွားမယ်၊ ဘယ်တော့ပြန်လာမယ်ဆိုတာ ပြောမသွားပါဘူး၊ ကျုပ်

www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲမှာတော့ သူ တော်တော်နဲ့ပြန်ရောက်လာလိမ့်မယ်လို့ မထင်ဘူး"

ကျင်းလုံ ဘာမျှမတတ်နိုင်တော့ပါ။

"ကောင်းပါပြီခင်ဗျာ၊ နောက်မှပဲ ကျွန်တော် တစ်ခေါက်ထပ်လာခဲ့ပါဦးမယ်၊ ခွင့်ပြုပါဦး"

ကျင်းလုံသည် အဘိုးအိုကိုနှုတ်ဆက်ကာ လှည့်ထွက်ခဲ့ရလေတော့သည်။

❋

ခြံဝင်းအပြင်ဘက်သို့ ရောက်လာသောအခါ ကျင်းလုံ ခြေလှမ်းရပ်တန့်လိုက်သည်။

မည်သည့်နေရာသွားရမည်ကို ရုတ်တရက် စဉ်းစား၍ မရသောကြောင့် ဖြစ်လေသည်။

သူသည် ဖခင်လုပ်ကြံခံရသဖြင့် သက်ခြွေဂိုဏ်းချုပ်နှင့်ရင်ဆိုင်ရန် သိုင်းလောကထဲဆင်းလာခဲ့ခြင်းဖြစ်ပါသည်။

သစ္စာကျေးရွာ၌ သက်ခြွေဂိုဏ်းချုပ်နှင့်ရင်ဆိုင်ရသည့်အခါ သိုင်းကွက်တစ်ကွက်ပင် မခံနိုင်သဖြင့် အထိတ်တလန့်ဖြစ်ခဲ့ရလေသည်။

သူ၏သိုင်းပညာဖြင့် သက်ခြွေဂိုဏ်းချုပ်အား ယှဉ်နိုင်မည်မဟုတ်ကြောင်း ကောင်းကောင်းကြီး သဘောပေါက်နားလည်လာသည်။



ဤတွင် မိစ္ဆာနိုင်သိုင်းသမားကြီး၏ ရှစ်ကွက်အင်းကို စိတ်ဝင်စားမိခဲ့တော့သည်။

ရှစ်ကွက်အင်းကိုရလျှင် မိစ္ဆာနိုင်သိုင်းပညာကို ရရှိလိမ့်မည်ဖြစ်သည်။

သက်ခြွေဂိုဏ်းချုပ်အား ကောင်းစွာရင်ဆိုင်နိုင်မည်ဟုလည်း ယုံကြည်မိလေသည်။

ရှစ်ကွက်အင်းနှင့်ပတ်သက်၍ ကြက်တူရွေးခေါင်းကြီးက ခရေစေ့တွင်းကျသိနေခြင်းကြောင့် သူ့ထံသို့အားကိုးတကြီးလာခဲ့ခြင်းလည်းဖြစ်သည်။

ကြက်တူရွေးခေါင်းကြီးနှင့် မတွေ့ရသောအခါ ကျင်းလုံသည် အိမ်ထိန်းအဘိုးအိုအား နောက်တစ်ခေါက် သွားတွေ့ပြီး ကြက်တူရွေးခေါင်းကြီးအကြောင်း သေသေချာချာ မေးမြန်းစုံစမ်းရန် ဆုံးဖြတ်လိုက်သည်။

ကျင်းလုံက ချက်ချင်းပင် ခြံဝင်းအတွင်းသို့ ပြန်လည်ဝင်လာခဲ့သည်။

ယခုတစ်ကြိမ်တွင်မူ အိမ်ရှေ့သို့ရောက်သွားသည်နှင့် အိမ်တံခါးမကြီးနှင့်တကွ ပြတင်းပေါက်များပါ ပိတ်ထားသည်ကို တွေ့ရလေသည်။

ကျင်းလုံ အံ့သြသွား၏။

"ဘယ်လိုဖြစ်တာပါလိမ့်"

အိမ်ထိန်းအဘိုးအိုသည် အိမ်တံခါးကိုပိတ်ကာ ထွက်ခွါသွားပြီလော။

www.burmeseclassic.com

www.burmeseclassic.com



မည်သည့်နည်းနှင့်မျှ မဖြစ်နိုင်ဟု တွေးမိနေစဉ်မှာပင် အိမ်ထဲမှ တီးတိုးပြောဆိုနေသောစကားသံများကို မသဲမကွဲ ကြားလိုက်ရလေသည်။

ကျင်းလုံ စိတ်ဝင်စားသွားလေ၏။

"အိမ်ထဲမှာ လူရှိနေတာပဲ"

အမှတ်တမဲ့ဖြစ်ကာ စကားသံများကို နားထောင်လိုက်မိလေသည်။

လူနှစ်ယောက် အပြန်အလှန်ပြောဆိုနေခြင်းဖြစ်ပေသည်။

"အိမ်ထိန်းကြီး ဘယ်ကကောင်လေးထဲဗျ"

"ကျုပ်တစ်ခါမှမမြင်ဖူးဘူး၊ မျက်နှာစိမ်းတစ်ယောက်ပဲဗျ၊ ဒီမြို့က မဖြစ်နိုင်ဘူး"

"ဒါဖြင့် သူဟာ သက်ခြေဂိုဏ်းသားတစ်ယောက်ဖြစ်နိုင်တာပေါ့"

"ပြောရခက်တယ်၊ လူဆိုးလူမိုက်ရုပ်တော့ မရှိဘူး၊ ရည်ရည်မွန်မွန်ပဲ၊ ကိစ္စတစ်ခုခုရှိလို့ လာရာတာဖြစ်ပါလိမ့်မယ်"

"အခုချိန်မှာ ကျုပ်ရဲ့အသက်အန္တရာယ်က အရေးကြီးတယ်၊ ဘယ်သူပဲလာမေးမေး ကျုပ်မရှိဘူး၊ ခရီးထွက်သွားတယ်လို့သာ ပြောလိုက်ပါ"

"စိတ်ချ…စိတ်ချ"

ကြားလိုက်ရသောစကားများကြောင့် ကြက်တူရွေးခေါင်းကြီးအိမ်ထဲ၌ရှိနေကြောင်းထင်ရှားနေ၏။



ကျင်းလုံက တံခါးကို တွန်းဖွင့်လိုက်မိသည်။

"ဝုန်း"

တံခါးမှာ စေ့ရုံသာစေ့ထားသဖြင့် ဝုန်းခနဲ ပွင့်သွားလေသည်။

ကျင်းလုံ အိမ်ထဲလှမ်းဝင်လိုက်၏။ အိမ်ထဲတွင် လူနှစ်ယောက်ရှိနေသည်ကို တွေ့လိုက်ရလေသည်။

တစ်ယောက်မှာ အိမ်ထိန်းအဘိုးအိုဖြစ်ပြီး ကျန်တစ်ယောက်မှာ အနီရဲရဲအရောင်များ ဝတ်ဆင်ထားသူဖြစ်သည်။

ထိုလူမှာ အသက်ငါးဆယ်ခန့်ရှိပြီး မျက်နှာပြားပြားနှင့်ခေါင်းကောက်ကောက်နှင့် ဦးခေါင်းပေါ်မှ ဆံပင်များလည်း နီကြောင်ကြောင် ထိုးထိုးထောင်ထောင်နှင့် ကြက်တူရွေးတစ်ကောင်အမောက်ထောင်ထားသကဲ့သို့ ရှိနေ၏။

ထိုလူမှာ သူတွေ့လိုသော ကြက်တူရွေးခေါင်းကြီး ပုယမ်းကျီးဖြစ်ကြောင်း ကျင်းလုံအနေဖြင့် ချက်ချင်းပင် ရိပ်မိလိုက်တော့သည်။

မှန်ပေသည်။

ပုယမ်းကျီးနှင့် အိမ်ထိန်းကြီးတို့သည် ကျင်းလုံက ရုတ်တရက် ဝင်ရောက်လာလေသောကြောင့် အံ့သြသွားကြ၏။

"မင်း…မင်း"

ကျင်းလုံက ပုယမ်းကျီးကို ဦးညွှတ်လိုက်လေသည်။

"ကျွန်တော်က ကျင်းလုံပါ၊ ကျင်းအိမ်တော်ပိုင်ရှင် နေဂါးသိုင်းသမား ထင်းလုံရဲ့သားပါ၊ အရေးကြီးတဲ့ကိစ္စတစ်ခု

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ဦးဆီကိုလာခဲ့ရတာပါခင်ဗျာ”

ပုယမ်းကြီး မျက်မှောင်ကုတ်သွားသည်။

ကျင်းလုံမှာ သူ့အား ဒုက္ခပေးမည့်သူမဟုတ်ကြောင်း ချက်ချင်း ရိပ်မိလိုက်လေသည်။

“မိုးနဂါးထင်းလုံရဲ့သား၊ ဟုတ်လား”

“ဟုတ်ပါတယ် ခင်ဗျာ”

ပုယမ်းကြီး သက်ပြင်းချလိုက်မိလေသည်။

“အင်း...မြောက်ပိုင်းက မိုးနဂါးဆိုတာ သိုင်းလောက မှာ နာမည်ကျော်ခဲ့တာပဲ၊ လူချင်း မရင်းနှီးပေမယ့် သူ့နာမည် ကြားပြီး လေးစားခဲ့တာကြာပါပြီ၊ မင်းရဲ့အဖေ နေကောင်းတယ် မဟုတ်လား”

ကျင်းလုံ ငိုင်ကျသွား၏။

“ဖေဖေဟာ သက်ခြေဂိုဏ်းရဲ့လက်ချက်နဲ့ သေဆုံး သွားပါပြီခင်ဗျာ”

“ဟင်”

ပုယမ်းကြီး လှုပ်လှုပ်ရှားရှားဖြစ်သွားလေသည်။

“လက်စသတ်တော့ သူလည်း တခြားသိုင်းသမား တွေလိုပဲ သက်ခြေဂိုဏ်းရဲ့လက်ချက်မိသွားရှာပြီကိုး”

“ဟုတ်ပါတယ် ခင်ဗျာ၊ ကျွန်တော်လည်း သက်ခြေ ဂိုဏ်းကိုရင်ဆိုင်ဖို့ မြောက်ပိုင်းကနေ သိုင်းလောကထဲ ဆင်း လာခဲ့တာပါခင်ဗျာ”

ပုယမ်းကြီး ခေါင်းခါယမ်းလိုက်သည်။



“သက်ခြေဂိုဏ်းကို ချေမှုန်းပစ်ဖို့ဆိုတာ ဒီအချိန်မှာ ဘယ်လိုမှမဖြစ်နိုင်တော့ဘူး၊ မကြာခင် သူတို့ဟာသိုင်းလောက တစ်ခုလုံးကို လွှမ်းမိုးသွားလိမ့်မယ်၊ သူတို့ကို အာခံတဲ့လူတိုင်း ဟာ အသက်ဆုံးရှုံးသွားကြရမှာပဲ”

ထိုစကားကြောင့် ကျင်းလုံ မကျေမနပ်ဖြစ်သွား၏။

“သက်ခြေဂိုဏ်းကို ဒီလောက်လည်း အထင်ကြီးပြီး ကြောက်လန့်စရာမလိုပါဘူးခင်ဗျာ၊ သိုင်းလောကကို လွှမ်းမိုး ကြံစည်တဲ့သူတိုင်းဟာ နောက်ဆုံးတစ်နေ့မှာ သိုင်းလောက သားတွေရဲ့ဒဏ်ခတ်ခြင်းကိုခံရပြီး မရှုမလှကျဆုံးသွားခဲ့ရတာ ချည်းပဲမဟုတ်လား”

ပုယမ်းကြီးက လက်ကာပြလိုက်သည်။

“ခုတစ်ကြိမ် အရင်ကနဲ့မတူတာကို မင်း ထည့်မ တွက်မိဘူးထင်တယ်၊ သက်ခြေဂိုဏ်းချုပ်ဟာ မိစ္ဆာနိုင်သိုင်း သမားကြီးတီထွင်ခဲ့တဲ့ ရှစ်ကွက်အင်းကို သဲကြီးမဲကြီးရှာဖွေနေ တယ်၊ ရသွားပြီဆိုရင် ဘယ်သူကမှ သူ့ကိုယှဉ်နိုင်ကြမှာ မ ဟုတ်တော့ဘူး၊ သိုင်းလောကတစ်ခုလုံး သူ့ရဲ့ခြေဖဝါးအောက် ရောက်သွားမှာ အသေအချာပဲ”

ကျင်းလုံ လက်မခံပါ။

“သူတို့က ဘယ်လိုပဲကြိုးစားပေမယ့် ရှစ်ကွက်အင်း ကို ရဖို့ဆိုတာ မလွယ်ကူတဲ့ကိစ္စပါ၊ သူတို့...”

သူ၏စကားမဆုံးမီ ပုယမ်းကြီးက ကြားဖြတ်ပြော၏။

“မင်းမှားနေပြီ၊ ခုအချိန်ဆိုရင် သက်ခြေဂိုဏ်းချုပ်ဟာ

www.burmeseclassic.com

www.burmeseclassic.com



ရှစ်ကွက်အင်းအဖြစ် ဖွဲ့စည်းထားတဲ့ ကြေးပြား အစိတ်အပိုင်းရှစ်ခုထဲက အနည်းဆုံး သုံးပုံနှစ်ပုံလောက် ရထားပြီးပြီ။ ကျန်နေသေးတဲ့အစိတ်အပိုင်းတွေကို သူ မရနိုင်ဘူးလို့ ဘယ်သူ ပြောနိုင်မှာလဲ"

ကျင်းလုံ ခံပြင်းလာသည်။

"ရှစ်ကွက်အင်းအပြည့်အစုံကို သူဘယ်တော့မှမရနိုင်ဘူးလို့ ကျွန်တော် အာမခံတယ်"

သူ့တွင် ငွေလုံသိုင်းသမားထံမှရရှိခဲ့သည့် တြိဂံကြေးပြားလေးတစ်ခုရှိနေသဖြင့် ပြတ်သားစွာပြောလိုက်ခြင်းဖြစ်၏။

ပုယမ်းကျိုး လက်ကာပြလေသည်။

"သူငယ် ကျုပ်ဆီကို လာခဲ့တာ သက်ခြေဂိုဏ်းနဲ့ ပတ်သက်ပြီး ငြင်းခုန်ဖို့မဟုတ်ဘူးလို့ ကျုပ်ထင်တယ်"

ကျင်းလုံ သက်ပြင်းချကာ စိတ်လျော့လိုက်လေသည်။

"ဟုတ်ပါတယ်ခင်ဗျာ၊ ရှစ်ကွက်အင်းနဲ့ ပတ်သက်ပြီး ဦးဆီမှာမေးမြန်းစုံစမ်းချင်လို့ လာခဲ့တာပါ"

ပုယမ်းကျိုး မဲ့ပြုံးပြုံးလိုက်သည်။

"မင်းလည်း ရှစ်ကွက်အင်းနောက်ကို လိုက်နေတဲ့ လူတစ်ယောက်ပဲကိုး"

ကျင်းလုံ မခံချိမခံသာ ဖြစ်သွား၏။

ပုယမ်းကျိုး၏စကားက သူ့အား အထင်သေးသလိုသို့ရှိနေသည် မဟုတ်ပါလား။

ရင်ထဲမှမာနများ ဖြစ်ပေါ်လာခြင်းကြောင့်…



"ကျွန်တော်က ရှစ်ကွက်အင်းအကြောင်း စုံစမ်းနေတာ သက်ခြေဂိုဏ်းကိုချေမှုန်းဖို့ပါ၊ ဦးတစ်ယောက်ထဲပဲ ပြည့်ပြည့်စုံစုံသိထားတယ်ဆိုတာကြောင့် လာခဲ့တာပါ၊ ဦးက မပြောချင်ဘူးဆိုရင်လည်း၊ ကျွန်တော်ပြန်ပါတော့မယ်"

စကားဆုံးသည်နှင့် ချာခနဲလှည့်ထွက်လိုက်၏။

"ဟေ့… ဟေ့… နေဦး"

ပုယမ်းကျိုးက ဟန့်တားလိုက်သည်။

"မင်းအဖေဟာ ငါ့လေးစားတဲ့လူတစ်ယောက်ပါ၊ မင်းက သက်ခြေဂိုဏ်းကိုချေမှုန်းဖို့ ကြိုးစားနေတယ်ဆိုတာလည်း ငါလက်ခံပါတယ်၊ သိုင်းလောကသားတွေဟာ တစ်နေ့ တစ်နေ့ ငါ့ဆီလာပြီး ရှစ်ကွက်အင်းအကြောင်းချည်းမေးနေလို့ ငါ စိတ်ပျက်ပြီး ပြောမိတာပါ၊ သက်ခြေဂိုဏ်းရဲ့ အန္တရာယ်ကလည်း ရှိနေသေးတယ်မဟုတ်လား"

ကျင်းလုံက မျက်မှောင်ကုတ်၍ကြည့်လိုက်သည်။

ပုယမ်းကျိုက လက်ယပ်ခေါ်သည်။

"လာပါ… ဒီမှာထိုင်ပါဦး၊ တို့တတွေ အေးအေးဆေးဆေး စကားပြောကြတာပေါ့"

ကျင်းလုံ ပင့်သက်ရှိုက်လိုက်သည်။

စိတ်လိုက်မာန်ပါ မလုပ်သင့်ဟုတွေးကာ ပုယမ်းကျိုးထံသို့ လှမ်းသွားလိုက်လေသည်။

"ထိုင်ပါ…ထိုင်ပါ"

ပုယမ်းကျိုးသည် နေရာထိုင်ခင်းပေးကာ အိမ်ထိန်း

www.burmeseclassic.com

www.burmeseclassic.com



အဘိုးအိုအား လှမ်းပြောလိုက်သည်။

"အိမ်ထိန်းကြီး၊ ညှော်သည်ကိုညှော်ခံဖို့ တစ်ခုခုစီစဉ်ပေးပါဦး"

ကျောင်းလုံက ငြင်းရန်ဟန်ပြင်နေစဉ် အိမ်ထိန်းကြီးက အလျှင်အမြန်ထွက်သွားလေသည်။

ပုယမ်းကျီးက သူ့အားအကဲခတ်ကြည့်ကာ...

"မင်းက ရှစ်ကွက်အင်းကို ရှာဖွေပြီး သက်ခြေဂိုဏ်းကို ဆုံးမမယ်လို့ စိတ်ကူးထားတယ်ဟုတ်လား"

ကျောင်းလုံခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်၊ ရှစ်ကွက်အင်းဟာ ပြိုင်ဘက်ကင်းတဲ့ သိုင်းပညာအဖြစ် နာမည်ကြီးနေတော့ ရခဲ့မယ်ဆိုရင်တော့ သက်ခြေဂိုဏ်းကိုချေမှုန်းနိုင်မှာ သေချာပါတယ်"

"ရှစ်ကွက်အင်းကိုလိုချင်တဲ့ မင်းရဲ့ရည်ရွယ်ချက်က သက်ခြေဂိုဏ်းကိုချေမှုန်းပစ်ဖို့ ဆိုပါတော့..."

"ဟုတ်ပါတယ်ခင်ဗျာ၊ တခြား ဘယ်လိုရည်ရွယ်ချက်မှမရှိပါဘူး"

ပုယမ်းကျီး ဦးခေါင်းတဆတ်ဆတ်ညိတ်လိုက်သည်။

"မင်းဟာကိုယ်ကျိုးရှာမယ့် လူတစ်ယောက်မဟုတ်ဘူးဆိုတာ ကျုပ်ရိပ်မိပါတယ်၊ စောစောက ကျုပ်ပြောဆိုခဲ့တာကို ခွင့်လွှတ်ဖို့တောင်းပန်ပါတယ်"

ယခုမှ ထင်းလုံဘဝေ[illegible]ျသွားတော့သည်။

ပုယမ်းကျီးက ဆက်ပြောသည်။



"သိုင်းလောကသားတွေဟာ သက်ခြေဂိုဏ်းကြောင့် သိုင်းလောကကြီးပျက်စီးရတော့မယ့်အရေးကို လျစ်လျူရှုပြီး ကိုယ်ကျိုးအတွက်အသုံးချဖို့ ရှစ်ကွက်အင်းကိုရယူချင်ကြတယ်၊ လောဘကြီးသူတစ်ချို့ဟာ ကျုပ်ကို ဒုက္ခပေးဖို့တောင် ကြိုးစားခဲ့ကြဖူးတယ်၊ ဒါကြောင့် ကျုပ်ဆီကို ရှစ်ကွက်အင်းနဲ့ ပတ်သက်ပြီးရောက်လာတဲ့လူတွေကို ကျုပ်က မုန်းတီးနေခဲ့မိတာပဲ၊ မင်းကိုတော့ ကျုပ်သဘောကျခဲ့မိတယ်၊ ဘယ်လိုကူညီရမယ်ဆိုတာပြောပါ"

ကျောင်းလုံက ပွင့်ပွင့်လင်းလင်းပင်ပြောလိုက်သည်။

"ကျွန်တော်လာခဲ့တာ အကြောင်းနှစ်ခုရှိပါတယ်၊ တစ်ခုကတော့ ရှစ်ကွက်အင်းအကြောင်းသိချင်လို့ပါ၊ နောက်တစ်ခုကတော့ ဦးကိုသတိပေးချင်လို့ပါ"

ပုယမ်းကျီး မျက်မှောင်ကုတ်သွားလေသည်။

"ကျုပ်ကိုသတိပေးချင်လို့ ဟုတ်လား"

"ဟုတ်ပါတယ်ခင်ဗျာ"

"ဘာများ သတိပေးချင်လို့လဲ"

"သက်ခြေဂိုဏ်းနဲ့ပတ်သက်နေလို့ပါ"

"ဩော်..."

ပုယမ်းကျီး ဦးခေါင်းတဆတ်ဆတ်ညိတ်လိုက်သည်။

"သက်ခြေဂိုဏ်းက ကျုပ်ကိုသုတ်သင်ရှင်းလင်းပစ်လိမ့်မယ်ဆိုတဲ့သတင်း ကျုပ်ကြားပြီးပါပြီ"

"ဟင်..."

www.burmeseclassic.com

www.burmeseclassic.com



ကျင်းလုံ အံ့သြသွားသည်။

"ဦး ကြားပြီးပြီဟုတ်လား"

"ဟုတ်တယ်...သူတို့ဟာ ရှစ်ကွက်အင်းနဲ့ ပတ်သက်ပြီး သူတို့လိုချင်တာမရရင် ကျုပ်ကိုသတ်ပစ်ကြလိမ့်မယ်"

ကျင်းလုံ ပင့်သက်ရှိုက်လိုက်သည်။

"ဟုတ်ပါတယ်၊ သက်ခြွေဂိုဏ်းချုပ်ဟာ ဦးကိုရှင်းပစ်ဖို့ကြံစည်နေပါတယ်"

ပုယမ်းကျီး ပြုံးလိုက်သည်။

"သူတို့ ဘယ်လောက်ပဲ ကြီးကြီးကျယ်ကျယ်ပြောပေမယ့် တကယ်တမ်းကျရင် ကျုပ်ကိုလက်ဖျားနဲ့တောင် တို့ရဲမှာမဟုတ်ပါဘူး၊ ကျုပ်ကိုဒုက္ခပေးတာနဲ့ ရှစ်ကွက်အင်း အကြောင်း သူတို့ သိရတော့မှာမဟုတ်ဘူး"

လောကပေါ်တွင် ရှစ်ကွက်အင်းအကြောင်း ခွဲရေးစွဲတွင်းကျသိသူဆို၍ ပုယမ်းကျီးတစ်ယောက်တည်းသာရှိနေသည်မဟုတ်ပါလား။

ပုယမ်းကျီးက စကားကိုဆက်လိုက်သည်။

"သက်ခြွေဂိုဏ်းချုပ်ဟာ ရှစ်ကွက်အင်းမှာပါတဲ့ အစိတ်အပိုင်း သုံးပုံနှစ်ပုံလောက်ရထားပြီဆိုတာ မင်းကိုပြောခဲ့သေးတယ်မဟုတ်လား"

"ဟုတ်ပါတယ်ခင်ဗျာ"

"အဲဒါတကယ်ပဲ၊ ရှစ်ကွက်အင်းတစ်ခုလုံးကိုရဖို့ကြေးပြားသုံးပြားပဲ လိုတော့တယ်၊ ကျန်နေတဲ့ ကြေးပြားသုံးပြား



ကိုသာ သူရသွားမယ်ဆို ရင် ကျားကို အတောင်ပံတပ်ပေးသလို ဖြစ်သွားမှာပဲ၊ သိုင်းလောကမှာ သူ့ကိုယှဉ်နိုင်မယ့်လူ ရှိတော့မှာမဟုတ်ဘူး"

ကျင်းလုံ ရင်ထိတ်သွားသည်။

ရှစ်ကွက်အင်း၏ အစိတ်အပိုင်းများဖြစ်သော ကြေးပြား ရှစ်ပြားအနက် ငါးခုကိုသက်ခြွေဂိုဏ်းချုပ် ရထားပြီဆိုပါလျှင် ကျန်ကြေးပြားသုံးပြားအားရယူဖို့ သဲကြီးမဲကြီးကြိုးစားတော့မည်ဖြစ်သည်။

ကျန်ကြေးပြားများကိုသာရသွားပါက ပြိုင်ဘက်ကင်းသောသိုင်းပညာရရှိသွားကာ သိုင်းလောကအား ပို၍ဒုက္ခပေးတော့မည်ဖြစ်သည်။

သက်ခြွေဂိုဏ်းအား မည်သူကမျှ ယှဉ်နိုင်တော့မည်မဟုတ်သဖြင့် သိုင်းလောကတစ်ခုလုံး ပျက်စီးရတော့မည်မှာ သေချာလှပေတော့သည်။

ပုယမ်းကျီးက မဲ့ပြုံးပြုံးလိုက်သည်။

"ဒါပေမယ့် သိပ်ပြီးစိတ်ပူစရာမလိုပါဘူး၊ ကျန်နေတဲ့ ကြေးပြားသုံးပြားကို သူတို့ရှာတွေ့ဖို့မလွယ်ပါဘူးလေ"

ကျင်းလုံမှာ ကြေးပြားတစ်ပြား မိမိထံ၌ရှိနေကြောင်း ဖွင့်ပြောမိတော့မလိုဖြစ်သွားလေသည်။

တကယ်တမ်းပြောဖြစ်သည်ကား...

"ကျန်တဲ့ကြေးပြားတွေ ဘယ်ရောက်သွားလို့လဲ"

ဟူ၍ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပုယမ်းကျီး ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်လည်း သေသေချာချာမသိဘူး၊ မြောက်ပိုင်းက သိုင်းသမားညီအစ်ကိုနှစ်ယောက်ဆီမှာတော့ ကြေးပြားတစ်ခုစီရှိနေတယ်လို့ သတင်းသဲ့သဲ့ကြားမိတာပဲ၊ ကျန်တဲ့တစ်ခုကတော့ စုပ်စမြုပ်စပျောက်နေတယ်၊ ဘာသတင်းမှ မကြားရဘူး၊ ဒါကြောင့် ကြေးပြားရှစ်ပြားစလုံးကို သက်ခြွေဂိုဏ်းချုပ်ရရှိဖို့ဆိုတာ လွယ်လွယ်နဲ့တော့မဖြစ်နိုင်ဘူး"

ကျင်းလုံက အားတက်သရော မေးလိုက်သည်။

"ကြေးပြားရှစ်ပြား မစုံလင်ဘူးဆိုရင် ရှစ်ကွက်အင်းသိုင်းပညာကို သက်ခြွေဂိုဏ်းချုပ် မရနိုင်တော့ဘူးဆိုပါတော့"

"ဟုတ်တယ်၊ သိုင်းပညာတစ်ရပ်လုံးကို ဘယ်လိုမှရနိုင်တော့မှာ မဟုတ်ဘူး၊ ဒါပေမယ့် အထင်သေးလို့မရဘူး၊ ကြေးပြားတစ်ပြားစီ အပေါ်မှာ မှတ်တမ်းတင်ထားတဲ့ သိုင်းကွက်တွေကလည်း အစွမ်းထက်တယ်"

ကျင်းလုံက အနည်းငယ်စဉ်းစားပြီး ပြောလိုက်သည်။

"သက်ခြွေဂိုဏ်းချုပ်ဟာ သိုင်းလောကတစ်ခုလုံးကိုတောင် လွှမ်းမိုးဖို့ကြံစည်သေးတာပဲ၊ ရှစ်ကွက်အင်းတစ်ခုလုံးကို ရအောင်ရှာတော့မှာပေါ့"

"မင်းပြောတာမှန်တယ်၊ သူက ရအောင်ကြိုးစားမှာပဲ"

ကျင်းလုံသည် သက်ခြွေဂိုဏ်းချုပ်အကြောင်းကို ခေတ္တလျစ်လျူရှုကာ ရှစ်ကွက်အင်းအကြောင်းမေးလိုက်သည်။

"ရှစ်ကွက်အင်းအကြောင်း ကျွန်တော့်ကို ပြောပြနိုင်



မလားခင်ဗျာ"

ပုယမ်းကျီး ခေါင်းညိတ်လိုက်လေသည်။

"ပြောပြနိုင်ပါတယ်၊ ကျုပ် သိသလောက်ပေါ့လေ"

"ကျေးဇူးတင်ပါတယ်ခင်ဗျာ"

ပုယမ်းကျီးက တည်ကြည်သောမျက်နှာထားဖြင့် ပြောပြလေသည်။

"ရှစ်ကွက်အင်းပိုင်ရှင်ဟာ မိစ္ဆာနိုင်သိုင်းသမားကြီးဖြစ်တယ်၊ သူဟာ မိစ္ဆာဂိုဏ်းကို ချေမှုန်းရာမှာ ရှစ်ကွက်အင်းသိုင်းပညာကို အသုံးပြုပြီး လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့တယ်၊ ဒါတွေကိုတော့ မင်းသိပြီးလောက်ပြီထင်တယ်"

ကျင်းလုံ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ သိပြီးပါပြီခင်ဗျာ"

"အင်း... ရှစ်ကွက်အင်းရဲ့ အဓိကပြဿနာကတော့ မိစ္ဆာနိုင်သိုင်းသမားကြီးဟာ သစ္စာဖောက်တစ်ယောက်ကြောင့် လုပ်ကြံခံရပြီး ရှစ်ကွက်အင်းကိုဆုံးရှုံးလိုက်ရတာပဲ"

"ဒါကိုလည်း ကျွန်တော်သိပြီးပါပြီခင်ဗျာ"

"အတော့်ကို ရင်နာစရာကောင်းတဲ့ကိစ္စပါ၊ သစ္စာဖောက်ဟာ ရှစ်ကွက်အင်းကိုရသွားပေမယ့် လောဘသားကောင်တွေက သူ့ကိုလုပ်ကြံလိုက်ကြတယ်၊ အဲဒီအချိန်ကစပြီး ရှစ်ကွ ဟာ အပိုင်းပိုင်းအစစဖြစ်သွားခဲ့တာပဲ"

ပုယမ်းကျီးပြောပြသမျှမှာ ကျင်းလုံအနေဖြင့် သိထားပြီးပြီဖြစ်ရာ အားမလို အားမရဖြစ်လာတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ရှစ်ကွက်အင်းအကြောင်းကို ထိုထက်မက ပို၍သိလို နေသည်မဟုတ်ပါလား။

ထိုအချက်ကို ပုယမ်းကျီးကလည်းရိပ်မိပုံရ၏။

"မင်းကသာ ကျုပ်ကို ကတိတစ်ခုပေးမယ်ဆိုရင် ရှစ်ကွက်အင်းနဲ့ပတ်သက်ပြီး ဘယ်သူမှမသိကြသေးတဲ့ လျှို့ဝှက်ချက်တစ်ခုကို ကျုပ်ပြောပြမယ်"

ထိုအခါမှ ကျင်းလုံ့စိတ်ဝင်စားသွားလေတော့သည်။

"ကျွန်တော် ဘယ်လို ကတိမျိုးကို ပေးရမလဲဆိုတာ ပြောပါခင်ဗျာ"

ထိုစဉ် အိမ်ထိန်းကြီးက ရေနွေးကြမ်းနှင့်မုန့်များ လာချ၍ပေးလေသည်။

ပုယမ်းကျီးက အိမ်ရှေ့တံခါးမကြီးဆီသို့ ညွှန်ပြလိုက်သည်။

"အိမ်ထိန်းကြီး ကျုပ်မှာ အရေးကြီးတဲ့ကိစ္စတစ်ခု ရှိနေတယ်၊ အိမ်ရှေ့သွားပြီး လူရိပ်လူခြည်ကြည့်ပေးပါ၊ ထူးခြားမှုတစ်ခုခုတွေ့ရင် အချက်ပေးလိုက်ပါ"

အိမ်ထိန်းကြီးက ဦးညွှတ်လိုက်လေသည်။

"ကောင်းပါပြီခင်ဗျာ"

ချက်ချင်းပင် အိမ်အပြင်ဘက်သို့ထွက်သွားလေ၏။

"သုံးဆောင်လိုက်ပါဦး"

ပုယမ်းကျီးက ကျင်းလုံကိုဧည့်ခံလိုက်သည်။

ကျင်းလုံလည်း ပုယမ်းကျီးကျေနပ်သွားစေရန် အ



နည်းငယ်စားသောက်လိုက်လေသည်။

ပုယမ်းကျီးကလည်း ရေနွေးတစ်ခွက်ငှဲ့သောက်ပြီးမှ စကားပြန်လေသည်။

"တခြားတော့မဟုတ်ပါဘူး၊ တကယ်လို့များ ရှစ်ကွက်အင်းသိုင်းပညာကို မင်းရခဲ့မယ်ဆိုရင် အများအကျိုး သိုင်းလောကအကျိုး ဆောင်ရွက်ရမယ်၊ သက်ခြွေဂိုဏ်းကို ချေမှုန်းပစ်ရမယ်၊ သည်ကတိကိုပေးနိုင်မလား"

ကျင်းလုံ ပြုံးလိုက်လေသည်။

"ဦး ကတိမတောင်းလည်း ကျွန်တော်က သက်ခြွေဂိုဏ်းကို ချေမှုန်းပစ်မှာပါ၊ သည်ကတိကို ကျွန်တော် ဘာ့ကြောင့် မပေးနိုင်ရမှာလဲ"

"ကောင်းတယ်... ကောင်းတယ်၊ ဘယ်သူမှ မသိကြသေးတဲ့ လျှို့ဝှက်ချက်တစ်ခုကို ကျုပ်ပြောပြမယ်၊ ကြိုးစားဖို့က မင်းတာဝန်ပဲ၊ မင်းကြိုးစားမယ်ဆိုရင်၊ ကံတရားကလည်း မင်းဘက်က ဖေးမခဲ့မယ်ဆိုရင် သက်ခြွေဂိုဏ်းကို ချေမှုန်းပစ်ဖို့ဆိုတာ လွယ်လွယ်ကလေးဖြစ်သွားမှာပဲ"

ကျင်းလုံသည် ပုယမ်းကျီးပြောပြမည့် လျှို့ဝှက်ချက်ကို သိချင်လာလေသည်။

ပုယမ်းကျီးက နောက်ထပ်ရေနွေးကြမ်းတစ်ငုံ သောက်လိုက်သည်။

သူ၏မျက်နှာ တည်ကြည်လေးနက်လာသည့်အပြင် လျှို့ဝှက်သောအသွင် ဆောင်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရှစ်ကွက်အင်းကို တီထွင်ခဲ့တဲ့ မိစ္ဆာနိုင်သိုင်းသမားကြီးမှာ ပညာသင်ဘက် ညီအစ်ကိုတစ်ယောက်ရှိတယ်၊ သူ့နာမည်က အမှန်းနိုင်သိုင်းသမား ဝမ်ချူးလို့ခေါ်တယ်၊ သူဟာ သိုင်းသမားတစ်ယောက်ဖြစ်ပေမယ့် သိုင်းလောကနဲ့ ကင်းကင်းရှင်းရှင်းနေခဲ့တာကြောင့် သူ့ကို လူသိ အင်မတန်နည်းတယ်၊ သိုင်းလောက လူငယ်လူရွယ်တွေထဲမှာတောင် သိသူမရှိသလောက်ပဲ"

အမှန်းနိုင်သိုင်းသမား ဝမ်ချူးဆိုသော အမည်ကို ကျင်းလုံလည်း တစ်ကြိမ်တစ်ခါမျှ မကြားဘူးချေ။

ပုယမ်းကျီးက ဆက်ပြောလေသည်။

"မိစ္ဆာနိုင်သိုင်းသမားကြီးနဲ့ အမှန်းနိုင်သိုင်းသမားဝမ်ချူးတို့ဟာ ပညာသင်ဘက်ညီအစ်ကိုတွေဖြစ်ကြသလို ရှစ်ကွက်အင်းသိုင်းပညာကို မိစ္ဆာနိုင်သိုင်းသမားကြီးက တီထွင်တဲ့အခါ ဝမ်ချူးကကူညီခဲ့တယ်လို့ ကျုပ်သိခဲ့ရတယ်"

ထိုစကားကြားသည့်အခါ ကျင်းလုံ စိတ်လှုပ်ရှားသွားလေသည်။

ရှစ်ကွက်အင်း သိုင်းပညာအကြောင်း တိတိကျကျ သိထားသူတစ်ယောက် လောကပေါ်၌ ရှိနေသေးသည် မဟုတ်ပါလား။

အမှန်းနိုင်သိုင်းသမားဝမ်ချူးနှင့်သာ တွေ့ဆုံခွင့်ရရှိမည်ဆိုပါလျှင်...

"အမှန်းနိုင်သိုင်းသမားဟာ ခုအချိန်ထိ ရှိနေပါသေးသလားခင်ဗျာ"

ကျင်းလုံက မအောင့်အည်းနိုင်ဘဲ အလောတကြီး မေးလိုက်လေသည်။

ပုယမ်းကျီးက ခေါင်းညိတ်လိုက်လေသည်။

"ရှိတယ် သူဟာ အသက်ရှစ်ဆယ်ကျော်ပြီ ဖြစ်ပေမယ့် ခုချိန်ထိ ကျန်းကျန်းမာမာရှိနေတုန်းပဲ"

ကျင်းလုံ ဝမ်းသာသွားလေသည်။

"သူ့ကိုတွေ့ရရင် ရှစ်ကွက်အင်းအကြောင်း သိနိုင်ဖို့ ဘယ်ခဲယဉ်းတော့မလဲ"

"ဟုတ်တယ် လောကပေါ်မှာ ရှစ်ကွက်အင်းအကြောင်း သေသေချာချာသိထားတဲ့ လူတစ်ယောက် ရှိနေသေးတယ်လို့ ဆိုနိုင်တာပေါ့"

"သူ့ကို တွေ့အောင်ရှာနိုင်ရင် ရှစ်ကွက်အင်းကိုတောင် ရှာစရာမလိုတော့ဘူးပေါ့"

ပုယမ်းကျီးက ခေါင်းညိတ်လိုက်လေသည်။

"ဟုတ်တယ်၊ ရှစ်ကွက်အင်းရဲ့ အစိတ်အပိုင်းတွေဖြစ်တဲ့ကြေးပြားရှစ်ပြားစုံလင်အောင်ရှာဖွေဖို့ထက် အမှန်းနိုင်သိုင်းသမားဝမ်ချူးကိုတွေ့အောင်ရှာနိုင်ရင် ရှစ်ကွက်အင်းသိုင်းပညာအကြောင်းသိရဖို့ ပိုပြီးဖြစ်နိုင်သေးတာပဲ"

"ဆရာကြီးဝမ်ချူး ဘယ်မှာရှိတယ်ဆိုတာ ဦး သိထားသလားခင်ဗျာ"

ကျင်းလုံက ထွက်ခနဲ မေးလိုက်မိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပုယမ်းကျိုး ခေါင်းညိတ်လိုက်လေသည်။

"ကျုပ်လဲ မမျှော်လင့်ဘဲ သိခဲ့ရတာပါ"

"ဦးက သူ့ဆီကိုသွားမတွေ့ဘူးလား"

"သွားတာပေါ့၊ မင်းရောက်လာတုန်းက ကျုပ် အိမ်မှာ မရှိဘူး၊ မင်းထွက်သွားပြီးမှပြန်ရောက်လာတာ၊ သက်ခြွေဂိုဏ်းရဲ့အန္တရာယ်ကိုကြောက်လို့ ခြံဝင်းအရှေ့ဘက်က မဝင်ဘဲ နောက်ဘက်ကနေ တိတ်တဆိတ်ဝင်လာခဲ့တာ"

"ဪ... ဦးက ဆရာကြီးဝမ်ချူးနဲ့ သွားတွေ့ပြီးခဲ့ပြီပဲကိုး"

ပုယမ်းကျိုးက ပင့်သက်ရှိုက်လိုက်သည်။

"ကျုပ် သွားတွေ့ခဲ့ပေမယ့် အကြောင်းမထူးပါဘူး၊ သူက ကျုပ်ကိုအတွေ့မခံဘဲ ရှောင်နေတယ်လေ"

"ဟင်..."

"ကျုပ်သွားရှာတာ လေးငါးခါမကတော့ဘူး၊ တစ်ကြိမ်မှ မတွေ့ခဲ့ဘူး"

"ဆရာကြီးဝမ်ချူးက တမင်ရှောင်နေခဲ့တာ ဟုတ်လား"

"သိပ်သေချာတာပေါ့၊ အတွေ့မခံချင်လို့ဆိုတာ သိသိထင်ရှားနေတာပဲ"

ကျင်းလုံက နားမလည်နိုင်စွာ မေးလိုက်လေသည်။

"သူက ဘာ့ကြောင့်အတွေ့မခံချင်ရတာလဲ"

"ကျုပ်မပြောတတ်ဘူး၊ အတွေ့မခံချင်လို့ တမင်ရှောင်နေတယ်ဆိုတာ ထင်ရှားတယ်၊ ကျုပ် လေးငါးခေါက်သွားပြီး

BURMESE CLASSIC



တာတောင်မှ သူ့ကို တစ်ခါမှ မတွေ့ရဘူးဆိုတော့ ကျုပ် လက်လျှော့လိုက်ပါပြီ၊ မင်းဆက်ပြီး ကြိုးစားနိုင်ဖို့ လမ်းညွှန်ပေးလိုက်မယ်၊ မကောင်းဘူးလား"

ပုယမ်းကျိုး၏စကားကြောင့် ကျင်းလုံမှာ ဝမ်းသာသွားလေသည်။

ဝမ်ချူးအားတွေ့ရမည်ဆိုလျှင် ကြေးပြားလေး ရှစ်ပြားအား လိုက်လံရှာဖွေစရာလိုတော့မည် မဟုတ်ပါချေ။

သက်ခွေဂိုဏ်းအားချေမှုန်းရန် ပို၍အဆင်ပြေသွားမည်ဖြစ်လေသည်။

"ဆရာကြီးဝမ်ချူး ဘယ်မှာရှိတယ်ဆိုတာ ပြောပြရင် ဦးရဲ့ကျေးဇူးကို ဘယ်တော့မှမမေ့ပါဘူးခင်ဗျာ"

"ကိစ္စမရှိပါဘူး၊ ဆရာကြီးဝမ်ချူးနဲ့တွေ့ပြီး ရှစ်ကွက်အင်းပညာရခဲ့မယ်ဆိုရင် သက်ခြွေဂိုဏ်းကိုချေမှုန်းဖို့ပဲ ကြိုးစားပါ၊ ဒါကို မင်း ကတိပေးတယ်မဟုတ်လား"

"ကျွန်တော် ကတိပေးပါတယ်"

ကျင်းလုံက အားတက်သရောပြောလိုက်လေသည်။

ပုယမ်းကျိုး၏မျက်နှာ တည်ကြည်လေးနက်သွား၏။

"သည်ကနေ့ ကျုပ်တို့ တွေ့ဆုံရတာ သိပ်ကံကောင်းသွားတယ်လို့မှတ်ယူစေချင်တယ်၊ ကျုပ်ဟာ ဆရာကြီး ဝမ်ချူးတက်မြုပ်နေထိုင်ခဲ့တဲ့နေရာကို သိတာကြာပါပြီ၊ ကျုပ် ဘယ်သူ့ကိုမှ မပြောဘဲ လျှို့ဝှက်ထားခဲ့တာကွ၊ မင်းတစ်ယောက်ထဲကိုပဲ ဖွင့်ပြောတာ"

www.burmeseclassic.com

www.burmeseclassic.com



ကျင်းလုံက လက်နှစ်ဘက်ဆုပ်ကာ ဦးညွှတ်ဂါရဝပြုလိုက်လေသည်။

"ဦးရဲ့ကျေးဇူးကို ကျွန်တော် ဘယ်တော့မှ မမေ့ပါဘူးခင်ဗျာ"

ပုယမ်းကျီးသည် ဆရာကြီးဝမ်ချူးအား ရှာဖွေတွေ့ရှိနိုင်မည့်နေရာကို ပြောပြလိုက်လေသည်။

ကျင်းလုံက သေသေချာချာ မှတ်သားထားလိုက်လေသည်။ ဝမ်ချူးအား တွေ့အောင်ရှာနိုင်မည်ဆိုလျှင် သက်ခြေဂိုဏ်းအား ချေမှုန်းနိုင်မည့်ပညာရရှိလိမ့်မည်ဖြစ်သည်။

ယခုချက်ချင်းပင် ဝမ်ချူးထံသို့ အရောက်သွားလိုစိတ်များ ဖြစ်ပေါ်လာလေသည်။

တြိဂံကြေးပြားလေးများနှင့်ပတ်သက်ပြီး ကြက်တူရွေးခေါင်းကြီး(ဝါ)ပုယမ်းကျီးထံသို့ရောက်လာရခြင်းက ကံကောင်းသည်ဟု တွေးမိလိုက်လေသည်။

"ကျုပ်က မင်းကို ဘာ့ကြောင့် ခုလို ပြောပြရသလဲဆိုတာ မင်းသိသလား"

ပုယမ်းကျီး၏အမေးကြောင့် ကျင်းလုံမှာ ကြောင်အမ်းအမ်းဖြစ်သွားသည်။

"ကျွန်တော်..."

"ကျုပ်ဟာသက်ခြေဂိုဏ်းရဲ့လက်ချက်ကြောင့် မကြာခင်သေဆုံးသွားရတော့မှာ၊ ဒါကြောင့် ကျုပ်မသေခင် သက်ခြေဂိုဏ်းကို ချေမှုန်းနိုင့်မယ့်နည်းလမ်း မင်းကိုပြောပြခဲ့တာပေါ့"



ထိုစကားကြောင့် ကျင်းလုံ စိတ်မကောင်းဖြစ်မိ၏။

"ဦးရယ် သက်ခြေဂိုဏ်းဟာ..."

သူ့စကားဆုံးအောင် မပြောလိုက်ရပါချေ။

"အား...."

အပြင်ဘက်မှ စူးရှသောအော်ဟစ်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရခြင်းကြောင့်ဖြစ်ပါသည်။

"ဟင်....."

ကျင်းလုံ ထိတ်လန့်သွားသည်။

အိမ်အပြင်ဘက်၌ လူရိပ်လူခြည်စောင့်ကြည့်နေသော အိမ်ထိန်းကြီး၏အော်သံ ဖြစ်နေသည်မဟုတ်ပါလား။

ပုယမ်းကျီး မျက်နှာပျက်သွားလေသည်။

"သက်ခြေဂိုဏ်းချုပ် ရောက်လာပြီထင်တယ်"

ကျင်းလုံက ထိုင်ရာမှထရပ်လိုက်လေသည်။

"သူရောက်လာတော့လည်း ကောင်းတာပေါ့၊ ကျွန်တော်တို့ ဆုံးမလိုက်ကြတာပေါ့"

ပုယမ်းကျီး ခေါင်းခါယမ်းလိုက်လေသည်။

"မဖြစ်ဘူး၊ မင်းအဖေတောင်မှ မယှဉ်နိုင်တာ၊ မင်းဘယ်လိုလုပ်ယှဉ်နိုင်မှာလဲ... ကျုပ်လည်း မယှဉ်နိုင်ဘူး"

ကျင်းလုံ အံကြိတ်လိုက်လေသည်။

"မယှဉ်နိုင်ဘူးဆိုပြီး ခေါင်းငုံ့ခံနေရမှာလား"

"မဖြစ်သေးဘူး၊ မင်း ဆရာကြီးဝမ်ချူးဆီကို သွားရဦးမယ်မဟုတ်လား"

www.burmeseclassic.com



"ကျွန်တော်......"

"သက်ခြေဂိုဏ်းချုပ် ရောက်လာတော့မယ်၊ မင်းထွက်သွားပေတော့"

"ကျွန်တော် မသွားဘူး"

"မင်းသွားရမယ်"

ကျင်းလုံနှင့်ပုယမ်းကျီးတို့ အငြင်းအခုံဖြစ်နေကြစဉ်မှာပင် တစ်ကိုယ်လုံး သွေးအထိမ်းထိမ်းပေကျံနေသော အိမ်ထိန်းကြီးက ဒယီးဒယိုင်ဖြင့်ပြေးဝင်လာလေသည်။

"ရန်... ရန်သူ ရောက်လာပြီ မြန်မြန်ရှောင်တိမ်းသွားကြပါတော့"

စိုးရိမ်ပူပန်စွာ သတိပေးရင်း အိမ်ထိန်းကြီးသည် ကိုယ့်ကိုယ်ကိုမထိန်းနိုင်တော့ဘဲ ကြမ်းပြင်ပေါ်သို့ ဝုန်းခနဲလဲကျသွားလေတော့သည်။

"အိမ်ထိန်းကြီး...."

ပုယမ်းကျီး လွှတ်ခနဲအော်ခေါ်လိုက်လေသည်။

သို့သော်... သွားရောက်ဖေးမခြင်း မပြုပါ။

ဖေးမစရာလည်း မလိုတော့ပါ။

အိမ်ထိန်းကြီးမှာ ကြမ်းပြင်ပေါ်လဲကျသွားပြီးသည်နှင့် မလှုပ်မယှက် ငြိမ်သက်သွားသည်မဟုတ်ပါလား။

ပုယမ်းကျီးက ကျင်းလုံဘက်သို့ လှည့်ကြည့်လိုက်ပြီး

"မင်း အမြန်သွားတော့"

သို့သော် ကျင်းလုံ ထွက်မသွားပါ။



"မင်း ဘာကြောင့် ဒီလောက် ခေါင်းမာနေရတာလဲ၊ ခုအချိန်မှာ မင်းအနေနဲ့ သက်ခြေဂိုဏ်းကိုချေမှုန်းနိုင်မယ်လို့များ ထင်နေသလား"

ကျင်းလုံ ခေါင်းငုံ့ထားလိုက်လေသည်။

"မင်းသွားပါတော့"

"ကျွန်တော်...."

"ကျုပ်တောင်းပန်ပါတယ်၊ သွားပါတော့"

ကျင်းလုံ သက်ပြင်းချလိုက်၏။ သူထွက်သွားသည်က အမှန်ကန်ဆုံးဖြစ်ကြောင်း နားလည်လိုက်လေသည်။

ယခုအချိန်တွင် သက်ခြေဂိုဏ်းချုပ်နှင့်ရင်ဆိုင်ခြင်းမှာ အကျိုးမဲ့သာဖြစ်ကြောင်း ဆင်ခြင်မိသဖြင့်...

"ကျွန်တော့်ကို ခွင့်လွှတ်ပါ၊ သက်ခြေဂိုဏ်းကိုချေမှုန်းပါ့မယ်လို့ ကျွန်တော် ကတိပေးပါတယ်"

ကျင်းလုံကတောင်းပန်လိုက်သည်။

"ကောင်းပါပြီကွယ်၊ ကဲ...အချိန်မရှိတော့ဘူး၊ မင်းသွားပေတော့"

ကျင်းလုံသည် ပြတင်းပေါက်အနီး ချဉ်းကပ်သွားကာ အပြင်ဘက်သို့ ခုန်ထွက်လိုက်လေသည်။

အန္တရာယ်နှင့်ကြုံရချိန်၌ ပုယမ်းကျီးအား ထားပစ်ခဲ့ရခြင်းကြောင့် နောက်ဆံငင်နေမိသည်။

မည်သို့ဆိုစေ.....

ဇွတ်အတင်း အားတင်းကာ ထွက်လာခဲ့ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျင်းလုံ ခြံဝင်းအပြင်ဘက်သို့ရောက်သွားပြီး မကြာမီ အချိန်မှာပင်...

"အား...."

ခြံဝင်းထဲမှ ပုယမ်းကြီး၏ စူးရှသောအော်ဟစ်သံထွက်ပေါ်လာသည်ကို ကြားလိုက်ရလေတော့သည်။

❋

## ရေးရေစက်

ကျင်းလုံသည် လူရှင်းနေသောလမ်းကြားကလေး အတိုင်း ခေါင်းငိုက်စိုက်ချကာ ထွက်လာခဲ့လေသည်။

ပုယမ်းကြီးသေဆုံးသွားခြင်းကြောင့် စိတ်မကောင်းဖြစ်မိသော်လည်း ပုယမ်းကြီးနှင့်တွေ့ဆုံခဲ့ရခြင်းကြောင့် သက်ခြွေဂိုဏ်းအား နှိမ်နင်းနိုင်မည့်နည်းလမ်းကို ရရှိလာခဲ့သည် မဟုတ်ပါလား။

ဆရာကြီးဝမ်ချူးရှိရာသို့သွားရန် ကျင်းလုံ ဆုံးဖြတ်ကာ ခြေလှမ်းကျဲကျဲဖြင့် လျှောက်လာခဲ့၏။ တစ်နေရာသို့ အရောက်တွင်....

"ကယ်တော်မူကြပါ"

စူးရှသော အော်ဟစ်အကူအညီတောင်းသံ ထွက်ပေါ်လာသည်ကိုကြားရသဖြင့် ကျင်းလုံဆတ်ခနဲတုန်ခါသွား၏။

အော်ဟစ်သံ ထွက်ပေါ်လာရာဆီသို့ လှမ်းကြည့်လိုက်ရာ မိန်းကလေးတစ်ယောက် အူလျားဖားလျားပြေးလွှားလာနေသည်ကို တွေ့လိုက်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမ၏နောက်မှ လူနှစ်ယောက်က ပြေးလိုက်လာကြခြင်းဖြစ်ရာ အခြေအနေကို ကျင်းလုံသဘောပေါက်သွားသည်။

မိန်းကလေးတစ်ယောက် ဒုက္ခရောက်နေသည်ကို ကိုယ်နှင့်မဆိုင်ဟုသဘောထားကာ လက်ပိုက်ကြည့်မနေနိုင်ချေ။

"ရပ်လိုက်"

အော်ငေါက်ရင်း ရှေ့သို့ခုန်ထွက်လိုက်လေသည်။

လေထဲ၌ ကျွမ်းတစ်ပတ်ပစ်လိုက်ပြီး မိန်းကလေး၏ ဦးခေါင်းပေါ်မှ ဖြတ်ကျော်ကာ လူရမ်းကားနှစ်ယောက်ရှေ့သို့ ကျရောက်သွားလေ၏။

ဟန့်တားမည့်သူ ပေါ်ပေါက်လာသဖြင့် လူရမ်းကားနှစ်ယောက် မကျေနပ်ဖြစ်သွားကြလေသည်။

"ဒါက ဘာသဘောလဲ"

"သေချင်ပြီထင်တယ်"

အော်ငေါက်ရင်း ကျင်းလုံအား ဝိုင်းဝန်းတိုက်ခိုက်လိုက်ကြလေသည်။

လူရမ်းကားများအား ဆုံးမရန် ဆုံးဖြတ်ထားသော ကျင်းလုံကလည်း ရှည်ရှည်ဝေးဝေးစဉ်းစားမနေတော့ဘဲ ချက်ချင်း ပြန်လည်တိုက်ခိုက်လိုက်ရာ… လမ်းပေါ်၌ ပြင်းထန်သော တိုက်ပွဲဖြစ်ပေါ်လာလေတော့၏။

လူရမ်းကားနှစ်ယောက်သည် မိန်းကလေးတစ်ယောက်အား အနိုင်ကျင့်ရဲသော အစွမ်းအစရှိကြပေသည်။



သိုင်းပညာ တတ်မြောက်ထားသော ကျင်းလုံနှင့် ရင်ဆိုင်တွေ့လိုက်ရသောအခါ မရှုမလှခံသွားကြရတော့၏။

"ဝုန်း……"

"အား…."

"အမလေး….."

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာသည်။

လူရမ်းကားနှစ်ယောက်သည် အခြေအနေ မဟန်မှန်း ချက်ချင်းသဘောပေါက်သွားပြီး ဖနှောင့်နှင့်တင်ပါး တစ်သားတည်းကျအောင် ထွက်ပြေးသွားကြတော့၏။

ကျင်းလုံ ကျေနပ်သွားသည်။

"မတရား နိုင့်ထက်စီးနင်းလုပ်ချင်ရင် သည်လိုပဲ ခံရမယ်ဆိုတာ မှတ်ထား"

ကြိမ်းဝါးလိုက်ပြီး ဒုက္ခသည်မိန်းကလေးဘက်သို့ လှည့်လိုက်သည်။

မိန်းကလေးမှာ ကြောက်ကြောက်ရွံ့ရွံ့ဖြစ်နေသည်။

နှစ်ယောက်သား မျက်နှာချင်းဆိုင်မိလျှင်….

"ဟင်…."

"ဟာ….."

နှစ်ယောက်စလုံး တအံ့တသြဖြစ်သွားကြ၏။

ဒုက္ခသည်မိန်းကလေးမှာ အခြားသူမဟုတ်ဘဲ မကြာသေးမီကမှ ကျင်းလုံနှင့်လမ်းခွဲခဲ့သော မေကျိုပါးဖြစ်နေပေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျင်းလုံ မယုံနိုင်အောင်ဖြစ်သွားသည်။

"ညီ... ညီမ ဘယ်လိုဖြစ်ရတာလဲ ညီမရယ်"

မေကျို့ဝါးသည် ကျင်းလုံနှင့်မမျှော်လင့်ဘဲ ဆုံတွေ့လိုက်ရခြင်းကြောင့် ဝမ်းသာအားရဖြစ်သွားလေသည်။

"အစ်ကို၊ အို....ကျွန်မ သိပ်ကို ကံကောင်းလို့ အစ်ကိုနဲ့ ခုလိုပြန်တွေ့ရတာပဲ"

"ညီမရယ်..."

မေကျို့ဝါးသည် အဝတ်အစား မလုံမလဲဖြစ်နေသည်ကို ပြန်လည်သတိပြုမိသွားကာ ရှက်ရွံ့ဟန်ဖြင့် လက်ပိုက်ထားလိုက်လေသည်။

သူမ၏မျက်နှာကလေးနီရဲသွားသလို မျက်ဝန်းအစုံမှလည်း မျက်ရည်များစီးကျလာသည်။

"အစ်ကိုရယ်..."

သူမသည် ဝမ်းနည်းစွာငိုကျွေးရင်း ကျင်းလုံ၏ရင်ခွင်ထဲ တိုးဝင်လိုက်လေသည်။

"ညီမ...."

ကျင်းလုံကလည်း ဆီးကြိုပွေ့ဖက်ထားလိုက်မိလေတော့သတည်း။

ပထမပိုင်းပြီး၏

# ဝဏ္ဏအောင်

## ရှစ်ကွက်အင်း

ဒုတိယပိုင်းဇာတ်သိမ်း

www.burmeseclassic.com

www.burmeseclassic.com

## လမ်းခွဲ

ကျောင်းလုံသည် မေကျို့ဝါးအားမယုံကြည်နိုင်စွာကြည့်နေမိလေသည်။

နှစ်ယောက်သား တစ်ယောက်ကိုတစ်ယောက် အတန်ကြာအောင် ငေးကြည့်နေမိကြသည်။

အတော်ကလေးကြာမှ သတိဝင်လာကြလေသည်။

"အစ်ကို"

မေကျို့ဝါးက တုန်ယင်လိုက်လှဲစွာ ခေါ်လိုက်သည်။

"ညီမ"

ကျောင်းလုံလည်းဗလုံးဗထွေးရေရွတ်ရင်း အပေါ်အင်္ကျီကို ကပျာကယာ ချွတ်ပေးလိုက်လေသည်။ မေကျို့ဝါးက မငြင်းဘဲလှမ်းယူကာ ခန္ဓာကိုယ်ပေါ်၌လွှမ်းခြုံလိုက်သည်။

ထုံလုံခြုံခြုံရှိသွားမှ ကျောင်းလုံမှာ မေကျို့ဝါးအားစေ့စေ့ကြည့်ရဲတော့သည်။

"ညီမ ဘယ်လိုဖြစ်ရတာလဲ ညီမရယ်"

မချိုတင်ကဲ မေးလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူနှင့်သာ မခေါ်ခဲ့လျှင် လူရမ်းကားနှစ်ယောက်ကြောင့် မေကျို့ဝါး ဒုက္ခရောက်ထိမ့်မည် မဟုတ်ပါလား။

မေကျို့ဝါး ပင့်သက်ရှိုက်လိုက်လေသည်။

"အစ်ကိုနဲ့တွေ့ရလို့ ကျွန်မကံကောင်းသွားတာပါ။ နို့မို့ရင် တွေးရဲစရာတောင်ရှိမှာ မဟုတ်တော့ဘူး"

"ညီမရဲ့အဒေါ်ဆီကို သွားတယ်ဆို၊ ဘယ်လိုဖြစ်ရတာလဲ ပြောပါဦး"

ကျင်းလုံကို မေကျို့ဝါးက ရှင်းပြလိုက်လေသည်။

"ကျွန်မရဲ့အဒေါ်ဆီကို လာတာပါ၊ ဒါပေမယ့် ဒေါ်ဒေါ် အိမ်ပြောင်းသွားတာ တစ်နှစ်လောက်ရှိနေပြီဆိုတော့ မတွေ့ရတော့ပါဘူး။ ဟိုလူနှစ်ယောက်က ကျွန်မအဒေါ် ပြောင်းသွားတဲ့နေရာကိုသိတယ်ဆိုပြီး ကျွန်မကို အယုံသွင်းပြီး ဒုက္ခပေးဖို့ကြံစည်ခဲ့ကြတာပဲ"

"တော်တော်ယုတ်မာတဲ့လူတွေပါလား"

ကျင်းလုံ မကျေမနပ်ရေရွတ်ရင်း ဆက်ပြောလိုက်၏။

"ညီမတစ်ယောက်ထဲ ဒီအတိုင်း လျှောက်သွားနေလို့ မဖြစ်တော့ဘူး"

မေကျို့ဝါး ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်၊ ကျွန်မလည်း အတော်ကြောက်လန့်သွားပါပြီ၊ အိမ်ပြန်ဖို့ ဆုံးဖြတ်လိုက်ပါပြီ"

"ဒါ အကောင်းဆုံးပဲ"



ကျင်းလုံကပြောလိုက်ပြီးမှ မေကျို့ဝါးနှင့်လမ်းခွဲရမည့်အရေးကိုတွေးကာ စိတ်မကောင်းဖြစ်သွားလေသည်။

မေကျို့ဝါးက ကျင်းလုံကို အားကိုးတကြီးကြည့်ကာ..

"ကျွန်မ မြေလတ်ပိုင်းမှာ ရှိတဲ့ အိမ်ကို ပြန်တော့မယ်၊ အစ်ကို လိုက်ပို့ပေးနိုင်မလားဟင်"

"ဟင်"

ကျင်းလုံ အံ့သြသွားလေသည်။

"ညီမက မြေလတ်ပိုင်းကို ပြန်မယ်ဟုတ်လား"

"ဟုတ်ပါတယ် အစ်ကို"

ရှစ်ကွက်အင်း၏ အစိတ်အပိုင်းနှစ်ခုဖြစ်သော တြိဂံဗြားနှစ်ခုသည် မြေလတ်ပိုင်းသိုင်းညီနောင်ထံ၌ ရှိနေသည်ဟု သိခဲ့ရသည်။

တြိဂံကြေးပြားနှစ်ပြားနှင့်ပတ်သက်၍ မြေလတ်ပိုင်းသိုင်းညီနောင်နှင့်တွေ့ဆုံရလျှင် ကောင်းမည်ဟု ကျင်းလုံအတွေး ရှိခဲ့လေသည်။

ထို့အပြင် မိစ္ဆာနိုင်သိုင်းသမားကြီး၏ပညာသင်ဘက်ညီအစ်ကို နေထိုင်သည့်နေရာမှာ မြေလတ်ပိုင်းဒေသနှင့် မှမ်းမကမ်း၌ရှိနေသည်ဟု သိထားခဲ့ရပြန်သည်။

"အစ်ကို... ကျွန်မကို လိုက်ပို့ ပေးနိုင်မလားဟင်"

မေကျို့ဝါးက ထပ်မေးလိုက်သော်လည်း အတွေးလွန်နေသောကျင်းလုံမှာ ရုတ်တရက် မကြားလိုက်ရပါချေ။

ဤတွင် မေကျို့ဝါးသည် ကျင်းလုံက လိုက်ပို့လိုခြင်းမရှိဟု ထင်မှတ်သွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူမ၏ မျက်နှာလေး ညှိုးငယ်သွားလေသည်။

"အင်းလေ... အစ်ကိုလိုက်မပို့ချင်လည်း ကျွန်မဖာသာ ပြန်ပါတော့မယ်"

သူမသည် ခေါင်းကလေးငုံ့ကာ ထွက်သွားရန် ဟန်ပြင်လိုက်သည်။

"ညီမ"

ကျင်းလုံ သတိဝင်လာပြီး ကပျာကယာ လှမ်း၍ ဟန့်တားလိုက်၏။ မေကျို့ဝါး ခြေလှမ်းရပ်တန့်သွားသည်။

ကျင်းလုံအား မဝံ့မရဲကြည့်လိုက်၏။ ကျင်းလုံက ရှေ့တိုးကာ မေကျို့ဝါး၏ လက်မောင်း တစ်ဖက်ကို ဆုပ်ကိုင်ထားလိုက်သည်။

"ညီမ တစ်ယောက်ထဲ သွားမှာကို ကျုပ်စိတ်မချဘူး မြေလတ်ပိုင်းကို ကျုပ်လိုက်ပို့ပေးမယ်"

"ဟင်"

မေကျို့ဝါး လှုပ်လှုပ်ရှားရှားဖြစ်သွား၏။

"အစ်ကို... အစ်ကို တကယ်ပြောတာလားဟင်"

"တကယ်ပြောတာပေါ့ ညီမရယ်"

"အို... ဝမ်းသာလိုက်တာရှင်"

မေကျို့ဝါးသည် ဟန်မဆောင်နိုင်တော့ဘဲ ကျင်းလုံ၏ ရင်ခွင်ထဲတိုးဝင်လိုက်လေသည်။ ကျင်းလုံလည်း အထိုက်သင့်ပင် ထွေးပွေ့လိုက်လေတော့သည်။

❋



တစ်ရက်...

နှစ်ရက်...

သုံးရက်...

ကျင်းလုံနှင့် မေကျို့ဝါးတို့သည် လုတိန်းမြို့အား ကျောခိုင်းကာ မြေလတ်ပိုင်းသို့ ခရီးနှင်လာခဲ့ကြသည်မှာ သုံးရက်မျှရှိသွားပြီဖြစ်လေသည်။

ထိုသုံးရက်အတွင်း အနှောင့်အယှက်အတားအဆီးဟူ၍မတွေ့ရဘဲ အေးချမ်းစွာခရီးနှင်လာနိုင်ခဲ့ကြသည်။

နှစ်ယောက်သား ပို၍ရင်းရင်းနှီးနှီးရှိလာကြသလို မမြင်နိုင်သော သံယောဇဉ်နှောင်ကြိုးများကလည်း အထပ်ထပ်ရစ်ပတ်တုပ်နှောင်ထားလိုက်တော့၏။

သုံးရက်မြောက်နေ့ ညအချိန်၌ တောအုပ်တစ်ခုသို့ ရောက်ရှိလာခဲ့ကြ၏။ ခရီးပမ်းနေပြီဖြစ်ရာ တောအုပ်ထဲ၌ပင် တစ်ညတာအိပ်စက်အနားယူရန် ဆုံးဖြတ်လိုက်ကြသည်။

တောအုပ်အတွင်းရှိသော မြကွက်လပ်တစ်ခုတွင် ကျင်းလုံက သစ်ကိုင်းခြောက်များရှာဖွေကာ မီးပုံငယ်တစ်ခုပြုလုပ်သည်။

အသင့်ပါလာသော မုန့်ခြောက်များကို စားသောက်ပြီး တစ်ညတာ အိပ်စက်အနားယူရန် ပြင်ဆင်လိုက်လေသည်။

ကျင်းလုံက မီးပုံတွင် ထင်းခြောက်များကို ထိုးထည့်

www.burmeseclassic.com

www.burmeseclassic.com



ပေးရင်း လှမ်းပြောလိုက်သည်။

"ညီမ အိပ်ချင် အိပ်တော့လေ၊ တစ်နေ့လုံး ပင်ပန်းနေပြီ မဟုတ်လား"

မေကျို့ဝါး သက်ပြင်းချလိုက်လေသည်။

"ကျွန်မ...မအိပ်ချင်သေးဘူး အစ်ကို"

သူမသည် ကောင်းကင်ပေါ်မှထွက်ပြူလာစ လဝန်းကို မော့ကြည့်ရင်းပြောလိုက်သည်။

"ကျွန်မတို့ နှစ်ယောက်ဆုံတွေ့မိကြတာ အတော့်ကို ထူးခြားတာပဲနော်"

ကျင်းလုံက ပြုံးလိုက်သည်။

"ရှေးဘဝရေစက်လို့ ဆိုရမှာပေါ့လေ"

"ဟင်း...ဟင်း... အစ်ကိုပြောသလိုဖြစ်ရင်တော့ သိပ်ကောင်းမှာပဲ။ ဒါထက် အစ်ကို့မှာ အရေးကြီးတဲ့ကိစ္စတစ်ခုခု ရှိမယ်လို့ ကျွန်မ ထင်မိတယ်"

မေကျို့ဝါး၏ စကားကို ကျင်းလုံကအဖြေမပေးဘဲ သက်ပြင်းချလိုက်လေသည်။ မေကျို့ဝါးက ဆက်ပြောသည်။

"အစ်ကိုဟာ သိုင်းသမားတစ်ယောက် ဖြစ်ရမယ်၊ အင်မတန်အရေးကြီးတဲ့ ကိစ္စတစ်ခုခုလည်း ရှိနေရမယ်၊ ကျွန်မ ဘာကြောင့် ဒီလို ပြောနိုင်ရသလဲဆိုရင် အစ်ကိုသွားပြီး တွေ့ဆုံတဲ့ ကြက်တူရွေးခေါင်းကြီး ပုယမ်းကျီးဆိုသူဟာ နာမည်ကျော်သိုင်းသမားကြီးတစ်ယောက် ဖြစ်တယ်ဆိုတာ ကျွန်မ



သိခဲ့ရလို့ပါပဲ"

"ဪ"

ကျင်းလုံ ပြုံးလိုက်သည်။

"သူ့အကြောင်းကို ညီမ ဘယ်လောက်သိသလဲဆိုတာ ပြောပြစမ်းပါဦး"

မေကျို့ဝါး ခေါင်းညိတ်လိုက်သည်။

"ကျွန်မအနေနဲ့ လုတိန်းမြို့ကို မကြာခဏရောက်ခဲ့ဖူးတယ်၊ ကြက်တူရွေးခေါင်းကြီးပုယမ်းကျီးဆိုသူဟာ ကြက်တူရွေးတစ်ကောင်လို နှုတ်သွက်လျှာသွက်ရှိတယ်၊ စကားတတ်တယ်၊ ဒါတင်မကဘူး၊ အပေါင်းအသင်း မိတ်ဆွေများတယ်၊ သူတစ်ပါးမသိတဲ့ သတင်းထူး သတင်းဆန်းတွေကိုတောင် သိနိုင်တယ်၊ ပြီးတော့ ခေါင်းကြီးသလောက် ဉာဏ်ကျယ်တယ်၊ ဉာဏ်များတယ်၊ သူ့ကို လူကောင်းတစ်ယောက်လို့ ပြောရင်လည်းရတယ်၊ လူဆိုးတစ်ယောက်လို့ပြောလည်းရတယ်၊ အမှန်တော့ သူဟာ ခန့်မှန်းရခက်သူတစ်ယောက်ပါပဲ"

ကျင်းလုံ ပြုံးလိုက်လေသည်။

"ညီမ ဘယ်ဆိုးလို့လဲ"

"အစ်ကို သူ့ဆီကိုသွားတာ သိုင်းလောကရဲ့သတင်းတစ်ခုခုသွားပြီး စုံစမ်းတာပဲဖြစ်ရမယ်လို့ ကျွန်မနားလည်ထားမိတယ်လေ"

"ညီမပြောတာ မှန်ပါတယ်"

ကျင်းလုံက ဝန်ခံလိုက်လေသည်။

"ကျုပ်ဟာ သိုင်းလောကသားတစ်ယောက်မို့ သိုင်း

www.burmeseclassic.com

www.burmeseclassic.com



လောကထဲရောက်လာတယ်ဆိုတာထက် ကျုပ်အဖေ လုပ်ကြံခံခဲ့ရတာကြောင့် ရန်သူကိုရှာဖွေဖော်ထုတ်ဖို့ ရောက်လာခဲ့တာလို့ဆိုရင် ပိုပြီးမှန်ပါလိမ့်မယ်"

"သြော်… အစ်ကို့အဖေက လုပ်ကြံခံခဲ့ရတာကိုး"

"ဟုတ်ပါတယ်"

ကျင်းလုံက သူ၏အဖြစ်အပျက်များကို ရှင်းလင်းပြောပြလိုက်သည်။ မေကျို့ဝါးက စိတ်ဝင်တစားနားထောင်နေ၏။

ကျင်းလုံ၏စကားဆုံးသွားသောအခါ သူမ သက်ပြင်းတစ်ချက်ချလိုက်၏။

"အစ်ကို့အဖြစ်က စိတ်မကောင်းစရာပါပဲလား"

ကျင်းလုံက တည်ကြည်သောမျက်နှာထားဖြင့်…

"ကျုပ်တစ်ယောက်ထဲ ဒုက္ခရောက်ရတာမဟုတ်ဘူး၊ သိုင်းလောကကို လွှမ်းမိုးနိုင်ရေးအတွက် သူတို့ဩဇာမခံသူတွေကို ရက်ရက်စက်စက်သုတ်သင်ပစ်ကြလို့ သေဆုံးသွားရသူတွေ ပြိုကွဲသွားရတဲ့မိသားစုတွေ မနည်းတော့ပါဘူး၊ ကျုပ်တစ်ယောက်ထဲရဲ့ရန်ကြွေးကြောင့်မဟုတ်ဘဲ အများအကျိုးသိုင်းလောကအကျိုးအတွက် သက်ခြေဂိုဏ်းကို ချေမှုန်းရှင်းလင်းပစ်ဖို့ ကျုပ်ကြိုးစားနေတာပါ"

မေကျို့ဝါးက ကျင်းလုံအား လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်လိုက်လေသည်။

"အစ်ကို့ရဲ့ မွန်မြတ်တဲ့စိတ်ထားကို ချီးကျူးပါတယ်ရှင်၊ ဒါပေမယ့် ကျွန်မတစ်ခုသတိပေးချင်ပါတယ်"

"ပြောပါ ညီမ"



"အစ်ကိုပြောတဲ့အတိုင်းဆိုရင် သက်ခြေဂိုဏ်းဟာ အင်မတန်ကြောက်စရာကောင်းတဲ့ ဂိုဏ်းတစ်ဂိုဏ်းဖြစ်နေပြီ၊ အစ်ကိုတစ်ယောက်ထဲ ရင်ဆိုင်သွားမယ်ဆိုရင် အန္တရာယ်များလှပါတယ်ရှင်"

ကျင်းလုံ ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်တစ်ယောက်ထဲမဟုတ်ပါဘူး၊ သိုင်းလောကတစ်ခုလုံးက တွန်းလှန်သွားကြမှာပါ၊ သူတို့ကို ဘယ်သူကမှ လက်မခံတော့ပါဘူး"

"သက်ခြေဂိုဏ်းက ကြောက်စရာကောင်းတယ်ဆိုရင် သူတို့ကို ဘယ်သူကရင်ဆိုင်နိုင်မှာလဲ"

"စိတ်ချ သက်ခြေဂိုဏ်း မကြာခင် ကျဆုံးပျက်စီးသွားရပါလိမ့်မယ်"

မေကျို့ဝါးက အငြင်းအခုံမလုပ်တော့ပါ။ ဝါးခနဲသမ်းဝေလိုက်၏။ ကျင်းလုံက…

"ညီမ အိပ်ချင်ပြီထင်တယ်"

"ကျွန်မ"

"ညီမလည်း ပင်ပန်းနေပြီ၊ အိပ်စက် အနားယူလိုက်တာ အကောင်းဆုံးပါပဲ"

ယနုတစ်ကြိမ် မေကျို့ဝါးမငြင်းတော့ချေ။သူမသည် မီးပုံနံဘေး၌ ခွေခွေကလေး အိပ်စက်အနားယူလိုက်လေသည်။

ကျင်းလုံက သူမကို အတန်ကြာငေးကြည့်ပြီးမှ အျာ

www.burmeseclassic.com

www.burmeseclassic.com



နိုင်းထားလိုက်လေသည်။

မေကျို့ဝါးအား သံယောဇဉ်ငြိတွယ်မိပြီ ဖြစ်သော်လည်း သူ၏ဘဝပေးအခြေအနေအရ မည်သည့်အခါမှ ဖွင့်ပြောဖြစ်မည်မဟုတ်သည်ကို တွေးတောရင်း စိတ်မကောင်းဖြစ်နေမိလေတော့သည်။

❋

"အောက်..အီး...အီး...အွတ်"

ကြက်တွန်သံများ ဟိုမှသည်မှ ထွက်ပေါ်လာသည်။

အရှေ့ဘက်တွင် မိုးသောက်ရောင်နီများ ယှက်သမ်းစပြုလာပြီဖြစ်ပါသည်။ မကြာမီ မိုးစင်စင်လင်းပေတော့မည်။

"အင်း..."

ကျင်းလုံသည် မသဲမကွဲ ညည်းတွားရင်း အိပ်ရာမှ နိုးလာလေသည်။ ညက ညဉ့်နက်မှအိပ်ပျော်သွားသဖြင့် ကောင်းစွာ အိပ်ရေးမဝသဖြင့် ရုတ်တရက်မထနိုင်ဘဲဖြစ်နေ၏။

သို့သော်...

တောလမ်းခရီး၌ရောက်ရှိနေပြီး တစ်ညတာ အနားယူခဲ့သည့်အဖြစ်ကို သတိရလာခြင်းကြောင့် ကပျာကယာ လူးလိမ့်ထလိုက်လေသည်။

သူနှင့်အတူ မေကျို့ဝါး ရှိနေခဲ့သည်ကိုလည်း သတိရလာမိလေသည်။ ထို့ကြောင့်...



"ညီမ..."

မေကျို့ဝါးကိုခေါ်လိုက်ရာ သူ၏ခန္ဓာကိုယ် ဆတ်ခနဲတုန်ခါသွားရတော့သည်။ အနီးပတ်ဝန်းကျင်၌မေကျို့ဝါးကို မတွေ့ရတော့ခြင်းကြောင့်ဖြစ်လေသည်။

"ညီမ... ညီမ"

ကျင်းလုံစိတ်ပူကာ တကြော်ကြော်ခေါ်လိုက်၏။

သို့သော် ပြန်ထူးသံကိုမကြားရချေ။ မေကျို့ဝါး၏ အရိပ်အရောင်ကိုလည်း မတွေ့ရပေ။ မေကျို့ဝါးကား ပျောက်ချင်းမလှ ပျောက်ဆုံးနေပြီဖြစ်လေသည်။

"ညီမ မေကျို့ဝါး၊ ညီမ ဘယ်ရောက်နေသလဲ"

သူ၏အသံသာလျှင် အရပ်လေးမျက်နှာသို့ လွှင့်ပျံ့သွားလေသည်။ မေကျို့ဝါး၏တုံ့ပြန်သံကိုမကြားရချေ။

"ဒုက္ခပါပဲ၊ သူ ဒုက္ခရောက်နေပြီလား"

ကျင်းလုံ စိုးရိမ်ပူပန်လာကာ တောအုပ်ထဲမှ ကပျာကယာ ပြေးထွက်လာခဲ့လေသည်။

တောအုပ်အပြင်ဘက်သို့ရောက်သည့်အခါ ရဲတင်းကြီးတစ်လက်ကို ပခုံးပေါ်ထမ်းကာ ခပ်သွက်သွက်လျှောက်လှမ်းလာနေသော လူသန်ကြီးတစ်ယောက်အားတွေ့ရ၏။

သေခံ ထင်းခုတ်သမားတစ်ယောက်ဖြစ်ကြောင်း ကျင်းလုံ သတိပြုမိလိုက်သဖြင့် ဟန့်တားကာ မေးမြန်းစုံစမ်းလိုက်လေသည်။

"ဗျို့ မိတ်ဆွေ တောအုပ်ထဲကထွက်လာတဲ့ မိန်းက

www.burmeseclassic.com



လေးတစ်ယောက်ကိုများ တွေ့မိလား"

ထင်းခုတ်သမားသည် ကျင်းလုံအား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်ပြီးမှ မရေမရာပြောလိုက်လေသည်။

"တောအုပ်ထဲက ထွက်လာတာတော့ မတွေ့မိဘူး၊ ကျုပ် သည်ဘက်ကိုလာရင်း သုံးမိုင်အကွာလောက်မှာ လူနှစ်ယောက်က မိန်းကလေးတစ်ယောက်ကိုခေါ်သွားကြတာတော့ တွေ့လိုက်ရတယ်"

"ဟင်... ဘယ်မှာလဲ"

"ဟိုဘက်မှာ..."

ထင်းခုတ်သမားသည် အနောက်ဘက်သို့ ညွှန်ပြကာ ပြောလိုက်လေသည်။

"ကျေးဇူးပါပဲဗျာ"

ကျင်းလုံသည် ထင်းခုတ်သမားအား နှုတ်ဆက်ကာ ကမျာကယာ ပြေးသွားလိုက်လေသည်။

ထင်းခုတ်သမားမှာ ကျင်းလုံ၏ နောက်ကျောကို ငေးမောကြည့်ရင်း ကျန်ရစ်ခဲ့လေတော့သည်။

❋

ဖားစာခံ

ကျင်းလုံသည် တစ်ရွာဝင် တစ်ရွာထွက် တစ်မြို့ဝင် တစ်မြို့ထွက်ဖြင့် မေကျို့ဝါးအား လိုက်လံရှာဖွေနေခဲ့သည်မှာ ရက်ပေါင်းအတော်ကြာသွားခဲ့ပြီဖြစ်လေသည်။

သို့သော်...

မေကျို့ဝါးတစ်ယောက် ပျောက်ချင်းမလှပျောက်သွားပြီး အစအနပင်ရှာမရတော့ချေ။ ကြာသော် ကျင်းလုံမှာ စိတ်ပျက်အားလျှော့လာလေတော့သည်။

နေမွန်းတည့်အချိန်တွင် မြို့တစ်မြို့သို့ရောက်ရှိလာခဲ့သည်။ ဤတွင် သူ၏ရှေ့၌ လမ်းပိတ်ရပ်နေသူတစ်ယောက်ကို တွေ့လိုက်ရလေသည်။

ထိုလူမှာ ဖားထေးရာဗရပွ အဝတ်အစားများ ဝတ်ဆင်ထားသော လေလွင့်ဗေဒါတစ်ယောက်ဖြစ်လေသည်။

သို့သော် ထိုလူသည် တကယ့်ဗေဒါတစ်ယောက် မဟုတ်ဘဲ သိုင်းသမားတစ်ယောက်ဖြစ်ကြောင်း မြင်ရုံဖြင့်ပင် ကျင်းလုံ အကဲခတ်မိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျင်းလုံက ခြေလှမ်းရပ်ကာမေးလိုက်လေသည်။

"မိတ်ဆွေ ထမ်းပိတ်တာ ဘာသဘောလဲဗျ"

"စာတစ်စောင်ပေးချင်လို့ပါ"

ဗေဒါသည်ရှေ့တိုးလာကာ အသင့်ပါလာသည့် စာတစ်စောင်ကို ကမ်းပေးလိုက်သည်။ ကျင်းလုံအံ့သြသွား၏။

"သည်စာက..."

"ဖတ်ကြည့်ပါဦးလေ"

ကျင်းလုံက စာကိုယူကာ ဖောက်ဖတ်လိုက်သည်။

စာထဲ၌ ခြိမ်းခြောက်ရေးသားထားသည်ကို တွေ့ရလေသည်။

"ကျင်းလုံ...

မေကျို့ဝါး ဒုက္ခမရောက်စေချင်ရင် ငွေလုံသိုင်းသမားမှယုံကျင်းဆီကရခဲ့တဲ့ ကြေးပြားနဲ့လဲလှယ်ရလိမ့်မယ်၊ ဒါမှမဟုတ် မေကျို့ဝါးကို အသက်ရှင်လျက်တွေ့ရဖို့ ဘယ်တော့မှ မမျှော်လင့်နဲ့တော့"

သက်ခြေဂိုဏ်း

ဟူ၍ ရေးသားထားသည်ကိုတွေ့ရလေသည်။ ကျင်းလုံ ခန္ဓာကိုယ် ဆတ်ခနဲတုန်ခါသွားလေသည်။ ဗေဒါကိုမျက်လုံးပြူးကာ ကြည့်လိုက်လေသည်။

"မေကျို့ဝါးကို ဖမ်းထားတယ်ဟုတ်လား"

"ဟုတ်တယ်"



"သူ ဘယ်မှာလဲ"

"လုံခြုံစိတ်ချရတဲ့ တစ်နေရာမှာရှိပါတယ်"

"ကောင်းပြီ ကျုပ် သူ့ကိုတွေ့ချင်တယ်"

"နေဦးလေ ခင်ဗျားမှာ ကြေးပြားရှိသလား၊ မရှိဘူးလား၊ အရင်ဆုံးသိရမှဖြစ်မှာပေါ့"

"ကျုပ် ဘာ့ကြောင့် မပြနိုင်ရမှာလဲ"

ကျင်းလုံသည် လျှို့ဝှက်စွာ သိမ်းဆည်းထားသော ကြေးပြားလေးကို ထုတ်ပြလိုက်လေသည်။

ရှစ်ကွက်အင်း၏ အစိတ်အပိုင်းဖြစ်သော ကြိဂံပုံကြေးပြားလေးမှာ နေရောင်အောက်တွင် တပြောင်ပြောင်ဖြစ်နေတော့သည်။ ဗေဒါ၏မျက်လုံးများ အရောင်တောက်လာ၏။

"ကျုပ်ကိုပေး"

လက်ဆန့်တန်းကာ တောင်းလာလေသည်။ ကျင်းလုံ ခေါင်းခါယမ်းလိုက်လေသည်။

"မေကျို့ဝါးကိုမတွေ့ရသေးဘဲ မပေးနိုင်ဘူး"

"ဩော်..."

"မေကျို့ဝါး ဘယ်မှာလဲ"

ဗေဒါက ဦးခေါင်းညိတ်ကာ...

"မေကျို့ဝါးကိုတွေ့ချင်ရင် ကျုပ်နောက်လိုက်ခဲ့"

စကားဆုံးသည်နှင့်ချာခနဲလှည့်ထွက်သွား၏။ ကျင်းလုံလည်း တွေးတောစဉ်းစားခြင်းမပြုဘဲ လိုက်သွားတော့၏။

❋

www.burmeseclassic.com

www.burmeseclassic.com



လူနေအိမ်ခြေများကို ကျော်ဖြတ်ပြီးနောက် လူရှင်းသောမြေနီလမ်းကလေးဆီသို့ ရောက်ရှိသွားကြလေသည်။

ဗေဒါက ရှေ့မှတစိုက်မတ်မတ်သွားနေ၏။ ကျင်းလုံက နောက်မှ ကောက်ကောက်ပါအောင်လိုက်သွားသည်။

မြေနီလမ်းကလေးဆုံးအောင် သွားပြီးသောအခါ လမ်းဘေး၌ သစ်ပင်ချုံနွယ်များဖုံးလွှမ်းလာသည်။ ကျင်းလုံ မပေါ့ဆဝံ့ပါ။ သတိကြီးစွာထားလျက် လိုက်ပါသွားလေသည်။

မြေနီလမ်းကလေးဆုံးသွားသောအခါ သင်္ချိုင်းမြေတစ်ခုသို့ရောက်ရှိသွားလေ၏။ သင်္ချိုင်းမြေသည် တိတ်ဆိတ်ခြောက်သွေ့၍နေသည်။

မြေပုံမှတ်တိုင်များ ထိုးထိုးထောင်ထောင်ရှိနေသည်။ အုတ်ဂူများကလည်း အစီအရီရှိနေ၏။ ဗေဒါက သင်္ချိုင်းမြေထဲသို့ လှမ်းဝင်သွားလေသည်။

ကျင်းလုံလည်း လိုက်သွားရင်း လှမ်းမေးလိုက်သည်။

"မရောက်သေးဘူးလားဗျ"

"ဟဲ…ဟဲ ရောက်တော့မှာပါ"

ဗေဒါက ရှေ့ဘက်သို့ညွှန်ပြလိုက်သည်။ ထိုအခါ မလှမ်းမကမ်းရှိမြေပုံမှတ်တိုင်များကြားမှ သစ်ပင်တစ်ပင် ခြေရင်း၌ လူတစ်ယောက်အား ကြိုးများဖြင့်ချည်နှောင်ထားသည်ကို



တွေ့ရလေတော့သည်။

"ညီမ"

ကျင်းလုံ လွှတ်ခနဲခေါ်လိုက်မိသည်။ ရှေ့သို့လှမ်းသွားရန်ဟန်ပြင်လိုက်သောအခါ ဗေဒါကဟန့်တားလိုက်၏။

"နေဦး….မင်း သူ့ကိုတွေ့ချင်ရင် ကြေးပြားကို အရင်ပေးမှဖြစ်မယ်"

ကျင်းလုံ ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ပါ။

"ကောင်းပြီ"

ကြေးပြားလေကို ထုတ်ပေးလိုက်သည်။ ဗေဒါက ဖျပ်ခနဲလှမ်းယူလိုက်၏။ ဗေဒါ၏လက်ထဲသို့ ကြေးပြားလေးရောက်သွားမှ ကျင်းလုံသတိဝင်လာပြီး ပြန်လည်လုယူလိုက်လေသည်။ ဗေဒါမှာ ကြောင်အမ်းအမ်းဖြစ်သွားပြီး…

"ဒါက ဘာသဘောလဲ"

ကျင်းလုံ ခေါင်းခါယမ်းလိုက်သည်။

"ကြေးပြားလေးကိုလိုချင်ရင် မေကျို့ဝါးကို အရင်ဆုံးလွှတ်ပေးရမယ်"

"ဪ"

ဗေဒါသည် သစ်ပင်ကြီးဘက်သို့လှည့်ကာ လက်ဝှေ့ယမ်းပြလိုက်လေသည်။

ဤတွင် လူနှစ်ယောက်သည် သစ်ပင်နောက်ကွယ်မှ ထွက်လာပြီး သစ်ပင်၌ချည်နှောင်ထားသော မိန်းကလေးအား

www.burmeseclassic.com

www.burmeseclassic.com



လွှတ်ပေးလိုက်ကြလေသည်။

"အစ်ကို..."

မိန်းကလေးသည် အနှောင်အဖွဲ့မှ လွတ်မြောက်လာသည်နှင့် ကျင်းလုံထံသို့ တဟုန်ထိုးပြေးလာလေသည်။

"ညီမ"

ကျင်းလုံက လက်နှစ်ဖက်ဆန့်ကာ ဆီးကြိုလိုက်၏။

"ဟား...ဟား...ဟား..."

ဗေဒါက သဘောကျစွာရယ်မောနေသည်။

ကျင်းလုံသည် မေကျို့ဝါးအားပြန်တွေ့ရသဖြင့် ဝမ်းသာနေစဉ် အနီးသို့ရောက်လာသည်မှာ မေကျို့ဝါးမဟုတ်ဘဲ အခြားမိန်းကလေးတစ်ယောက်ဖြစ်နေသည်ကို တွေ့လိုက်ရသောအခါ ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

"ဟင်...မင်း...မင်း..."

မိန်းကလေးက အားကိုးတကြီး အကူအညီတောင်းလေသည်။

"အစ်ကို...ကျွန်မကို ကယ်ပါဦး"

"မင်း...မင်း ဘယ်သူလဲ"

"ကျွန်မကိုဖမ်းဆီးပြီး နှိပ်စက်နေကြပါတယ်ရှင်"

ထိုမိန်းကလေးသည် ဗေဒါတို့လူစု၏ မတရားဖမ်းဆီးချုပ်နှောင်ခံနေရသူဖြစ်သည်ဟု ကျင်းလုံတွေးကာ ဗေဒါဆီသို့ လှမ်းကြည့်လိုက်လေသည်။



ဗေဒါက ရယ်မောနေ၏။

"သူလည်း ကြေးပြားတစ်ပြားတော့ တန်ပါတယ်ဗျာ"

"ခင်ဗျားဟာ လူယုတ်မာ တစ်ယောက်ပဲ"

ကျင်းလုံ မကျေမနပ်ဖြစ်သွားပြီး မိန်းကလေးအား ကူညီရန် ဆုံးဖြတ်လိုက်လေသည်။

ထိုတဒင်္ဂအချိန်လေးမှာပင် မမျှော်လင့်သော ဖြစ်ရပ်တစ်ခု ဖြစ်ပေါ်လာလေသည်။ အကူအညီတောင်းရင်း ပြေးလာသောမိန်းကလေးက သူ့အား တိုက်ခိုက်လိုက်ခြင်းဖြစ်သည်။

ကျင်းလုံ ကြောင်အမ်းအမ်းဖြစ်သွား၏။

"မင်း...မင်း...ဘာလုပ်တာလဲ"

ကပျာကယာ ရှောင်တိမ်းရန် ဟန်ပြင်လိုက်စဉ် ဗေဒါနှင့် သူ၏လူနှစ်ယောက်ကပါ ပြေးဝင်တိုက်ခိုက်လာကြ၏။

"တောက်"

ကျင်းလုံ ဒေါသတကြီးတက်ခေါက်ကာ လက်ဝါးနှစ်ဖက်၌ အတွင်းအားစုစည်းကာ မိုးနဂါးလက်ဝါးသိုင်းကို အသုံးပြုတိုက်ခိုက်လိုက်လေသည်။

"ဝုန်း...ဝုန်း..."

ဗေဒါနှင့် သူ၏လူနှစ်ယောက်မှာ ကပျာကယာ နောက်ဆုတ်သွားကြလေ၏။

မိန်းကလေးကား ကျင်းလုံအနီးသို့ရောက်နေပြီဖြစ်၍ သူမ၏တိုက်ခိုက်မှုကို ကျင်းလုံအနေဖြင့် မရှောင်နိုင်တော့ဘဲ ဖြစ်သွားလေတော့သည်။

"ဝုန်း..."

www.burmeseclassic.com

www.burmeseclassic.com



"အင့်...."

ကျင်းလုံ၏ ဝဲဘက်ပခုံး၌ မိန်းကလေး ထိုးသွင်းလိုက်သည့် ဓားမြှောင်ထိသွားသဖြင့် သွေးချင်းချင်းနီရဲသွားကာ ဒယီးဒယိုင်ဖြင့် နောက်ဆုတ်လိုက်ရ၏။

"ဟော့ကောင်တွေ ဘာလုပ်နေတာလဲ"

ဗေဒါက အော်ပြောလိုက်ရာ အုတ်ဂူများနောက်ကွယ်မှ ထက်နက်ကိုယ်စီကိုင်ဆောင်ထားကြသူများ ထွက်ပေါ်လာပြန်တော့သည်။

"ယား"

ထိုလူများသည် ညာသံပေးကာ ကျင်းလုံအား ဝိုင်းရံတိုက်ခိုက်လိုက်ကြသည်။ ကျင်းလုံလည်း အံတင်းတင်းကြိတ်ကာ ပြန်လည်ခုခံတိုက်ခိုက်လိုက်၏။

သူ၏မိုးနဂါးလက်ဝါးသိုင်းပညာမှာ အစွမ်းထက်သော သိုင်းပညာတစ်မျိုးပင်ဖြစ်ပါသည်။

ဖခင်၏ခြေရာကို နင်းနိုင်သည်အထိ တတ်မြောက်ထားသဖြင့် ရန်သူက အင်အားများသော်လည်း ကောင်းစွာ ရင်ဆိုင်နိုင်ခဲ့လေသည်။

မည်သို့ဆိုစေ....

ကျင်းလုံ ဝဲဘက်ပခုံး၌ ဒဏ်ရာရထားခြင်းက တစ် ပန်းရှုံးနေသည်။ အများနှင့်တစ်ယောက် ရင်ဆိုင်ရသောအခါ-

"ဝုန်း...."

"အား...."

"သေပါပြီဗျ...."



စူးရှသော အော်ဟစ်သံများ တစ်ခဲနက် ထွက်ပေါ်လာသည်။ ဗေဒါ၏လူအချို့ လွင့်စဉ်သွားကြသလို ကျင်းလုံလည်း ဒယီးဒယိုင်ဖြင့် နောက်ဆုတ်လိုက်ရလေသည်။

သူ၏ခန္ဓာကိုယ်ပေါ်၌ ဒဏ်ရာသုံးလေးချက်ရသွားလေ၏။ လှည့်စားခဲ့သော မိန်းကလေးကလည်း တစ်ချက်တစ်ချက် အလစ်ဝင်ရောက်တိုက်ခိုက်ရာ ကျင်းလုံမှာ အခက်ကြုံတွေ့နေရပေတော့သည်။

"ဟား....ဟား.....ဟား....."

ဗေဒါက ဟားတိုက်ရယ်မောလိုက်လေသည်။

"ကျင်းလုံ......မင်း ဘာတတ်နိုင်မှာလဲ..၊ မင်းရဲ့ ပခုန်းကို ကြည့်လိုက်စမ်းပါဦး"

ကျင်းလုံက အမှတ်မထင်ငုံ့ကြည့်လိုက်ရာ ဝဲဘက်ပခုန်း၌ရရှိထားသောဒဏ်ရာမှ သွေးမည်းများစီးကျနေသည်ကို တွေ့လိုက်ရလေသည်။

"ဟင်...အဆိပ်ပါလား"

ကျင်းလုံ ရင်ထိတ်သွားလေသည်။ ဗေဒါက ထပ်မံရယ်မောလိုက်လေသည်။

"ဟုတ်တယ်......မင်းအဆိပ်မိသွားပြီ၊ မင်းဘာတတ်နိုင်တော့မှာလဲ"

"ကျုပ် ဘာကြောင့် မတတ်နိုင်ရမှာလဲ"

ကျင်းလုံဒေါသထွက်လာပြီး တရကြမ်းတိုက်ခိုက်ရာ-

www.burmeseclassic.com

www.burmeseclassic.com



ဖေဒါနှင့် မိန်းကလေးတို့ ကပျာကယာ နောက်ဆုတ်လိုက်ကြလေသည်။ ဖေဒါ၏ လူများက လက်နက်ကိုယ်စီဖြင့် ဆီးကြိုတိုက်ခိုက်ကြ၏။ ထိပ်တိုက်ရင်ဆိုင်မိသည့်အခါ...

"အား"

"အမလေး"

"သေပါပြီဗျ"

ဖေဒါ၏လူများသည် ကျင်းလုံ၏လက်ဝါးတိုက်ချက်မိကာ တစ်ယောက်ပြီးတစ်ယောက် လဲကျသွားကြကုန်သည်။

ကျင်းလုံလည်း တစ်ကိုယ်လုံးယိမ်းယိုင်လာ၏။

အဆိပ်အစွမ်းပြလာခြင်းကြောင့် မျက်လုံးများပြာဝေလာသည်။ ခြေလက်များပျော့ခွေလာသည်။

နောက်ဆုံး ကိုယ့်ကိုယ်ကို မထိန်းနိုင်တော့ဘဲ....

"ဝုန်း"

မြေပေါ် အရုပ်ကြိုးပြတ်လဲကျသွားတော့သည်။

" ဟား....ဟား.....ဟား....."

ဖေဒါက ဟားတိုက်ရယ်မောရင်း ရှေ့တိုးလာသည်။

"ကျင်းလုံ...မင်းက တြိဂံကြေးပြားလေးကို ဘယ်လိုစောင့်ရှောက်နိုင်ဦးမှာလဲ"

မှန်ပေသည်။

ကျင်းလုံထံ၌ ရောက်ရှိနေသော ကြေးပြားလေးသည် ဖေဒါ၏ လက်ထဲပါသွားတော့မည် ဖြစ်လေသည်။



ထိုတဒင်္ဂအချိန်လေးမှာပင်...

"လက်စသတ်တော့ ဖေဒါတို့ဖနီးမောင်နှံက ဒီနေရာမှာလာပြီး သောင်းကျန်းနေတာကိုး"

စကားသံတစ်ချက်ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။ ဖေဒါလှည့်ကြည့်လိုက်သောအခါ အဘိုးအိုတစ်ယောက်ရောက်ရှိလာသည်ကို တွေ့မြင်လိုက်ရလေသည်။

❋

အပြာရောင်အဝတ်အစားများ ဝတ်ဆင်ထားသော အဘိုးအိုတစ်ယောက်ရောက်ရှိလာသည်။

ထိုအဘိုးအိုမှာ ဥပဓိရုပ်တည်ကြည်ခန့်ညားပြီး ထိပ်တန်းသိုင်းပညာရှင်တစ်ယောက်ဖြစ်ကြောင်း ပေါ်လွင်နေ၏။

အဘိုးအိုကိုမြင်သည်နှင့် ဖေဒါတို့မှာ ကဗျာကယာ နောက်ဆုတ်လိုက်ကြလေသည်။

ဖေဒါက လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်လိုက်သည်။

"ထိုက်စန်းတောင်အဘိုးအို ရှာဝူးကို ဂါရဝပြုပါတယ်ခင်ဗျာ"

အဘိုးအိုမှာ သိုင်းလောက၌လျှမ်းလျှမ်းတောက်ကျော်ကြားနေသော ထိုက်စန်းတောင်အဘိုးအို ရှာဝူးဖြစ်ပါသည်။

ရှာဝူးသည် အဖြူရောင်သိုင်းသမားကြီးတစ်ယောက်ဖြစ်ပြီး သက်ခြေဂိုဏ်းအား ချေမှုန်းရန် ကြိုးစားနေသူများတွင် ရှေ့ဆုံးမှပါဝင်သူဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဗေဒါက ရာဝူးကိုသိထားသကဲ့သို့ ရာဝူးကလည်း ဗေဒါကို ကောင်းစွာသိထားပါသည်။

“ဗေဒါ.....မင်းဟာ သိုင်းလောက လူလိမ်လူကောက် တစ်ယောက်ပဲ၊ ခုကော ဘာတွေလိမ်ကောက်ဖို့ ကြိုးစားနေတာလဲ”

“ဟာ...မဟုတ်ပါဘူး၊ ဆရာကြီးက ကျုပ်ကိုတွေ့တာနဲ့ အပြစ်ပြောဖို့လောက်ပဲ စဉ်းစားနေတာကိုး”

ရာဝူး နှာခေါင်းရှုံ့လိုက်သည်။

“ဟွန့်.....မင်းတို့ ဇနီးမောင်နှံနှစ်ယောက် ဘယ်တုန်းက ကောင်းတာလုပ်ခဲ့ဖူးလို့လဲ၊ သိုင်းလောကတစ်ခွင် ပြုံပြစ်အောင်သွားပြီး လိမ်ညာလုပ်စားနေကြတာပဲမဟုတ်လား”

“ဟဲ...ဟဲ...ဟဲ...”

ဗေဒါက တဟဲဟဲရယ်မောနေသည်။

သူသည် လူလိမ်လူကောက် တစ်ယောက်ဖြစ်ကြောင်း ကျင်းလုံအား အကောက်ကြံခဲ့သည့်လုပ်ရပ်က ဖော်ပြနေသည် မဟုတ်ပါလား။

ဗေဒါ၏အနီး၌ရပ်နေသော မိန်းကလေးကလည်းရယ်မောလိုက်လေသည်။

အမှန်တော့ သူမသည် မိန်းကလေးတစ်ယောက် မဟုတ်ဘဲ မှန်နံ့သာခြယ်သကာ ငယ်ရွယ်အောင်ဖန်တီးထားသည့် အမျိုးသမီးကြီးတစ်ယောက်သာ ဖြစ်ပေသည်။

သူမသည် ကန့်ကလျဖြင့် ရာဝူးထံသို့လှမ်းသွား၏။

“ဘာဘာရာဂူ၊ ဘာကြောင့်များ ဒီလောက်တော



ဒေါသကြီးနေရတာလဲ၊ ကျွန်မတို့က မကောင်းမှုတွေကို စွန့်လွှတ်လိုက်တာကြာပါပြီ”

“ဩော်”

ရာဝူး မဲ့ပြုံးပြုံးလိုက်သည်။

“မင်းတို့က မကောင်းမှုတွေကို စွန့်လွှတ်လိုက်ပြီဆိုရင် သူ့ကို ဘာ့ကြောင့်အကောက်ကြံချင်ရတာလဲ”

“သူဟာ သက်ခြွေဂိုဏ်းဝင်ဖြစ်နေလို့ပါရှင်”

“သက်ခြွေဂိုဏ်းဝင် ဟုတ်လား”

“ဟုတ်ပါတယ်ရှင်”

“နေပါဦး၊ သက်ခြွေဂိုဏ်းဝင်ဆိုတာ မင်းက ဘယ်လို အထောက်အထားနဲ့ ပြောတာလဲ”

ဗေဒါက ဝင်ပြောလိုက်လေသည်။

“သူဟာ ကြက်တူရွေးခေါင်းကြီးရဲ့အိမ်က ထွက်လာတာကို ကျုပ်တို့ တွေ့ခဲ့ရလို့ပါဗျာ”

“အဲဒါ ဘာဆိုင်လို့လဲ၊ ကြက်တူရွေးခေါင်းကြီးဟာ သက်ခြွေဂိုဏ်းရဲ့စည်းရုံးသိမ်းသွင်းမှုကိုမခံလို့ လုပ်ကြံခံလိုက်ရတယ်မဟုတ်လား”

“သူ ထွက်လာပြီးနောက် ကြက်တူရွေးခေါင်းကြီး သေဆုံးသွားခဲ့တာ၊ သူ့ရဲ့လက်ချက်ပဲဖြစ်မှာပေါ့”

ရာဝူး မျက်မှောင်ကုတ်သွား၏။

မည်သို့ဆိုစေ.....

www.burmeseclassic.com

www.burmeseclassic.com



ဗေဒါ၏စကားကို သူယုံကြည်လိမ့်မည် မဟုတ်ချေ။

"ထားပါတော့လေ… သူဟာ သက်ခြွေဝိုဏ်းသားတစ်ယောက်ဆိုရင် ကျုပ်က သူ့ကို ခေါ်သွားလို့ ပိုကောင်းတာပေါ့၊ ကဲ…အဆိပ်ဖြေဆေးပေးပါ"

"ဟင်"

"သူ့ကို ခေါ်သွားမယ် ဟုတ်လား"

ဗေဒါတို့ဇနီးမောင်နှံ မကျေမနပ်ဖြစ်သွားကြ၏။

ရှာဝူးက လက်ဝါးဖြန့်လိုက်၏။

"အဆိပ်ဖြေဆေးပေးပါ"

ဗေဒါ၏ဇနီးသည်သည် ဘာမျှမတတ်နိုင်ဟန်ဖြင့်…

"ဒီအထုပ်လေးထဲမှာ ရှိပါတယ်ရှင်"

အထုပ်ကလေးတစ်ထုပ်ပစ်ပေးလိုက်သည်။ ရှာဝူးက အသာအယာပင် ဖမ်းထားလိုက်၏။ ထို့နောက်…ကျင်းလုံအား ဖေးမကာ ပခုန်းပေါ်ထမ်းလိုက်သည်။

"ဆရာကြီးက သူ့ကို ခေါ်သွားမလို့လား"

ဗေဒါက လှမ်းမေးလိုက်သော်လည်း ရှာဝူးက အဖြေမပေးဘဲ ခြေလှမ်းကျဲကျဲဖြင့် လှမ်းထွက်သွားလေတော့သည်။

❋



ကျင်းလုံအား ထိုက်စန်းတောင် သိုင်းဆရာ ရှာဝူးက ခေါ်သွားပြီဖြစ်လေသည်။ ပါးစပ်ထဲရောက်ကာနီး အစာကို ပုတ်ချခံလိုက်ရသကဲ့သို့ ဗေဒါတို့ဇနီးမောင်နှံ ခံပြင်းဒေါသထွက်နေကြပေတော့သည်။

"တောက်… ဒီအဘိုးကြီးလာရှုပ်လို့ လက်လွှတ်လိုက်ရတာ အတော်နာတာပဲ"

သူတို့သည် သိုင်းလောက၌ကျင်လည်ကျက်စားရင်း မကောင်းမှုများပြုလုပ်ခဲ့သည်မှာ ကြာပြီဖြစ်သည်။

သူတော်ချင်းချင်း သတင်းတွေ့တွေ့ဆိုသကဲ့သို့ ဒုစရိုက်သမားများ အနက်ရောင်သိုင်းသမားများ ပေါင်းပွဲကျများနှင့် ရင်းနှီးကျွမ်းဝင်ခဲ့သည်။

ဒုစရိုက်နယ်ပယ်များမှ သတင်းအမျိုးမျိုး ရရှိနိုင်ကြပြီး ကျင်းလုံအကြောင်းကို သိသွားခဲ့ခြင်းဖြစ်သည်။

သူတို့သည် ရှစ်ကွက်အင်းနှင့်ပတ်သက်၍လည်း အမြဲမပြတ် ခြေရာခံနေကြသူများမဟုတ်ပါလား။

"ထိုက်စန်းတောင် အဘိုးကြီးဝင်ရှုပ်တာနဲ့ ကျွန်ုပ်တို့ ဒီအတိုင်း လက်ပိုက်ကြည့်နေကြရတော့မှာလား"

"ဟုတ်တယ်…..ကျုပ်တို့ ဘာကြောင့်ခေါင်းငုံ့ခံနေရမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"သူ့နောက်ကို လိုက်သွားပြီး ကျင်းလုံကို လုယူမယ်"

ဗေဒါ၏တပည့် ငယ်သားများက တစ်ယောက်တစ်ပေါက် ပြောလာကြလေသည်။

ဗေဒါက ဘယ်လိုလဲဟူသော အကြည့်ဖြင့် ဓနီးသည်ကို လှမ်းကြည့်လိုက်သည်။ အမျိုးသမီးကား ရယ်မောလိုက်၏။ ဗေဒါကလည်း ရယ်မောလိုက်လေသည်။

"ဟား...ဟား....ဟား..."

သူ၏ရယ်သံ ကျယ်လောင်စွာထွက်ပေါ်လာခြင်းကြောင့် အမျိုးသမီး၏ရယ်မောသံ ရပ်တန့်သွားလေသည်။

"ရှင်က ဘာရယ်တာလဲ"

"ဟော...မင်းရယ်တာကို ကြည့်ပြီး သဘောကျလို့ ရယ်မိတာပေါ့"

"ရှင်... ရှင်...."

အမျိုးသမီးစိတ်ဆိုးသွားရာ ဗေဒါကလက်ကာပြပြီး-

"နေစမ်းပါဦး....မင်းကကော ဘာရယ်တာလဲ၊ ပြောစမ်းပါဦး"

"ကျွန်မလည်း သဘောကျလို့ပေါ့"

"ဪ....ငါ့ကို သဘောကျလို့ ဟုတ်လား"

"ဘယ်ကဟုတ်ရမှာလဲ....ကျွန်မက ထိုက်စန်းတောင် အတိုးအိုရှာပုံကို သဘောကျလို့ပါ"

ဗေဒါ မကျေမနပ်ဖြစ်သွားလေသည်။

"သူက ကျင်းလုံကို ဖမ်းသွားတယ်၊ ဒါကို မင်းက သဘောကျနေတာပေါ့ ဟုတ်လား"



"မဟုတ်ပါဘူး၊ ကျင်းလုံအတွက် အဆိပ်ဖြေဆေးယူသွားတာကို သဘောကျလို့ရယ်မိတာရှင့်"

"ဪ"

"သူက အဆိပ်ဖြေဆေးတောင်းတိုင်း ကျွန်မက ပေးရမှာလား၊ အဆိပ်ဖြေဆေးအတု ပေးလိုက်တယ်လေ၊ သူ ဘာတတ်နိုင်မှာမို့လဲ၊ သူ့နောက်ကို လိုက်စရာ မလိုပါဘူး၊ ကျင်းလုံ အသက်ရှင်စေချင်တယ်ဆိုရင် သူက ကျွန်မတို့ဆီကို ပြန်လာရမှာပေါ့"

အမျိုးသမီးက မဲ့ကာရွဲ့ကာဖြင့် ပြောလေသည်။

"ဟား ဟား ဟား တော်တယ်၊ မင်းသိပ်တော်တယ်၊ မင်းကို ချီးကျူးဂုဏ်ပြုရမယ်"

သူ၏စကားကို အဖွဲ့သားများက ထောက်ခံလိုက်ကြလေသည်။

"ဟုတ်တယ်ဗျို့"

"ကျုပ်တို့တစ်နေရာရာသွားပြီး စားသောက်ကြမယ်"

"လာ မြန်မြန်သွားကြစို့"

ဗေဒါတို့လူစုသည် တပျော်တပါးဖြင့် သချိုင်းမြေထဲမှ ထွက်သွားကြလေတော့သည်။

❋

www.burmeseclassic.com

www.burmeseclassic.com



ရွှေနဂါးစားတော်ဆက်.....

ရွှေနဂါးစားတော်ဆက်သည် အရက်ကောင်းများ ရနိုင်ရုံမျှမက အစားကောင်း အသောက်ကောင်းများ ရှိနိုင်သော အစားသောက်ဆိုင်ဖြစ်လေသည်။

ဗေဒါတို့လူစုသည် ရွှေနဂါးစားတော်ဆက်သို့ ရောက်ရှိလာသည်နှင့် ဆိုင်ထဲ၌ စားသောက်နေကြသူများအား မောင်းထုတ်ပစ်လိုက်ကြသည်။

ဆိုင်ထဲ၌နေရာယူကာ စိတ်လွတ်ကိုယ်လွတ် စားသောက်လိုက်ကြရာ တစ်ဆိုင်လုံး ဆူညံနေသည်။

ဖွန်းသံ ပန်းကန်သံများအပြင် တဟေးဟေး တဟားဟား အော်ဟစ်ရယ်မောနေသံများ ဖုံးလွှမ်းနေ၏။

ဗေဒါတို့လူစု သောင်းကျန်းနေသည်ကို ဆိုင်ရှင်နှင့် ဆိုင်လုလင်များ ဘာမျှ မပြောရဲကြပါ။

ကြောက်ကြောက်ရွံ့ရွံ့ဖြင့် ခိုင်းသမျှ လုပ်ပေးနေကြရလေသည်။

"ဒုက္ခပဲ သည်လူတွေ ဘယ်တော့မှ ထွက်သွားကြပါ့မလဲ၊ စားသောက်ခ ကျသင့်ငွေလည်း ပေးမယ့်ပုံ မပေါ်ဘူး"

ဆိုင်ရှင်က ပေါ်ပင်းတိုးညည်းတွားလိုက်လေသည်။



ထိုအချိန်မှာပင် ဆိုင်ထဲသို့ ဝင်လာသူတစ်ယောက်အား တွေ့လိုက်ရလေသည်။ ထိုလူမှာ အနက်ရောင် အဝတ်အစားများဝတ်ဆင်ကာ မျက်နှာဖုံးစွပ်ထားသူဖြစ်လေသည်။

ထိုလူကိုမြင်လျှင် ဆိုင်ရှင်ပို၍ပြီးထိတ်လန့်သွား၏။ ခြေဖျားလက်ဖျားများလည်း အေးစက်လာသည်။ သို့သော်...

"အင်း....သည်လူရောက်လာမှပဲ ဆိုင်ထဲမှာ သောင်းကျန်းနေတဲ့ လူတွေငြိမ်သွားတော့တယ်"

ဟူ၍ အမှတ်မထင်တွေးလိုက်မိလေသည်။ ဗေဒါတို့လူစုကား ပျော်ရွှင်နေကြဆဲ.....

ရုတ်တရက်.....

"ဟား...ဟား..ဟား....ဟား"

ပုရစ်တစ်ကောင်အသံပမာ စူးရှသော ရယ်သံထွက်ပေါ်လာပြီး တစ်ဆိုင်လုံးကို ဖုံးလွှမ်းသွားလေသည်။

"ဟင်"

"ဟာ"

ဗေဒါတို့လူစု ကြောင်အမ်းအမ်းဖြစ်သွားကြကုန်၏။

ရယ်သံ စကားသံ ဖွန်းသံ ပန်းကန်သံများ ချက်ချင်းတိတ်ဆိတ်ငြိမ်သက်သွားသည်။

လူတိုင်းလူတိုင်းသည် ရယ်သံထွက်ပေါ်လာရာဆီသို့ လှည့်ကြည့်လိုက်ရာ အနက်ရောင် ဝတ်ထားသူအား တွေ့မြင်လိုက်ရလေတော့သည်။

"သက်ခြေဂိုဏ်းချုပ်"

ဗေဒါက လွှတ်ခနဲ ရေရွတ်လိုက်ရာ အားလုံး ဝုန်းခနဲ

www.burmeseclassic.com

www.burmeseclassic.com



ထရပ်လိုက်မိကြလေတော့သည်။

သက်ခြေဂိုဏ်းချုပ်ဟူသော အမည်က လူတိုင်းလူတိုင်းအား ထိတ်လန့်သွားစေတော့သည်။

မှန်ပေသည်။

သက်ခြေဂိုဏ်းချုပ်ရောက်လာခြင်းဖြစ်သည်။

သက်ခြေဂိုဏ်းချုပ်သည် ရှေ့သို့တစ်လှမ်းချင်းတိုးလာသည်။ ဗေဒါတို့လူစုက နောက်သို့တရွေ့ရွေ့ဆုတ်လိုက်ကြ၏။

ဆိုင်ထောင့်တစ်နေရာ၌ အားလုံးစုရုံးပြီးသား ဖြစ်သွားသည်။ သက်ခြေဂိုဏ်းချုပ်က ဗေဒါအား စိုက်ကြည့်လိုက်၏။

"ဗေဒါ မင်းသိပ်တော်တယ်"

အလွန်ရူးရှသေးငယ်သောအသံဖြင့် ပြောလာလေသည်။ ဗေဒါ မျက်နှာပျက်သွားလေသည်။

"ကျုပ် ကျုပ်က..."

"မင်း....ဘာဆင်ခြေပေးချင်လို့လဲ၊ မင်းဟာ သက်ခြေဂိုဏ်းမှာ အမှုတော်ထမ်းရွက်ချင်တယ်လို့ ကိုယ်တိုင်တောင်းဆိုခဲ့တာပဲ မဟုတ်လား၊ သက်ခြေဂိုဏ်းရဲ့အဖွဲ့ခွဲ ခေါင်းဆောင်အဖြစ် မင်းကိုခန့်အပ်ခဲ့ပြီး အဖြူရောင်သိုင်းသမားတွေရဲ့ အန္တရာယ်က ကာကွယ်ပေးခဲ့ပေမယ့်၊ မင်းကတော့ တာဝန်ကျေအောင် ထမ်းဆောင်ခြင်းမရှိတဲ့အပြင် တစ်ပတ်ရိုက်ဖို့တောင် ကြံစည်ကြိုးစားနေသေးတယ်၊ ကဲ မင်းဘာပြောချင်သေးသလဲ"

ဗေဒါ မျက်နှာပျက်သွားလေသည်။ ကြောက်မက်ဖွယ်ကောင်းသည်ဟု သတင်းကြီးနေသော သက်ခြေဂိုဏ်းချုပ်နှင့် ထိပ်တိုက်ရင်ဆိုင်နေရပြီမဟုတ်ပါလား။



သက်ခြေဂိုဏ်းချုပ်စွပ်စွဲသကဲ့သို့ သူက ရှစ်ကွက်အင်း၏အစိတ်အပိုင်းဖြစ်သော ကြေးပြားလေးကို လိုချင်မက်မောမိသဖြင့် တစ်ပတ်ရိုက်ရန် ကြိုးစားခဲ့ခြင်းပင်ဖြစ်သည်။

သို့သော်... ဗေဒါက အကြောက်အကန်ငြင်းဆန်၏။

"ဂိုဏ်းချုပ်ကြီးမှားနေပါပြီ၊ ကျုပ်က တစ်ပတ်ရိုက်ဖို့ ကြံစည်တာမဟုတ်ပါဘူး၊ ဂိုဏ်းချုပ်ကြီးရဲ့အမိန့်အတိုင်း ကျင်းလုံကိုဖမ်းဆီးပြီး သူ့ဆီကကြေးပြားကိုရယူဖို့ ကြိုးစားခဲ့တာပါ"

"သြော်...."

သက်ခြေဂိုဏ်းချုပ်သည် လက်နှစ်ဖက်နောက်ပစ်ကာ ရှေ့တိုးလာလေသည်။

ဗေဒါက ကပျာကယာ နောက်ဆုတ်လိုက်၏။ သူ၏ဓနီးသည်နှင့် တပည့်များလည်း ဘေးသို့ရှဲသွားသည်။

ဗေဒါမှာ နံရံနှင့်ကျောပြင်ထိတွေ့မိတော့မှ ရပ်တန့်သွားလေတော့သည်။

သက်ခြေဂိုဏ်းချုပ် ရယ်မောလိုက်လေသည်။

"ဗေဒါ မင်းကိုကြည့်ရတာ အတော်ကလေး ကြောက်လန့်နေပုံရတယ်၊ မင်းတစ်ပတ်ရိုက်ဖို့ မကြံဘူးဆိုရင် ကြောက်လန့်နေစရာအကြောင်းမရှိဘူး"

"ကျုပ်....ကျုပ်"

"သက်ခြေဂိုဏ်းဆိုတဲ့ အမည်ကြားတာနဲ့ သိုင်းလောကတစ်ခုလုံး ထိတ်လန့်တုန်လှုပ်သွားကြတယ်၊ မင်းကတော့ တစ်

www.burmeseclassic.com

www.burmeseclassic.com



ပတ်ရိုက်ဖို့ ကြိုးစားခဲ့တာ နည်းတဲ့သတ္တိမဟုတ်ဘူးဖေဒါ၊ မင်းကို ငါဘယ်နည်းနဲ့မှ ခွင့်မလွှတ်နိုင်ဘူး"

ဖေဒါသည် အသက်အန္တရာယ်နှင့် ကြုံရတော့မည် ဖြစ်ကြောင်းသိလိုက်ရသဖြင့် အကြောက်အကန် ပြန်လည် တိုက်ခိုက်လေတော့သည်။

"ယား..."

ပြာသံပေးရင်း အကျီလက်အိုးထဲ၌ ဝှက်ထားသော ဓားမြှောင်နှစ်လက်ကို ထုတ်ယူကာ ပစ်ပေါက်လိုက်လေသည်။

"ဗွစ်... ဗွစ်"

ဓားမြှောင်နှစ်လက်သည် သက်ခြွေဂိုဏ်းချုပ်၏ရင်ဝ သို့ ပစ်လွင့်သွားလေသည်။ ဖေဒါ၏လုပ်ကြံမှုကြောင့် သက်ခြွေဂိုဏ်းချုပ် ဒုက္ခရောက်တော့မည်ဟုပင် ထင်ရလေသည်။

သို့သော်...

"ဖတ်"

မြည်သံသဲ့သဲ့ထွက်ပေါ်လာကာ ဓားမြှောင်နှစ်လက် မှာ မြင်ကွင်းမှပျောက်ကွယ်သွားလေသည်။

"ဟင်..."

ဝမ်းသာတော့မည့်ဖေဒါမှာ ကြောင်အမ်းအမ်းဖြစ်သွား လေသည်။

သူ၏ဓားမြှောင်နှစ်လက် မည်သည့်နေရာသို့ ရောက် သွားပါသနည်း။



"ဖေဒါ မင်းပညာ ဒါအကုန်ပဲလား"

သက်ခြွေဂိုဏ်းချုပ်က မေးရင်း ရှေ့တိုးလာလေသည်။

ဖေဒါကား နံရံနှင့်ကျောပြင် ကပ်မိနေပြီဖြစ်ရာ နောက် ဆုတ်ဖို့ မဖြစ်နိုင်တော့ပါ။

သူက စတင်တိုက်ခိုက်လိုက်သဖြင့် သက်ခြွေဂိုဏ်း ချုပ်သည် သူ့အား ချမ်းသာပေးတော့မည်မဟုတ်ကြောင်း ကောင်းစွာ နားလည်ထားသည်။ ထိုကြောင့်...

"ဟော့ကောင်တွေ မင်းတို့ ဘာလုပ်နေကြတာလဲ"

သူ၏လူများကို အော်ပြောလိုက်လေသည်။

ဖေဒါ၏လူများသည် သက်ခြွေဂိုဏ်းချုပ်ရောက်ရှိလာ သောအခါ ကြောက်ရွံ့ထိတ်လန့်နေကြသည်။

ဖေဒါ၏အမိန့်ပေးသံကြားမှ အားလုံးလှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေသည်။

"ခွမ်း ခွမ်း ခွမ်း"

လက်နက်ကိုယ်စီ ချက်ချင်း ဆွဲထုတ်လိုက်ကြသည်။

ဖေဒါ ဝမ်းသာသွားသည်။

"သက်ခြွေဂိုဏ်းချုပ်ကို ရှင်းပစ်လိုက်ကြစမ်း"

ရင်ကော့ပြီးအမိန့်ပေးလိုက်၏။ သက်ခြွေဂိုဏ်းချုပ်က ဖေဒါ၏လူများအား ဝေ့ကြည့်လိုက်သည်။

ဖေဒါ၏လူများသည် လက်နက်များဆွဲထုတ်လိုက်ကြ သည်ဖြစ်သော်လည်း တကယ်တမ်း တိုက်ခိုက်ဝံ့ကြသည်တော့ မဟုတ်ချေ။

သက်ခြွေဂိုဏ်းချုပ် လှည့်ကြည့်လိုက်သည်နှင့် လက်

www.burmeseclassic.com

www.burmeseclassic.com



နက်များကို ကြမ်းပြင်ပေါ် ပစ်ချကာ စားသောက်ဆိုင်ထဲမှနေ၍ ဖနောင့်နှင့်တင်ပါး တသားတည်းကျအောင် ထွက်ပြေးသွားကြလေတော့သည်။

ဆိုင်ရှင်နှင့်ဆိုင်လုလင်များလည်း မရှိတော့ပါ။ မည်သည့်အချိန်က ထွက်ပြေးသွားကြပြီ ဆိုသည်ကိုပင် မသိနိုင်တော့ချေ။

ပြေးလွှားသံ အော်ဟစ်သံများ ပျောက်ကွယ်သွားပြီးနောက် ဆိုင်ထဲ၌ အပ်ကျသံကြားရလောက်အောင်ပင် တိတ်ဆိတ်ငြိမ်သက်သွားလေသည်။

ဗေဒါနှင့်ဖနီးသည်တို့သာ ကျန်ရစ်ခဲ့လေတော့သည်။

ဗေဒါက နဖူးပေါ်မှချွေးများကိုသုတ်ရင်း ဖနီးသည် အမျိုးသမီးကို အားကိုးတကြီးကြည့်လိုက်လေသည်။

အမျိုးသမီးသည် သက်ခြွေဂိုဏ်းချုပ်အား မျက်နှာငယ်နှင့်ကြည့်ကာ ကြမ်းပြင်ပေါ်ဒူးထောက်ထိုင်ချလိုက်၏။

"ကျွန် ကျွန်မဟာ ဗေဒါနိုင်းသမျှလုပ်ရတာပါ၊ သူ့ကိုကြောက်ရပါတယ်ရှင်၊ ကျွန်မကို ချမ်းသာပေးဖို့ တောင်းပန်ပါတယ်ရှင်"

ဦးသုံးကြိမ်ချကာ ရှစ်ခိုးကန်တော့လိုက်လေသည်။

သက်ခြွေဂိုဏ်းချုပ်က ဂရုမစိုက်ဘဲ ဗေဒါဘက်သို့လှည့်လိုက်လေသည်။

"ကဲ... မင်း ဘာလုပ်ချင်သေးသလဲ"

"ကျုပ်... ကျုပ်"

ဗေဒါမှာ ထစ်ထစ်ငေါ့ငေါ့ဖြစ်နေသည်။



သက်ခြွေဂိုဏ်းချုပ် ခေါင်းခါယမ်းလိုက်လေသည်။

"မင်း ငါ့ကိုတောင်းပန်မယ်ဆိုရင်လည်း နောက်ကျနေပြီ၊ ငါ့ကိုဂရုမစိုက်တဲ့အတွက် မင်းကောင်းကောင်းကြီး နောင်တရစေရမယ်"

စကားဆုံးသည်နှင့် ရှေ့သို့ လျှပ်တစ်ပြက်တိုးကာ လက်တစ်ဖက် ဆန့်ထုတ်လိုက်လေသည်။

ဗေဒါထိတ်လန့်ကာ ရှောင်တိမ်းရန်ကြိုးစား သော်လည်း မလွှတ်မြောက်နိုင်ပါတော့ချေ။ သက်ခြွေဂိုဏ်းချုပ်၏လက်ဝါးသည် သူ၏ရင်ဝသို့ရိုက်ချလိုက်လေသည်။

"ဖုတ်"

"အင့်..."

ဗေဒါ၏မျက်နှာကြီးရှုံ့မဲ့သွားကာ နှုတ်ခမ်းထောင့်မှ သွေးများ ချက်ချင်းယိုစီးကျလာပြီး...

"ဝုန်း"

ကြမ်းပြင်ပေါ် အရုပ်ကြိုးပြတ်လဲကျသွားတော့သည်။

ဗေဒါသည် သက်ခြွေဂိုဏ်းချုပ်အား သစ္စာဖောက်မိသဖြင့် အမိုက်ဓာတ်သိမ်းသွားရလေပြီ။

❋

www.burmeseclassic.com

www.burmeseclassic.com



စားသောက်ဆိုင်ထဲ၌ တိတ်ဆိတ် ငြိမ်သက်ခြင်းက လွှမ်းမိုးနေဆဲဖြစ်သည်။ ဖေဒါကား ကြမ်းပြင်ပေါ်၌ စန့်စန့်ကြီး လဲကျကာ အသက်ပျောက်နေပေသည်။

ဖေဒါ၏ဇနီးသည်ဖြစ်သော အမျိုးသမီးသည် အသားများ တဆတ်ဆတ်တုန်ယင် ကြောက်လန့်နေလေသည်။

သက်ခြွေဂိုဏ်းချုပ်က သူမအား လှမ်းကြည့်ကာ...

"မင်းက ကျင်းလုံကို အဆိပ်နဲ့ တိုက်ခိုက်ခဲ့တယ် ဟုတ်လား"

"ဟုတ်... ဟုတ်ပါတယ်ရှင်"

အမျိုးသမီးသည် မလိမ်ဝံ့ဘဲဝန်ခံလိုက်သည်။ သက်ခြွေဂိုဏ်းချုပ်၏နှာခေါင်းရှုံ့သံ ထွက်ပေါ်လာလေသည်။

"မင်းဟာ မိစ္ဆာတောင် အားကိုးနဲ့ ကျင်းလုံကို ဒုက္ခပေးခဲ့တာပေါ့ဟုတ်လား"

မိစ္ဆာတောင်သည် သိုင်းလောက၏ လျှို့ဝှက်နေရာတစ်ခုဖြစ်ပါသည်။

*မိစ္ဆာတောင်မှလူများသည် အဆိပ်ပညာနှင့်ပတ်သက်*လာလျှင် အလွန်ကျွမ်းကျင်ကြလေသည်။



မိစ္ဆာတောင်အား သိုင်းလောကသားများ သွားရောက်ရန်စခြင်း မပြုဝံ့သကဲ့သို့ မိစ္ဆာတောင်သည်လည်း သိုင်းလောကအား အနှောင့်အယှက်ပေးခြင်းမရှိဘူးခဲ့ချေ။

မိစ္ဆာတောင်သည် သိုင်းလောကသားများနှင့် တစ်ကြိမ်တစ်ခါမျှ ပြဿနာဖြစ်ပေါ်ခဲ့ခြင်းမရှိသဖြင့် သိုင်းလောက၌ သီးခြားရပ်တည်နေသော အဖွဲ့အစည်းတစ်ခုကဲ့သို့ ဖြစ်နေပြီး ယခုတိုင် ရပ်တည်နေနိုင်ခြင်း ဖြစ်ပေတော့သည်။

ဖေဒါ၏ဇနီးသည် အမျိုးသမီးမှာ မိစ္ဆာတောင်မှ လာသူဖြစ်လေသည်။

သူမ၏အမည်မှာ လန်းကူးဖြစ်ပြီး မိစ္ဆာတောင်သခင်၏ ရံရွှေတော်တစ်ယောက်ဖြစ်သည်။

သက်ခြွေဂိုဏ်းချုပ်သည် လန်းကူးအား စိုက်ကြည့်မိလိုက်လေသည်။

"မိစ္ဆာတောင်ရဲ့အဆိပ်ဟာ အတော့်ကို ကြောက်စရာကောင်းတယ်လို့ ကြားဖူးတယ်၊ ဒါအမှန်ပဲလား"

လန်ကူး သက်ပြင်းချလိုက်သည်။

"အမှန်ပါပဲ၊ လောကပေါ်မှာရှိရှိသမျှအဆိပ်တွေထက် မိစ္ဆာတောင်ရဲ့အဆိပ်က ပိုပြီးကြောက်စရာကောင်းပါတယ်"

*"ဒါဖြင့် ကျင်းလုံ သေဆုံးသွားရတော့မှာပေါ့"*

"သူ...သူ"

"မင်း အမှန်အတိုင်းပြောရင် ကောင်းမယ်"

*သက်ခြွေဂိုဏ်းချုပ်၏ လေသံမာသွားလေသည်။*

လန်ကူး မျက်နှာပျက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"သူ....,သူ သေရမှာ မဟုတ်ပါဘူး"

"နေပါဦး...သူသေမှာ မဟုတ်ဘူးလို့ မင်းက ဘာ့ကြောင့် ပြောနိုင်ရတာလဲ"

"ကျွန်မက ထိုက်စန်းတောင်အဘိုးအိုရာဂူးကို အဆိပ်ဖြေဆေးပေးလိုက်လို့ပါရှင်"

"ဪ...."

သက်ခြွေဂိုဏ်းက ရယ်မောလိုက်လေသည်။

"မင်းပေးလိုက်တဲ့ အဆိပ်ဖြေဆေးနဲ့ ထိုက်စန်းတောင် အဘိုးအိုရာဂူးကကုသပေးရင် ကျင်းလုံ သက်သာသွားမယ်ဆို ပါတော့...ဟုတ်လား"

"ဟုတ်ပါတယ်ရှင်"

"အင်း...မင်းက အဆိပ်ဖြေဆေးအစစ် ပေးလိုက်ရင် အကြောင်းမဟုတ်ဘူး၊ အတုပေးလိုက်တယ် ဆိုရင်ကော ဘယ်လိုလုပ်မလဲ၊ ကျင်းလုံရဲ့အခြေအနေ ပိုဆိုးသွားတော့မှာပဲ မဟုတ်လား"

"ကျွန်မ..."

လန်ကူး မည်သို့ပြောရမှန်းမသိပါ။ ပါးစပ်ကိုသာပိတ်ထားလိုက်လေတော့သည်။

သက်ခြွေဂိုဏ်းချုပ်၏အသံက အေးစက်ခက်ထန်စွာ ထွက်ပေါ်လာပြန်သည်။

"မင်းက အဆိပ်ဖြေဆေးအတုကို ပေးလိုက်တာပဲ မဟုတ်လား"

"ရှင်..."



"ကဲ... အဆိပ်ဖြေဆေးအစစ်ကဘယ်မှာလဲ ပေးစမ်း"

သက်ခြွေဂိုဏ်းချုပ်က လက်ဝါးဖြန့်လိုက်လေသည်။

လန်ကူးက ချက်ခြင်းပင် ဒူးထောက်ရာမှထလိုက်လေသည်။ သူမသည် သက်ခြွေဂိုဏ်းချုပ်အား စေ့စေ့ကြည့်ကာ ပြောလိုက်လေသည်။

"ကောင်းပြီ ကျင်းလုံအတွက် ကျွန်မဖြေဆေးပေးမယ်၊ ဂိုဏ်းချုပ်အနေနဲ့လည်း ကျွန်မရဲ့အသက်ကိုချမ်းသာပေးရမယ်"

အခွင့်အရေးရခိုက် အပြန်အလှန်တောင်းဆိုလိုက်ခြင်း ဖြစ်လေသည်။

သက်ခြွေဂိုဏ်းချုပ်က ချက်ချင်းသဘောတူလေသည်။

"ကောင်းပြီ...အဆိပ်ဖြေဆေးပေး"

လန်ကူးက ဆေးလုံးလေး တစ်လုံး ထုတ်ယူကာ ပေးလိုက်၏။ သက်ခြွေဂိုဏ်းချုပ်သည် ဆေးလုံးလေးကိုလှမ်းယူရင်း လန်ကူး၏လက်ကောက်ဝတ်ကို ဖျပ်ခနဲဖမ်းဆွဲလိုက်၏။

"ဟင်"

လန်ကူးထိတ်လန့်သွားပြီး ကပျာကယာ ရုန်းထွက်လိုက်သော်လည်း မလွတ်မြောက်နိုင်တော့ချေ။

"ငါ့ကို တစ်ပတ်ရိုက်လို့ မရဘူး"

သက်ခြွေဂိုဏ်းချုပ်သည် လန်ကူးအားဆတ်ခနဲဆောင့်ဆွဲကာ ချုပ်ကိုင်လိုက်သည်။

အဆိပ်ဖြေဆေးလုံးလေးကို လန်ကူး၏ပါးစပ်ထဲသို့

www.burmeseclassic.com

www.burmeseclassic.com



အတင်းထိုးသွင်းလိုက်လေသည်။

"ပူ...ပူ..."

လန်ကူးသည် အထိတ်တလန့်ဖြင့်ထွေးထုတ်ရန် ကြိုးစားသော်လည်း မရတော့ဘဲ ဆေးလုံးလေးမှာ ဝမ်းဗိုက်ထဲ ကျသွားတော့သည်။

သက်ခြေခြိုက်ဏ်းချုပ်က ရယ်မောရင်း လန်းကူးအား လွှတ်ပေးလိုက်၏။ လန်ကူးသည် သက်ခြေခြိုက်ဏ်းချုပ် လက်ထဲမှလွှတ်မြောက်သွားသည်နှင့် အကျႌအိတ်ထဲမှပုလင်းလေး တစ်လုံးကို နှိုက်ယူလိုက်လေသည်။

ထိုပုလင်းထဲ၌ရွှေရောင်ဆေးလုံးလေးတစ်လုံး ရှိနေ၏။ လန်ကူးက ရွှေရောင်ဆေးလုံးလေးအား ထုတ်ယူရန် ကြိုးစားလိုက်၏။

"ပေးစမ်း"

သက်ခြေခြိုက်ဏ်းချုပ်သည် အနီးသို့ ရိပ်ခနဲရောက်ရှိလာပြီး ဆေးပုလင်းလေးအား လုယူလိုက်လေသည်။

"ကျွန်မကို ပြန်ပေး"

လန်ကူးက ပြန်လည်ရယူရန် ကြိုးစားသောအခါ...

"သွားစမ်း"

သက်ခြေခြိုက်ဏ်းချုပ်က လက်ဝါးဖြင့်ရိုက်ချလိုက်၏။

"ဝုန်း"

လန်ကူးမှာ ကြမ်းပြင်ပေါ်သို့ကျသွားတော့သည်။



သက်ခြေခြိုက်ဏ်းချုပ်သည် ပုလင်းထဲမှရွှေရောင်ဆေးကို ကြည့်ကာ သဘောကျစွာရယ်မောလိုက်သည်။

"ဟင်း...ဟင်း...ဒါမှ အဆိပ်ဖြေဆေးအစစ်ပဲ"

အဆိပ်ဖြေဆေးအစစ်ကို ရရှိသွားသည်နှင့် လန်ကူးအား အမှုမထားတော့ဘဲ ချာခနဲလှည့်ကာ စားသောက်ဆိုင်ထဲမှ ထွက်သွားတော့သည်။

လန်ကူးသည် ကြမ်းပြင်ပေါ်ထူးလိုမှိုညည်းတွားရင်း ကျန်ရစ်ခဲ့လေတော့သည်။

❋

www.burmeseclassic.com

www.burmeseclassic.com

# အန္တရာယ်၏အရိပ်

လေပြည်လေညှင်း ငွေ့ယမ်းတိုက်ခတ်နေသည်။

သစ်ရွက်အချို့ငွေ့ကာဝဲကာဖြင့် ပင်ယံမြင့်ထက်မှကြွေကျလာသည်။

သစ်ပင်ကြီးအောက်၌ အမြွာမြွာ ဖြာသွယ်နေသော သစ်မြစ်ဆုံများသည် အနားယူရန် သဘာဝက ဖန်တီးပေးထားသော စားပွဲ ကုလားထိုင်များပမာ ရှိနေပါတော့သည်။

သစ်ပင်ကြီးအောက်၌ ထိုက်စန်းတောင်အဘိုးအိုရှာဂူးနှင့်ကျင်းလုံတို့ ရောက်ရှိနေကြသည်။

ကျင်းလုံကား အဆိပ်မိထားသည့်အတိုင်း သတိလစ်မေ့မြောနေပါသည်။ ထိုက်စန်းတောင် အဘိုးအိုရှာဂူးသည် ကျင်းလုံအား စစ်ဆေးကြည့်လိုက်၏။

"အဆိပ်က အတော်ပြင်းထန်ပါလား၊ အဆိပ်ဖြေဆေးရခဲ့လို့ တော်သေးတာပေါ့"

လန်ကူးထံမှရလာသည့် အဆိပ်ဖြေဆေးကိုတိုက်ကျွေးရန် ဟန်ပြင်လိုက်၏။



ထိုစဉ်...

"မလုပ်နဲ့"

ဟန့်တားသံတစ်ချက် ထွက်ပေါ်လာ၏။

လူရိပ်တစ်ခုသည် အလွန်လျင်မြန်သော အရှိန်အဟုန်ဖြင့် မလှမ်းမကမ်းသို့ရောက်ရှိလာသည်။

ရှာဂူးသည် ထိုလူရောက်ရှိလာပုံကို ကြည့်ကာ မျက်မှောင်ကုတ်သွား၏။

"ကောင်းလိုက်တဲ့ ကိုယ်ဖော့ပညာ"

စိတ်ထဲမှချီးကျူးလိုက်သည်။

သေသေချာချာကြည့်လိုက်သောအခါ တစ်ကိုယ်လုံးအနက်ရောင်ဝတ်ဆင်ထားပြီး မျက်နှာဖုံးစွပ်ကာ ရုပ်ဖျက်ထားသူတစ်ယောက်ဖြစ်ကြောင်း တွေ့လိုက်ရလေသည်။

"သက်ခြေဂိုဏ်းချုပ်ပါလား"

ရှာဂူး ပိုပြီးအံ့သြသွားသည်။

သိုင်းလောက၌သတင်းကြီးနေပြီး သိုင်းလောက၏ဘုံရန်သူအဖြစ်သတ်မှတ်ခြင်းခံထားရသော သက်ခြေဂိုဏ်းချုပ်အားမမျှော်လင့်ဘဲ တွေ့လိုက်ရသည်မဟုတ်ပါလား။

ရှာဂူးကိုယ်တိုင်က သက်ခြေဂိုဏ်းချုပ်အား လိုက်ထံရှာဖွေနေသည်ဖြစ်ရာ ယခုလိုတွေ့ဆုံရခြင်းမှာ အခန့်သင့်သလိုဖြစ်သွားသည်ဟုယူဆလိုက်လေသည်။

ရှာဂူးသည် သက်ခြေဂိုဏ်းချုပ်နှင့်ရင်ဆိုင်ရန်၌ အချိန်

www.burmeseclassic.com

www.burmeseclassic.com



လင့်သွားလျှင် ကျင်းလုံဒုက္ခရောက်သွားမည်ကိုစိုးရိမ်ကာ ရှာဝူး က အဆိပ်ဖြေဆေးလုံးလေးအား ကျင်းလုံ၏ပါးစပ်ထဲ ကပျာကယာ ထည့်ပေးလိုက်၏။

"မလုပ်နဲ့"

သက်ခြေဂိုဏ်းချုပ်သည် အော်ဟစ်ရင်း ရှေ့သို့လျှပ်တစ်ပြက်ခုန်ဝင် တိုက်ခိုက်လိုက်သည်။

ရှာဝူးသည် ကျင်းလုံအား အဆိပ်ဖြေဆေး တိုက်ကျွေးပြီးသည်နှင့် ကပျာကယာ နောက်သို့ခုန်ဆုတ်ကာ ရှောင်တိမ်းပေးလိုက်သည်။

"ဟူး"

ပြင်းထန်သော လေပွေလှိုင်းတစ်ခုသည် ရှာဝူး၏နံဘေးမှ ပွတ်ကာသီကာဖြတ်ကျော်သွားလေသည်။

အနည်းငယ်သာနောက်ကျခဲ့ပါက သက်ခြေဂိုဏ်းချုပ်၏လက်ချက်မိသွားမည်ဖြစ်သည်။

ရှာဝူးမှာ ရင်ထိတ်သွားသလို ဒေါသလည်း ထွက်သွားလေသည်။

"သက်ခြေဂိုဏ်းချုပ်...မင်းကိုဆုံးမဖို့ ကျုပ်လိုက်ရှာနေတာ အတော်ကြာပြီ...အခုမှပဲတွေ့ရတော့တယ်၊ မင်း ကံဆိုးသွားပြီမှတ်ပါ"

ကြိုးဝါးရင်း လက်ဝါးနှစ်ဖက်၌ အတွင်းအားစုစည်းကာ တိုက်ခိုက်လိုက်လေသည်။



ရှာဝူးသည် သိုင်းလောကတစ်ခုလုံး ကြည်ညိုလေးစားခြင်းခံရသော ထိပ်သီးသိုင်းသမားကြီးတစ်ယောက်ဖြစ်ပေသည်။

သူ၏သိုင်းပညာမှ ထိပ်တန်းအဆင့်ထက် သာလွန်နေပြီဖြစ်ရာ သူ၏တိုက်ခိုက်မှုမှာ ကြောက်ခမန်းလိလိပြင်းထန်နေပေတော့သည်။

သက်ခြေဂိုဏ်းချုပ်သည် ရှာဝူးနှင့် ထိပ်တိုက်ရင်ဆိုင်ခြင်းမပြုဘဲ ကပျာကယာရှောင်တိမ်းပြီး ကျင်းလုံထံချဉ်းကပ်သွားရန် ကြိုးစားလိုက်သည်။

ရှာဝူး အံကြိတ်လိုက်သည်။

"မင်း ရှောင်ပြေးလို့ လွတ်မယ်ထင်သလား"

ကြုံးဝါးရင်း တရကြမ်းလိုက်လံတိုက်ခိုက်လိုက်၏။

တိုက်စန်းအတွင်းအားပညာနှင့် လက်ဝါးသိုင်းကို ပေါင်းစပ်တိုက်ခိုက်လိုက်ခြင်းကြောင့် လေတိုးသံများတဟူးဟူး မြည်ကာထွက်ပေါ်လာသည်။ ဖုန်များ သဲများပင် ထောင်းထောင်းထသွားလေသည်။

အနီးရှိသစ်ပင်များ ချုံပုတ်များ အဝေးသို့လွင့်စဉ်သွားသည်။ သစ်ရွက်များ ပလူပျံသွားတော့သည်။

သက်ခြေဂိုဏ်းချုပ်မှာ ပြင်းထန်စွာတိုက်ခိုက်ခံလိုက်ရသောကြောင့် ရှောင်တိမ်း၍လွတ်မည်မဟုတ်တော့သဖြင့် ပြန်လည် ခုခံရင်ဆိုင်လိုက်သည်။

သက်ခြေဂိုဏ်းချုပ်သည် ကျင်းလုံထံသို့ မသွားနိုင်ဘဲ ချာခနဲလှည့်ကာ မြေပေါ်ခြေနှစ်ဖက်ကိုမြဲမြံစွာရပ်ကာ လက်ဝါး

www.burmeseclassic.com

www.burmeseclassic.com



နှစ်ဖက်၌ အတွင်းအားစုစည်း၍ ထိပ်တိုက်ရင်ဆိုင်လိုက်သည်။

ထိပ်သီးသိုင်းသမားနှစ်ယောက် ရင်ဆိုင်မိလိုက်လျှင်...

"ဝုန်း...."

ကျယ်လောင်သောအသံတစ်ချက် ထွက်ပေါ်လာပြီး သက်ခြေဂိုဏ်းချုပ်ကော ရာဝူးပါ နောက်သို့ ပြိုင်တူဆုတ်လိုက်ရလေသည်။

ရာဝူး မျက်နှာပျက်သွား၏။

သက်ခြေဂိုဏ်းချုပ်မှာ အတွင်းအား အလွန်ကောင်းသူဖြစ်ကြောင်း သိရှိလိုက်ရ၏။

"အွ...."

ချက်ခြင်းပင် လေချွန်သံတစ်ချက် ပြုလိုက်လေသည် သက်ခြေဂိုဏ်းချုပ်၏ ခန္ဓာကိုယ် ဆတ်ခနဲတုန်ခါသွား၏။

ရာဝူးက အကူအညီခေါ်လိုက်ခြင်းဖြစ်ကြောင်း ရိပ်မိလိုက်သည်မဟုတ်ပါလား။

ရာဝူး၏ အကူအညီများ ရောက်ရှိလာပါက အခြေအနေ မည်သို့ရှိမည် မသိနိုင်ပါ။

သက်ခြေဂိုဏ်းချုပ်သည် ဆုံးဖြတ်ချက်ချလိုက်ဟန်ဖြင့် ချာခနဲလှည့်ကာ ကျောင်းလုံထံသို့ ပြေးသွားလိုက်လေသည်။

ထိုအချိန်မှာပင်....

"ဟူး...ဟူး...ဟူး..."

အဝတ်အစားလေတိုးသံများ ထွက်ပေါ်လာသည်။

ဘုန်းတော်ကြီးတစ်ပါး ရသေ့တစ်ပါးနှင့်သီလရှင်ကြီးတစ်ပါးတို့ ရောက်ရှိလာလေသည်။



ရှောင်လင် ဝူတန်နှင့် ငိုမီဂိုဏ်းများမှ အကြီးအကဲများဖြစ်ပေတော့သည်။

ခုံးမင်ကိုယ်တော်၊ စီးကျွေးသီလရှင်နှင့် မုရသေ့တို့ဖြစ်ကြလေသည်။

ခုံးမင်တို့သည် သက်ခြေဂိုဏ်းချုပ်အား လမ်းပိတ်ဟန့်တားလိုက်သည်။

"ရပ်လိုက်စမ်း"

"သက်ခြေဂိုဏ်းချုပ်....မင်းဘယ်ပြေးမလဲ"

"သိုင်းလောကကို ဒီလောက်တောင် ဒုက္ခပေးနေတာ သေဖို့သာ ပြင်ပေတော့"

သုံးယောက်သား အော်ငေါက်ရင်း စုပေါင်းတိုက်ခိုက်လိုက်ကြလေသည်။ အမှန်ဆိုလျှင် တစ်ယောက်သမားကို သုံးယောက်ပေါင်း၍ တိုက်ခိုက်ကြမည့်သူများမဟုတ်ပါ။

သက်ခြေဂိုဏ်းချုပ်ကား သိုင်းလောကအား ဖျက်စီးအောင် ပြုမူနေသူဖြစ်၍ ဟန့်တားရန်အလို့ငှာ၊ သက်ခြေဂိုဏ်းချုပ်၏ ရက်စက်မှုများကို သည်းမခံနိုင်တော့၍လည်းကောင်း၊ ယခုတစ်ကြိမ် လွှတ်ပေးလိုက်လျှင် နောက်ထပ်တစ်ကြိမ်ပြန်တွေ့ရန် မလွယ်သည်ကတစ်ကြောင်းကြောင့် ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ဘဲ စုပေါင်းတိုက်ခိုက်လိုက်ကြခြင်းဖြစ်၏။

တစ်ယောက်ချင်း အစွမ်းထက်သူများဖြစ်ရကား သုံးယောက် စုပေါင်းတိုက်လိုက်သည်နှင့် သူတို့၏ တိုက်ခိုက်မှု

www.burmeseclassic.com

www.burmeseclassic.com



သည့် ကြောက်မက်ဖွယ်ကောင်းအောင်ပြင်းထန်နေတော့၏။

သက်ခြွေဂိုဏ်းချုပ်သည် ကျင်းလုံထံသို့သွားရန် မည်သည့်နည်းနှင့်မျှ မဖြစ်နိုင်တော့ပါချေ။

ထို့ကြောင့်.....

"ယား..."

ဗြာသံပေးကာ ပြင်းပြင်းထန်ထန် ပြန်လည်တိုက်ခိုက်လိုက်ရလေတော့သည်။

✵

ထိပ်သီးသိုင်းသမားများ၏ တိုက်ပွဲကား ကြောက်ခမန်းလိလိ ပြင်းထန်နေပေတော့သည်။ ထိုစဉ်....

"အား"

သစ်ပင်ခြေရင်း၌ရှိနေသော ကျင်းလုံ၏ရှူးရှဲသော အော်သံ ထွက်ပေါ်လာသည်။ ကျင်းလုံ၏ နှာခေါင်းပေါက်ပါးစပ်နှင့် နားထဲမှသွေးမည်းများ ယိုစီးကျလာသည်။

လန်ကူး၏အဆိပ်ပါသော ဓားချက်ထိခဲ့ပြီး ရှာဂူးက အဆိပ်ဖြေဆေးဟုထင်မှတ်ကာ လန်ကူး ကလိန်ကျပေးခဲ့သည့် အဆိပ်ဆေးလုံးကို ထပ်မံတိုက်ကျွေးမိသောအခါ အဆိပ်



နှစ်မျိုး ခန္ဓာကိုယ်ထဲရောက်ရှိသွားပြီး ပို၍ ဒုက္ခရောက်သွားရခြင်းဖြစ်ပေတော့သည်။

ကျင်းလုံသည်ညည်းတွားရင်း မြေပေါ်၌လူးလိမ့်နေ၏။

ကျင်းလုံ၏ အဖြစ်ကြောင့်....

"ဟာ....ဒုက္ခပဲ"

ရှာဂူး လွှတ်ခနဲညည်းတွားလိုက်၏။

သူတိုက်ကျွေးလိုက်သော ဆေးလုံးမှာ အဆိပ်ဖြေဆေးမဟုတ်သဖြင့် ကျင်းလုံ ပိုပြီး ဒုက္ခရောက်သွားရခြင်းဖြစ်သည်ဟုလည်း ချက်ချင်းရိပ်မိလိုက်သည်။

ရှာဂူး၏ရေရွတ်သံကြောင့် ခုံမင်တို့သုံးယောက် ကပျာကယာ နောက်ဆုတ်လိုက်ကြ၏။

ထိပ်သီးသိုင်းသမားသုံးယောက်နှင့် ထိပ်တိုက်ရင်ဆိုင်နေရသော သက်ခြွေဂိုဏ်းချုပ်လည်း အသက်ရှူချောင်သွားလေသည်။

သူတို့အားလုံး ကျင်းလုံ၏အဖြစ်ဆိုးကို ချက်ချင်းသတိပြုမိသွားကြလေသည်။

"ဟင်"

"ဟာ"

"အဆိပ်မိထားတာကိုး"

ခုံမင်တို့သုံးယောက် တစ်ယောက်တစ်ပေါက် ရေရွတ်လိုက်ကြလေသည်။

ရှာဂူးက အော်ပြောလိုက်သည်။

"သူဟာ မိုးနဂါးသိုင်းသမား ထင်းလုံရဲ့သားပဲ"

www.burmeseclassic.com

www.burmeseclassic.com



မိုးနဂါးသိုင်းသမားထင်းလုံသည် အဖြူရောင်သိုင်းလောက၌ ထင်ရှားသောသိုင်းသမားတစ်ယောက်ဖြစ်ရာ ဝါရင့်သိုင်းသမားကြီးများကပါ ကောင်းစွာသိရှိထားကြပေသည်။

ထင်းလုံ၏သားဖြစ်သောကြောင့် ကျင်းလုံအား ကူညီရမည်ဟူသော အသိက ချက်ချင်းဝင်လာလေသည်။

အားလုံး ကျင်းလုံကိုသတိထားနေကြစဉ်မှာပင် သက်ခြေဂိုဏ်းချုပ်က လှံျပ်တစ်ပြက် လှုပ်ရှားလိုက်လေသည်။

"ဟူး"

ဝိုင်းရံထားသည့်ခုံးမင်တို့သုံးယောက်ကြားမှ နေ၍ ခုန်ထွက်သွားခြင်းဖြစ်လေသည်။

ရှာဝူး ထိတ်လန့်သွား၏။

"သူ ကျင်းလုံကို လုပ်ကြံလိမ့်မယ်"

သူ အော်ပြောလိုက်သောကြောင့် ခုံးမင်တို့သုံးယောက် သတိဝင်လာကြလေသည်။

"ရပ်လိုက်စမ်း"

"သေပေတော့"

ချက်ချင်းပင် သက်ခြေဂိုဏ်းချုပ်နောက်သို့ တစ်ဟုန်ထိုးလိုက်သွားပြီး တိုက်ခိုက်လိုက်ကြလေသည်။

သက်ခြေဂိုဏ်းချုပ်သည် အလစ်အငိုက်ဖမ်းကာ ခုန်ထွက်လိုက်သော်လည်း မရတော့သဖြင့် နောက်လှည့်ကာ ခုခံတိုက်ခိုက်လိုက်ရလေသည်။

မည်သို့ဆိုစေ....

ကျင်းလုံထံ အရောက်သွားလိုစိတ်ကြောင့် သူ၏ခုခံ



တိုက်ခိုက်မှုမှာ ပီပြင်ခြင်းမရှိဘဲ ဖရိုဖရဲဖြစ်နေတော့သည်။

"ဟူး..."

"ဝုန်း"

ထိပ်တိုက်ရင်ဆိုင်မိကြသည်နှင့် ကျယ်လောင်သောအသံ ထွက်ပေါ်လာလေသည်။

ခုံးမင်တို့သုံးယောက်သည် အသာစီးရလိုက်သဖြင့် ရေပက်မဝင်အောင် တိုက်ခိုက်လိုက်ကြသလို....

"ယား...."

ရှာဝူးကမြေပေါ်ခြေဆောင့်ကာ လေထဲခုန်ပျံရင်း ခြေထောက်ဖြင့် ကန်ကျောက်တိုက်ခိုက်လိုက်သောအခါ သက်ခြေဂိုဏ်းချုပ် မရှောင်နိုင်အောင်ဖြစ်သွားတော့သည်။

ရှာဝူး၏ခြေထောက်ကန်ချက်သည် သက်ခြေဂိုဏ်းချုပ်၏ နောက်ကျောကို ကန်ကျောက်မိလိုက်တော့သည်။

သက်ခြေဂိုဏ်းချုပ်မှာ မသဲမကွဲညည်းညူရင်း ရှေ့သို့ထွင့်ထွက်သွားလေသည်။

မြေပေါ်မှ ကပျာကယာလူးလိုမ့်ထလိုက်စဉ်မှာပင်...

"ဝေါ့"

ပါးစပ်ထဲမှ သွေးများအန်ထုတ်လိုက်၏။

သက်ခြေဂိုဏ်းချုပ် ဒဏ်ရာပြင်းထန်စွာရသွားကြောင်း ထင်ရှားနေပေတော့သည်။

"ဟား...ဟား....ဟား"

www.burmeseclassic.com

www.burmeseclassic.com



ရှာဖူး ဟားတိုက်ရယ်မောလိုက်သည်။

သတင်းကြီးလှသည့် သက်ခြွေဂိုဏ်းချုပ်အား ဆုံးမနိုင်တော့မည်မဟုတ်ပါလား။ ခုံးမင်တို့ဝမ်းသာသွားကြလေ၏။

ထိုတဒင်္ဂအချိန်လေးမှာပင်....

"ဟိတ်"

သက်ခြွေဂိုဏ်းချုပ်သည် ငြာသံပေးကာ ခုန်ထွက်လိုက်လေသည်။ ဒဏ်ရာပြင်းထန်စွာရထားသည့်ကြားမှ ကျင်းလုံအနီးသို့ ရိပ်ခနဲရောက်ရှိသွား၏။

"ဟာ"

"ဟင်"

ခုံးမင်နှင့်ရှာဖူးတို့ ထိတ်လန့်သွားသည်။

သူတို့ ချက်ချင်းလိုက်သွားရန် ဟန်ပြင်လိုက်ကြသော်လည်း ကျင်းလုံ၏အသက်ကိုကယ်ထင့်ရန် မမီနိုင်တော့ကြောင်း နားလည်လိုက်သည်။

ကျင်းလုံသေဆုံးသွားရတော့မည်ဟု ထင်မှတ်ထားစဉ်မှာပင် မမျှော်လင့်သော အဖြစ်အပျက်ကို တွေ့မြင်လိုက်ကြရလေတော့သည်။

သက်ခြွေဂိုဏ်းချုပ်သည် မြေပေါ်၌ လူးလိမ့်နေသည့် *ကျင်းလုံအား ဆတ်ခနဲဖွဲ့ထုကာ ရွှေရောင်အဆင်းရှိသော* ဆေးလုံးလေးအား တိုက်ကျွေးလိုက်လေသည်။

မိစ္ဆာတောင်ရုံရွှေတော် လန်ကူးထံမှ ရလာခဲ့သော



ဆေးလုံးလေးဖြစ်ပါသည်။

ခုံးမင်တို့လူစု မှင်တက်မိသွားကြသည့်ခဏဝယ်....

"ဟူး"

သက်ခြွေဂိုဏ်းချုပ်သည် ကျင်းလုံကိုမြေပေါ်သို့ချကာ အပေါ်သို့ ခုန်တက်လိုက်၏။

လေထဲရောက်သွားပြီး ကျွမ်း သုံးလေးပတ်ပစ်လိုက်သည်နှင့် သစ်ပင်များကြားသို့ ရောက်ရှိသွားပြီး မြင်ကွင်းမှ ပျောက်ကွယ်သွားလေတော့သည်။

❋

www.burmeseclassic.com

www.burmeseclassic.com

## ရန်သူ့လက်ဆောင်

သက်ခြေဂိုဏ်းချုပ် ထွက်ပြေးလွတ်မြောက်သွားပြီဖြစ်လေသည်။

ရှာဝူးတို့ မရျင့်မရဲဖြစ်သွားကြလေသည်။

"တောက်... မိကာနီး လက်မတင်လေးအလိုမှ လွတ်သွားတော့တယ်"

"သူ ဒဏ်ရာ ပြင်းပြင်းထန်ထန်ရသွားပြီပဲ၊ ဝေးဝေးလံလံ မပြေးနိုင်ပါဘူး

"ဟုတ်တယ် လိုက်သွားရအောင်"

"ကောင်းပြီ"

ခုံးမင်တို့သုံးယောက်သည် ချက်ချင်းပင် သက်ခြေဂိုဏ်းချုပ်ထွက်ပြေးသွားရာဘက်ဆီသို့ ဦးတည်ကာ ပြေးထွားသွားကြလေသည်။

ရှာဝူးသည်း လိုက်သွားရန်ဟန်ပြင်လိုက်ပြီးမှ ကျင်းလုံကိုသတိရလိုက်သည်။

"ဟူး...သူ့ကို ထားခဲ့လို့ မဖြစ်သေးပါဘူး"

ခုံးမင်တို့ နောက်သို့လိုက်မသွားဖြစ်တော့ဘဲ ကျင်းလုံ



၏နံဘေး၌ ထိုင်ချလိုက်လေသည်။

ကျင်းလုံမှာ မလှုပ်မယှက်ငြိမ်သက်နေပြီဖြစ်ပါသည်။

ရှာဝူးက ကျင်းလုံ၏သွေးကြောများကို စမ်းသပ်ကြည့်လိုက်ရာ...

"ဟာ..."

ထိတ်လန့်သွားပြီး ထွတ်ခနဲအော်လိုက်မိသည်။

အကြောင်းကား ကျင်းလုံ၏သွေးကြောများ၌ သွေးခုန်ခြင်းမရှိတော့၍ ဖြစ်လေသည်။

ရှာဝူးသည် ကျင်းလုံ၏နှာဝ၌ လက်ဝါးပြင်ကပ်ကာ စစ်ဆေးကြည့်လိုက်ရာ အသက်ရှူသည်ကိုမတွေ့ရတော့ပါ။

"ဒုက္ခပဲ... သူ... သူ သေသွားပါပြီကော"

သွေးမခုန် အသက်မရှူတော့သူ တစ်ယောက်တွင် မည်သို့ အသက်ရှင်နိုင်ပါတော့မည်နည်း။ သေဆုံးသွားသူတစ်ယောက်၏လက္ခဏာများပင် မဟုတ်ပါလား။

ရှာဝူး ယူကြုံးမရဖြစ်သွားသည်။

"ငါတို့ နည်းနည်းလေး နောက်ကျသွားတယ်"

ထိပ်သီးသိုင်းသမားကြီးများ ရှိနေပါလျက် ကျင်းလုံ သေဆုံးခဲ့ရသည်မဟုတ်ပါလား။

ရှာဝူး စိတ်မကောင်းဖြစ်ကာ ငေးငိုင်သွား၏။ အချိန်မည်မျှ ကြာသွားမှန်းမသိပါ။

"အင်း...အင်း"

www.burmeseclassic.com

www.burmeseclassic.com



မသဲမကွဲညဥ်းတွားသံ ထွက်ပေါ်လာတော့မှ သတိဝင်လာတော့သည်။

ညဥ်းညူသံသည် မည်သည့်နေရာမှ ထွက်ပေါ်လာသနည်းဟု ပတ်ဝန်းကျင်၌ ရှာဖွေကြည့်လိုက်၏။ ဝန်းကျင်တစ်ခွင်လုံး လူသူတစ်စုံတစ်ယောက်မျှ ရှိမနေပါ။

ရှာဝူး သေသေချာချာ ကြည့်လိုက်တော့မှ သူ၏အနီး၌ရှိနေသော ကျင်းလုံထံမှ ညဥ်းတွားနေခြင်းဖြစ်ကြောင်း သိလိုက်ရလေသည်။

"ဟင်....ကျင်းလုံ...မသေသေးပါလား"

ကျင်းလုံသည် လူးလွန့်လှုပ်ရှားလာပြီးလျှင်.....

"ဝေါ့"

ပါးစပ်ထဲမှ သွေးများအန်ထုတ်လိုက်လေသည်။ သွေးက အနီရောင်မဟုတ်ဘဲ၊ အမည်းရောင်ဖြစ်နေသည်။

"ကျင်းလုံ....ကျင်းလုံ"

ရှာဝူးက ခေါင်းရင်း ကျင်းလုံ၏သွေးကြောများကို နှိပ်နယ်ပေးလိုက်လေသည်။

"ဝေါ့...ဝေါ့"

ကျင်းလုံသည် မည်းမည်းအရည်များကို အဆက်မပြတ်အန်ထုတ်နေသည်။

အဆိပ်များ အန်ထုတ်နေခြင်းဖြစ်ပေတော့သည်။

ရှာဝူး ဝမ်းသာသွားလေသည်။



"ကျင်းလုံ...မင်းအသက်ပြန်ရှင်လာပြီနော်၊ မင်း သိပ်ကံကောင်းတာပဲ"

ကျင်းလုံက ဘာမှ ပြန်မပြောနိုင်ပါချေ။

အဆိပ်များအန်ထုတ်ပြီး မောပန်းသွားဟန်ဖြင့် အသာမှိန်းနေသည်။

ရှာဝူးသည် ကျင်းလုံအား တင်ပျဉ်ခွေထိုင်စေလိုက်ပြီး လက်ဝါးနှစ်ဖက်၌ အတွင်းအား စုစည်းကာ ကျင်းလုံ၏ကျောပြင်ရှိ အဓိကသွေးကြောနေရာဆီသို့ ဖိကပ်ကာ အတွင်းအားပို့ဆောင်ပြီး ကုသပေးလိုက်လေသည်။

မကြာပါချေ။

ကျင်းလုံ၏တစ်ကိုယ်လုံး ချွေးဖြိုက်ဖြိုက်စို့ရွှဲသွားလေတော့သည်။ ကျင်းလုံမှာ သိသိသာသာကြီး တိုးတက်ကောင်းမွန်လာ၏။

"ကျင်းလုံ... မင်း သက်သာရဲ့လား"

ရှာဝူးက မေးမြန်းရင်း ရုတ်တရက် ခန္ဓာကိုယ်ဆတ်ခနဲတုန်ခါသွား၏။

အကြောင်းမှာ.....

ကျင်းလုံ၏ ခန္ဓာကိုယ်ထဲမှ အထွန့်ကြီးမားသော အင်အားကြီးတစ်ရပ်ထွက်ပေါ်လာပြီး သူ ပို့လွှတ်လိုက်သော အတွင်းအားကို ပြန်လည်ခုခံလာကြောင်း သတိပြုမိလိုက်သောကြောင့်ဖြစ်လေသည်။

"ဟင်"

ရှာဝူးက လက်ဝါးကို ကပျာကယာ ရုပ်သိမ်းလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



“အင်း”

ကျင်းလုံ ညည်းတွားရင်းမျက်လုံးပွင့်လာ၏။

မြေပြင်ပေါ်၌တင်ပျဉ်ခွေထိုင်လျက် အနေအထားရှိနေသည်ကိုတွေ့ရသောအခါ ကပျာကယာမတ်တပ်ရပ်လိုက်၏။

ရှာဝူးကလည်း မတ်တပ်ရပ်လိုက်၏။

ကျင်းလုံက ရှာဝူးအား ကြောင်အမ်းအမ်းဖြင့် ကြည့်လိုက်လေသည်။

ရှာဝူးက ပြုံးလိုက်၏။

“ကျင်းလုံ...မင်းသက်သာသွားပြီနော်”

“ဗျာ... ဦး ဦးက ကျွန်တော့်ကိုသိတယ် ဟုတ်လား”

“သိတာပေါ့ကွာ... မင်းက မိုးနဂါးထင်းလုံရဲ့သားပဲ မဟုတ်လား”

“ကျွန်တော်....”

ရှာဝူးက သူ့အား သိနေခြင်းကြောင့် ကျင်းလုံအံ့ဩသွား၏။ သူကမူ ရှာဝူးအား မသိချေ။

“ဦး... ဦးက”

“ဘာလဲ...ငါဘယ်သူလဲဆိုတာ မင်းမသိလို့ အံ့ဩနေတာ မဟုတ်လား”

“ဟုတ်...ဟုတ်ပါတယ်”

ကျင်းလုံက အမှန်အတိုင်းဝန်ခံလိုက်လေသည်။

ရှာဝူးမှာ စိတ်ထဲ လွတ်လပ်ပေါ့ပါးသွားပြီဖြစ်ရာ ဟားတိုက် ရယ်မောလိုက်လေတော့သည်။

“ဟား...ဟား.... မင်းကငါ့ကို မသိပေမယ့် ငါကတော့



မင်းကို သိနေတယ်ကွ၊ မင်းတို့အိမ်ကို ငါ တစ်ခေါက်ရောက်ဖူးသေးတယ်၊ အဲဒီအချိန်တုန်းက မင်း ခပ်ငယ်ငယ်ပဲရှိသေးတာပေါ့၊ မင်းအဖေနဲ့ငါဟာ ခင်မင်ရင်းနှီးတဲ့မိတ်ဆွေတွေပဲ”

ဖခင်၏မိတ်ဆွေဖြစ်ကြောင်းသိရသည်နှင့် ကျင်းလုံက ချက်ချင်းဂါရဝပြုလိုက်သည်။

“စောစောက ကျွန်တော် မသိလို့ အရိုအသေမပြုမိတာ ခွင့်လွှတ်ဖို့တောင်းပန်ပါတယ်၊ ကျွန်တော့်ဖေဖေလည်း လောကပေါ်မှာမရှိတော့ပါဘူးခင်ဗျာ... သူဟာ”

ပြောရင်း ဖခင်အကြောင်းတွေးမိကာ ရင်ထဲဆို့နင့်လာသဖြင့် စကားတစ်ပိုင်းတစ်စဖြင့်ရပ်တန့်သွားသည်။

ရှာဝူး သက်ပြင်းချလိုက်လေသည်။

“မင်းအဖေဟာ လူတော်လူကောင်း တစ်ယောက်ပါ၊ သက်ခြေဂိုဏ်းရဲ့လက်ချက်ကြောင့် သေဆုံးသွားရတာ သိုင်းလောကအတွက် ဆုံးရှုံးမှုတစ်ရပ်ပါပဲ”

ကျင်းလုံ အံ့ဩသွားရပြန်သည်။

“ကျွန်တော့်ဖေဖေဟာ သက်ခြေဂိုဏ်းရဲ့လက်ချက်နဲ့ သေဆုံးခဲ့ရတာကို ဦးသိနေတယ်ဟုတ်လား”

“သိုင်းလောကရဲ့ လူတော်လူကောင်း အတော်များများဟာ သက်ခြေဂိုဏ်းရဲ့လက်ချက်ကြောင့် ဆုံးရှုံးသွားခဲ့ရတာ အတော့်ကို ဝမ်းနည်းစရာကောင်းပါတယ်”

ရှာဝူးက တည်ကြည်သောမျက်နှာထားဖြင့်ပြောရာ—

www.burmeseclassic.com

www.burmeseclassic.com



ကျင်းလုံက ရှာဝူးအား ငေးကြည့်နေမိ၏။ ရှာဝူးမှာ မည်သူမည်ဝါဖြစ်ကြောင်း သိချင်လာသည်။ ထိုအချက်ကို ရှာဝူးကလည်း ရိပ်မိထားပုံရလေသည်။

"ထိုက်စန်းတောင် သိုင်းသမားရှာဝူးဆိုတဲ့ နာမည်ကို မင်းအဖေက ပြောပြခဲ့ဖူးမယ်ထင်တယ်"

"ဟာ...ပြောပြဖူးပါတယ်၊ သိုင်းလောကအကျိုး အများအကျိုး သည်ပိုးဆောင်ရွက်နေတဲ့အဖြူရောင်သိုင်းသမားကြီးပါပဲ...အင်မတန် ကြည်ညိုလေးစားစရာကောင်းတယ်လို့ ဖေဖေက တဖွဖွပြောခဲ့ဖူးပါတယ်ခင်ဗျာ"

ရှာဝူးက ပြုံးနေသည်။

ကျင်းလုံသည် ရှာဝူးကိုကြည့်ရင်း တဖြည်းဖြည်း နားလည်သဘောပေါက်လာသည်။

"လက်စသတ်တော့ ဦးဟာ ထိုက်စန်းတောင် သိုင်းသမားကြီးဖြစ်နေတာကိုး"

ကျင်းလုံသည် ချက်ချင်းပင်မြေပေါ်ဒူးထောက်ချကာ-

"ကျွန်တော့်အသက်ကိုကယ်တင်ခဲ့တဲ့ ဦးရဲ့ကျေးဇူးကို ကျွန်တော် ဘယ်တော့မှမမေ့ပါဘူးခင်ဗျာ"

"ကိစ္စမရှိပါဘူးကွာ၊ ဒါအရေးမကြီးပါဘူး"

ရှာဝူးသည် ကျင်းလုံအားဖေးမကာ ထစေလိုက်၏။

"ကျုပ်ကြောင့် မင်းဒုက္ခတောင် ရောက်ဦးမလို့ပါ..မင်းရဲ့အသက်ကို တကယ်တမ်းကယ်ခဲ့တာ ကျုပ်မဟုတ်ပါဘူး"



"ဗျာ...."

ကျင်းလုံ အံ့သြသွား၏။

သူ၏အသက်အား ရှာဝူးက မကယ်ခဲ့လျှင် မည်သူက ကယ်တင်ခဲ့ပါသနည်း။

ဗေဒါဆိုသူနှင့်အပေါင်းပါများက အကောက်ကြံခဲ့လဖြင့် သချိုင်းမြေထဲ၌ဒုက္ခရောက်ခဲ့ရသည်ကို ကျင်းလုံသတိရလာမိလေသည်။'

"မင်းရဲ့အသက်ကို ကယ်တင်ခဲ့တဲ့သူဟာ..."

ရှာဝူး၏စကားမဆုံးမီ အဝတ်အစားလေတိုးသံများ တဟူးဟူးမြည်ကာ ထွက်ပေါ်လာပြီးလူသုံးယောက် ပြေးလွှားရောက်ရှိလာသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

❋

ခုံးမင်၊ မုရသေ့နှင့်စီးကျှေ့သီလရှင်တို့ ပြန်လည်ရောက်ရှိလာကြခြင်းဖြစ်လေသည်။ ရှာဝူး ဝမ်းသာသွားသည်။

"ခင်ဗျားတို့သုံးယောက် သက်ခြေဂိုဏ်းချုပ်ကို ဆုံးမခဲ့ကြပြီလား"

ဝမ်းသာအားရ ဆီးကြိုမေးမြန်းလိုက်လေသည်။

ခုံးမင်တို့ တစ်ယောက်ကိုတစ်ယောက်ကြည့်လိုက်မိကြ၏။ သုံးယောက်သား စိတ်ပျက်လက်ပျက် ဖြစ်နေကြပုံရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မုရသေ့က ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်တို့လိုက်သွားကြတာပဲ... ဒါပေမယ့် သက်ခြွေဂိုဏ်းချုပ်ကို မမီတော့ဘူး၊ မျက်ခြည်ပြတ်သွားတယ်"

သက်ခြွေဂိုဏ်းချုပ် လွတ်မြောက်သွားကြောင်း သိလိုက်ရသောအခါ ရှာဝူး စိတ်မသက်မသာဖြစ်သွားလေသည်။

"သူ အသက်ရှင်နေသေးသရွေ့ သိုင်းလောကကို ဒုက္ခပေးနေဦးမှာပဲ"

မုရသေ့ လက်ကာပြလိုက်သည်။

"မပူပါနဲ့ဗျာ၊ သူဒဏ်ရာရသွားပါပြီ၊ အရင်ကလို မွှေနှောက် ဒုက္ခပေးနိုင်မှာမဟုတ်ပါဘူး၊ မကြာခင် သူ့ကိုပြတ်ပြတ်သားသား ဆုံးမနိုင်မှာပါ"

ခုံးမင်နှင့်စီးကျွေ့တို့ကလည်း ခေါင်းညိတ်ထောက်ခံလိုက်ကြလေသည်။

ကျင်းလုံ အံ့သြနေသည်။

"သက်ခြွေဂိုဏ်းချုပ် ဒဏ်ရာရပြီး ထွက်ပြေးလွတ်မြောက်သွားတယ်ဆိုတော့ ဦးတို့နဲ့ရင်ဆိုင်တွေ့ခဲ့ရလို့လား"

မအောင့်အည်းနိုင်ဘဲ လွှတ်ခနဲမေးလိုက်မိလေသည်။

ရှာဝူးက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

ကြုံတွေ့ခဲ့ရသည့်အဖြစ်အပျက်များကို ပြောပြလိုက်ရာ ကျင်းလုံက စိတ်ဝင်စားစွာနားထောင်နေရင်း ရှာဝူး၏စကားများကို မယုံနိုင်အောင်ဖြစ်လာလေတော့သည်။

"တကယ်တမ်း မင်းရဲ့အသက်ကို ကယ်တင်ခဲ့သူဟာ



သက်ခြွေဂိုဏ်းချုပ်ပါပဲ"

"ဟာ... မဖြစ်နိုင်တာဘဲ"

ကျင်းလုံက လက်မခံနိုင်ဘဲ အော်ပြောလိုက်လေသည်။ ခုံးမင်တို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြလေသည်။

မုရသေ့က သက်ပြင်းချကာ ဝင်ပြောလိုက်သည်။

"မင်းရဲ့အသက်ကို ကယ်တင်ခဲ့တဲ့သူဟာ သက်ခြွေဂိုဏ်းချုပ်ဖြစ်တယ်ဆိုတာအမှန်ပါပဲ"

ကျင်းလုံ မကျေမနပ်ဖြစ်သွားလေသည်။

သို့သော် ရှာဝူးတို့ကဲ့သို့ ထိပ်သီးသိုင်းသမားကြီးများက ပြောနေခြင်းကြောင့် လက်မခံ၍မရဘဲဖြစ်နေသည်။

"သက်ခြွေဂိုဏ်းချုပ်ဟာ ဘာ့ကြောင့်များ ကျွန်တော့်ရဲ့အသက်ကို ကယ်တင်ခဲ့ရတာလဲ"

ကျင်းလုံ လွှတ်ခနဲညည်းတွားလိုက်ရာ မုရသေ့က ပြုံးလိုက်လေသည်။

"ကျုပ်တို့လည်း သည်အဖြေကို သိချင်လို့ ပြန်လှည့်လာခဲ့ကြတာပဲ"

စီးကျွေ့က ဝင်ပြောသည်။

"မင်းနဲ့ သက်ခြွေဂိုဏ်းချုပ် တယ်ယိုများပတ်သက်ခဲ့ကြသလဲ"

ကျင်းလုံ ခေါင်းခါယမ်းလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုမှမပတ်သက်ပါဘူးဗျာ၊ သူဟာ ကျွန်တော့်ရဲ့ဖခင်ကိုသတ်သွားတဲ့ရန်သူပါ၊ သူ့ကို ကျွန်တော်က ချေမှုန်းသုတ်သင်ပစ်မယ်ဆိုတဲ့ရည်ရွယ်ချက်နဲ့ သိုင်းလောကထဲ ဆင်းလာခဲ့တာပါ"

"ဒါဖြင့် သူက မင်းကို ဘာကြောင့်အသက်ကယ်ခဲ့ရတာလဲ"

"ကျွန်တော်လည်း သည်ကိစ္စကို နားမလည်နိုင်အောင်ဖြစ်နေမိတာပါပဲ"

ကျင်းလုံ၏စကားကြောင့် မုရသေ့တို့အချင်းချင်းကြည့်လိုက်ကြလေသည်။

ကျင်းလုံ အမှန်အတိုင်းပြောနေခြင်းဖြစ်ကြောင်း အကဲခတ်မိကြသည်။

သက်ခြွေဂိုဏ်းချုပ်က ကျင်းလုံအား အဘယ့်ကြောင့်အသက်ကယ်ခဲ့ရသည်ကို သူတို့ နားမလည်နိုင်အောင် ဖြစ်နေမိကြလေသည်။

ခုံးမင်သည် ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်၏။ ထိုအခါ ကျင်းလုံအန်ထုတ်ထားသော မြေပေါ်မှသွေးမည်းများကို တွေ့မြင်သွားလေသည်။

ခုံးမင် မျက်မှောင်ကုတ်သွားသည်။

"အတော်ကြောက်စရာကောင်းတဲ့ အဆိပ်ပဲ"

သူက စီးကျွေ့ဘက်သို့လှည့်ကာ မေးလိုက်လေ၏။



"သူ ဘယ်လိုအဆိပ်မျိုးမိခဲ့သလဲဆိုတာကို ခင်ဗျားပြောနိုင်သလား"

စီးကျွေ့ မဲ့ပြုံးပြုံးလိုက်လေသည်။

"ကျွန်မကို ဒီလိုစမ်းလို့ မရဘူးလေ"

သူမသည် နှာခေါင်းတရှုံ့ရှုံ့လုပ်ကာ သွေးမည်းကွက်ကို သေသေချာချာ စစ်ဆေးကြည့်လိုက်သည်။

"သည်အဆိပ်ဟာ အင်မတန်ပြင်းထန်တယ်၊ ပင့်ကူဂိုဏ်းက အဆိပ်၊ ဒါမှမဟုတ် မြောင်နယ်ခြားက အဆိပ်၊ ဒါမှမဟုတ် မိစ္ဆာတောင်ကအဆိပ်၊ ဒီအဆိပ်သုံးမျိုးထဲက တစ်ခုခုဖြစ်လိမ့်မယ်ရှင့်"

မုရသေ့က မေးလိုက်သည်။

"ခင်ဗျား တိတိကျကျ မပြောနိုင်ဘူးလား"

"နေဦး"

စီးကျွေ့က လက်ကာပြလိုက်သည်။

နှာခေါင်းတရှုံ့ရှုံ့ဖြင့် ထပ်မံအနံ့ခံလိုက်သလို သွေးမည်းများကိုလည်း ထပ်မံစစ်ဆေးကြည့်လိုက်လေသည်။

ယခုတစ်ကြိမ် သူမ၏မျက်နှာ တည်ကြည်လေးနက်လာသည်ဟု ထင်ရလေသည်။

အားလုံးက စီးကျွေ့ပြောလာမည့်စကားကို စိတ်ဝင်စားစွာ နားစွင့်နေကြလေသည်။

စီးကျွေ့သည် အတန်ကြာအောင် စဉ်းစားသုံးသပ်ပြီးမှ အလေးအနက်ထားကာ ပြောလာလေသည်။

"အဆိပ်ရဲ့အရောင်က ရုတ်တရက်ကြည့်ရင် မည်း

www.burmeseclassic.com

www.burmeseclassic.com



နက်နေတယ်လို့ထင်ရပေမယ့် သေသေချာချာကြည့်လိုက်တဲ့အခါ ခရမ်းရောင်သန်းနေတာကိုတွေ့ရမယ်၊ အဆိပ်တွေကို အန်ထုတ်ထားပေမယ့် ချဉ်စုတ်တဲ့အနံ့မရှိဘူး၊ ပန်းအနံ့တစ်မျိုးတောင် ထွက်ပေါ်နေသေးတယ်၊ ဒါကြောင့် မိစ္ဆာတောင်ကအဆိပ်ပဲဖြစ်ရမယ်လို့ ကျွန်မပြောရဲတယ်"

မုရသေ့၊ ရှာဝူးနှင့် ခုံးမင်တို့ တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြလေသည်။ ခုံးမင်က မေးလိုက်သည်။

"မိစ္ဆာတောင်က အဆိပ်ဆိုတာ သေချာရဲ့လား"

"ကျွန်မဟာ အဆိပ်ပညာနဲ့ပတ်သက်လာရင် ကျွမ်းကျင်တယ်လို့ သိုင်းလောကတစ်ခုလုံးက လက်ခံထားကြတာကို ရှင်မယုံဘူးဆိုရင်လည်း ကျွန်မပြောခဲ့တဲ့စကားကို လက်မခံနဲ့ပေါ့ရှင်"

ခုံးမင် လက်ကာပြလိုက်လေသည်။

"ကျုပ်က ခင်ဗျား‌ရဲ့စကားကို လက်မခံနိုင်လို့ ပြောနေတာ မဟုတ်ပါဘူး။ မိစ္ဆာတောင်ဟာ သိုင်းလောကနဲ့ ကင်းကင်းရှင်းရှင်းနေတာ လူတိုင်းသိကြတာပဲ၊ ခုလို ပတ်သက်လာတာ အံ့သြစရာကောင်းနေလို့ ပြောတာပါဗျာ"

ရှာဝူး ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ မိစ္ဆာတောင် ပါဝင်ပတ်သက်လာတာတော့ အတော့်ကိုအံ့သြစရာကောင်းနေပြီ"

စီးကျွေ့ပြုံးလိုက်လေသည်။

"အံ့သြနေရုံနဲ့ ဘယ်ပြီးပါ့မလဲရှင်၊ သက်ခြွေဂိုဏ်းကို တာ မိစ္ဆာတောင်က ဖန်တီးထားတာလည်း ဖြစ်နိုင်တာပဲ



သည်ကိစ္စ ရှင်းရှင်းလင်းလင်းဖြစ်သွားအောင် မိစ္ဆာတောင်ကိုသွားကြတာ အကောင်းဆုံးပဲပေါ့"

သူမ၏စကားကို အားလုံးက သဘောတူလိုက်ကြ၏။

ချက်ချင်းပင် မိစ္ဆာတောင်သို့သွားရန် ဟန်ပြင်လိုက်ကြလေသည်။

ကျင်းလုံက ဝင်ပြောသည်။

"ကျွန်တော်လည်း မိစ္ဆာတောင်ကိုလိုက်ခဲ့ပါရစေ"

ရှာဝူး ခေါင်းခါယမ်းလိုက်လေသည်။

"မင်းလိုက်လို့ မဖြစ်ဘူး"

"ကျွန်တော်....."

"မင်း အဆိပ်မိခဲ့တယ်ဆိုတော့ သိပ်အငင်ပန်းခံလို့ မဖြစ်သေးဘူး၊ အနားယူဖို့လည်း လိုလိမ့်မယ်၊ ဒါ့ကြောင့် မင်းနေခဲ့တာ အကောင်းဆုံးပဲ"

ခုံးမင်တို့က ကျင်းလုံအား ခေါ်မသွားနိုင်ကြောင်း ငြင်းဆန်ကြလေသည်။

"ကောင်လေး မင်းလိုက်လို့ မဖြစ်သေးဘူး"

"မင်းကို ငါတို့ ခေါ်မသွားနိုင်ဘူး"

"နေရာတကာ ဝင်မရှုပ်ချင်စမ်းနဲ့"

ရုတ်တရက်ဆိုလျှင် ခုံးမင်တို့ပြောသည့် စကားများမှာ ခံရခက်စရာဖြစ်နေသည်။

သို့သော် မိစ္ဆာတောင်သည် နာမည်ကြီးပြီး အခက်

www.burmeseclassic.com



အခဲအန္တရာယ်နှင့်ကြုံတွေ့နိုင်သောကြောင့် မလိုက်ဖြစ်စေရန် တမင်ပြောဆိုနေခြင်းဖြစ်ကြောင်း ကျင်းလုံ ရိပ်စားနားလည်မိလေသည်။

သူ လိုက်သွားခြင်းဖြင့် အနှောင့်အယှက်ပင် ဖြစ်နိုင်ကြောင်းလည်း သဘောပေါက်မိသဖြင့် နေရစ်ခဲ့ရန်ဆုံးဖြတ်လိုက်ရသည်။

ခုံးမင်တို့သည် ကျင်းလုံအား နှုတ်ဆက်ကာ အလျင်အမြန်ထွက်သွားကြလေတော့သည်။

❋

ရာဝှးသည် ခုံးမင်တို့သုံးယောက်နှင့် အတူ လိုက်သွားပြီဖြစ်လေသည်။ ကျင်းလုံတစ်ယောက်တည်း ငူငူကြီးရပ်ကာ ကျန်ရစ်ခဲ့သည်။

မည်သူမျှ မရှိတော့သည့်အခါ သူ၏ဦးခေါင်းထဲအတွေးတစ်ခု ဝင်ရောက်လာလေသည်။

"သက်ခြွေဂိုဏ်းချုပ်က ဘာ့ကြောင့် ငါ့အသက်ကို ကယ်တင်ခဲ့ရတာလဲ"

ကျင်းလုံတွေးတောစဉ်းစားရင်း ဦးခေါင်းထဲ မှုးနှောက်



ရှိဝေလာလေသည်။

နောက်ဆုံး အံတင်းတင်းကြိတ်ကာ ကြုံးဝါးလိုက်လေတော့သည်။

"သက်ခြွေဂိုဏ်းချုပ်၊ ကျုပ်…ကျုပ်ကတော့ ခင်ဗျားကို ဘယ်တော့မှခွင့်မလွှတ်ဘူးဆိုတာ မြဲမြဲမှတ်ထားပါ"

သူ၏အသံသည် တိုက်ခတ်လာသော လေပြည်လေညှင်းနှင့်အတူ အဝေးသို့တိုင် လွင့်မျောသွားသည်ဟု ထင်ရလေသည်။

ကျင်းလုံသည် စိတ်ရှိလက်ရှိ အော်ဟစ်ကြုံးဝါးလိုက်ရသဖြင့် ကျေနပ်သွားလေသည်။

ထိုစဉ်…

"ဟင်:….."

သက်ပြင်းချသံသဲ့သဲ့ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ကျင်းလုံ ချာခနဲ လှည့်ကြည့်လိုက်သည်။

လေတိုက်လိုက်သဖြင့် မလှမ်းမကမ်းမှ ချုံပုတ်တစ်ခု လှုပ်ယမ်းသွားသည်မှလွဲပြီး အခြားထူးခြားမှုမတွေ့ရချေ။

"ဘယ်သူလဲ"

ကျင်းလုံက အော်ဟစ်မေးမြန်းလိုက်သော်လည်း တုံ့ပြန်သံ မကြားရပါချေ။

ကျင်းလုံ သက်ပြင်းချလိုက်သည်။

'ငါ့စိတ် ထင်တာပဲဖြစ်မှာပါ"

ပြီးနောက် ရှေ့မည်သို့ ဆက်လုပ်ရမည်ကို တွေးတော

www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားလိုက်လေသည်။

ကြက်ဖျူရွေးခေါင်းကြီးထံမှ ကြားသိခဲ့ရသည့်အတိုင်းဆိုလျှင် စာတပ်မြှုပ်နေသော သိုင်းဆရာဝမ်ချူးထံသို့ သွားခြင်းကား အကောင်းဆုံးဖြစ်မည်ဟုတွေးမိသည်။

ဝမ်ချူးထံမှ မိစ္ဆာနိုင်သိုင်းပညာကိုသာ ရရှိခဲ့ပါလျှင် သက်ခြေဂိုဏ်းအား မှုစရာမလိုတော့ဘဲ ချေမှုန်းပစ်နိုင်မည်ဖြစ်ပေသည်။

"မြောက်ပိုင်းကို ငါသွားရမယ်"

ကျင်းလုံသည် သိုင်းဆရာ ဝမ်ချူးထံသို့သွားရန် ဆုံးဖြတ်ချက် ချလိုက်လေတော့သည်။

❋

## လူထူးသန်း

မြေဖွဲ့တ်ပိုင်းဒေသ....။

မြေဖဲတ်ပိုင်းဒေသသည် ရာသီဥတုကောင်းမွန်သည်။

သစ်သီးဝလံများ ကောက်ပဲသီးနှံများ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်သည်။

အခြားသော စီးပွါးရေးလုပ်ငန်းအမျိုးမျိုးလည်း ဖြစ်ထွန်းလျက်ရှိခြင်းကြောင့် အလွန်စည်ကားသိုက်မြိုက်သော အရပ်ဒေသကြီးအဖြစ် ထာဝရရပ်တည်နေခဲ့ပေသည်။

ကျင်းလုံသည် သုံးရက်ခန့်ခရီးနှင်ခဲ့ပြီး မြောက်ပိုင်းဒေသ၏မြို့ကလေးတစ်မြို့သို့ ရောက်ရှိလာခဲ့လေသည်။

ကျင်းလုံရောက်ရှိလာချိန်၌ မြို့မျက်နှာဖုံး သူဌေးကြီးလျူဟိုး၏ မွေးနေ့ပွဲကျင်းပရန် စိုင်းပြင်းနေသည့်အချိန်နှင့်တိုက်ဆိုင်နေပေသည်။

လမ်းပေါ်၌ လူတိုင်းလူတိုင်းသည် ဝတ်ကောင်းစားလှဝတ်ဆင်ကာ သွားလာနေကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်တိုင်း အိမ်တိုင်း ပန်းများဖြင့် အလှဆင်ထားကြသလို နေရာတိုင်း၌လည်း...

"သူဌေးကြီးလျှ...သက်တော်ရာကျော်ရှည်ပါစေ"

ဟူ၍ ရေးသားထားသောစာတန်းများ ချိတ်ဆွဲထားသည်ကို တွေ့မြင်ရမည်ဖြစ်လေသည်။

ကျင်းလုံ ရောက်လာချိန်၌ နေဝန်းနီမှာ အနောက်ဘက်၌ ငုတ်လျှိုးပျောက်ကွယ်သွားကာစ ဖြစ်လေသည်။

အလင်းနှင့်အမှောင်အားပြိုင်နေရာမှ အမှောင်က အနိုင်ရကာ တဖြည်းဖြည်းကြီးစိုးသွားချိန်လည်း ဖြစ်လေသည်။

ညအချိန်ရောက်လာပြီဖြစ်ရာ ရှေ့ခရီးမဆက်တော့ဘဲ တစ်ညတာ အနားယူရန်ဆုံးဖြတ်ကာ တည်းခိုခန်းရှာဖွေလိုက်ရလသည်။

မကြာမီ စားသောက်ဆိုင်နှင့်တွဲဖက်ဖွင့်လှစ်ထားသော တည်းခိုခန်းတစ်ခုကိုတွေ့ရသဖြင့် ကျေနပ်သွားလေသည်။

"ဒီမှာပဲ ညစာစားပြီး တစ်ညတည်းခိုတော့မယ်"

ကျင်းလုံက ဆိုင်ထဲသို့ဝင်လိုက်လေသည်။

ဆိုင်လုလင်များသည် ပျာပျာသလဲ ကြိုဆိုကာ နေရာထိုင်ခင်းပေးကြသည်။

ကျင်းလုံ မှာကြားသည့်စားသောက်ဖွယ်ရာများကို ချက်ချင်း ယူပေးကြလေသည်။

ကျင်းလုံ စားသောက်ပြီးစီးသွားသည့်အခါ ဆိုင်လုလင်တစ်ယောက်ကိုခေါ်ကာ ကျသင့်ငွေပေးချေရင်း တစ်ညတာ တည်းခိုနိုင်ရန် အခန်းတစ်ခန်းစီစဉ်ခိုင်းလိုက်သည်။



ဆိုင်လုလင်က ဦးညွှတ်လိုက်ပြီး...

"အစ်ကိုလေးပေးတဲ့ငွေကို လက်မခံပါရစေနဲ့ခင်ဗျာ၊ တည်းခိုဖို့အတွက်လည်း အကောင်းဆုံးအခန်းကို စီစဉ်ပေးပါ့မယ်၊ တစ်ပြားတစ်ချပ်မှ ပေးစရာမလိုပါဘူးခင်ဗျာ"

ကျင်းလုံ အံ့သြသွားလေသည်။

"ဟင်....စားသောက်ခ တည်းခိုခ တစ်ပြားတစ်ချပ်မှ မယူဘူး ဟုတ်လား"

"ဟုတ်ပါတယ်ခင်ဗျာ၊ သည် ခုနစ်ရက်အတွင်းမှာ တည်းခိုခ၊ စားသောက်ခ တစ်ပြားတစ်ချပ်မှ မယူ ပါဘူး၊ အခမဲ့ တည်းခိုစားသောက်လို့ ရပါတယ်ခင်ဗျာ"

ကျင်းလုံ ပြုံးလိုက်လေသည်။

"မင်းတို့ဆိုင်က သဘောကောင်းလှချည်လား၊ ရောက်လာတဲ့ လူအားလုံးကို ခုနစ်ရက်လုံးလုံး အခမဲ့ ပြုစုပေးတာပဲလား"

ဆိုင်လုလင်က ရယ်မောလိုက်လေသည်။

"သည်လိုလဲ မဟုတ်ပါဘူး၊ လဆန်း တစ်ရက်ကနေ လဆန်းခုနစ်ရက်အထိ သတ်မှတ်ထားတာပါ၊ လဆန်းခုနစ်ရက် ကျော်သွားရင်တော့ ဘယ်သူပဲဖြစ်ဖြစ် ထုံးစံအတိုင်း ကျသင့်ငွေပေးရမှာပါ"

"ခုနစ်ရက်အတွင်းမှာ မင်းတို့ဆိုင်ရှင်က အလှူကြီး ပေးနေတယ်ဆိုပါတော့"

www.burmeseclassic.com

www.burmeseclassic.com



"ဆိုင်ရှင်မဟုတ်ပါဘူး သူဌေးလျှူပါ"

"ဟင်...."

ကျင်းလုံသည် သူတွေ့ခဲ့ရသော သူဌေးကြီးလျှူဟိုး အတွက် ဆုမွန်ကောင်းတောင်းသော စာတန်းများကို သတိရ လာလေသည်။

"နေပါဦး သူဌေးကြီးလျှူက ဘာကြောင့် သည်လို အလှူအတန်းလုပ်ရတာလဲ",

သူဌေးကြီးလျှူဟိုးအား စိတ်ဝင်စားလာပြီး မေးလိုက် မိလေသည်။

ဆိုင်လုလင်ကလည်း စိတ်ရှည်လက်ရှည်ပင် ရှင်းပြ လေသည်။

"သူဌေးကြီးလျှူဟာ သိုင်းလောကမှာ သံမဏိလက် ဝါးဆိုတဲ့အမည်နဲ့ ထင်ရှားတဲ့သိုင်းသမားကြီးတစ်ယောက် ဖြစ်ပါတယ်၊ အများအကျိုး သိုင်းလောကအကျိုး ဆောင်ရွက် သလို မဟုတ်မခံသိုင်းသမားကြီးပါ၊ အလှူအတန်းလည်း ရက် ရောပါတယ်၊ ဆင်းရဲနွမ်းပါးသူတွေ၊ ဒုက္ခရောက်နေသူတွေကို ရက်ရက်ရောရော ကူညီလေ့ရှိပါတယ်"

ကျင်းလုံ ပြုံးလိုက်မိလေသည်။

ဆိုင်လုလင်က သူဌေးကြီးလျှူဟိုးအပေါ် အမွှမ်းတင် လွန်းသည်ဟုထင်မိသည်။

ဆိုင်လုလင်ကလည်း ပြောကောင်းကောင်းနှင့် ဆက် ပြောနေသည်။

"သူဌေးကြီးလျှူဟာ မကြာခင်မှာ အသက်ခြောက်



ဆယ် ပြည့်တော့မယ်၊ သူဟာ အင်မတန်အရေးကြီးတဲ့ ကိစ္စ တစ်ခုကိုဆောင်ရွက်ပြီးရင် သိုင်းလောကက လုံးဝအနားယူ တော့မှာဖြစ်ပါတယ်၊ သူ့ရဲ့မွေးနေ့ဟာ သိုင်းလောကကို နှုတ် ဆက်တဲ့ပွဲပါပဲ၊ မွေးနေ့ကျင်းပပြီး သိုင်းလောကအရေး ဆောင် ရွက်စရာရှိတာကို ဆောင်ရွက်ပြီးတာနဲ့ လူ့ဝတ်ကြောင်ကို စွန့် ပယ်လို့ တောထွက်ပြီး တရားရှာမှီးတော့မှာပါ၊ ဒါကြောင့် ခုနစ်ရက် ခုနစ်လီအလှူအတန်းပေး ကောင်းမှုကုသိုလ်ပြုလုပ်နေတာပါ"

ဤမျှဆိုလျှင် အဘယ့်ကြောင့် အခမဲ့ စားသောက် တည်းခိုခွင့်ရသည်ကို ကျင်းလုံ သဘောပေါက်လိုက်လေသည်။

အကြီးအကျယ် အလှူအတန်းပြုနိုင်သဖြင့် သူ ဌေးကြီးလျှူ မည်မျှချမ်းသာကြွယ်ဝမည် ဆိုသည်ကိုလည်း တွေး၍ ရလိုက်လေသည်။

သူဌေးကြီးလျှူ၏စေတနာကို လေးစားသည့်အနေနှင့် မေးလိုက်မိပြန်လေသည်။

"ဒါနဲ့..သူဌေးကြီးလျှူက အရေးကြီးတဲ့ ကိစ္စဆောင် ရွက်မယ်ဆိုတာ ဘယ်လိုကိစ္စမျိုးလဲ"

ဆိုင်လုလင် ခေါင်းညိတ်လိုက်သည်။

"တခြားမဟုတ်ပါဘူး.....သိုင်းလောကကို ဒုက္ခပေးနေ တဲ့ သက်ခြေဂိုဏ်းချုပ်ကို ရင်ဆိုင်သွားဖို့ပါ"

"ဪ..."

"သူဌေးကြီးလျှူဟာ သူ့ရဲ့အသက်ခြောက်ဆယ်ပြည့်

www.burmeseclassic.com

www.burmeseclassic.com



တဲ့နေ့မှာ သက်ခြွေကိုဖော်းချုပ်နဲ့ ယှဉ်ပြိုင်တိုက်ခိုက်ဖို့ စိန်ခေါ်ထားပါတယ်။ ကျွန်တော်တို့ ပွဲကြီးပွဲကောင်းကြည့်ရမှာပါ"

ကျင်းလုံ၏ခန္ဓာကိုယ် ဆတ်ခနဲတုန်ခါသွားသည်။

ထိုစဉ်...

"မင်းတို့ ပိုက်ဆံယူမလား၊ မယူဘူးလား၊ ဒါပဲပြော"

ကျယ်လောင်သော စကားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

ကျင်းလုံက အမှတ်မထင် ကြည့်လိုက်ရာ မလှမ်းမကမ်းရှိစားပွဲတစ်လုံး၌ အဘိုးအိုတစ်ယောက်နှင့် ဆိုင်လုလင်တစ်ယောက်တို့ အချေအတင်ဖြစ်နေကြသည်ကို တွေ့လိုက်ရလေသည်။

အဘိုးအိုမှာ ချည်ကြမ်းအကျႌဝတ်ထားပြီး ဆံပင်ဖွာဖွာဖြစ်နေသည်။

ဖြစ်သလို နေထိုင်စားသောက်တတ်သူတစ်ယောက်ဖြစ်ပုံရသော်လည်း မာနကြီးမည့်အသွင်ရှိလေသည်။

"သူများကျွေးတိုင်း ငါက စားရမှာလား၊ မင်း ပိုက်ဆံယူမလား၊ မယူဘူးလား ပြော"

အဘိုးအိုက စားသောက်ခကျသင့်ငွေကို အတင်းပေးနေပြီး ဆိုင်လုလင်မှာလည်း လက်ခံရန် ခက်နေပုံရသည်။

"သူဌေးကြီးလျူက တစ်မြို့လုံးမှာရှိနေတဲ့ ဈေးဆိုင်စားသောက်ဆိုင်တွေအားလုံး အခမဲ့ဖြစ်စေရမယ်လို့ အမိန့်



ထုတ်ထားပါတယ်၊ ခုနှစ်ရက်အတွင်း တစ်မြို့လုံးကိုကောရောက်လာတဲ့ခရီးသွားဧည့်သည်တွေအတွက်ပါ သူဌေးကြီးလျူကပဲ တာဝန်ယူအကုန်အကျခံသွားမှာ ဖြစ်ပါတယ်"

ဆိုင်လုလင် မည်သို့ပင် ရှင်းပြသည်ဖြစ်စေ အဘိုးအိုက လက်မခံပါချေ။

"ဟိတ်....စကားမရှည်နဲ့....ပေးယင်ယူ"

"ကျွန်တော် တောင်းပန်ပါတယ်၊ မယူပါရစေနဲ့"

"မင်း တော်တော်စကားရှည်ပါလား"

အဘိုးအိုက မျက်လုံးပြူးကာ အော်ငေါက်လိုက်လေသည်။

ဆိုင်လုလင်က ကြောက်လန့်တကြားဖြင့် နောက်ဆုတ်လိုက်လေသည်။

ထိုအချင်းအရာကိုကြည့်ကာ ကျင်းလုံ မအောင့်အည်းနိုင်တော့ပဲ ရယ်မောလိုက်လေသည်။

"ဟား....ဟား....ဟား...."

သူ၏ရယ်မောသံကြောင့် အဘိုးအိုက လှည့်ကြည့်လာသည်။ ဆိုင်လုလင်ကိုကွန်းဖယ်ကာ ကျင်းလုံထံသို့ ခပ်သွက်သွက် လှမ်းလာလေသည်။

အဘိုးအို၏မျက်နှာထားကြောင့် ကျင်းလုံ မရယ်နိုင်တော့ဘဲ မျက်နှာပိုးသတ်လိုက်ရလေသည်။

"ပြောစမ်း....မင်းဘာကြောင့် ရယ်တာလဲ"

ကျင်းလုံက အမှန်အတိုင်း ဝန်ခံလိုက်သည်။

"သဘောကျလို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာကွ"

"ဩော်...သူတစ်ပါး အလကားကျွေးတာကို မစားဘူး ဆိုတဲ့ ဦးရဲ့စိတ်ကိုသဘောကျလို့ပါ"

"ငါက ဘာကြောင့် သူများ ကျွေးတိုင်းစားရမှာလဲ"

ဆိုင်လုလင်က ဦးညွှတ်တောင်းပန်လေသည်။

"သူဌေးကြီးလျှူပြာ စေတနာသဒ္ဓါထက်သန်စွာနဲ့ ဒီမြို့ကို ရောက်လာသူတိုင်းကို ဧည့်ခံကျွေးမွေးတာပါ၊ လက်မခံဘဲငြင်းပယ်မယ်ဆိုရင် စိတ်မကောင်းဖြစ်သွားပါလိမ့်မယ်"

"ဒါ ငါ့ကိစ္စမဟုတ်ဘူး။ ရော့...ဒီမှာ"

အဘိုးအိုက မည်သို့မျှလက်မခံဘဲ ငွေတုံးကလေးတစ်တုံးကို စားပွဲပေါ်ချကာ ဆိုင်ထဲမှထွက်သွားလေသည်။

ဆိုင်လုလင်များ ဟန့်တားခြင်း မပြုနိုင်ကြတော့ချေ။

"တို့ဘယ်လိုလုပ်ကြမလဲ"

"သူဌေးကြီးလျှူဆီကို သတင်းပို့ကြတာပေါ့"

"ကောင်းတယ်"

အချင်းချင်း တိုင်ပင်ကြလေသည်။ ကျင်းလုံ့ထည်း ထိုင်ရာမှထလိုက်သည်။ ထို့နောက် စားပွဲပေါ်သို့ငွေတုံးကလေး တစ်တုံးတင်ထားလိုက်ပြီး ဆိုင်ထဲမှထွက်သွား၏။

ဆိုင်လုလင်များသည် ကျသင့်ငွေပေးသူ နောက်တစ်ယောက် ထွက်ပေါ်လာလေသောအခါ သူဌေးကြီးလျှူထံ အမြန်ဆုံးသွားရောက်သတင်းပို့ရန် စီစဉ်လိုက်ကြလေတော့သည်။

✵



ကျင်းလုံ စားသောက်ဆိုင် အပြင်ဘက်သို့ရောက်ရှိလာသောအခါ အမှောင်ထုသည် တစ်မြို့လုံးကို ဖုံးလွှမ်းသွားခဲ့ပြီဖြစ်သည်။

ကျင်းလုံသည် အဘိုးအိုကဲ့သို့ပင် အခကြေးငွေမယူသောတည်းခိုခန်း၌ တည်းခိုခြင်းမပြုလိုပါချေ။

မင်းလမ်းမကြီးအတိုင်း လျှောက်သွားပြီး အခကြေးငွေပေးရမည့်တည်းခိုခန်းအား လိုက်လံရှာဖွေလိုက်သည်။

ဈေးဆိုင်များ၊ တည်းခိုခန်းများ၊ စားသောက်ဆိုင်များအားလုံး အခမဲ့ချည်းဖြစ်နေသည်။

ကြာသော် ကျင်းလုံစိတ်ပျက်လာလေသည်။

အချိန်များလည်းကုန်ဆုံးသွားကာ တဖြည်းဖြည်းညဉ့်နက်လာလေသည်။

လမ်းပေါ်၌ လူရှင်းနေသည်။

အချို့သော ဈေးဆိုင်များပိတ်သွားသည်။

လမ်းဘေး တစ်ဘက်တစ်ချက်မှ အိမ်များလည်း တံခါးပိတ် မီးမှိတ်ကုန်လေပြီ။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တာ အိမ်စက်အနားယူကြတော့မည် ဖြစ်လေသည်။

ကျင်းလုံ စိတ်ပျက်လာသည်။

“ဘာပဲဖြစ်ဖြစ် ငွေပေးရသည်ဖြစ်စေ၊ မပေးရသည်ဖြစ်စေ တည်းခိုခန်းတစ်ခုကိုတော့ သွားရမှပဲ၊ ဒါမှမဟုတ်ရင် ဒီည အိပ်စရာနေရာအတွက်ခက်တော့မယ်”

ကျင်းလုံက ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်သည်။ ထိုအခါ မလှမ်းမကမ်းတစ်နေရာ၌ မီးထွန်းနေသော တည်းခိုခန်းတစ်ခုရှိနေသည်ကို တွေ့ရလေသည်။

ကျင်းလုံ ဝမ်းသာသွားပြီး ခပ်သွက်သွက်လှမ်းသွားလိုက်လေသည်။

တည်းခိုခန်းရှေ့သို့ ရောက်သွားချိန်မှာပင် ဆိုင်ထဲမှ တဝုန်းဝုန်း၊ တဒိုင်းဒိုင်းမြည်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

“အား”

“အမလေး”

စူးရှသောအော်ဟစ်သံများ ထွက်ပေါ်လာပြီး ဆိုင်အပြင်ဘက်သို့ လူနှစ်ယောက်ထွင့်စဉ်လာသည်ကို တွေ့လိုက်ရလေသည်။

“ဟင်”

ကျင်းလုံ ရင်ထိတ်သွား၏။



သူတည်းခိုမည်ဟုရည်ရွယ်ထားသောနေရာ၌ ပြဿနာတစ်စုံတစ်ရာဖြစ်ပေါ်နေသည်မဟုတ်ပါလား။

ဆိုင်ထဲမှ ထွင့်စဉ်လာသူနှစ်ယောက်သည် တအီးအီး တအားအား ညည်းတွားရင်း လူးလိမ့်ထလာကြ၏။

“ဘယ်လို အဘိုးကြီးလည်း မသိပါဘူး”

“သူ့ကို အလကားတည်းခိုပါဆိုတာတောင် သူက စိတ်ဆိုးသေးတယ်၊ အံ့ရော”

ထိုလူနှစ်ယောက်ကား ဆိုင်လုလင်များဖြစ်ကြပြီး သူတို့ပြောဆိုနေသည့် စကားကိုကြားရသည့်အခါ ကျင်းလုံသည် ထူးဆန်းသောအဘိုးအိုကို ပြေး၍ မြင်ယောင်မိလိုက်လေတော့သည်။

ရုတ်တရက်....

“မင်းတို့ဆိုင်မှာ ဘယ်တော့မှ မတည်းဘူး မှတ်ထား”

ကျယ်လောင်သော စကားပြောသံထွက်ပေါ်လာ၏။

ကျင်းလုံ ကြည့်လိုက်သောအခါ အဘိုးအိုတစ်ယောက်က တည်းခိုခန်းထဲမှထွက်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

စားသောက်ခ မယူသဖြင့် စိတ်ဆိုးခဲ့သော ချည်ထည်အဝတ်အစားဝတ် အဘိုးအိုပင်ဖြစ်ပါသည်။

ကျင်းလုံသည် အဘိုးအို၏ စိတ်ဓာတ်ကို သဘောကျသွားလေသည်။ အဘိုးအိုက သူ့အား မျက်မှောင်ကုတ်ကာ ကြည့်လာ၏။

ကျင်းလုံ ပြုံးပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် အဘိုးအိုက ပြန်၍ပြုံးမပြသည့်အပြင် မျက်နှာတစ်ခုလုံး ခက်ထန်တင်းမာသွားလေတော့သည်။

ချက်ချင်းပင် ကျင်းလုံထံသို့ လှမ်းလာပြီး လက်ဆန့်ထုတ်ကာ ကျင်းလုံ၏ ရင်ဘတ်ကို လက်ဖြင့်ဆောင့်တွန်းလိုက်လေသည်။

"အင့်"

မမျှော်လင့်ဘဲခံလိုက်ရသဖြင့် ကျင်းလုံ ဒယီးဒယိုင်ဖြစ်သွားလေသည်။ ဒေါသလည်း ထောင်းခနဲဖြစ်သွား၏။

"မင်း ငါ့နောက်ကို တကောက်ကောက် လိုက်နေတာ ဘာသဘောလဲ"

"ဗျာ"

"ဘာလဲ…ငါ့ကို တောသားအဘိုးကြီးဆိုပြီး အမဲဖမ်းချင်လို့လား"

ကျင်းလုံ ပိုပြီးဒေါသထွက်သွားလေသည်။

"ခင်…ခင်ဗျား စကားကြည့်ပြောပါ၊ ကျုပ်က ဘာကြောင့် ခင်ဗျားနောက်ကို တကောက်ကောက်လိုက်နေရမှာလဲ"

"ဒါဖြင့်… မင်း ဘာကြောင့် ဒီနေရာကို ရောက်လာခဲ့တာလဲ… ပြောစမ်း"

အဘိုးအိုသည် လူဆိုးဓားပြတစ်ယောက်အား စစ်ဆေးသူတစ်ယောက်ပမာ စေ့စေ့ပေါက်ပေါက် မေးမြန်းနေလေတော့သည်။

ကျင်းလုံက ဘုဆတ်ဆတ် ပြောလိုက်သည်။

"ဒါတည်းခိုခန်းပဲ…ကျုပ်က တည်းခိုခန်းမှာ တည်းခို



…လာတာပေ့ါ"

"ဒါနဲ့များ ကြီးကြီးကျယ်ကျယ်ပြောနေရသေးတယ်"

"ဘာဗျ"

"အခမဲ့ဆိုရင် မင်းလည်း သဘောမကျဘူးဆို၊ ခု တော့ …ခမဲ့တည်းခိုခန်းမှပဲ တည်းခိုတော့မယ်မဟုတ်လား"

"ဗျာ"

ကျင်းလုံ ကြောင်အမ်းအမ်းဖြစ်သွားပြီးမှ သတိဝင်လာ…လေ၏။

"ကျွန်တော် ဘာကြောင့် ဒီမှာတည်းခိုမှာလဲ"

"ဒါဖြင့်… မင်းဘာလုပ်နေတာလဲ"

"စိတ်ချ… ကျွန်တော်သွားမှာပါ"

ကျင်းလုံက ချက်ချင်းလှည့်ထွက်သွားရန် ဟန်ပြင်…ိုက်၏။ သို့သော် သူ၏ခြေလှမ်းများသည် တုန့်ခနဲရပ်သွားပြီး …ဘိုးအိုအား လှည့်ကြည့်လိုက်သည်။

"မင်းမသွားသေးဘူးလား"

အဘိုးအိုက ခပ်ထန်ထန်မေးလိုက်သည်။

ကျင်းလုံ ခေါင်းခါယမ်းလိုက်သည်။

"ကျွန်တော် သွားချင်မှသွားမယ်၊ ကျွန်တော့်ကို အမိန့်…း‌တာ မကြိုက်ဘူးဗျ၊ ခင်ဗျားကော အခမဲ့ဆိုရင် သဘောမ…ျဘူးဆို၊ ဘာကြောင့် ဒီနေရာကိုလာခဲ့တာလဲ"

အဘိုးအိုနှင့် ရန်သူဖြစ်လာတော့မည်ဟု ကျင်းလုံ

www.burmeseclassic.com

www.burmeseclassic.com



ယူဆထား၏။ သို့သော်… သူထင်သလို ဖြစ်မလာပါချေ။

အဘိုးအိုမှာ အလွန်စိတ်ပျက်သည့်အသွင်တစ်မုဟုတ်ချင်း ပြောင်းလဲသွားသည်။ နဂိုကပင် ရှုပ်ပွနေသောဆံပင်များကို တဗျင်းဗျင်းမြည်အောင်ကုပ်လိုက်လေသည်။

"ခက်တာပဲကွ… တစ်မြို့လုံး ရူးကုန်ပြီလား မပြောတတ်ဘူး၊ ဘယ်ဆိုင်ကိုသွားပြီး ဘာပဲဝယ်ဝယ်၊ ဘာပဲစားစား ပိုက်ဆံတစ်ပြားမှမယူကြဘူး၊ တစ်ည တည်းခိုမယ်ဆိုတော့လည်း ဒီအတိုင်းပဲ၊ ငါကလည်း ဘယ်သူ့ပစ္စည်းမှအလကားစားချင်တာ မဟုတ်ဘူး၊ ဒီအတိုင်းဆိုရင် ဗိုက်ဆာလို့ရေတောင်မသောက်ရဘဲ လမ်းဘေးမှာအိပ်ရတော့မယ်ထင်တယ်"

ကျင်းလုံ ငိုင်သွားသည်။

ဒေါသစိတ်များလည်း တစ်မုဟုတ်ချင်း ပျောက်ကွယ်သွားလေသည်။

အဘိုးအိုသည် ခေါင်းမာပြီးထူးခြားသူတစ်ယောက်ဖြစ်နေသည်မဟုတ်ပါလား။

အဘိုးအိုက ကျင်းလုံကို ခြေဆုံးခေါင်းဆုံးကြည့်လိုက်၏။

"မင်းကော ဘယ်လိုသဘောရလဲ"

"ကျွန်တော်…"

ကျင်းလုံ သက်ပြင်းချလိုက်လေသည်။

"မြို့မျက်နှာဖုံး သူဌေးကြီးလျူဟိုးရဲ့မွေးနေ့ပွဲကို မကြားခင်ကျင်းပတော့မှာဖြစ်လို့ တစ်မြို့လုံးကို ဒါနပြုကျွေးမွေးနေတာ မီးခိုးတိတ်ပဲ… ရောက်လာတဲ့ ဧည့်သည်တွေကိုလည်း အစစအရာရာ တာဝန်ယူထားတယ်လေ၊ ခုနစ်ရက် ခုနစ်သီ ပွဲတော်ကြီးကျင်းပနေတာပေါ့"



"တော်စမ်းပါကွာ"

အဘိုးအိုသည် ကျင်းလုံ ရှင်းပြသည့်စကားကို အမှုမထားဘဲ နားကြားပြင်းကပ်ဟန်ဖြင့် လက်ဝှေ့ယမ်းလိုက်သည်။

"သူဌေးကြီးလျူဟိုးရဲ့လုပ်ရပ်က အရူးထတာပဲကွ၊သူက သက်ခြေဂိုဏ်းချုပ်ကို တစ်ယောက်ထဲရင်ဆိုင်မယ်လို့ စိန်ခေါ်နေသေးတယ်"

"ဩော်…ဦးလည်း သူဌေးကြီးလျူဟိုးရဲ့ သတင်းကို ကြားပြီးပြီကိုး"

ကျင်းလုံ၏စကားကြောင့် အဘိုးအို နှာခေါင်းရှုံ့လိုက်လေသည်။

"မင်းက ငါ့ကို အရူးလို့ထင်နေသလား၊ ဒီမြို့ကို ရောက်လာကတည်းက နားနဲ့မဆံ့အောင် ကြားခဲ့ရတာပဲ"

ကျင်းလုံ ပါးစပ်ပိတ်ထားလိုက်လေသည်။

ထိုစဉ်…

"မိတ်ဆွေတို့ ဘာမှ စိတ်ပူမနေပါနဲ့ဗျာ…အခက် အခဲအားလုံး ပြေလည်သွားမှာပါ"

ကြည်လင်ပြတ်သားသော စကားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ကျင်းလုံနှင့် အဘိုး အိုတို့ လှည့်ကြည့်လိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဝတ်ကောင်းစားလှ ဝတ်ဆင်ထားသူ တစ်ယောက် လှမ်းလာနေသည်ကိုတွေ့လိုက်ရလေသည်။

✻

ဝတ်ကောင်းစားလှဝတ်ထားသူမှာ အသက်လေးဆယ်ကျော်ခန့်ရှိလေသည်။

ဈေးကြီးသော အဖြူရောင်ပိုးပဲစကို အချိုးအစား ကျနစွာချုပ်ကာ အထက်တန်းကျကျဝတ်ဆင်ထားသည်။

မင်းစိုးရာဇာအသိုင်းအဝိုင်းမှ လူတစ်ယောက်ဖြစ်ရမည်ဟု ကျင်းလုံတွေးတောလိုက်သည်။

ထိုလူသည် အတွန့်သဘောမနှောကောင်းမည့်ရုပ်သွင်ရှိပြီး မျက်နှာပြုံးရွှင်နေသည်။

"မိတ်ဆွေတို့...ဒီအချိန်မှာ ရောက်လာကြတဲ့အတွက် အတော့်ကို ကံကောင်းပါတယ်၊ ဒီမြို့ကို ရောက်လာပြီးမှ ဘာမှပူစရာမလိုပါဘူး၊ မိတ်ဆွေတို့ရဲ့ကိစ္စအဝဝကို သူဌေးကြီး လျူဟိုးက တာဝန်ယူပါလိမ့်မယ်"

အဘိုးအို ဒေါပွသွားလေသည်။

"လာပြန်ပြီဟား၊ သူဌေးကြီးလျူဟိုးကတာဝန်ယူမယ်ဆိုတဲ့စကား၊ တော်စမ်းပါကွာ"

သူက ကျင်းလုံဘက်သို့ လှည့်ပြောလိုက်လေသည်။

"မင်းက သူများ ကျွေးတာ မစားချင်ဘူး မဟုတ်လား"

"ဟုတ်ပါတယ် ခင်ဗျ"



ကျင်းလုံ ခေါင်းညိတ်လိုက်သည်။ အဘိုးအိုက ထက်ဝေ့ယမ်းလိုက်၏။

"ဒါဖြင့် ဘာလုပ်နေတာလဲ၊ သွားကြပါစို့လား"

"ကျွန်တော်..."

"မင်းဒီမြို့မှာဆက်နေလို့တော့ ရေသောက်ရဖို့တောင် မလွယ်ဘူး၊ အေး... လမ်းဘေးမှာ အိပ်ရမှာကလည်း သေချာတယ်"

"ကောင်းပါပြီဗျာ"

အဘိုးအိုထွက်သွားရာ ကျင်းလုံလည်း လိုက်သွားလေသည်။ အထက်တန်းကျစွာဝတ်ထားသူက ထမ်းစိတ်ထားလိုက်၏။

"ခဏနေပါဦးဗျာ"

အဘိုးအိုက ခပ်ထန်ထန်ပြောလိုက်သည်။

"မင်းက နှောင့်ယှက်ချင်လို့လား"

"ဟာ... မဟုတ်ပါဘူး၊ ကူညီချင်လို့ပါ"

"ကောင်းပြီ၊ မင်းဘယ်လိုကူညီနိုင်မလဲပြောစမ်းပါဦး"

အဘိုးအိုက ခပ်တွေးတွေးမေးလိုက်သောအခါ ထိုလူက ကောင်းကောင်းမွန်မွန်ပင် ရှင်းလင်းပြလေသည်။

"ဒီမြို့မှာ အခက်အခဲမဖြစ်ရအောင် စီစဉ်ပေးနိုင်ပါတယ်၊ အခမဲ့ကျွေးမွေးတာ လက်မခံဘူးဆိုရင် အခကြေးငွေနဲ့ဆိုရင်ကော အဆင်ပြေနိုင်မလားဗျာ"

www.burmeseclassic.com

www.burmeseclassic.com



အဘိုးအိုက စဉ်းစားခြင်းပင်မပြုဘဲ ပြောလိုက်သည်။

"ဘာကြောင့် အဆင်မပြေရမှာလဲ"

"ဒါဖြင့် ကျုပ်နောက်လိုက်ခဲ့ကြပါ"

ထိုလူက ဖိတ်ခေါ်လိုက်သောအခါ အဘိုးအိုကလည်း ကျင်းလုံဘက်သို့ လှည့်ကြည့်လိုက်၏။

"မင်းကော ဘယ်လိုသဘောရသလဲ"

"ဦးသွားမယ်ဆိုရင် သွားလေ၊ ကျွန်တော် လိုက်ပါ့မယ်"

"အေး... ကိုယ့်ပိုက်ဆံနဲ့ ကိုယ်စားနိုင်ရင် စိတ်သန့်တာပဲ...ဘာကြောင့် မသွားနိုင်ရမှာလဲ"

အဘိုးအိုက အထက်တန်းကျစွာဝတ်ထားသူနောက်သို့ လိုက်သွားလေသည်။

ကျင်းလုံလည်း နောက်ကလိုက်ပါသွားလေသည်။

❋

## သူဌေးကြီး

အထက်တန်းကျစွာ ဝတ်ထားသူသည် အဘိုးအိုနှင့် ကျင်းလုံတို့အား မြို့အရှေ့ပိုင်းသို့ခေါ်ဆောင်သွားလေသည်။

မြို့အရှေ့ပိုင်း၌ ကျယ်ဝန်းသော ခြံဝင်းကြီးတစ်ခု ရှိနေ၏။ ထိုခြံဝင်းကြီးအတွင်း၌ မီးရောင်များ ထိန်ထိန်လင်းနေသော ခန်းနားထည်ဝါလှသည့် အဆောက်အဦကြီးတစ်ခုရှိနေလေ၏။

ထိုခြံဝင်းနှင့် အဆောက်အဦကြီးသည် စားသောက်ဆိုင်နှင့် တည်းခိုခန်းဖြစ်နေသည်လော။

ကျင်းလုံ အံ့ဩနေသော်လည်း အဘိုးအိုမှာ မည်သို့မျှ သဘောထားပုံမရှိချေ။

ခြံဝင်းထဲ၌လည်းကောင်း၊ အဆောက်အဦကြီးမှာလည်းကောင်း၊ အသံဗလံမကြားရပဲ တိတ်ဆိတ်ငြိမ်သက်နေလေသည်။

အဘိုးအိုသည် ဘာကိုမှ အမှုမထားဘဲ လိုက်သွားလေ၏။ ထို့ကြောင့် ကျင်းလုံလည်း လိုက်သွားရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား ထည်ဝါလှသည့်ညှိခန်းမကြီး တစ်ခုအတွင်းသို့ ရောက်ရှိသွားကြသည်။

"ထိုင်ကြပါဗျာ"

ဝတ်ကောင်းစားလှဝတ်ထားသူက နေရာထိုင်ခင်းပေးလိုက်လေ၏။

ထို့နောက်...

"မိတ်ဆွေတို့ ဘာများသုံးဆောင်ချင်သလဲ ပြောပါ"

ထိုလူကမေးလာသောအခါ အဘိုးအိုက စဉ်းစားမနေတော့ဘဲ ပြောလိုက်သည်။

"ငါတော်တော်ဗိုက်ဆာနေပြီ၊ အမဲသားပြုတ်တစ်ပိဿာ၊ အရက်ပြင်းပြင်းတစ်အိုး အရင်ယူလာခဲ့ပါ"

ထိုလူက ဦးညွှတ်လိုက်သည်။

"ကောင်းပါပြီ၊ ငွေသုံးရာ မစပါဗျာ"

"ဘာကွ"

"အမဲသားပြုတ်က ငွေတစ်ရာ့ငါးဆယ်ကျပါတယ်...၊ အရက်ကလည်း ဈေးအတူတူပါပဲဗျာ"

ကျင်းလုံ အံ့သြနေသည်။

ထိပ်တန်းစားသောက်ဆိုင်ကြီးများ၌ စားသောက်လျှင် ငွေသုံးဆယ်မပြည့်သော ဟင်းနှင့်အရက်ကို ဆယ်ဆခန့် ပို၍ တောင်းနေခြင်းကြောင့် မဟုတ်ပါလား။

မနေနိုင်တော့ဘဲ ကြားဝင်ပြောလိုက်လေသည်။

"မှာလိုက်တာက ငွေသုံးဆယ်လောက်ပဲ တန်တာ၊ ဘယ်လိုလုပ် သုံးရာဖြစ်ရတာလဲ"



"ဒါကတော့ ဆိုင်ချင်းကွာပါတယ်၊ ဒီဆိုင်မှာတော့ ဒီဈေးဟာ အသင့်မြတ်ဆုံးပါပဲ"

"ကောင်းပြီလေ"

အဘိုးအိုက တစ်ချက်ရယ်မောပြီး ငွေသုံးရာ ထုတ်ပေးလိုက်သည်။

"ခဏစောင့်ပါ"

ထိုလူသည် ငွေကိုလက်ခံယူပြီး ထွက်သွားလေသည်။

အဘိုးအိုက ကျင်းလုံဘက်သို့လှည့်လိုက်၏။

"မင်းကော ဘာမှ မမှာတော့ဘူးလား"

"ဟင့်အင်း... ဈေးသိပ်ကြီးတယ်"

"ဈေးကြီးလည်း ငွေပေးစားနိုင်တာ ဒီတစ်နေရာပဲရှိတော့တယ်"

"ကျွန်တော် အခြေအနေစောင့်ကြည့်ဦးမယ်၊ သူတို့ရဲ့ဟင်းက အရသာလည်းရှိတယ်၊ တန်လည်း တန်တယ်ဆိုမှစားတော့မယ်"

"ဒါတော့ မင်းသဘောပဲ"

နှစ်ယောက်သား ပြောဆိုနေကြစဉ်မှာပင် လူတစ်စုအခန်းတွင်းသို့ ဝင်ရောက်လာကြလေသည်။

ထိုလူများသည် ရွှေလင်ဗန်းကြီးနှစ်ချပ်ကို သယ်ဆောင်လာကြခြင်း ဖြစ်လေသည်။

ရွှေလင်ဗန်းတစ်ချပ်တွင် အမဲသားပြုတ်ဗန်းကန်ပါ

www.burmeseclassic.com

www.burmeseclassic.com



ဟာသည်။ ကျန်ရွှေထင်ဗန်းတွင် အရက်အိုးပါလာ၏။

ထင်ဗန်း၊ ပန်းကန်ခွက်ယောက်နှင့် အသုံးအဆောင်များလုံး ရွှေသားစစ်စစ်ဖြင့်ပြုလုပ်ထားသည်။

အခန်းမှာ ကျယ်ဝန်းပြီး အဖိုးတန်အမွေးပွကော်ဇော များခင်းကျင်းထားသည်။

ပရိဘောဂပစ္စည်းများကလည်း အထက်တန်းစားများချည်းဖြစ်နေသည်။

အတွန်ချမ်းသာကြွယ်ဝသူတစ်ယောက် ပိုင်ဆိုင်သောနေရာဖြစ်ကြောင်း ထင်ရှားနေပေတော့သည်။

သယ်ဆောင်လာကြသူများသည် ရွှေထင်ဗန်း ရွှေပန်းကန်များဖြင့်ထည့်ထားသော အမဲသားပြုတ်နှင့် အရက်အိုးကိုစားပွဲပေါ်၌ချထားပြီး ပြန်ထွက်သွားကြလေသည်။

ကျင်းလုံနှင့်အဘိုးအိုတို့ တစ်ယောက်ကို တစ်ယောက်ကြည့်လိုက်မိကြလေသည်။

အဘိုးအိုက မေးသည်။

"မင်း ဘယ်လို သဘောရသလဲ"

"အင်း…သည်လောက်ဆို သုံးရာတန်လောက်ပါတယ်င်ဗျာ"

"ဟား…ဟား…ဟား…"

အဘိုးအိုက သဘောကျစွာရယ်မောလိုက်လေသည်။

သူတို့နှစ်ယောက် တွေ့ဆုံကြသည်မှာ မကြာသေး



သော်လည်း ရင်းရင်းနှီးနှီးဖြစ်လာကြလေသည်။

သူတို့နှစ်ယောက်စလုံး စိတ်နေသဘောထားချင်းတိုက်ဆိုင်မှုရှိနေသည်မဟုတ်လား။

စားသောက်စရာများ လာရောက်ပို့ဆောင်ပေးသူတို့ပြန်ထွက်သွားကြပြီး မကြာမီမှာပင် လူနှစ်ယောက် ဝင်ရောက်လာကြလေသည်။

ကျင်းလုံတို့အား ခေါ်ဆောင်လာသည့်အထက်တန်းကျစွာဝတ်ဆင်ထားသူက အရပ်ထောင်ထောင်မောင်းမောင်းရှိသော အဘိုးအိုတစ်ယောက်နောက်မှ ခပ်ယို့ယို့လေး လိုက်ပါလာခြင်းဖြစ်သည်။

"ဆိုင်ရှင်က ခုမှလာပြီ"

အဘိုးအိုက တီးတိုးပြောလေသည်။

ကျင်းလုံက ချည်ထည်ဝတ်ထားသော အဘိုးအိုအားအကဲခတ်ကြည့်လိုက်လေသည်။

အဘိုးအိုက အထက်တန်းကျစွာ ဝတ်ထားသူအားညွှန်ပြရင်း ကျင်းလုံတို့အားမေးလိုက်လေသည်။

"ကျုပ်ရဲ့တပည့်စန်းကိုးက ကျေနပ်လောက်အောင်ဧည့်ခံပါရဲ့လားဗျာ"

"တခြားဆိုင်ထက် ဆယ်ဆလောက် ဈေးကြီးတာက်လွဲရင် အားလုံးကျေနပ်စရာပါပဲဗျာ"

"အင်း….ငွေကြေးက အရေးမကြီးပါဘူး၊ ဓတနှာသာတန်ဘိုး မဖြတ်နိုင်တာပါ"

"မိတ်ဆွေက လျှမ်းလျှမ်းတောက် နာမည်ကြီးနေတဲ့

သူဌေးကြီးလျှုပိုးထင်ပါရဲ့”

“ဟုတ်ပါတယ်…ကျုပ်က လျှုပိုးပါ”

သူတို့နှစ်ယောက် ပြောဆိုနေသော စကားများကြား လိုက်ရသောအခါ ကျင်းလုံအံ့ဩသွားလေသည်။

“လက်စသတ်တော့ သူဌေးကြီးလျှုပိုးရဲ့အိမ်ကိုရောက် လာတာကိုး”

စိတ်ထဲမှ ရေရွတ်လိုက်လေသည်။

သူဌေးကြီးလျှုပိုးက အဘိုးအိုအား စိုက်ကြည့်ပြီးမှ လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်လိုက်သည်။

“မာနရှင်သိုင်းဆရာကြီးဝမ်ချူးရဲ့နာမည်ကို ကြားဖူး တာကြာပါပြီ၊ ခုမှပဲ လူချင်းတွေ့ရတာ ဝမ်းသာဂုဏ်ယူမဆုံး ပါဘူးဗျာ”

ထိုစကားကြားရသည့်အခါ ကျင်းလုံမှာ ပါးစပ်အ ဟောင်း သား ဖြစ်သွားတော့သည်။

မမျှော်လင့်ဘဲ သူဌေးကြီးလျှုပိုးကိုလည်းကောင်း၊ ဆရာကြီးဝမ်ချူးနှင့်လည်းကောင်း တွေ့ဆုံလိုက်ရသည် မဟုတ် ပါလား။

ဝမ်ချူးက ရယ်မောလိုက်လေသည်။

“ကျုပ်က သိုင်းလောကထဲဆင်းလာချင်တာ မဟုတ် ပါဘူး၊ သူဌေးကြီးလျှုပိုးက နာမည်ကျော်နေတဲ့သက်ခြေ ဂိုဏ်းချုပ်ကို စိန်ခေါ်လိုက်တဲ့သတင်းကြောင့် လာခဲ့တာပါ”

လျှုပိုး ခေါင်းညိတ်လိုက်သည်။

“ဟုတ်ပါတယ်ဗျာ…၊ ကျုပ်ဟာ သိုင်းလောကမှာ



ကျင်လည်ကျက်စားခဲ့တာ နှစ်ပေါင်းအတော်ကြာပါပြီ၊ အများ အကျိုး သိုင်းလောကအကျိုး တတ်စွမ်းသလောက် သယ်ပိုးခဲ့ ပေမယ့် အားရကျေနပ်လှတယ် မဟုတ်ပါဘူး၊ ဒါကြောင့် သိုင်း လောကက အနားယူဖို့ ဆုံးဖြတ်လိုက်တဲ့အချိန်မှာ ကြီးကျယ် တဲ့အလုပ်တစ်ခုကို နောက်ဆုံး လုပ်ကိုင်ဆောင်ရွက်သွားတဲ့ အနေနဲ့ သက်ခြေဂိုဏ်းချုပ်ကို စိန်ခေါ်ယှဉ်ပြိုင်ဖို့ ဆုံးဖြတ် လိုက်တာပါ”

ဝမ်ချူး ရယ်မောလိုက်သည်။

“အင်မတန်ကောင်းတဲ့ရည်ရွယ်ချက်ပါပဲ၊ ခင်ဗျားရဲ့ အများအကျိုး သိုင်းလောကအကျိုး သယ်ပိုးဆောင်ရွက်မှုကို ချီးကျူးပါတယ်၊ ကျုပ်စိတ်ထဲမှာ ခုမှပဲ ရှင်းရှင်းလင်းလင်းဖြစ် သွားတော့တယ်”

လျှုပိုးကလည်း ရယ်မောလိုက်သည်။

“ကျုပ်က သက်ခြေဂိုဏ်းချုပ်ကို စိန်ခေါ်လိုက်တာ ကြောင့် အများက ကျုပ်အပေါ် အမြင်တစ်မျိုးဖြစ်နေကြတာ ကျုပ်သိပါတယ်ဗျာ”

ဝမ်ချူး ထိုင်ရာမှထလိုက်လေသည်။

“ကျုပ်က သူဌေးကြီးနဲ့တွေ့ချင်လို့ လာခဲ့တာပါ၊ ခု တော့ လူချင်းတွေ့ရပြီမို့ ကျေနပ်ပါပြီ၊ ကျုပ်ကိုခွင့်ပြုပါဦးဗျာ”

ဝမ်ချူးသည် လျှုပိုးနှင့်တွေ့ခွင့်ရဖို့ အစမှဲ့ ... သောက်ခြင်းမပြုဘဲ တမင်ရှုပ်ထွေးအောင် ပြုလုပ်ခဲ့ခြင်းဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ကြောင်း ထင်ရှားနေပေသည်။

ကျင်းလုံ ပင့်သက်ရှိုက်လိုက်သည်။

သိုင်းလောကသည် အလွန်ရှုပ်ထွေးလှကြောင်းလည်း သဘောပေါက်လာလေသည်။

ဝမ်ချူးက ကျင်းလုံ၏ပခုံးကိုပုတ်လိုက်ပြီး...

"မင်းကော...."

"ကျွန်တော်လည်း သွားပါတော့မယ်"

"ဒါဖြင့် ဘာလုပ်နေတာလဲ"

ကျင်းလုံ ထိုင်ရာမှ ငေါက်ခနဲထရပ်လိုက်လေသည်။

❋

## နောက်ကွယ်ကလူ

ညဉ့်နက်ပြီဖြစ်သည်။

မြို့ကလေးတစ်မြို့လုံး အိပ်မောကျနေပြီဖြစ်သည်။

ကျင်းလုံနှင့်ဝမ်ချူးတို့က သူဌေးကြီးလျူဟိုး၏အိမ်ကလေးကို ကျောခိုင်းကာထွက်လာခဲ့သည်။

ကောင်းကင်ပေါ်၌လခြမ်းပဲ့လေးရှိနေပြီး ကြယ်များက မလင်းတစ်လှည့် ထင်းတစ်လှည့်ဖြင့် ဝင်းလက်တောက်ပနေလေသည်။

အေးမြသော ညလေအေးများကလည်း သုန်သုန်ညှင်းညှင်း တိုက်ခတ်နေသည်။

ကျင်းလုံသည် ဝမ်ချူးနှင့် မမျှော်လင့်ဘဲ တွေ့ဆုံရင်းနှီးလိုက်ရသဖြင့် အားရဝမ်းသာဖြစ်နေသည်။

ဝမ်ချူးထံသို့အရောက်သွားနိုင်လျှင် သက်ခြေဝိုင်အား ချုပ်အား အနိုင်ယူနိုင်မည့်သိုင်းပညာရလိမ့်မည်ဟု သိရသည် မဟုတ်ပါလား။

ကျင်းလုံသည် ဘယ်က ဘယ်လို စကားစရမှန်း မသိ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေစဉ်မှာပင် ဝမ်ချူး၏စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ဝမ်ချူးက ခြေလှမ်းရပ်တန့်ကာ ကျင်းလုံအား ခြေဆုံးခေါင်းဆုံးကြည့်လိုက်၏။ ပြီးနောက်...

"မင်းဟာ အလားအလာရှိတဲ့ လူငယ်တစ်ယောက်ပါပဲ၊ ဒါပေမယ့် အတွေးအခေါ်ညံ့တော့ မစွံဘူးလို့ပြောရမှာပဲ"

အားမနာတမ်း ဝေဖန်လိုက်လေသည်။

"ဗျာ"

ကျင်းလုံ ကြောင်အမ်းအမ်းဖြစ်သွားသည်။

"ဦး... ဦးက ဘာကို ဆိုလိုတာလဲဟင်"

"ဘာရမလဲ၊ လျူဟိုးနဲ့ပတ်သက်လို့ ပြောတာပေါ့ကွ"

"သူ..သူက"

"ငါက အခမဲ့ကျွေးတာမစားဘူးလုပ်နေတာ တမင်ပြဿနာပေါ်ပေါက်လာအောင် ဖန်တီးနေတယ်ဆိုတာ မင်းသဘောပေါက်သင့်တာပေါ့"

"ဗျာ"

ကျင်းလုံ ပါးစပ်အဟောင်းသားဖြစ်နေ၏။

"နေပါဦး...၊ မင်းဟာ မိုးနဂါးထင်းလုံနဲ့ ဘယ်လို ပတ်သက်နေသလဲဆိုတာ ပြောစမ်းပါဦး"

ကျင်းလုံသည် ဝမ်ချူး၏လူကဲခတ်ပညာကို ချီးကျူးမိလိုက်သည်။

"ကျွန်တော်ဟာ မိုးနဂါးထင်းလုံရဲ့သား ကျင်းလုံ ဖြစ်ပါတယ်ခင်ဗျာ"



"မင်းနဲ့သက်ခြေကိုဏ်းချုပ် ဘယ်လိုပတ်သက်နေသလဲ၊ ပြောစမ်းပါဦး"

"ဗျာ"

"မင်းအံ့ဩမနေနဲ့၊ သူက မင်းကို ဘာကြောင့်အဆိပ်ဖြေဆေး တိုက်ကျွေးသွားရတာလဲ၊ မင်းတို့နှစ်ယောက် ပတ်သက်နေကြတယ်မဟုတ်လား"

ကျင်းလုံသည် ဝမ်ချူးအား မယုံကြည်နိုင်စွာ ကြည့်လိုက်မိလေသည်။

"ဦး... ဦး ဒီကိစ္စတွေကို ဘယ်လိုလုပ်ပြီး သိနေတာလဲခင်ဗျာ"

"ဟား...ဟား...ဟား..."

ဝမ်ချူးက ဟားတိုက်ရယ်မောလိုက်သည်။

"ခုမင်းကိုယ်တော်ဟာ ငါနဲ့ရင်းနှီးတယ်၊ သိုင်းလောကထဲမှာ ငါကြည်ညိုလေးစားတာဆိုလို့ ခုမင်းကိုယ်တော် တစ်ယောက်ပဲ ရှိတယ်၊ သူက မိစ္ဆာတောင်ကိုအသွား လမ်းမှာ ငါနဲ့တွေ့ခဲ့ပြီး မင်းရဲ့အကြောင်းပြောပြသွားခဲ့တာ၊ ဒါကြောင့်မင်းနောက်ကို ငါလိုက်လာနိုင်ခဲ့တာပေါ့"

ဝမ်ချူး အဘယ်ကြောင့်သိနေရသည်ဆိုခြင်းမှာ ရှင်းရှင်းလင်းလင်းဖြစ်သွားလေသည်။

သို့တိုင်အောင်....

"ဦးမှာ နောက်ထပ် အကြောင်းကိစ္စတစ်ခုရှိမယ်လို့

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ထင်ပါတယ်"

သူကမေးသောအခါ ဝမ်ချူးခေါင်းညိတ်လိုက်လေသည်။

"ဟုတ်တယ်... သူဌေးကြီးလျူဟိုးရဲ့ကိစ္စပေါ့"

"သူက..."

"သူ ဘယ်လောက်ချမ်းသာကြွယ်ဝတယ်ဆိုတာ မင်းတွေ့မြင်ခဲ့တယ် မဟုတ်လား"

"ဟုတ်ကဲ့၊ မြင်ခဲ့ပါတယ်ခင်ဗျ"

"အေး... သူဘာ့ကြောင့် ဒီလောက်တောင် ချမ်းသာကြွယ်ဝနေရသလဲဆိုတာ မင်းသိသလား"

ကျင်းလုံ မဖြေတတ်ဘဲဖြစ်သွား၏။

ဝမ်ချူး မဲ့ပြုံးပြုံးလိုက်၏။

"လျူဟိုးဟာ မတရားတဲ့နည်းနဲ့ ငွေတွေရနေတယ်၊ အများရှေ့မှာ လူကြီးလူကောင်းဟန်ဆောင်ထားပေမယ့် နောက်ကွယ်မှာ မကောင်းမှုကျူးလွန်နေတယ်ဆိုတာ ထင်ရှားတယ်၊ ရှင်းရှင်းပဲပြောလိုက်မယ်၊ သူဟာ သက်ခြေဂိုဏ်းက အရေးပါတဲ့လူတစ်ယောက်ဖြစ်ရမယ်လို့ ကျုပ်ယုံကြည်တယ်"

ကျင်းလုံ စိတ်လှုပ်ရှားလာသည်။

"ဒါဖြင့်...ကျွန်တော်တို့ သူ့ဆီကို ပြန်သွားကြရင် ကောင်းမယ်ထင်တယ်"

"မလိုသေးဘူးကွ"

"ဗျာ"



"လျူဟိုးဟာ သူ့အကြောင်း ငါရိပ်မိနေတယ်ဆိုတာကို သဘောပေါက်နားလည်ထားတယ်၊ ဒါကြောင့် ငါ့ကို အလွတ်ပေးမှာမဟုတ်ဘူး"

ဝမ်ချူး၏စကားသံနှင့် မရှေးမနှောင်းမှာပင်...

"ဟား...ဟား...ဟား...."

ကျယ်လောင်သော ရယ်မောသံထွက်ပေါ်လာသည်။

လူရိပ်များ ဟိုမှသည်မှထွက်ပေါ်လာပြီး ဝမ်ချူးနှင့် ကျင်းလုံတို့အား ဝိုင်းရံထားလိုက်ကြလေတော့သည်။

❋

"ဟား...ဟား...ဟား..."

ဝမ်ချူးက ဟားတိုက်ရယ်မောလိုက်လေသည်။ ဝိုင်းရံထားသူများအား လုံးဝအမှု မထားချေ။

ကျင်းလုံ ရင်တထိတ်ထိတ်ဖြင့် ကြည့်လိုက်ရာ သက်ခြေဂိုဏ်းသားများရောက်ရှိလာပြီး ဝိုင်းရံထားခြင်းဖြစ်ကြောင်း တွေ့ရလေသည်။

"သူဌေးကြီးလျူဟိုးဟာ သက်ခြေဂိုဏ်းက လူတစ်ယောက် ဖြစ်နေတာကိုး၊ သူဟာ သက်ခြေဂိုဏ်းချုပ်များ ဖြစ်နေမလား"

ကျင်းလုံ တွေးတောနေစဉ်မှာပင်....

"ဒီလောက်တောင် လူတကာကို နှောင့်ယှက်နေတဲ့

www.burmeseclassic.com

www.burmeseclassic.com



လူတွေ သိကြသေးတာပေါ့”

ဝမ်ချူးက သက်ခြေဂိုဏ်းသားများထံသို့ လျှပ်တစ်ပြက် ခုန်ဝင်ကာ တိုက်ခိုက်လိုက်လေသည်။

“ယား”

သက်ခြေဂိုဏ်းသားများကလည်း စုပေါင်းကာ ပြန်လည်တိုက်ခိုက်ကြလေသည်။

အေးမြသာယာသော ညချမ်းတွင် ပြင်းထန်သော တိုက်ပွဲပေါ်ပေါက်လာသည်။ သို့သော် တိုက်ပွဲမှာ တစ်ဖက်သတ်သာဖြစ်နေ၏။

သက်ခြေဂိုဏ်းသားများသည် လူအင်အားများသော်လည်း သိုင်းပညာထူးချွန်လှသည့် ဝမ်ချူးအား မယှဉ်နိုင်ဘဲ အရေးနိမ့်သွားကြလေသည်။

“ဝုန်း”

“အား”

“အမလေး”

“သေပါပြီဗျ”

စူးရှသော အော်ဟစ်သံများ တခဲနက် ထွက်ပေါ်လာလေသည်။ ဝမ်ချူး၏ လက်ချက်မိသွားသော သက်ခြေဂိုဏ်းသားများမှာ ဖရိုဖရဲလွင့်စဉ်သွားကြတော့သည်။

ဝမ်ချူးကလက်ဝါးနှစ်ဖက်ကို ပွတ်သပ်ရင်း ခနဲ့လိုက်လေသည်။

“ဟိုးလေးတကျော် နာမည်ကြီးတဲ့ သက်ခြေဂိုဏ်းဟာ ဘာမလဲ မဟုတ်ပါလား”



သက်ခြေဂိုဏ်းသားများ ခံပြင်းသွားကြသော်လည်း ဝမ်ချူးအား မယှဉ်နိုင်သဖြင့် အံတကြိတ်ကြိတ်ဖြစ်နေကြတော့သည်။

ထိုစဉ်....

“ဝမ်ချူး...ခင်ဗျားလို ထိပ်သီးသိုင်းသမားကြီးတစ်ယောက်ကို သက်ခြေဂိုဏ်းက ဘယ်လိုလုပ်ယှဉ်နိုင်မှာတဲ့လဲဗျာ”

အက်ကွဲသောစကားသံနှင့်အတူ သူဌေးကြီးလျူဟိုး ရောက်ရှိလာလေသည်။

သူ၏နောက်မှ စန်းကိုးကကပ်၍လိုက်ပါလာ၏။

ဝမ်ချူး ပြုံးလိုက်သည်။

“ခင်ဗျား လိုက်လာလိမ့်မယ်ဆိုတာ ကျုပ်သိသားပဲ”

“ဒါပေါ့ဗျာ...ကျုပ်အကြောင်းကို ရိပ်မိသွားပြီဆိုတော့လည်း လိုက်လာရတာပေါ့”

“ဟား...ဟား...ဟား...လျူဟိုး သိုင်းလောကမှာ သက်ခြေဂိုဏ်းပေါ်ပေါက်လာပြီး ရှစ်ကွက်အင်းကိုလိုက်ရှာနေတယ်ဆိုကတည်းက တစ်ချိန်က သိုင်းလောကကိုဒုက္ခပေးခဲ့တဲ့ မိစ္ဆာဂိုဏ်းကို ကျုပ်ကပြေးပြီးသတိရလိုက်မိတယ်”

“ခင်ဗျား မဆိုးဘူး”

“ကျုပ်ရဲ့ ပညာသင်ဖက်ညီအစ်ကို မိစ္ဆာနိုင်သိုင်းသမားဟာ ကျုပ်နဲ့အတူ မိစ္ဆာနိုင်သိုင်းကို တီထွင်ခဲ့ပြီး မိစ္ဆာဂိုဏ်းကို ချေမှုန်းခဲ့တယ်၊ ဒါပေမယ့် သူ့ရဲ့တပည့်က သစ္စာဖောက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



လုပ်ကြံတာခံလိုက်ရတယ်၊ မိစ္ဆာနိုင်သိုင်း ရေးသားမှတ်တမ်းတင်ထားတဲ့ ရှစ်ကွက်အင်းလည်း ပျောက်ဆုံးသွားခဲ့ရတယ်"

လျှူဟိုး မဲ့ပြုံးပြုံးလိုက်သည်။

"ဒီကိစ္စကို သိုင်းလောကတစ်ခုလုံး သိပြီးကြပြီပဲဗျာ၊ မထူးဆန်းတော့ပါဘူး"

ဝမ်ချူးက လက်ကာပြလိုက်သည်။

"ထူးဆန်းတာကို ကျုပ်ပြောပြမယ်၊ မိစ္ဆာဂိုဏ်း ပျက်စီးသွားပေမယ့် ခေါင်းဆောင်အချို့ ထွက်ပြေးလွတ်မြောက်သွားခဲ့ကြတယ်၊ သူတို့ဟာ မိစ္ဆာနိုင်သိုင်းသမားရဲ့တပည့်ကို သစ္စာဖောက်အောင် သွေးထိုးမြှောက်ပင့်ပေးခဲ့ကြတယ်၊ မိစ္ဆာနိုင်သိုင်းသမားသေဆုံးသွားပြီးတဲ့နောက် သစ္စာဖောက်ကို သုတ်သင်ပြီး မိစ္ဆာဂိုဏ်းကို ပြန်ပြီးအသက်သွင်းဖို့ ကြိုးစားခဲ့ကြတယ်၊ ရှစ်ကွက်အင်းကိုသာ ရခဲ့ရင် နောက်တစ်ကြိမ် ပေါ်ပေါက်လာမယ့် မိစ္ဆာဂိုဏ်းတစ်ဖြစ်လဲ သက်ခြွေဂိုဏ်းကို ဘယ်သူကမှဖြိုခွဲနိုင်တော့မှာမဟုတ်ဘူးလို့ ယူဆခဲ့ကြပေမယ့် မမျှော်လင့်ဘဲ ရှစ်ကွက်အင်း ပျောက်ဆုံးသွားခဲ့ရတယ်၊ တကွဲတပြားဖြစ်သွားခဲ့ရတယ်"

လျှူဟိုး ခေါင်းညိတ်လိုက်သည်။

"ဒါအမှန်ပဲ...၊ ကျုပ်တို့မိစ္ဆာဂိုဏ်းကိုဖြိုခွဲခဲ့တဲ့ မိစ္ဆာနိုင်သိုင်းသမားကို တစ်ဖက်လှည့်နဲ့ ပြန်ပြီးလုပ်ကြံပစ်လိုက်တာပဲ၊ ဒါပေမယ့် ခင်ဗျားပြောသလို ရှစ်ကွက်အင်းကို မရခဲ့ဘူး၊ ဒါ



ကြောင့် ကျုပ်တို့အကြံအစည် အထမမြောက်ဘဲ ကြန့်ကြာခဲ့ရတယ်"

ဝမ်ချူးက တည်ကြည်သော မျက်နှာထားဖြင့်...

"မိစ္ဆာဂိုဏ်းတစ်ဖြစ်လဲ သက်ခြွေဂိုဏ်းဟာ မကြာခင် ချေမှုန်းခံရတော့မှာပဲ၊ လျှူဟိုး မင်းတို့ ဘာမှမတတ်နိုင်တော့ဘူး"

"ကျုပ်တို့တတ်နိုင်တယ်...မတတ်နိုင်ဘူးဆိုတာ သိရသေးတာပေါ့"

လျှူဟိုးက လက်ဝှေ့ယမ်းပြလိုက်လေသည်။

"ယား"

သက်ခြွေဂိုဏ်းသားများသည် ညာသံပေးကာ ဝမ်ချူးထံ ပြေးဝင်တိုက်ခိုက်လိုက်ကြလေသည်။ ဝမ်ချူး ခေါင်းခါယမ်းလိုက်သည်။

"သည်လောက်နဲ့ မရသေးပါဘူးလေ"

သူက လက်ဝှေ့ယမ်းလိုက်ရာ...

"ဝုန်း..."

"အား"

စူးရှသောအော်ဟစ်သံများ တခဲနက်ထွက်ပေါ်လာ၏။

သက်ခြွေဂိုဏ်းသားများမှာ စူးရှစွာ အော်ဟစ်ရင်း အတုန်းအရုန်း လဲကျသွားတော့သည်။

"ဟား...ဟား...ဟား မင်းတို့ ဘာတတ်နိုင်ကြသေးလဲ"

ဝမ်ချူးက လှောင်ပြောင်ပြောဆိုလိုက်၏။ ထို့ပြင်...

"ဘာတတ်နိုင်မလဲဆိုတာ ဒီဘက်ကို လှည့်ကြည့်လိုက်ပါဦးလေ"

www.burmeseclassic.com

www.burmeseclassic.com



အေးစက်အက်ကွဲသော စကားသံထွက်ပေါ်လာသဖြင့် ဝမ်ချူး ကပျာကယာလှည့်ကြည့်လိုက်သည်။

ထိုအခါ မျက်နှာဖုံးစွပ်ထားသော အနက်ရောင်ဝတ် ဆင်ထားသူတစ်ယောက် ရောက်လာသည်ကိုတွေ့ရ၏။

"သက်ခြွေဂိုဏ်းချုပ်"

ဝမ်ချူးလွှတ်ခနဲရေရွတ်လိုက်၏။

ကြောက်စရာကောင်း လှသည်ဟု သတင်းကြီးနေသည့် သက်ခြွေဂိုဏ်းချုပ် ရောက်ရှိလာပြီဖြစ်လေသည်။ သက်ခြွေဂိုဏ်းချုပ်၏ လက်ထဲ၌ ကျင်းလုံ ရောက်ရှိနေသည်ကို တွေ့ရသဖြင့် ဝမ်ချူးမျက်နှာပျက်သွားသည်။

"မင်း...မင်း"

"ကျင်းလုံကို မသေစေချင်ရင် ဒီနေရာက အမြန်ဆုံး ထွက်သွားပါ"

"ဩော်...ကျုပ် ထွက်သွားရမယ် ဟုတ်လား"

"ဟုတ်တယ်"

ဝမ်ချူး မဲ့ပြုံးပြုံးလိုက်သည်။ သက်ခြွေဂိုဏ်းချုပ်နှင့် ကျင်းလုံတို့ တစ်နည်းတစ်ဖုံ ပတ်သက်နေကြောင်း သိရှိထား သဖြင့် အလျှော့ပေး[illegible]ဆုံးဖြတ်လိုက်လေသည်။

"ကောင်းပြီလေ... ကျုပ်တို့ ပြန်တွေ့ကြသေးတာပေါ့"

စကားဆုံးသည်နှင့် ချာခနဲလှည့်ထွက်သွားတော့၏။

✻



ဝမ်ချူး ထွက်သွားပြီဖြစ်သည်။

လျှူဟိုး အံကြိတ်လိုက်၏။

"သူက တို့အကြောင်းကိုသိနေပြီ"

သက်ခြွေဂိုဏ်းချုပ် ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်...သက်ခြွေဂိုဏ်းကို ဖျက်သိမ်းပြီး သိုင်း လောကထဲက အမြန်ဆုံးဖာတ်မြုပ်လိုက်တာ အကောင်းဆုံးပဲ"

"ဘာ... ဘာပြောတယ်"

လျှူဟိုး ဒေါပွသွားလေသည်။

"ဘာကြောင့် သက်ခြွေဂိုဏ်းကို ဖျက်သိမ်းရမှာလဲ... ခုဆိုရင် သိုင်းလောကမှာ ငါတို့ကိုကြောက်ရွံ့ပြီး တို့ဩဇာခံ မယ့်သူတွေ အတော်များနေပြီ၊ သူတို့ကို လက်ကိုင်ပြုပြီး သိုင်း လောကကို လွှမ်းမိုးဖို့ ဘာကြောင့်မရနိုင်ရမှာလဲ"

"ဦးလေး....မကောင်းတဲ့ အကြံအစည်ကို ရပ်တန်းက ရပ်လိုက်ပါတော့"

သက်ခြွေဂိုဏ်းချုပ်၏ စကားကိုသာ သိုင်းလောကသား များကြားရမည်ဆိုလျှင် အမှန်ပင်အံ့ဩသွားကြမည်ဖြစ်၏။

လျှူဟိုး ဒေါပွသွားလေသည်။

www.burmeseclassic.com



"ကြက်တူရွေးခေါင်းကြီးဆီက တြိဂံကြေးပြားကို ကျင်းလုံ့ရထားတယ်၊ သူ့ဆီကယူလိုက်ရုံပဲ...၊ မြေပြန့်သိုင်းညီနောင်ကို လုပ်ကြံပြီး သူတို့ဆီမှာရှိနေတဲ့ ကြေးပြားနှစ်ခုကို ကျုပ်လူတွေကရယူပြီးပြီ၊ ရှစ်ကွက်အင်း စုံလင်အောင်ရပြီဆိုတော့ ဘယ်သူ့ကိုမှရှိဦးမှာလဲ"

သက်ခြေဂိုဏ်းချုပ် ခေါင်းခါယမ်းလိုက်လေသည်။

"မကောင်းတဲ့အကြံအစည်တွေကို ရပ်တန်းက ရပ်လိုက်တာ အကောင်းဆုံးပါပဲ"

"တိတ်စမ်း...ကျင်းလုံဆီက ကြေးပြား ငါ့ကိုပေးစမ်း"

လျှူဟိုးက ဒေါသတကြီးပြောကာ ရှေ့တိုးလာ၏။ သက်ခြေဂိုဏ်းချုပ် နောက်ဆုတ်လိုက်၏။ ကျင်းလုံကို သွေးကြောထိုးပိတ်ကာ ပခုံးပေါ်ထမ်းလိုက်သည်။ ထို့နောက် ချာခနဲလှည့်ကာပြေးထွက်သွား၏။ လျှူဟိုး ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

"ဒါဘာလုပ်တာလဲ"

အော်ပြောရင်း ဟန့်တားရန် ကြိုးစားလိုက်သော်လည်း နောက်ကျသွားပြီဖြစ်ပါသည်။

သက်ခြေဂိုဏ်းချုပ်သည် ကျင်းလုံကိုခေါ်ကာ ထွက်ပြေးသွားရင်း အမှောင်ထုထဲ၌ ပျောက်ကွယ်သွားလေတော့သည်။

❋

## သုံးယောဇဉ်ဆိုး

"အောက်....အီး...အီး...အွတ်"

ကြက်တွန်သံများ ဟိုမှသည်မှ ထွက်ပေါ်လာသည်။

အမှောင်ထုသည် တဖြည်းဖြည်းပါးလွှာကာ လွင့်ပါးသွားတော့မည်ဖြစ်သည်။

အရှေ့ဘက်တွင် အရုဏ်ဦး၏ရောင်နီများ ထွက်ပေါ်လာပြီဖြစ်သည်။ တစ်ညတာ အချိန်ကုန်ဆုံးသွားပြီး နေ့သစ်တစ်နေ့ အစပျိုးလာပြီဖြစ်လေသည်။

"အင့်"

ညည်းတွားသံနှင့်အတူ ကျင်းလုံ အိပ်ပျော်ရာမှ နိုးလာ၏။ ထိုအခါ တောင်ကုန်းလေးတစ်ခုပေါ်သို့ ရောက်ရှိနေသည်ကိုတွေ့ရလေသည်။

နံနက်အရုဏ်ဦး အလင်းရောင်အောက်တွင် ပန်းပေါင်းစုံ ဝေဝေဆာဆာ ဖူးပွင့်နေသည်။

ပျားပိတုန်း လိပ်ပြာလေးများက ပန်းဝတ်ရည်စုပ်ယူရန် ပျံဝဲနေကြပြီး ကျေးငှက်ကလေးများကလည်း ဟိုသည်ပျံဝဲ

www.burmeseclassic.com

www.burmeseclassic.com



ကာ နံနက်ခင်းဈေးကို သီကြွေးနေကြလေသည်။

အလွန်သာယာလှပသော တောင်ကုန်းလေးတစ်ခု ဖြစ်ပေတော့သည်။

"ငါ...ငါ ဘယ်ရောက်နေတာပါလိမ့်"

ကျင်းလုံသည် ကျောက်ဖျာကြီးတစ်ခုပေါ်၌ အိပ်ပျော်နေခဲ့ခြင်းဖြစ်၏။ ကပျာကယာ ထူးလိမ့်ထလိုက်ရလေသည်။

ချက်ချင်းပင် ဝမ်ချူးနှင့် သက်ခြွေဂိုဏ်းသားများ တိုက်ခိုက်နေကြသည်ကိုကြည့်နေစဉ် နောက်ကျောဘက်သို့ သက်ခြွေဂိုဏ်းချုပ် ရောက်ရှိလာပြီး သွေးကြောပိတ်ဖမ်းဆီးခြင်း ခံလိုက်ရသည်ကို သတိရလာသည်။

ထို့ကြောင့်....

"သူ ဘယ်မှာလဲ"

သက်ခြွေဂိုဏ်းချုပ်အား အထိတ်တလန့် ရှာဖွေကြည့်လိုက်လေသည်။ ထိုစဉ်...

"မင်း သတိရလာပြီလား"

အေးတိအေးစက် စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

ကျင်းလုံ ချာခနဲ လှည့်ကြည့်လိုက်ရာ သစ်ပင်ကြီး တစ်ပင်အောက်၌ မလှုပ်မယှက် ရပ်နေသော သက်ခြွေဂိုဏ်းချုပ် ကို တွေ့လိုက်ရလေသည်။

"ခင်...ခင်ဗျား"

ရုတ်တရက်ဖြစ်၍ ကျင်းလုံ ထိတ်လန့်သွားသော်လည်း ဖခင်ဖြစ်သူအား လုပ်ကြံခဲ့သည်ကို တွေးမိသောအခါ



ဒေါသ ဖြစ်လာလေတော့သည်။

"တောက်...ကျုပ်ရဲ့အသက်ကို ကယ်ခဲ့ပေမယ့် ခင်ဗျားကို ဘယ်တော့မှမကျေဘူးဆိုတာ မှတ်ထားဝါ"

ဒေါသတကြီး ကြုံးဝါးလိုက်သည်။ သက်ခြွေဂိုဏ်း ချုပ်၏ခန္ဓာကိုယ် ဆတ်ခနဲတုန်ခါသွားလေသည်။

"ခင်ဗျား ဘာကြောင့် ကျုပ်အသက်ကို ကယ်ခဲ့ရတာလဲ၊ ကျုပ်ဆီက ကြိုက်ကြေးပြားကိုလိုချင်လို့လား"

သက်ခြွေဂိုဏ်းချုပ် ခေါင်းခါယမ်းလိုက်သည်။

"ကြိုက်ကြေးပြားကို လိုချင်လို့ဆိုရင် ကြက်ဘွေးရွှေ ခေါင်းကြီးဆီက ရအောင်ယူလို့ရပါတယ်"

"ဗြော်"

"ကျုပ် မင်းကိုမသတ်တာ မင်းကိုကူညီတာ ကိုယ်ချင်း စာမိလို့ပါ"

"ဘာဗျ... ဘာပြောတယ်ဗျ"

ကျင်းလုံသည် တစ်ဖက်က ဒေါသဖြစ်နေသကဲ့သို့ တစ်ဖက်ကလည်း အံ့ဩနေမိလေသည်။

သက်ခြွေဂိုဏ်းချုပ် သက်ပြင်းချလိုက်သည်။

"သက်ခြွေဂိုဏ်းဟာ မိစ္ဆာဂိုဏ်းတစ်ဖြစ်လဲ အသင် တည်ထောင်ထားတဲ့ဂိုဏ်းဆိုတာ မင်းသိပြီးပြီမဟုတ်လား"

ဝမ်ချူးနှင့်လျူဟိုးတို့၏ပြောစကားများကြောင့် ကျင်း လုံ သိပြီးပြီဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"တစ်ချိန်က မိစ္ဆာဂိုဏ်းကိုဦးဆောင်ခဲ့သူဟာ ကျုပ်ရဲ့အဖေပဲ...သူဟာ သိုင်းလောကသားတွေရဲ့လက်ချက်ကြောင့် သေဆုံးခဲ့ရတယ်၊ ဒါကြောင့် ကျုပ်ဦးလေးနဲ့ ကျုပ် ပူးပေါင်းပြီး သက်ခြေဂိုဏ်းကို ပြန်ပြီးထူထောင်ခဲ့ကြတာပဲ၊ မိစ္ဆာနိုင်သိုင်းသမားကြီးကိုလည်း ကျုပ်ဦးလေးရဲ့အကူအညီနဲ့ သုတ်သင်နိုင်ခဲ့တယ်၊ ပျောက်ဆုံးသွားတဲ့ကြေးပြားရှစ်ပြားကြောင့် ကျုပ်တို့အကြံမအောင်မြင်ခဲ့တာ၊ ကြေးပြားရှစ်ပြားကိုသာ စုစည်းနိုင်မယ်ဆိုရင် သိုင်းလောကကို လွှမ်းမိုးနိုင်တာကြာပြီပေါ့"

ကျင်းလုံက ဟားတိုက်ရယ်မောလိုက်လေသည်။

"ဟား...ဟား...ဟား.....ခင်ဗျား အဖေတောင်မှ မိစ္ဆာဂိုဏ်းထူထောင်ပြီး သိုင်းလောကကိုလွှမ်းမိုးဖို့ ကြံခဲ့တာ မအောင်မြင်ဘဲ အသက်ဆုံးရှုံးခဲ့ရသေးတယ်၊ ခင်ဗျားတို့ကော ဘယ်လိုလုပ် အောင်မြင်နိုင်မှာလဲ၊ ခုတော့ ခင်ဗျား ကိုယ်တိုင် ဒုက္ခရောက်နေပြီမဟုတ်လား"

သက်ခြေဂိုဏ်းချုပ် ရွှက်ကာပြုလိုက်သည်။

"ကျုပ် ဒုက္ခရောက်တာ အရေးမကြီးဘူး၊ မင်းဒုက္ခမရောက်ဖို့က ပိုပြီးအရေးကြီးတယ်၊ ကျုပ်ရဲ့ဦးလေးလက်ထဲမှာ ကြေးပြားခုနစ်ပြားရောက်နေပြီ၊ ကျန်တဲ့ကြေးပြားတစ်ပြားကိုရအောင်ယူလိမ့်မယ်"

ကျင်းလုံသည် အမှတ်မထင် သူ၏အကျႌအိတ်ထဲ၌ ကြက်တူရွေးခေါင်းကြီး၏ ကြေးပြားလေးရှိနေသည်ကို တွေ့ရ



သဖြင့်အံ့သြသွား၏။ သူ့အားသွေးကြောပိတ်ကာ ဖမ်းဆီးထားစဉ်က ကြေးပြားလေးကိုယူထား၍ ရနိုင်သည်မဟုတ်ပါလား။

သက်ခြေဂိုဏ်းချုပ်က ယူ မထားခြင်းကြောင့် အံ့သြနေမိသည်။ သက်ခြေဂိုဏ်းချုပ်ကို အံ့သြစွာကြည့်နေမိသည်။

သက်ခြေဂိုဏ်းချုပ် ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်က နှိုက်ယူမထားခဲ့ပါဘူး"

"ခင်...ခင်ဗျား"

"ကျုပ်က မင်းကို ကိုယ်ချင်းစာမိတယ်၊ သိုင်းလောကရဲ့အမုန်းတရားတွေ ရန်ငြိုးတွေကြောင့် အတိဒုက္ခရောက်ခဲ့ကြရတာပဲလေ၊ ကျုပ်အဖေအတွက် ကျုပ်ကသိုင်းလောကသားတွေကိုမုန်းတီးပြီး ဒုက္ခပေးတယ်၊ ကျုပ်ရဲ့လက်ချက်ကြောင့် ဒုက္ခရောက်ခဲ့တဲ့ မင်းတို့လိုလူစားမျိုးတွေကလည်း ကျုပ်ကိုမုန်းတီးစက်ဆုပ်ပြီး သုတ်သင်ပစ်ချင်ကြတယ်၊ ရန်ငြိုး သံသရာ ဘယ်တော့ဆုံးနိုင်တော့မှာလဲ၊ ဒါတွေကို သဘောပေါက်မိတဲ့အတွက် ကျုပ်က မကောင်းတဲ့လုပ်ရပ်တွေကို ရပ်တန်းက ရပ်ဖို့ဆုံးဖြတ်လိုက်တာပဲ"

ကျင်းလုံသည် ကြားလိုက်ရသောစကားများကြောင့် မယုံနိုင်အောင် ဖြစ်သွားလေသည်။

သက်ခြေဂိုဏ်းချုပ်သည် မကောင်းမှုများကို စွန့်လွှတ်ကာ လူကောင်းတစ်ယောက် ဖြစ်လာအောင် ကြိုးစားနေသည် ဆိုပါလျှင်...။

အမြင်မှန်ရနေသူတစ်ယောက်အား ရန်ငြိုးရမည်လော။

သက်ခြေဂိုဏ်းချုပ်အား ခွင့်လွှတ်ရမည်ဆိုပါလျှင်

www.burmeseclassic.com

www.burmeseclassic.com



သူ၏လက်ချက်ဖြင့် လုပ်ကြံခံလိုက်ရသည့်ဖခင်အတွက် မည်သို့ပြုလုပ်ရမည်နည်း။ ကျင်းလုံ ငူငူကြီးဖြစ်သွားလေသည်။

သက်ခြေခွဲကိုဏ်းချုပ်က ထက်ဝေ့ယမ်းပြလိုက်လေသည်။

“ကျုပ်သွားမယ်..ကျုပ်ဦးလေးကို သတိထားပါ”

စကားဆုံးလျှင် ထွက်သွားရန်ဟန်ပြင်လိုက်သည်။

“ရပ်လိုက်”

ကျင်းလုံက ဟန့်တားလိုက်သည်။

သက်ခြေခွဲကိုဏ်းချုပ်ကခြေလှမ်းရပ်ကာ နောက်လှည့်ကြည့်လိုက်သည်။

“မင်းဘာပြောချင်လို့လဲ”

“ခင်ဗျားရဲ့ ဦးလေးဆိုတာ သူခွေးကြီးလျူဟိုး မဟုတ်လား”

“ဟုတ်တယ်၊ သူက သက်ခြေခွဲကိုဏ်းကိုဆက်ပြီး ဦးစီးထိမ်းမယ်၊ သိုင်းလောကကိုဖျက်စီးလိမ့်မယ်၊ မင်းကိုလည်း ချမ်းသာပေးမှာမဟုတ်ဘူး၊ သတိထားပါ”

သက်ခြေခွဲကိုဏ်းချုပ် ထွက်သွားတော့မည်ဆိုသောအခါ ကျင်းလုံရင်ထဲမှ ဒေါသစိတ်များပြန်လည်နိုးထလာသည်။

ကျင်းလုံ မဲ့ပြုံးပြုံးလိုက်သည်။

“စိတ်ချ၊ ကျုပ်က သူ့ကိုဆုံးမမှာပါ၊ ခင်ဗျားကိုလည်း ချမ်းသာမပေးဘူး”

“မင်း ဘာကြောင့် ဒီလောက်တောင် ဒေါသကြီးနေရတာလဲ”

“[illegible]”



ကျင်းလုံသည် သက်ခြေခွဲကိုဏ်းချုပ်အပေါ် ခံပြင်းနေသည်ဖြစ်ရကား ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ပဲ ပြေးဝင်တိုက်ခိုက်လိုက်လေသည်။

သက်ခြေခွဲကိုဏ်းချုပ်သည် ကျင်းလုံ တိုက်ခိုက်လာမည်မှန်းသိသော်လည်း လွတ်အောင် မရှောင်တိမ်းနိုင်ပါချေ။

“ဝုန်း”

“အား”

စူးရှသောအော်သံနှင့်အတူ သက်ခြေခွဲကိုဏ်းချုပ်မှာ အဝေးသို့ထွင့်စဉ်သွားလေတော့သည်။

❋

“ဟား...ဟား...ဟား”

ကျင်းလုံ ဟားတိုက်ရယ်မောလိုက်၏။

“သက်ခြေခွဲကိုဏ်းချုပ်... နတော့ ခင်ဗျား ဘာတတ်နိုင်သေးသလဲ”

သက်ခြေခွဲကိုဏ်းချုပ်သည် မြေပေါ်မှ ကပျာကယာ ထူးထိမ့်ထလာလေသည်။

သူ၏ခန္ဓာကိုယ် တဆတ်ဆတ်တုန်ယင်နေပြီး...

“ဝေါ...”

ပါးစပ်မှ သွေးများအန်ထုတ်ကာ မြေပေါ်ပြန်လည်လဲကျသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟား...ဟား...ဟား"

ကျင်းလုံ ထပ်မံရယ်မောလိုက်သည်။

"ကျုပ်အဖေကို လုပ်ကြံခဲ့တာ... ခင်ဗျား ခုတော့ ဘာများ တတ်နိုင်သေးလဲ၊ ကဲ... သေဖို့သာ ပြင်ပေတော့"

သက်ခြွေဂိုဏ်းချုပ်အား အဆုံးစီရင်ရန်ဟန်ပြင်လိုက်၏။ ထိုတခဏအချိန်လေးမှာပင် သက်ခြွေဂိုဏ်းချုပ် မည်သူမည်ဝါဖြစ်ကြောင်း သိလိုစိတ်များဖြစ်ပေါ်လာ၏။

သူ၏အသက်ကို ကယ်ခဲ့ဖူးသည်ကိုလည်း ပြန်လည်အမှတ်ရလာလေသည်။ သက်ခြွေဂိုဏ်းချုပ်အနီးသို့ လျှပ်တစ်ပြက် ချဉ်းကပ်သွားပြီး မျက်နှာပေါ်မှမျက်နှာဖုံးစွပ်ကို ဖျပ်ခနဲ ချွတ်လိုက်၏။

"မလုပ်နဲ့"

သက်ခြွေဂိုဏ်းချုပ်က မျက်နှာကို လက်ဝါးဖြင့်ကာလိုက်သော်လည်း နောက်ကျသွားပြီး မျက်နှာဖုံးစွပ်မှာ ကျင်းလုံ၏ လက်ထဲပါသွားလေသည်။ ဤတွင် သက်ခြွေဂိုဏ်းချုပ်၏ ပကတိမျက်နှာကို သေသေချာချာ တွေ့မြင်လိုက်ရတော့သည်။

"ဟာ..."

ကျင်းလုံ ထွက်ခနဲအော်လိုက်ပြီး ဦးခေါင်းတစ်ခုလုံး မူးမိုက်သွားသည်ဟု ခံစားလိုက်ရလေတော့သည်။

❋



သက်ခြွေဂိုဏ်းချုပ်...

သက်ခြွေဂိုဏ်းချုပ်သည် ကျင်းလုံနှင့်သံယောဇဉ်ဖြစ်မိသည့် မေကျို့ဝါးဖြစ်နေပေတော့သည်။

"ညီ... ညီမ"

ကျင်းလုံက မချိတင်ကဲခေါ်လိုက်မိသည်။

မေကျို့ဝါးနှုတ်ခမ်းထောင့်မှစီးကျလာသော သွေးများသည် အကျီရင်ဘတ်တစ်ခုလုံး ရွဲရွဲစိုသွားတော့သည်။

သူမသည် ဝေဒနာကို ပြင်းထန်စွာခံစားနေရသည့်ကြားမှ အားတင်းကာပြုံးလိုက်သည်။

"ကျွန်မဟာ သက်ခြွေဂိုဏ်းချုပ်ဖြစ်တယ်ဆိုတာ အစ်ကို့ အစောကြီးကတည်းက ရိပ်မိဖို့ကောင်းပါတယ်"

ကျင်းလုံ ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်...ကျုပ် ဒီလိုဖြစ်မယ်လို့ မထင်ဘူး"

"အစ်ကိုရယ်...အစ်ကို့လက်ချက်နဲ့ ကျွန်မ သေသွားရမယ်ဆိုရင်လည်း သေပျော်ပါတယ်ရှင်"

"မဟုတ်ဘူး၊ မဟုတ်ဘူး၊ ညီမ မသေရဘူး"

ကျင်းလုံသည် အရူးတစ်ယောက်ပမာ အော်ဟစ်လိုက်သည်။ မေကျို့ဝါးက အားတင်းကာပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို...ကျွန်မရဲ့လက်ချက်ကြောင့် အစ်ကို့အဖေ သေဆုံးသွားခဲ့ရတာကို ခွင့်လွှတ်ပါနော်"

ရန်ငြိုးရန်စ....

အာဃာတတရားနှင့် အမုန်း....

လောကဓံသည် အလွန်ကြောက်မက်ဖွယ်ဓါကောင်း ကြောင်း ကျင်းလုံ ကောင်းကောင်းကြီး သဘောပေါက်လိုက်ပြီ ဖြစ်သည်။

အမုန်းတရားကား မီးကဲ့သို့ ပူလောင်လွန်းလှသည် မဟုတ်ပါလား။

"ညီမရယ်....မင်း ဘာကြောင့် မရှောင်ခဲ့ရတာလဲ"

ကျင်းလုံက မရိုတင်ကဲညည်းတွားလိုက်သည်။

မေကျို့ဝါးက ပြုံးလိုက်သည်။

"ကျွန်မ တမင်မရှောင်တာ မဟုတ်ပါဘူး၊ သိုင်းဆရာကြီး ရှာရှူးနဲ့ ရှောင်လင်ကျောင်းက ခုံးမင်ကိုယ်တော်တို့ လက်ချက်ကြောင့် အတွင်းဒဏ်ရာ ပြင်းပြင်းထန်ထန်ရခဲ့တော့ အစ်ကို မတိုက်လည်း ကျွန်မသေရမှာပါ"

"ဖြစ်ရလေ ညီမရယ်"

"အစ်ကို"

မေကျို့ဝါးက လက်တစ်ဖက် ဆန့်ထုတ်လိုက်သောအခါ ကျင်းလုံက အသာအယာ ဆုပ်ကိုင်ထားလိုက်လေသည်။

"ပြောပါ ညီမ"

"ဦးလေးလျူဟိုးကိုတားဆီးပြီး သိုင်းလောကအေးချမ်းသာယာသွားအောင် ဆောင်ရွက်ပေးပါနော်"



အမြင်မှုန်ရနေပြီဖြစ်သော မေကျို့ဝါး၏ တောင်းဆိုမှုကြောင့် ကျင်းလုံ့ရင်ထဲနင့်သွားသည်။

"စိတ်ချပါ ညီမရယ်၊ အစ်ကို ကတိပေးပါတယ်"

"ဝမ်းသာလိုက်တာရှင်"

မေကျို့ဝါးသည် ကျင်းလုံ၏ လက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ထားသည်။

"အစ်ကို... ဦးလေးလျူဟိုးဟာ ကြေးပြားခုနစ်ပြားရထားပြီးပြီဆိုတော့ သူ့ကို လွယ်လွယ်နဲ့ ယှဉ်လို့တော့ရမှာမဟုတ်ဘူး"

မှန်ပေသည်။

ဝါရင့်သိုင်းသမားကြီးလျူဟိုးအား ယှဉ်ပြိုင်ရန် ဆိုသည်မှာ အိပ်မက်ပင်မမက်ဝံ့သည့်ကိစ္စဖြစ်လေသည်။

"ကျုပ် အသက်သေချင် သေပါစေ၊ လျူဟိုးကို ရင်ဆိုင် ဆုံးမသွားမယ်လို့ ကတိပေးပါတယ်ညီမရယ်"

မေကျို့ဝါး ခေါင်းခါယမ်းလိုက်သည်။

"အစ်ကို့ရဲ့သိုင်းပညာနဲ့ သူ့ကိုရင်ဆိုင်နိုင်မှာမဟုတ်ဘူး ဒါကြောင့် ဆရာကြီးဝမ်ချူးရဲ့အကူအညီရမှ ဦးလေးလျူဟိုးကို ဆုံးမနိုင်လိမ့်မယ်"

ကျင်းလုံ ပင့်သက်ရှိုက်လိုက်သည်။

"ကျုပ်က..."

"ကျွန်မတို့နောက်ကို ဦးလေးလျူဟိုး လိုက်လာမှာ

www.burmeseclassic.com

www.burmeseclassic.com



သေချာတယ်၊ ဆရာကြီးဝမ်ချူး လိုက်လာနိုင်အောင်လည်း လမ်းတစ်လျှောက်မှာ ကျွန်မ အမှတ်အသားတွေချခဲ့တယ်၊ တကယ်လို့ ဆရာကြီး ရောက်မလာနိုင်ဘူးဆိုရင် ဦးလေးလျူဟိုး ရောက်လာတဲ့အခါ ရှောင်တိမ်းသွားရလိမ့်မယ်၊ ဒါမှ သူ့ကိုချေမှုန်းသုတ်သင်ဖို့ ကြိုးစားနိုင်မှာ..."

မေကျို့ဝါးမှာ ပြောရင်းမောဟိုက်လာလေသည်။

သူမ၏စကားများသည် စိုးရိမ်မှုရှိသလို လျူဟိုး၏ လုပ်ရပ်များကိုလည်း ဟန့်တားတိုကြောင်း ထင်ရှားနေသည်။

လျူဟိုး၏ချုပ်ကိုင်မှုအောက်တွင် ဖခင်အတွက် နာကျည်းစိတ်ဖြင့် ဆိုးခဲ့မိုက်ခဲ့မိခြင်းဖြစ်ကြောင်း တွေးမိကာ မေကျို့ဝါးအပေါ် ကိုယ်ချင်းစာနာလာလေတော့သည်။

ကျင်းလုံ အံကြိတ်လိုက်၏။

"ညီမ ဘာမှမပူနဲ့၊ ညီမကို သမားတော်ဆီခေါ်သွားမယ်"

ပြောရင်း မေကျို့ဝါးအားပွေ့ထူလိုက်လေသည်။

ထိုအချိန်မှာပင်...

"မင်း နောက်ကျသွားပြီ"

ခက်ထန်သောစကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

"ဟင်"

ကျင်းလုံ ရင်ထိတ်ကာ နောက်လှည့်ကြည့်လိုက်သည့်အခါ...



လက်နှစ်ဖက် နောက်ပစ်ကာ လှမ်းလာနေသည့် လျူဟိုးအား တွေ့မြင်လိုက်ရလေတော့သည်။

အသက်စီဝိန်ခြွေမည့် လျူဟိုးကား ရောက်ရှိလာခဲ့ပြီဖြစ်လေသည်။

✵

www.burmeseclassic.com

www.burmeseclassic.com

## ချစ်သွေးသက်သေ

တိုက်ခတ်လာသောလေပြည်သည် တစ်စထက်တစ်စ ကြမ်းတမ်းလာလေသည်။

ပန်းပင်ကလေးများသည် လေကြမ်းထဲ၌ ယိမ်းထိုးနေလေသည်။ သစ်ရွက်များ တဖြုတ်ဖြုတ်ကြွေကျသွားသည်။

ဖျားပိတုန်း ထိပ်ပြာလေးများ၊ ငှက်ကလေးများ အဝေးသို့ ပျံသန်းသွားကြလေသည်။

ကျင်းလုံ၏အဝတ်အစားများမှာ လေထဲ၌ တဖျပ်ဖျပ် လူးလွန့်နေ၏။

ကျင်းလုံသည် မေကျို့ဝါးအားသစ်ပင်တစ်ပင်၌ကျော မှီကာ သက်တောင့်သက်သာထိုင်စေပြီး လျူဟိုးဘက်သို့ လှည့်ကာ ရင်ဆိုင်လိုက်လေသည်။

လျူဟိုးက ကျင်းလုံအား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်လေသည်။

"ကျင်းလုံ မင်းက ငါ့တူမကိုစည်းရုံးသိမ်းသွင်းနိုင်ခဲ့တာ ငါအတော်အံ့ဩမိတယ်၊ မင်းကိုချီးကျူးပါတယ်ကွာ"

ကျင်းလုံ မျက်မှောင်ကုတ်သွားသည်။

"ကျုပ်က သူ့ကို ဘာမှစည်းရုံးသိမ်းသွင်းခဲ့တာ မ



ဟုတ်ဘူး"

"မေကျို့ဝါးကတော့ မင်းအကြောင်းကို တစ်ချိန်လုံး ပြောနေခဲ့တယ်၊ သူ ဘာကြောင့် မင်းကို ရှင်းမပစ်ခဲ့တာလည်း မင်းရဲ့အသက်ကိုကယ်တင်ခဲ့ရတာလည်း ငါနားမလည်ခဲ့ဘူး"

ကျင်းလုံမှာ မေကျို့ဝါးအတွက် စိတ်မကောင်းဖြစ်သွားမိသည်။

သူ့အပေါ်ထားရှိသည့် မေကျို့ဝါး၏ မေတ္တာတရားကြီးမားပုံကိုလည်း သဘောပေါက်လာလေသည်။

"မေကျို့ဝါးဟာ ကိုယ့်သေတွင်း ကိုယ်တူးခဲ့တာပဲ၊ မင်းဆီက ကြေးပြားလေးကိုရရင် ငါတို့အကြံအောင်ပြီပေါ့၊ ခုတော့ သူလည်းဒုက္ခရောက်ရပြီ"

ကျင်းလုံ ခေါင်းခါယမ်းလိုက်လေသည်။

"သူဟာ နောင်တတရားရနေပြီ၊ ဆက်ပြီး မမိုက်မဲချင်တော့ဘူး၊ ကျုပ်ဆီက ကြေးပြားကို ရမယ်လို့ထင်နေရင်လည်း ခင်ဗျား မှားသွားလိမ့်မယ်"

လျူဟိုး နှာခေါင်းရှုံ့လိုက်သည်။

"ကျင်းလုံ မင်းအဖေတောင်မှ ဘာမှ မတတ်နိုင်ခဲ့တာပဲ၊ မင်းက ဘယ်လောက်များအစွမ်းအစရှိလို့လဲ"

"စိတ်ချ ခင်ဗျားသိရစေမယ်"

ကျင်းလုံက အံကြိတ်ကာ တိုက်ပွဲကိုစတင်လိုက်၏။

လျူဟိုးထံသို့ လျှပ်တစ်ပြက်ခုန်ဝင်သွားကာ လက်ဝါး

www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ရိုက်ချလိုက်လေသည်။

"သေပေတော့"

လျှုဟိုးက အမှုမထားချေ။

"မင်း ကြိုးစားလို့လည်း အပိုပဲ"

စကားဆုံးသည်နှင့် လက်ဝါးဖြင့် ဆီးကြိုရိုက်ချလိုက်သည်။ ကျင်းလုံနှင့် လျှုဟိုးတို့ ထိပ်တိုက်ရင်ဆိုင်မိလိုက်ကြပြီဖြစ်သည်။

"ဝုန်း..."

ကျယ်လောင်သောအသံ ထွက်ပေါ်လာကာ ကျင်းလုံမှာ အဝေးသို့လွင့်စဉ်သွားလေတော့သည်။

❋

"ဟား...ဟား...ဟား"

"ဟား...ဟား...ဟား"

လျှုဟိုးက ဟားတိုက်ရယ်မောလိုက်လေသည်။

ကျင်းလုံအား သုတ်သင်ရှင်းလင်းပစ်ပြီး ကြေးပြားလေးကို ရရှိသည်နှင့် သိုင်းလောကကို လွှမ်းမိုးနိုင်တော့မည်မှာ မြေကြီးလက်ခတ်မလွဲပင် ဖြစ်လေသည်။

ကျင်းလုံမှာ သူ့အား မည်သည့်နည်းနှင့်မျှ မယှဉ်နိုင်ကြောင်း လက်တွေ့ထင်ရှားပေါ်လွင်နေသည်မဟုတ်ပါလား။



လျှုဟိုးသည် ကျင်းလုံထံသို့ တစ်လှမ်းချင်းလှမ်းလာနေ၏။ ကျင်းလုံက လူးလိမ့်ထလိုက်လေသည်။ နှုတ်ခမ်းထောင့်မှစီးကျလာသောသွေးများကို လက်ခုံဖြင့်သုတ်ပစ်လိုက်လေသည်။

လျှုဟိုးအား မယှဉ်နိုင်သော်လည်း အသက်စွန့်ကာရင်ဆိုင်သွားရန် ဆုံးဖြတ်လိုက်လေသည်။ လျှုဟိုးအား ရင်ဆိုင်သည်မှာ ပုဂ္ဂလိက မုန်းတီးမှုနှင့် အာဃာတတရားတို့ကြောင့်မဟုတ်တော့ပါ။

သိုင်းလောကအကျိုး အများအကျိုးအတွက် မကောင်းမှုဒုစရိုက်သမားများကို ဖယ်ရှားပစ်ရန် အသက်စွန့်ကြိုးပမ်းလိုက်ခြင်းဖြစ်ပေတော့သည်။

လျှုဟိုးကတဟားဟားရယ်မောရင်း ပြောလိုက်၏။

"မင်းဆီမှာရှိတဲ့ ကြေးပြားလေးကို အေးအေးဆေးဆေး ထုတ်ပေးမယ်ဆိုရင် မင်းကို အသက်ချမ်းသာပေးလိုက်မယ်"

ကျင်းလုံ အံကြိတ်လိုက်လေသည်။

"ခင်ဗျား ဘယ်တော့မှ မရဘူးမှတ်ပါ"

ဪ... မင်းသေချင်ပြီကိုး"

လျှုဟိုးသည် ကျင်းလုံထံသို့ လျှပ်တစ်ပြက် ချဉ်းကပ်သွားကာ လက်ဝါးဖြင့်ရိုက်ချလိုက်လေသည်။

ကျင်းလုံကလည်း လက်ဝါးနှစ်ဖက်၌ အစွမ်းအားစုစည်းကာ ခုခံလိုက်သည်။

မည်သို့ပင် ကြံရသည်ဖြစ်စေ နောက်မဆုတ်တော့ရန်

www.burmeseclassic.com



ကျင်းလုံ ဆုံးဖြတ်ထားပြီးဖြစ်လေသည်။

ကျင်းလုံနှင့် လျှူဟိုးတို့ ထိပ်တိုက် ရင်ဆိုင်မိလိုက်သည့် တဒင်္ဂအချိန်လေးအတွင်းမှာပင်...

"ယား--"

သစ်ပင်ကိုကျော်မိကာ အသာမှိန်းနေသော မေကျို့ဝါးသည် ဗြုန်းခနဲ ခုန်ထွက်လာပြီး လျှူဟိုးအားတိုက်ခိုက်လိုက်လေသည်။

လျှူဟိုးမှာ မေကျို့ဝါး ဒဏ်ရာရရှိမှန်း သိသော်လည်း သူမ၏ သိုင်းပညာကိုသိထားသဖြင့် မပေါ့ဆဝံ့ဘဲ ကဗျာကယာ နောက်လှည့်ကြည့်ကာ ရင်ဆိုင်လိုက်လေသည်။

"ဝုန်း..."

သူ၏လက်ဝါးသည် ခုန်ဝင်လာသောမေကျို့ဝါး၏ ရင်ဝကို ရိုက်ချလိုက်လေသည်။

ထိုအတူ ကျင်းလုံ၏လက်ဝါးသည်လည်း လျှူဟိုး၏ ကျောပြင်ကို ရိုက်ချလိုက်မိလေတော့သည်။

✵



လေကြမ်းများ ငြိမ်သက်သွားပြီဖြစ်လေသည်။

ရှူးရှသော အော်ဟစ်သံများလည်း တိတ်ဆိတ်ငြိမ်သက်သွားပြီဖြစ်လေသည်။ ပန်းပင်များကြား၌မေကျို့ဝါးလဲကျနေသည်။ ကျင်းလုံက သူမကို ထွေးပွေ့ထားလေသည်။

လျှူဟိုးသည် မလှမ်းမကမ်း၌ မှောက်ခုံကြီးလဲကျကာ အမိုက်ဖာတ်သိမ်းသွားပြီဖြစ်လေသည်။

မေကျို့ဝါးနှင့်လျှူဟိုးတို့ မရှိတော့သည့်နောက် သက်ခြေဂိုဏ်းသည်လည်း လောကပေါ်မှပျောက်ကွယ်သွားတော့မည်ဖြစ်လေသည်။ ကျင်းလုံ၏မျက်ဝန်းအစုံမှ မျက်ရည်များ ရစ်ဝဲလာလေသည်။

"ညီမရယ်..."

မချိတင်ကဲ ရေရွတ်လိုက်သော်လည်း သူ၏အသံကို မေကျို့ဝါး ကြားနိုင်တော့မည်မဟုတ်ချေ။

သူမ၏ မျက်နှာလေးပြုံးနေသည်။

တစ်စုံတစ်ခုအတွက် ကျေနပ်နှစ်သိမ့်သည့် အပြုံးမျိုးဖြစ်လေသည်။ ကျင်းလုံကလည်း နောက်ဆုံးအချိန် သူမ၏ အပြုံးအမိပွါယ်ကို ကောင်းစွာသဘောပေါက်ထားလေတော့သည်။

✵

သက်ခြေဂိုဏ်းပြိုကွဲပျက်စီးသွားပြီးနောက် သိုင်းလောကတစ်ခုလုံး အေးချမ်းသာယာသွားလေသည်။

သက်ခြေဂိုဏ်းကိုနမူနာယူကာ ဒုစရိုက်သမားများလည်း ခေါင်းထောင်ဝံ့ကြတော့မည်မဟုတ်ချေ။

မြောက်ပိုင်းဒေသသို့သွားရာ လမ်းပေါ်၌ မြင်းစီးလုလင်တစ်ယောက် ခရီးနှင်နေသည်။

ထိုမြင်းစီးလုလင်မှာ ကျင်းလုံပင်ဖြစ်လေသည်။

ကျင်းလုံသည် မြောက်ပိုင်းဒေသရှိ ကျင်းအိမ်တော်သို့ အပြန်ခရီးနှင်နေပြီဖြစ်ပါသည်။

သို့သော် သူ၏နှလုံးသားကား သိုင်းလောက၌ ကျန်ရစ်ခဲ့သည်ကို သူတစ်ယောက်တည်းသာ သိနိုင်ထိမ့်မည်ဖြစ်ပေတော့သည်။

ဒုဇာတ်သိမ်းပြီး၏။

www.burmeseclassic.com